www.burmeseclassic.com

# ဓမ္မစေတီ

မစ္စတာမောင်မှိုင်း



[ စတုတ္ထအကြိမ် ]

www.burmeseclassic.com

www.burmeseclassic.com

"…. မွန်တို့စံရာ ဟံသာဝတီ ပဲခူးပြည်ကြီးရှင် ဘုရင် ဓမ္မစေတီမင်းမြတ်၏ အတ္ထုပ္ပတ္တိကျမ်းကြီးကို တစ်သီးတစ်ပုံ အာရုံကျက်စားဖွယ်ရာ များစွာသော မွန်ရာဇဝင်၊ မြန်မာရာဇဝင် ဝတ္ထု ပုံပြင်တို့ဖြင့် ခုံခုံလင်လင် စီရင်ရေးသားလေသတည်း။"

[ မနုတာမောင်မှိုင်း၏ "မဏိခက် နန်းတွင်းစာတော်ကြီး၏ အမှာနိဒါန်း"၊ ဓမ္မစေတီ။ စာ–၁၀ ]

"…. ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရာဇဝင်တွင် တကယ် ရှိခဲ့သည့် ဓမ္မစေတီမင်းကို သူ့သမိုင်းဝတ္ထု၏ ဇာတ်ဆောင်အဖြစ် ရွေးချယ်ထားပေ၏။"

[ ပါရဂူ၏ "ဓမ္မစေတီနှင့် အိန္ဒိယ သတင်းစာဆရာ"။ စာ–၂၇ ]

"ဓမ္မစေတီသည် 'ဝတ္ထု' ဟု ခေါင်းတပ်ထားသော်လည်း ရေးသားပုံမှာ ဇာတ်ဆန်သည်ဟု ဆိုရပါမည်။ …."

[ ရွှေကိုင်းသား၏ "ဓမ္မစေတီ ဝတ္ထုသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း အနှစ်သက်ဆုံးနှင့် အကောင်းဆုံး လက်ရာ"၊ စာ–၁၉ ]

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

"ဤစာအုပ်တွင် မမ္ဘစေတီ အကြောင်း၊ ရှင်စောပုအကြောင်း သက်သက်မျှသာ ဖော်ပြ ရေးသား ထားသည် မဟုတ်ပေ။ .... သင်ခန်းစာ ယူစရာ အချက်အလက်များ၊ .... ရသ ၉ ပါးလုံး အပြည့်အစုံ သူ့အခန်းနှင့် သူ၊ သူ့အကွက်နှင့် သူ ပါဝင်နေသည်ကို တွေ့ရသည်။...."

[ ဟံသာဝတီ စာအုပ်တိုက်၏ တတိယအကြိမ် ရိုက်နှိပ်ခြင်း "စာအုပ် ခြင်းရာညွှန်" မှ။ ]

".... မမ္ဘစေတီ ဝတ္ထုက ဟံသာဝတီ ပဲခူးခေတ်ကို နောက်ခံထားပြီး ဖွဲ့ထားခြင်း ဖြစ်ပါသည်။ မြန်မာမှု ဗဟုသုတ ယူရင်း စာအရသာကိုလည်း ခံယူနိုင်သော ဝတ္ထုကောင်း ဖြစ်ပါသည်။"

[ ရွှေကိုင်းသား၊ "တိုင်းပြည်တွင် အဘက်ဘက်မှ ကျေးဇူးပြုခဲ့သည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း စာပေ"၊ မြန်မာစာပေ စစ်တမ်း(၁၉၆၅)။ စာ ၂၁–၂၂ ]

---

- ရာပြည့်စာအုပ်တိုက်၏ မူအရ ဤနေရာတွင် ဖော်ပြနေကျ စာရေးသူ၏ ဓာတ်ပုံမှတ်တမ်းမှာ စာ ၃၁ တွင် ပါရှိပြီး ဖြစ်၍ ထပ်မံ မဖော်ပြတော့ပါ။(ရာပြည့်စာအုပ်တိုက်)

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈–၂၀၀၉ ထုတ်
ရာပြည့်စာအုပ်များ


၂၇၈။ လင်းယုန်မောင်မောင်၏ ပုလဲဆိပ်ကမ်း တစ်နေ့တာမှတ်တမ်း

၂၇၉။ နွဲ၏ ကိုးသချိုင်းသဲဓား

၂၈၀။ ရွှေဘိုမိမိကြီး၏ ရွှေပြည်၊ လေသင်း၊ မင်းလက်ဝါး(သုံးအုပ်ပေါင်းချုပ်)

၂၈၁။ ရွှေကိုင်းသား၏ နှစ် ၆၀၀ ပြည့် အင်းဝ

၂၈၂။ ဗိုလ်မှူးဘသောင်း(မောင်သုတ)၏ ဗမာ့တော်လှန်ရေးသမိုင်း

၂၈၃။ စာရေးတော်ကြီး ဦးရာကျော်၏ မြန်မာ မဟာမင်္ဂလာ မင်းခမ်းတော်

၂၈၄။ ဗိုလ်အောင်၏ ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ
(The Memoirs Of Field-Marshal Montgomery)

၂၈၅။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)၏ ရွှေတြိဂံမြေက ဘိန်းဖြူသဲသရာ
[The Politics of Heroin in Southeast Asia by Alfred W. McCoy]

၂၈၆။ မောင်သန်းဆွေ(ထားဝယ်)၏ ရတနာဂီရိ နီဂုံး

၂၈၇။ ထက်မြက်၏ ဗလာဒီမီယာ ပူတင် (PUTIN'S PROGRESS by Peter Truscott)

၂၈၈။ မောင်ခင်မင်(ဓနုဖြူ)၏ အိုဆာကာစည့်သည်
(ဂျပန်ရောက် ဧည့်ပါမောက္ခတစ်ဦး၏ အတွေ့အကြုံ)

၂၈၉။ ရှင်စန္ဒလင်္ကာ၏ မဏိရတနာပုံကျမ်း

၂၉၀။ မော်ဘီဆရာသိန်း၏ မြန်မာမင်းများလက်ထက် ပညာရှိကြီးများနှင့်
မြန်မာ့လွှတ်တော် ဝန်ကြီး မှူးကြီးများ (နှစ်အုပ်ပေါင်းချုပ်)

၂၉၁။ စစ်ကိုင်းဦးဘိုးသင်း၏ ငမဲကျွန် (၁၉၅၄ ခု စာပေဗိမာန်ဆုရ ဝတ္ထု)

၂၉၂။ မဟာဓမ္မသင်္ကြံ ၏ သာသနာလင်္ကာရစာတမ်း

၂၉၃။ ဓေယျသစ်ယာ ၏ ရွှေဘုံနိဒါန်း (ဖြည့်စွက် ထုတ်ဝေခြင်း)

၂၉၄။ ပီမိုးနင်း၏ ရွှေလရောင်.....ထိုးနှင့် နောက်တွေ့ ဝတ္ထုတိုသစ်များ

၂၉၅။ မောင်ပေါ်ထွန်း၏ အဖေသူဌေး၏ စီးပွားရေး လုပ်ငန်းသင်ကျောင်း
(Rich Dad's The Business School by Robert T. Kiyosaki & Sharon L. Lechter)

၂၉၆။ ထက်မြက်၏ ပါဗက် မူရှာရက်ဖ်
[In The Line Of Fire (A Memoir) by Pervez Musharraf]


၂၀၁၀ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ


၂၉၈။ မောင်သန်းဆွေ(ထားဝယ်) ၏ ကုန်းဘောင်အလွန် [ဒုတိယအုပ်]

၂၉၉။ ဂန္ထလောက လက်ရွေးစင် ခေါင်းကြီးပိုင်းများ (၁၉၂၈–၁၉၃၅)

၃၀၀။ တင်မောင်မြင့်၏ အင်နာကာရေနီနာ (ANNA KARENINA by Leo Tolstoy)
[ မူရင်းအတိုင်း အပြည့်အစုံ ဘာသာပြန်]

၃၀၁။ သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံနှင့် စစ်ကိုင်းပြန် မှာတော်ပုံ [နှစ်အုပ်တွဲ ]

၃၀၂။ ဇော်ဂျီ၏ ရှေးရိုး မြန်မာပန်းချီ


BURMESE CLASSIC

ရာပြည့်စာအုပ် ၂၉၇

# ဓမ္မစေတီ

မစ္စတာ မောင်မှိုင်း


ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁- ၇၁၀၁၀၃(ဆိုင်)


www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် [၅၀၁၇၇၈၀၁၂၀၉]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၅၀၀၀၁၉၀၁၁၀]

❑

ပုံနှိပ်ခြင်း

ပထမအကြိမ် - [၁၉၁၅-၁၆(?)] မြန်မာအဆွေကုမ္ပဏီ
ဒုတိယအကြိမ် - (မတ် ၁၉၆၉) သံလွင်စာပေ
တတိယအကြိမ်- ( ၁၉၇၃) ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်
စတုတ္ထအကြိမ် - (ဧပြီ ၂၀၁၀) ရာပြည့်စာအုပ်တိုက်
(ဧပြီ ၂၀၁၀)
အုပ်ရေ [၁၀၀၀]

❑

ထုတ်ဝေသူနှင့် ပုံနှိပ်သူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁] နှင့်
ရာပြည့်အော့ဖ်ဆက် [၀၅၉၀၁]၊
၂၄၊ သာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

စာအုပ်ချုပ်
ဖူးပွင့်မွေး

❑

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း"(CIP)

၈၉၅ . ၈၃
မောင်မှိုင်း၊ မန္တလာ
ခမ္မစေတီ / မန္တကာမောင်မှိုင်း။
- ရန်ကုန်၊ ရာပြည့်စာပေ၊ ၄ ကြိမ်၊ ဧပြီ ၂၀၁၀။
၁၈၆- စာ၊ ၁၃ x ၂၀. ၇ စင်တီ။

(၁) ခမ္မစေတီ

# မာတိကာ

- ဒုတိယအကြိမ် ထုတ်ဝေသူ၏ အမှာ ၁၁
- ရှင်စောပု ပဲခူးစုန်သီချင်း ၁၄
- ခမ္မစေတီ ဝတ္ထုသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း
  အနှစ်သက်ဆုံးနှင့် အကောင်းဆုံးလက်ရာ (ရွှေကိုင်းသား) ၁၅
- ခမ္မစေတီနှင့် အိန္ဒိယ သတင်းစာဆရာ (ပါရဂူ) ၂၅
- စာအုပ် ခြင်းရာညွှန် ၂၉
- နိဒါန်း ၃၅

**[ ၁ ] ရှင်ခမ္မဓရ၊ ရှင်ခမ္မညာဏ စာသင်ခန်း**

၁။ ခမ္မစေတီလောင်း မင်းထန် ဖွားမြင်ခြင်း ၃၈
၂။ မင်းထန်မှ ရှင်ခမ္မဓရ ဖြစ်လာခြင်း ၄၀
၃။ ရှင်ခမ္မဓရနှင့် ရှင်ခမ္မညာဏ တိုင်ပင်ကြခြင်း ၄၂
၄။ ရှင်စောပုနှင့် မွန်ရှင်နှစ်ပါး တွေ့ဆုံခြင်း ၄၄
၅။ ခမ္မဓရ၏သက်န်း နန်းပြာသာဒ်ဖျား ရောက်ခြင်း ၄၅
၆။ မွန်ရှင်နှစ်ပါးတို့ ပဋ္ဌင်းခံခြင်း ၄၇

**[ ၂ ] ရှင်စောပု စုန်ပြေးခန်း**

၇။ ရှင်စောပု မာယာဆောင်ခြင်း ၄၉
၈။ ဗေဒင်ဟောစာတမ်း ဒုံးချင်း ၅၀
၉။ ရှင်ခမ္မဓရ ဖြစ်ရပ် နိမိတ်ဖတ်ခြင်း ၅၂
၁၀။ ရှင်စောပု အောက်ပြည် စုန်ဆင်းခြင်း ၅[illegible]
၁၁။ ပုဂံအကြောင်း ရှင်စောပု ပြောပြခြင်း ၅၇
၁၂။ ရှင်စောပု သန်လျင်သို့ ရောက်ခြင်း ၅၉

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## | ၃ | ရှင်စောပု ဘုရင်မ ဖြစ်ခန်း


၁၃။ ရှင်စောပု ဒဂုံသို့ ပြောင်းရွှေ့နေခြင်း ၆၁
၁၄။ ရှင်စောပု သူလျှိုတို့ ကွပ်မျက်ခံရခြင်း ၆၃
၁၅။ ရှင်စောပု ဟံသာဝတီ ချီတက်ခြင်း ၆၃
၁၆။ ရှင်စောပု ဘုရင်မ ဖြစ်ခြင်း ၆၆
၁၇။ ရှင်စောပု အိပ်မက်မြင်မက်ခြင်း ၆၉
၁၈။ ရှင်ဓမ္မညာဏ လူထွက်ခြင်း ၇၄
၁၉။ ရှင်ဓမ္မဓရထံ စာလွှာပို့ခြင်း ၇၆
၂၀။ ရှင်ဓမ္မဓရ လူဝတ်လဲခြင်း ၇၉
၂၁။ ဓမ္မဓရ ဆို လူထွက်ဘွဲ့ လေးချိုးခွန်းထောက် ၈၁
၂၂။ ဓမ္မဓရ ပြန်ဆို လူထွက်ဘွဲ့ လေးချိုးခွန်းထောက်ကြီး ၈၂


## | ၄ | သမီးတော်အား ဓမ္မဓရနှင့် နှားချခန်း


၂၃။ သမီးတော် နှစ်ပါးကို နှားချခြင်း ၈၄
၂၄။ သမီးကြီး နဲတကာသော် ငိုပုံ နှစ်ဆစ်ချိုး ၈၅
၂၅။ နဲတကာသော် ငိုပုံ လေးဆစ်ချိုး ၈၆
၂၆။ အမတ်တို့အား ပရိယာယ်ဆင်၍ ဖမ်းခြင်း ၈၇
၂၇။ ကျေးဇူးမမေ့ရန် အမတ်တို့အား ပြောခြင်း ၈၉


## | ၅ | ဗညားအိန် ပုသိမ်စေလွှတ်ခန်း


၂၈။ မယ်တော်အား ဝိဟာရဒေဝီ လျှောက်တင်ခြင်း ၉၇
၂၉။ ဝိဟာရဒေဝီ ငိုပြီး တင်လျှောက်ပုံ နှစ်ဆစ်ချိုး ၉၇
၃၀။ မျက်ရည်ယို၍ ငိုပုံ ၉၈
၃၁။ ဝိဟာရဒေဝီ ပြန်၍ ငိုလိုက်ပုံ လေးချိုးကြီး ၁၀၀
၃၂။ ကောသလ အိပ်မက်ခန်း လေးချိုး ၁၀၁
၃၃။ ဦးချ၍ ငိုပုံ လေးဆစ် ၁၀၂
၃၄။ ဓမ္မညာဏ အနိစ္စရောက်ခြင်း ၁၀၃


## [ ၆ ] ဓမ္မစေတီဘွဲ့ဖြင့် အိမ်ရှေ့နှင်းခန်း


၃၅။ ဓမ္မဓရကို အိမ်ရှေ့နှင်းခြင်း ၁၀၅
၃၆။ အိမ်ရှေ့နှင်း အမိန့်တော်ပြန်တမ်း ၁၀၆





၃၇။ အင်းဝကို မွန်တို့ ချီတက်ခြင်း ၁၀၈
၃၈။ မွန်တပ် အင်းဝကို တိုက်ခိုက်ခြင်း ၁၀၉
၃၉။ မွန်တပ်အလုံး ပျက်၍ ပြေးခြင်း ၁၁၁
၄၀။ အချစ်တော်ရင်း ဆင်တော် သေဆုံးခြင်း ၁၁၂
၄၁။ အချစ်တော်ရင်း ဆင်တော်ဘွဲ့ ၁၁၃


## [ ၇ ] ဗညားအိန်ကို ခေါ်ယူခန်း


၄၂။ ဗညားအိန်ထံ ရာဇသံ စေလွှတ်ခြင်း ၁၁၄
၄၃။ အမိန့်တော် ရာဇသံ ၁၁၅
၄၄။ ဝိဟာရဒေဝီထံ မှာစာပေးခြင်း ၁၁၇
၄၅။ ဟံသာဝတီ အလွမ်းဘွဲ့ လေးချိုး ၁၁၇
၄၆။ ပြန်ပြီး ငိုယိုတမ်းတပုံ လေးချိုး ၁၁၈
၄၇။ မဲဇာရွှေလီ သီချင်း ၁၂၁
၄၈။ ယောသုရှာဘွဲ့ သီချင်းဆန်း ၁၂၃


## | ၈ | ဟံသာဝတီ သွားရန် တိုင်ပင်ခန်း


၄၉။ ဝိဟာရဒေဝီ အိပ်မက်မြင်မက်ပုံ ၁၂၆
၅၀။ အိပ်မက် တိတ်နိမိတ်ဖတ်ပုံ ၁၂၇
၅၁။ ဗညားအိန်နှင့် ဝိဟာရဒေဝီတို့ တိုင်ပင်ကြပုံ ၁၂၉
၅၂။ ရဲဘော်တပ်ဘွဲ့ကဗျာ မဟာလေးချိုးကြီး ၁၃၅
၅၃။ ဝိဟာရဒေဝီ မျက်ရည်စီးကျပုံ နှစ်ဆစ်ချိုး ၁၃၉
၅၄။ ဗညားအိန်တို့ ဟံသာဝတီပဲခူးသို့ သွားခြင်း ၁၄၀


## [ ၉ ] ဗညားအိန် ဟံသာဝတီ ရောက်ခန်း


၅၅။ ဗညားအိန်ကို သုတ်သင်ရန် တိုင်ပင်ကြခြင်း ၁၄၂
၅၆။ ပဲခူးရာဇဝင် ပြ၍ ဗညားကျန်း တင်လျှောက်ခြင်း ၁၄၃
၅၇။ မယ်တော်မှာ အပြစ်မရှိကြောင်း ထုံးဟောင်းပြခြင်း ၁၄၆
၅၈။ အကြိုတော်များ စေလွှတ်ခြင်း ၁၄၈
၅၉။ လေ့တော်သံ အမျိုးမျိုး ၁၄၉
၆၀။ အကြိုတော်များနှင့် တွေ့ဆုံခြင်း ၁၅၀
၆၁။ ဗညားအိန် မျက်ရည်ကျပုံ လေးချိုး ၁၅၂




www.burmeseclassic.com

www.burmeseclassic.com




၆၂။ ငိုညည်း ရှိုက်ငင်လိုက်ပုံ ၁၅၃

၆၃။ ဘိုးတော် ရာဇာဓိရာဇ်အကြောင်း တင်လျှောက်ခြင်း ၁၅၄

၆၄။ နန်းတော်သို့ ဝင်ခါနီး မှာကြားခဲ့ပုံ ၁၆၅

၆၅။ အမူးဘွဲ့ တေးထပ် ၁၆၆

၆၆။ ဝိဟာရဒေဝီ ငိုချမှာပုံ လေးချိုး ၁၆၈

၆၇။ ဝိဟာရဒေဝီ နန်းတော်သို့ ဝင်ခြင်း ၁၆၉


## [ ၁၀ ] ဝိဟာရဒေဝီ ပူဆွေးခန်း


၆၈။ ဗညားအိမ် အဆိပ်သင့်ခြင်း ၁၇၁

၆၉။ ဗညားအိမ် မသာတော် အခမ်းအနား ၁၇၂

၇၀။ မျက်ရည်ကျပုံ နှစ်ဆစ်ချိုး ၁၇၅

၇၁။ ခေါင်းဆိုက်လျက် ငိုပုံ လေးချိုး ၁၇၆

၇၂။ ရှေ့ရေး အပူဘွဲ့ငိုပုံ လေးချိုး ၁၇၇

၇၃။ အလောင်းပွေ့ရင်း ငိုချင်းချပုံ လေးချိုး ၁၇၉

၇၄။ ပြန်ငိုပုံ လေးဆစ် ၁၈၀

၇၅။ အရှုံးငို ငိုပုံ လေးချိုး ၁၈၂

၇၆။ ဓမ္မစေတီ အိမ်ရှေ့မင်း နန်းတက်ခြင်း ၁၈၄

– ကျမ်းပြီးအဆုံး နိဂုံးလေးချိုး ၁၈၆


## ဒုတိယအကြိမ်
## ထုတ်ဝေသူ၏ အမှာ

သံလွင်စာပေသည် မိမိ၏ ရပ်တည်ရေးအတွက် တစ်ခါတစ်ရံ ကျပန်းစာအုပ်များကို ထုတ်ဝေခဲ့ရသော်လည်း စာကောင်း ပေကောင်းများကို ထုတ်ဝေရန် အမြဲပင် အာသီသထားခဲ့သည်။ သို့ဖြစ်သည့်အလျောက် ယခုလတွင် မစ္ဆတာ မောင်မှိုင်း (ဆရာကြီး သခင်ကိုယ်တော်မှိုင်း) ၏ **ဓမ္မစေတီ** ဝတ္ထုကို စာဖတ်ပရိသတ်၏ ရှေ့မှောက်သို့ တင်ဆက်လိုက်ရပါသည်။

သံလွင်စာပေသည် ၁၉၆၂ ခုနှစ်လောက်က စပြီး မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူများ လောကထဲသို့ ဝင်ရောက်လာပါသည်။ ရန်ကုန်ဘဆွေ၏ **သေသော်မှတည့် ဩဘ်ကောင်း၏** ဝတ္ထုဖြင့် ပွဲဦးထွက်ခဲ့ပါသည်။ ထိုနောက် ဝတ္ထုများကို ဆက်တိုက် ထုတ်ဝေခဲ့ပါသည်။ သို့သော်လည်း အခြေအနေကပေးသဖြင့် သံလွင်စာပေသည် အချိန်ကာလ အတန်ကြာမျှ စာဖတ်ပရိသတ်နှင့် ကင်းကွာနေခဲ့ရပါသည်။

ယခုတစ်ဖန် သံလွင်စာပေသည် အားသစ်အင်သစ်ဖြင့် စာဖတ်ပရိသတ်၏ ရှေ့မှောက်သို့ ပြန်ရောက်လာပါပြီ။ ယခုတစ်ကြိမ်တွင်ကား တိုးတက်သော ဆန်းသစ်သော၊ အကျိုးပြုသော စာအုပ်အသစ်များကို ထုတ်ဝေရန် ရည်ရွယ်ချက်ထားသကဲ့သို့ တစ်ဖက်မှလည်း ဂန္ထဝင်၏ မှတ်တိုင်များသဖွယ် ဖြစ်သည့် စာဟောင်း ပေဟောင်းများကို ထုတ်ဝေရန် အာသီသ ထားပါသည်။

ယင်းအာသီသကို အကောင်အထည်ဖော်သည့် အနေဖြင့် ယခု **ဓမ္မစေတီ** ဝတ္ထုကို ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။ **ဓမ္မစေတီ** ဝတ္ထုမှာ လွန်ခဲ့သည့် အနှစ်လေးဆယ်နီးပါးက ရိုက်နှိပ် ထုတ်ဝေခဲ့သည့်ဝတ္ထု ဖြစ်ပါသည်။ နှစ်အလည်း ကြာ၊ ထပ်မံရိုက်နှိပ်ခြင်းလည်း မပြုသဖြင့် ယခုအခါတွင် စာအုပ်ကိုရှာ၍ မရလောက်အောင်ပင် ရှားနေပါသည်။ **ဓမ္မစေတီ** ဝတ္ထုကိုသိရှိသူပင် အလွန် နည်းပါးနေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံရှိ နာမည်ကြီး စာကြည့်

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးများ၏ စာအုပ်စင်၌ပင် **မမွေစေတီ** ဝတ္ထုကို ရှာ၍မတွေ့ပါ။ စာပေလိုက်စားသူ အတော်များများကလည်း **မမွေစေတီ** ဝတ္ထုကို မကြားဖူးကြောင်း ထုတ်ဖော်ပြောကြပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စာပေဘဝကို သရုပ်ဖော်သူများပင် ဆရာကြီး ရေးသားခဲ့သည့် ကျမ်းစာအုပ်များ၏ စာရင်းထဲတွင် **မမွေစေတီ** ဝတ္ထုကို ထည့်သွင်းဖို့ မေ့ကျန်နေခဲ့ကြပါသည်။

ဤမျှပင် **မမွေစေတီ** ဝတ္ထုသည် တိမ်မြုပ်နေပါသည်။

သံလွင်စာပေသည် ဤမျှ တိမ်မြုပ်နေသော ဆရာကြီး၏ စာကောင်းပေမွန် တစ်အုပ်ကို ပြန်လည်ဖော်ထုတ်ခွင့် ရသဖြင့် ဂုဏ်ယူပါသည်။

**မမွေစေတီ** ဝတ္ထုကို ထုတ်ဝေရန်အတွက် ကြိုးပမ်းရာတွင် သံလွင်စာပေအနေဖြင့် တွေ့ရသည့် အခက်အခဲကို တင်ပြရင်း စာဖတ်သူများအား အနူးအညွတ် တောင်းပန်ရန် အချက်တစ်ခု ရှိနေပါသည်။

သံလွင်စာပေသည် မစ္စတာမောင်မှိုင်း (ဆရာကြီး သခင်ကိုယ်တော်မှိုင်း) ၏ **မမွေစေတီ** ဝတ္ထုကို ထုတ်ဝေရန်အတွက် **မမွေစေတီ**ဝတ္ထု မူလ စာအုပ်ကို ရှာဖွေသောအခါ မည်သည့်နေရာမှာမျှ ရှာ၍မရပါ။ **မမွေစေတီ**ဝတ္ထုမှာ အလွန်တိမ်မြုပ်နေသည် ဖြစ်၍ လိုက်လေ ဝေးလေ၊ ရှာလေ ရှားလေ ဖြစ်ခဲ့ရပါသည်။ အချို့ စာအုပ်စုသူများ၏ အထံတွင် ရှိကောင်းရှိမည် ဖြစ်သော်လည်း ထိုပုဂ္ဂိုလ်များနှင့် မဆက်မိ၍လားမသိ၊ သံလွင်စာပေ အနေဖြင့် **မမွေစေတီ**ဝတ္ထုကို ထုတ်ဝေသာ ထုတ်ဝေလိုက်ရသော်လည်း မူလ စာအုပ်ကို ယခုအထိ မရရှိသေးကြောင်း ဝန်ခံပါသည်။

မူလစာအုပ် မရရှိဘဲနှင့် ဘယ်နည်းဘယ်ပုံ စာအုပ် ထုတ်ဝေရသနည်းဟု မေးစရာရှိပါသည်။ သံလွင်စာပေသည် **မမွေစေတီ**ဝတ္ထုကို ထုတ်ဝေရန်အတွက် ဆိုင်ရာပုဂ္ဂိုလ်ဖြစ်သည့် ဆရာဇေယျထံသို့ ချဉ်းကပ်ရပါသည်။ ဆရာဇေယျက **မမွေစေတီ**ဝတ္ထုကို ထုတ်ဝေခွင့်ပြုလျက် သူ့ထံတွင်ရှိသော လက်နှိပ်စက်နှင့် ရိုက်ကူးထားသည့် စာမူကို သံလွင်စာပေအား ပေးလိုက်ပါသည်။

လက်နှိပ်စက်ဖြင့် ရိုက်ကူးထားသည့် ထိုစာမူကို စက်တင်ပုံနှိပ်နေရင်း အခက်အခဲတစ်ရပ် ပေါ်လာပါသည်။ ထိုလက်နှိပ်စက်ရိုက် စာမူ၌ တစ်နေရာတွင် စာကျနေသည်ကို တွေ့ရပါသည်။ ကျနေသောစာကို ဖြည့်ထည့်ရန်မှာ မူလစာအုပ်ကို ရမှသာ ဖြစ်နိုင်ပါသည်။ သို့ရာတွင် စာအုပ်ကို စုံစမ်းသော်လည်း လက်လှမ်းမီရာတွင် မည်သည့်နေရာမှာမျှ မရရှိပါ။ သို့ဖြစ်၍ စစ်ကိုင်းတွင် သီတင်းသုံးသည့် ဘုန်းတော်ကြီး ဦးသောဘိတ (ရွှေကိုင်းသား) ထံ၌ မူလစာအုပ် ရှိသည် သတင်းကြား၍၊ လှမ်း၍ စာဆက်ဖြည့်ပေးရန် လျှောက်ထား





တောင်းပန်ရပါသည်။ သို့သော်လည်း အခြေအနေက မပေးသဖြင့် ဘုန်းတော်ကြီး ဦးသောဘိတထံမှ စာရောက်မလာခင် ရိုက်လက်စ စာများကို ဆက်ရိုက်လိုက်ရပါသည်။ ရိုက်ပြီးကာမှ ဘုန်းတော်ကြီး ဦးသောဘိတထံမှ ဖြည့်စာ ရောက်ရှိလာပါသည်။ သို့ဖြစ်၍ ကျနေသော စာကို စာအုပ်၏ အဆုံး စာမျက်နှာတွင်မှ ထည့်သွင်း ရိုက်နှိပ်လိုက်ရပါသည်။ စာဖတ်သူများ သတိပြုတော်မူကြရန် မေတ္တာရပ်ခံပါသည်။

ယခုကဲ့သို့ အကျယ်တဝင့် ရှင်းလင်းတင်ပြရခြင်းမှာ သံလွင်စာပေ၏ ချွတ်ယွင်းချက်ကို စာဖတ်သူများ အနေနှင့် ခွင့်လွှတ်စေလို၍ ဖြစ်ပါသည်။

**မမွေစေတီ**ဝတ္ထုကို ရိုက်နှိပ်ခွင့်ပြုသည့် ဆရာဇေယျအား လည်းကောင်း၊ ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် အကူအညီပေးသည့် ဘုန်းတော်ကြီး ဦးသောဘိတ (ရွှေကိုင်းသား)၊ စာရေးဆရာ လေးမြိုင်၊ စာရေးဆရာ ပါရဂူတို့အား လည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

**သံလွင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com

## ရှင်စောပု ပဲခူးစုန် သီချင်း

နဒီငယ်ဝိုင်းပါလို့၊ ရှုတိုင်းတဲ့မှုန်ပြာ၊ ဝန်နံ့ငယ်ဖြာ၊ ထူပါရုံစေတီကြီးငယ်နှင့်၊ ထီးစွင့်စွင့်ပုညရှင်၊ သည်ကပင် ဦးခိုက်ပမယ်လေး။ ။ အဒ္ဒလီငယ်၊ ဝစီကာယ၊ ပဏာမဖြင့်၊ ပတ္တမြားစေတီ၊ ခြောက်ရောင်ငယ်ညီလို့၊ မဟီမဏ္ဍလာ၊ မြေမျက်နှာ၊ တေဇာဝန်တက်၊ ရွှေကြက်ယက်နှင့်၊ ရွှေကြက်ကျခေါ်၊ စိန္တေယျော် ပူဇော်ပြီးလျှင်၊ မြို့ပကိုးကိုတဲ့၊ ရေရိုးက နင်တော့၊ တို့မောင်ရင် ညီနောင်ငယ်၊ ယင်းရဲတောင် ကျောက်ဆောင်စွန်းဆီက၊ မယ်စောကွယ် ဖြူဖြူရွှန်းကိုလ၊ လွမ်းရစ်ပေလေး ။ ။ သွင်သွင်ငယ် ဆင်းပါလို့၊ မြစ်မင်းငဲ့သလ္လာ၊ သဲမွေ့ရာ၊ မာဂထာ ရွှေ ဓင်ယော်တို့၊ မ ခေါ်ကာ ထူးပြန်ကြတယ်လေး။ ။ နဒီဗွေ၊ လေဝေရမ္မ၊ မြူနိုး ငယ်ဆင်၊ မင်းလွင်ထလို့၊ လှိုင်းကသုတ်သုတ်၊ ရေဝဲငုပ်လို့၊ မြုပ်ချည်ပေါ်ချည်၊ ပွတ်အော်ချည်နှင့်၊ မဆည်တတ်နိုင်၊ မိန်းမသားငယ်မို့၊ ကြောက်အားသာ လှိုင် တော့တယ်၊ ပဲ့ထိုင်တဲ့ပျိုခင်ငယ်၊ လက်ပံဇင် ကမ္ဘားနီမြင့်ဆီက၊ ရေလှိုင်းသံ ကမ်းခြေရင်းမှာ၊ ပြင်းလှတယ်လေး။ ။ လှေယဉ်လောင်းငယ်နှင့်၊ ရေကြောင်း ကိုတဲ့ စုန်လို့လာ၊ ရွှေကိုင်းငယ်သာ၊ ပြည်ဖေယျာနိုင်ငံကြီးငယ်က၊ ခရီးတဲ့သချာ ယူ၊ ရှာမြင်းမူ သာပုံ့ပျူးပါဘိ၊ မြတ်စောလူး စိန္တေယျာကို၊ လှေနာဝါ အပေါ်က၊ ပူဇော် ဦးခိုက်ပမယ်လေး။ ။ ရွှေပြောင်းရွှာ၊ တေဇာတောက်ထွန်း၊ တန်ခိုး ငယ်ဝေ၊ ရွှေပေါ်ကျွန်းနှင့်၊ ပန်းလှိုင်နဂါးရုံ၊ ဓာတ်ပေါင်းငယ်စုံ၊ ရိပ်မြုံသာယာ၊ ရှာငမြာ၊ မဟာရွှေဂူ၊ သည်ကမူလဲ၊ လေးဆူဓာတ်ရိုး၊ ကုန်သည်မျိုး၊ ပုထိုးမနိုင်– ညောင်ပင်နိုင်က၊ တာတိုင်သချာ၊ ခရီးကိုခွာလိုက်လျှင်၊ ရှာမြင်းခြံအောက်စွယ်၊ ကွန်းရှာဝယ် ရွှေတန်တစ်ကိုလ၊ မယ်စောကွယ် စုန်တဲ့နှစ်တွင်မှ ဖူးဖြစ်တယ် လေး။ ။

**မိုးထားဝန်ထောက်–မင်းကြီး**

**မင်းလှမဟာကျော်ထင် စာစုမှ**

## ဓမ္မစေတီ ဝတ္ထုသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း အနှစ်သက်ဆုံးနှင့် အကောင်းဆုံးလက်ရာ

**ဓမ္မစေတီ အကြိုက်ဆုံး**

၁၉၅၆ ခု ဇူလိုင်လ အတွင်းလောက်က အိန္ဒိယမှ "အာဂျ်" (ယနေ့) ဟိန္ဒီ သတင်းစာဆရာနှင့် ရန်ကုန်မှ ဟိန္ဒီ စာပေဂျာနယ် အယ်ဒီတာ ပါရဂူတို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် တွေ့ဆုံပြီး စာပေရေးရာများကို ဆွေးနွေးကြသည်။ အာဂျ် ဟိန္ဒီ သတင်းစာဆရာက ဆရာကြီး ရေးသားခဲ့သော နိုင်ငံရေး၊ ရာဇဝင်၊ ပြဇာတ်၊ ဝတ္ထု၊ ကျမ်းဂန်၊ ကဗျာများတွင် ဆရာကြီး အကြိုက်ဆုံး စာအုပ်တစ်အုပ်ကို ပြောပြပါဟု မေးသောအခါ ဆရာကြီးသည် မဆိုင်းမတွပင် "ဓမ္မစေတီ" ဟု ဖြေခဲ့ပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ပြဇာတ်ပေါင်း ၈၀ ကျော်နှင့် အတူ တွေ့ရသမျှတွင် အစောဆုံးဖြစ်သော ၁၉၀၅ ခု (၁၂၆၇ ခု) နှစ်တွင် မော်လမြိုင် မြန်မာတိုင်း သတင်းစာတိုက်မှ ပုံနှိပ်ခဲ့သည့် "မော်လမြိုင် ရာဇဝင်ဝတ္ထု" မှ စ၍ ၁၉၅၀ (၁၃၁၂) ခုနှစ်တွင် ပုံနှိပ်ခဲ့သည့် "အနာဂတ်ဇာတ်ခုံ အိပ်မက်ဒိဋ္ဌိဋီကာ" ကျမ်းအထိ ၄၅ နှစ်အတွင်း ရေးသားပြုစုခဲ့သော စာအုပ်စာတမ်းများမှာ ၅၀ ထက်မနည်း ရှိပေသည်။ ထိုမျှ များပြားပြီး စာအုပ်တိုင်းလည်း တစ်မျိုးစီ ကောင်းကြလေရာ၊ ထိုအများအပြားထဲမှ အကောင်းဆုံး စာတစ်အုပ် ရွေးထုတ်ယူပြရန်မှာ မလွယ်လှပါ။ ယူပြနိုင်သည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်းလည်း တူကြမည် မဟုတ်ပါ။ ယခုသော် ဆရာကြီး ကိုယ်တိုင်က ဓမ္မစေတီ ဝတ္ထုသည် သူရေးခဲ့သမျှ စာအုပ်များတွင် အကြိုက်ဆုံး အနှစ်သက်ဆုံးပါဟု ရွေးချယ်ပေးထားခဲ့လေသည်။ ၎င်းမှာ အောင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး စာပေနှင့် ပတ်သက်၍ ပြဿနာ ပေါ်လာသောအခါ အဖြေပေးစွမ်းနိုင်မည့် သော့ချက်ဟု ဆိုရပါမည်။

## စာအုပ် အပြင်အဆင်

ဓမ္မစေတီ ဝတ္ထုကို ရန်ကုန်မြို့ မြန်မာအဆွေ ကုမ္ပဏီမှ စက္ကူကောင်း မင်ကောင်း၊ အတွင်းအပြင် ရုပ်ပုံဘလောက်များဖြင့် အထက်တန်းကျကျ ပုံနှိပ် ထုတ်ဝေခဲ့သည်။ အတွင်းဘက် ပန်းချီပုံများကို ကိုထွန်းမင်း၊ ကိုလှမောင်တို့က ရေးဆွဲပြီး မျက်နှာဖုံးပုံကို ပန်းချီဆရာ ကိုထွန်းကြွယ်က အထူးရေးဆွဲပေးလေသည်။ မျက်နှာဖုံးမှာ ကေရီဘုရင်မကြီး ရှင်စောပုပုံကို မိဖုရားကြီးများ၏ အဆင်တန်ဆာဖြင့် အသေးစိတ် ခြယ်မှုန်းပြီး ဇန်းတင်ထားခြင်း ဖြစ်၍ ဓမ္မစေတီဝတ္ထုစာအုပ်အား ဂုဏ်မြောက်စေပါသည်။ စာအုပ်အရွယ်မှာ ဒီမိုင်းဆိုက် အရွယ်ဖြစ်၍ ကရောင်းဆိုက်ဖြင့် များသောအားဖြင့် ရိုက်နှိပ်လေ့ရှိသော ကာလပေါ်ဝတ္ထု စာအုပ်များထက် အပုံကြီး ခံညားသည်ဟု ဆိုရပါမည်။ သို့သော် ဓမ္မစေတီ ဝတ္ထုတွင် ပုံနှိပ်ထုတ်ဝေသည့် သက္ကရာဇ်ကို လည်းကောင်း၊ ကျမ်းပြုသည့် နှစ်ကို သော်လည်းကောင်း တစ်စုံတစ်ရာ မပါရှိခဲ့သဖြင့် စာအုပ်သက်တမ်းကို တိတိကျကျ မသိနိုင်ပါ။ ယင်းသည်မှာ ဓမ္မစေတီ ဝတ္ထု၏ ချို့ယွင်းချက်တစ်ရပ်ဟု ဆိုရပါမည်။

## သက္ကရာဇ် ရှာပုံတော်

ယင်းချို့ယွင်းချက်ကို ပယ်ဖျက်လိုသောအားဖြင့် ဓမ္မစေတီဝတ္ထုနှင့် ခေတ်ပြိုင်ဆရာကြီး၏ အခြားသော စာအုပ်စာတမ်းများတွင် သဲလွန်စ ရလိုရငြား ရှာဖွေသောအခါ၌ ၁၉၂၃ (၁၂၈၅ ခု) မြန်မာ အမျိုးသား စာပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေသည့် မစ္စတာမောင်မှိုင်း၏ "မျောက်ဂဏ္ဍိ" စာအုပ်အဆုံး အတွင်းဘက် ကြော်ငြာပိုင်းမှ မျောက်ဂဏ္ဍိကို စီရင်ရေးသားသူ ဆရာကြီး မစ္စတာမောင်မှိုင်း စီရင်ရေးသားသော စာအုပ်များစာရင်းတွင် ၁၊ ဓမ္မစေတီ (ဒုတိယ ပုံနှိပ်ခြင်း) နှင့် ၂၊ အိမ်နောင် နန်းတွင်းဇာတ်တော်ကြီးစာအုပ် ကြော်ငြာထားသည်ကို တွေ့ရှိရပါသည်။ ယင်းကြော်ငြာအရ ဓမ္မစေတီဝတ္ထုသည် ၁၂၈၅ ခု (၁၉၂၃ ခု) နှစ်ထက် နောက်မကျကြောင်း ခန့်မှန်းရသည်။ မျောက်ဂဏ္ဍိကျမ်း နိဂုံးအဆုံး၌—

> "သာသနာတော် သက္ကရာဇ် ၂၄၆၇ ခု၊ ကောဇာသက္ကရာဇ် ၁၂၈၅ ခု၊ ပထမနွယ်တာလဆန်း ၁ ရက်၊ ဗိတဟူးနေ့ ဆွမ်းခံအပြန်ချိန်တွင် ...."





"မျောက်ဂဏ္ဍိ" ကျမ်းကြီး ဤတွင်ရွေ့ ပြီးပြည့်စုံပြီ" ဟု ကျမ်းပြီးသက္ကရာဇ်ကို ဖော်ပြထားပါသည်။

ဓမ္မစေတီဝတ္ထု ကြော်ငြာ မူရင်းမှာ ဤသို့ ဖြစ်ပါသည်။

၁။ ဓမ္မစေတီ (ဒုတိယနှိပ်ခြင်း) ကျွန်ုပ်တို့ မွန်မြန်မာ ရာဇဝင်တွင် ဆင်ရှား ကျော်စောသော ဓမ္မစေတီမင်း မွေးဖွားသည်မှစ၍ နန်းတက်သည် တိုင်အောင် ဟံသာဝတီ ဘုရင်မ ရှင်စောပု လက်ထက်တွင် ဖြစ်ပျက်သော အကြောင်းအရာများကို စေ့ငှစုံလင် ဖတ်ရှုချင်ဖွယ် စီရင် ရေးသားထားသော ရာဇဝင်ဝတ္ထုကြီး ဖြစ်ပါသည်။ ။ တစ်အုပ် ၁ ကျပ် ၈ ပဲ။ ။ ဒဂုန်မဂ္ဂဇင်းတိုက်၊ ရန်ကုန်မြို့ ဟူ၍ ဖြစ်ပါသည်။

## စာထိစက်မှ သဲလွန်စ

ဓမ္မစေတီဝတ္ထု၏ ကျမ်းပြု သက္ကရာဇ်ကို ခန့်မှန်းရာ၌ ဤ မျောက်ဂဏ္ဍိကျမ်းသည် အကြမ်းဖျင်း သဘောမျှသာ ဖြစ်ပါသည်။ ထို့ထက် အနီးကပ် ခန့်မှန်းချက်ကိုကား မူလ ဝန်ကြီးပဒေသရာဇာ စီရင်ရင်းဖြစ်သော မစ္စတာမောင်မှိုင်းဖြင့်ဆင်ရိုက်နှိပ်သည့် "မဏိခက် နန်းတွင်းဇာတ်တော်ကြီး" အမှာနိဒါန်းတွင် ဤသို့ တွေ့ရှိရပါသည်။

## နိဒါန်း

"မစ္စတာမောင်မှိုင်း" တည်းဟူသော ယောဂီ ကဝိသည် လောကီ၏ ကြီးပွားရာကြီးပွားကြောင်း၊ ရှေးဟောင်းပညာဟု ဆိုအပ်သော လုပ်ရပ်အတတ်၊ အဂ္ဂိရတ်ဆိုးခြင်း၌ မကင်း၊ ဝါသနာ အထုံပါသည့်အတိုင်း စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ရွှေဘိုကို ထိုထိုသို့သော အညာတစ်ခွင် တောစဉ် တောင်တန်းတို့၌ ရှောင်ဖမ်းရင်းဖြေါးမသေသဖြင့် အကြေဒဂုန် သထုံနယ် ဇင်းကျိုက်သို့ နဝင်းကိုက် အင်းကိုက်ဆင်းလိုက်၍ စုန်ခဲ့လေရာ၊ အဆိုပါ ဇင်းကျိုက်တောင်ကြီးသို့ ခရီးသင့် ဆိုက်ရောက်သဖြင့် အခွင့်အားလျော်စွာ အဖော်သဟာယ ကပ္ပိယ ဒါယကာ၊ ဥပါသကာ ဥပါသိကာများမှ သီလရှင်တွေကို စာပေပို့ချခြင်း လုပ်ငန်းနှင့် ကြိုးပမ်း ကြံစည်ရင်း ဖြစ်သော အဂ္ဂိရတ်ပညာတော်ကလည်း တစ်မျိုး ဖိုထိုးခြင်း အလုပ်ကို အားထုတ်နေဆိုင်လေသတည်း။

ထိုဇင်းကျိုက်တောင်၌ နေ့စဉ်ပင် အကြင်တပည့်မ အပေါင်း သူတော်ကောင်းတို့က တောင်းပန် လျှောက်ထားကြသည်နှင့်အညီ "အိမ်နောင် နန်းတွင်းဇာတ်တော်ကြီးဝတ္ထု" ကို ပြုစုစီရင်ပြီးသောအခါ အညာသို့ တစ်ဖန် ဆန်တက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်ရာ၊ သလ္လာဝတီ မည်သော ချင်းတွင်းမြစ်ညာ အလုံမုံရွာ တစ်လျှောက်၌ နေထိုင်ကြကုန်သော ဆွေရင်းမျိုးချာ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့နှင့် သိဟောင်း ကျွမ်းဟောင်း ငယ်ပေါင်းကြီးဖော် များစွာတို့က တစ်ဝါတစ်ချို လောက် ကိုးကွယ်ပါရစေဟု အလီလီ အလာလာ ကြိမ်ဖန်များစွာ လျှောက်ထား တောင်းပန်ကြသည့် အကြောင်းကြောင့် အလောင်းတော်ကဿပ တောရ၌ ယာပထမျှတင်း သီတင်းသုံး နေထိုင်လေရာ၊ အညာသူ အညာသား တပည့်များ တို့၏ လျှောက်ထားချက်အတိုင်း မွန်တို့စံရာ ဟံသာဝတီ ပဲခူးပြည်ကြီးရှင် ဘုရင် ဓမ္မစေတီမင်းမြတ်၏ အတ္ထုပ္ပတ္တိ ကျမ်းကြီးကို တစ်သီးတစ်ဖုံ အာရုံ ကျက်စားဖွယ်ရာ များစွာသော မွန်ရာဇဝင်၊ မြန်မာရာဇဝင် ဝတ္ထု ပုံပြင်တို့ဖြင့် စုံစုံလင်လင် စီရင်ရေးသားလေသတည်း။

ငင်းဓမ္မစေတီ အတ္ထုပ္ပတ္တိကျမ်းကြီး ပြီးစီးချောမောသည်နှင့် တစ်ပြိုင် နက်တည်း ခရီးလမ်းစဉ်အတိုင်း စုန်ဆင်းခဲ့ပြန်ရာ (လ) ဖင်းကျိုက်တောင်သို့ ရောက်သောအခါ မယ်စန္ဒာ၊ မယ်ဥမ္မာ တပည့်မ များစွာတို့က ဆရာအရင်းနှင့် တစ်ဝါတွင်းမျှ ကွဲကွာနေထိုင်ရသဖြင့် တပည့်တော်မတို့၏ မချိချက်ကို မဏိ ခက် နန်းတွင်းဇာတ်ဖြင့် ဖမ်းသတ်တော်မူပါမည့် အကြောင်းနှင့် ညွတ်ပျောင်း ရှိသေ လျှောက်ထားကြလေ၏။

ယင်းသို့သော လျှောက်ထားချက်အတိုင်း ဆရာမှိုင်းက (လ) စဉ်းစား ဆင်ခြင်လျက် ယခင်က ရှိရင်းမူဟောင်းကို ကောင်းကောင်း ပြင်ဆင်၍ စက်တင် ပုံနှိပ်ရန် အခွင့်အရေး ပေးအပ်လိုက်သောဟူ၏။" စသည်ဖြင့် နိဒါန်းကို အပြီး သတ် ရေးသားပြီးနောက် "၁၂၇၉ ခု သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ဖင်းကျိုက် တောင်" ဟု ဖော်ပြထားပါသည်။ ငင်းရက်စွဲအရ ဓမ္မစေတီ အတ္ထုပ္ပတ္တိကို မဏိ ခက် နန်းတွင်းဇာတ်တော်ကြီး မတည်းဖြတ်မီ ၁၂၇၇-၇၈ ခု (၁၉၁၅-၁၆) ခုနှစ်လောက်ကပင် ရေးသားပြီးစီးခဲ့လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ငင်းမှာ အနီးကပ်ဆုံးဖြစ်၍ တိတိကျကျကား မဖော်ပြနိုင်သေးပါ။

**ဓမ္မစေတီဝတ္ထု နိဒါန်း**

ဓမ္မစေတီဝတ္ထု နိဒါန်းတွင် ဓမ္မစေတီ အတ္ထုပ္ပတ္တိကို အလောင်းတော် ကဿပ စခန်းတွင် နေထိုင်သီတင်းသုံးစဉ် တပည့်မများ၏ တောင်းပန်ချက်ဖြင့် ပြုစု တော်မူခဲ့ကြောင်း ဖော်ပြထားပါသည်။ ဓမ္မစေတီ မပြုစုမီ "မော်ဓောရှင်ဘွဲ့ ကဗျာဋီကာ" ကျမ်းကြီး ပြုစုခဲ့သေးကြောင်းလည်း ငင်းနိဒါန်းစကားအရ သိရှိ ရပါသေးသည်။ နိဒါန်း ဘုရားရှိခိုး ဆုတောင်းခန်း အပြီး၌ ....





"ယင်းသို့လျှင် နိဒါန်းနှင့်တကွ ပဏာမ ဆုတောင်းတို့ကို စုဆောင်း ဖော်ပြခဲ့ပြီးသည်မှ တစ်ပါး၊ ရေးသားအံ့ ဟူသော ပဋိညာဉ် ဝန်ခံချက်အတိုင်း မွေတာမောင်မှိုင်း တည်းဟူသော ယောဂီကဝိသည် တောဆိတကတစ်လှည့် ဆောက်တပည့်တို့ မသွေမဖည်မှတ်အောင် ဓမ္မစေတီ ဇာတ်ရာဇဝင်ဖြင့် စာသဘင် ကျူးတော်ပေအံ့" ဟု ဖော်ပြထားပါသည်။

**ဓမ္မစေတီ အရေးအသား**

ဓမ္မစေတီသည် "ဝတ္ထု" ဟု ခေါင်းတပ်ထားသော်လည်း ရေးသားပုံမှာ ဇာတ်ဆန် သည်ဟု ဆိုရပါမည်။ ဒီမိုင်းဆိုက်အရွယ်နှင့် စာမျက်နှာမှာ နိဂုံးလေးချိုး အပါ အဝင် ၁၈၆ ရှိရာ၊ စာမျက်နှာ ၄၅ အထိမှာ ဓမ္မစေတီအလောင်း "မင်းထန်" အားမြင်သည်မှ ရှင်စောပု ဟံသာဝတီ အောင်မြေနန်း၍ မင်းဖြစ်တော်မူသည် အထိ အခန်း (၁၀) ခန်းမှာ ရာဇဝင်ရေးနည်းအတိုင်း တည်တည်ခန့်ခန့် ရေး သားထားပြီးနောက် အခန်း (၁၁) ဓမ္မဓရနှင့် ဓမ္မညာဏတို့ ပညာစမ်းသဖြင့် ရှင်စောပု အိပ်မက်တော်မူခန်းမှစပြီး နောက်အခန်းများတွင် ဝတ္ထုသဘော၊ ဇာတ် သဘော၊ ဇာတ်ကောင်၏ အပြန်အလှန် ပြောခန်းနှင့် နောက်ပိုင်းတွင် ငိုချင်း သည်တို့နှင့် ဇာတ်ဆန်ဆန် ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

**ဓမ္မညာဏ လူထွက်ခန်း**

အတုလဝါသကျောင်းဆရာတော် လူထွက်ကလေး ဓမ္မညာဏသည် ရုတ်တရက် ရှောင်တခင် နန်းတော်သို့ ဝင်လာ၏။ ရှင်စောပုလည်း အံ့အားသင့်၍ 'အလို မောင်ပဥ္စင်းနှယ်၊ ဘယ့်နှယ်ဖြစ်လာရတာတုံး' ဟု မေးတော်မူရာ၊ ဘုန်းကြီး လူထွက်ကလေး ဓမ္မညာဏက 'ဒကာမကြီး၊ ထွက်ခဲ့ပကောလေ' ဟု ဆိုလျှင် ရှင်စောပုလည်း ပြုံးတော်မူ၏။ အပျိုတော်များကမူ ဝါးခနဲ ရယ်ကြလေ၏။

ထို့နောက် ရှင်စောပုက မိန့်ဆိုတော်မူသည်မှာ-

'သာသနာတော်မှာ မပျော်ပိုက်ရင်တော့ ထွက်တာပဲ ကောင်းတယ်။ ထွက်တာပ။ ပါဏုပေတံ၊ အသက်ထက်ဆုံး သင်္ကန်းနှင့် နေရမယ်လို့ ဘယ်သူ့ အမှ ကြိုးနှင့် ချည်ထားတာ မဟုတ်ဘူး။ ဟဲ့ ကောင်မတွေ၊ တိုက်တော်ထဲက အချိတ်ပုဆိုးများ၊ ထိုင်မသိမ်း အင်္ကျီများ၊ ရွှေကျင်ခံပ် ပဝါများ ယူခဲ့ပါ'

'မှန်လှပါ၊ ရောက်ပါဘုရား'

'ရော့ရော့၊ ငါ့သားနှယ် ဘယ့်နှယ် ပိတ်ပိုင်းကြီးများ ဝတ်လာရတယ်



www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူး၊ ဖြစ်မှ ဖြစ်ရလေတယ်။ ထွက်ချင် ထွက်ချင်တယ် မယ်တော်ရဲ့လို့ စောစောက ကြိုတင်ပြောလာတာ မဟုတ်ဘူး။ ကမူးကတူး လုပ်လာလိုက်တာ။ ရော့၊ ဟောဒါကို လဲဝတ်။ ပိတ်ပုဆိုးကြီး ချွတ်ပစ်လိုက်ပါ။ အို- ပုဆိုးဆီးတာ ကလည်း ဘုန်းကြီး သင်းပိုင်ဝတ်တာ ကျနေရော့။ တိုလှချည်ရဲ့၊ ဆွဲချလိုက်ဦး။ အောက်ကို အောက်ကို၊ မဟုတ်သေးဘူးလေ။ ဒီလာစမ်း၊ ဒီလာစမ်း။ ကြည့် ဟောဒီမှာ၊ ပုဆိုးခါးပုံမြိတ်ကို ညီအောင် ဟောဒါလို ဆွဲချရတယ်။ ကဲ ဒီလိုတော့ မကောင်းပါလား။ ရော့၊ ဟောဒီ ထိုင်မသိမ်းအင်္ကျီကိုဝတ်။ အင်း ချွတ်လိုက်ဦး။ လက်ကျဉ်းနေတယ်။ ဟောဒါကို ဝတ်။ အင်း ဟုတ်တယ်၊ ဒါနဲ့မှ တော်တယ်။ ကတဲမှပဲဟဲ့၊ ဆာဝါရေ ... အေးလေ ယောင်လို့၊ ဘသူတဲ့။ မိဟိုဒင်းရော၊ ကေသာရော၊ ညည်းလူကို ကြည့်လုပ်ပေးလိုက်ပါဦး။ ရော့ ပဝါ၊ ယိုးဒယားမင်းသား ပေါင်း ပေါင်းပေးလိုက်စမ်းပါ'

မယ်ကေသာ။ ။ ကိုင်း၊ လာခဲ့။ ဒီနား တိုး။ ဘုန်းကြီးတုန်းကတော့ သူ့ကို ရှိသေလိုက်ရတာ။ ငုံ့၊ ငုံ့။ မဟုတ်သေးဘူး။ မော့၊ မော့လိုက်ဦးလေ။ ငုံ့လျှိုးကြီး လုပ်နေလိုက်တာ။ မှန်း၊ မှန်း ဟောဒါလို မော့ရတယ်။ ငုံ့ဦး၊ ငုံ့လိုက်ဦး။ ငုံ့ဆို၊ ဟောဒါလို ငုံ့ရတယ် မှတ်ထား။ သိပလား၊ မှတ်မိပလားဟင်။ ဘာပြုံးရတာလဲ။ သျှောင်မရှိ ဘာမရှိနှင့်၊ ခေါင်းတုံးပြောင်ဟာ အပေါင်းရအခက် သား။ ငြိမ်ငြိမ်နေ။ ခေါင်းကို မလှုပ်နဲ့။ ပုတ်လိုက်ရဦးမလား။ သူ့မျက်နှာက ဖြစ်နေလိုက်တာ။ ဒါကြောင့် ဘုန်းကြီးလူထွက်များ ခွကျတယ်လို့ ပြောကြတာ။ ကိုင်း၊ သွားတော့၊ ပြီးပြီ။ (ဓမ္မစေတီ ၇၅-၇၆)

**ဓမ္မစရ ဆို လူထွက်ဘွဲ့ နှုန်းထောက်ကြီး**

ယခင်-ရဟန်းအဝတ်ဟာ တန်ခိုးဂုဏ် မနဲပေမဲ့၊ သင်္ကန်းချွတ်ကာ ပုဆိုးတဖုံ လဲလိုက်ပြန်တော့၊ ကတိုးမှုန် ပုလဲတို့နဲ့၊ ၂ မျိုး ၂ စုံ တွဲပါလို့ နိမိတ်ရှာမနော်၊ (ကေသာရယ်) တစ်မျိုးတစ်ဖုံပဲသာပ စိတ်မှာပျော်။ ။ (ခြေသံ) သိက္ခာဖြင့် ချမိပေါ့၊ ချိတ်စရာ ဒကာမတွေနဲ့၊ နိပ်တာမှ ရပါ့မလားဟဲ့ ကေသာရဲ့၊ သပိတ်ခါအိတ်ခါ ဘဝဟာမို့၊ အနိစ္စာဝတ သင်္ခါရာ-ဥပါဒ်-ဌီ-ဘင် သဘော တွေနှင့်၊ အဝိဇ္ဇာသဝအင်္ဂါ နုနုဖပ်ဖပ် မဒီခင်တို့တွေရယ်ကြောင့်၊ ငါပြောမနော် မယ်ကေသာရဲ့၊ ဘယ်ဒေသနာ ဘယ်ကမ္မဋ္ဌာန်းရယ်မှ၊ ပြုံးတုံးတုံးကလေးနဲ့ ခရာဒါ တာဒါတွေကို မှန်းစရာရယ်လို့မှ မရှိုးနိုင်ဘူး၊ ရသာလျှင် လှဒါကို မှန်းနေကျ၊ ရဟန်းဘဝမို့၊ အနို့ မပျော်ပါတယ်ကိုနော်ကွယ်၊ လမ်းကသို့သော် ။ ။ ဥပကဆရာမှာ ငွကျတဲ့ငနဲဟာမို့၊ သူ့တကာမဆာဝါဟာ ခဏခဏဆဲပေမဲ့၊





အခုသမယထဲတွင်ဖြင့် တစ်ခေတ်ဆန်းမနော်၊ (အို) အသစ်အဆန်း အကျော် အမော်ပေမို့၊ မာနထန်ထန်တွေး၊ (ကေသာရယ်) တစ်ဂဏန်း ခေါ်ပါတော့ ကာလဆန်ဆန်အသွေး။ ။ ပုဆိုးဝတ်ပုံ ရှိုးရှိုးချွတ်ခါခြုံလို့မို့၊ တစ်မျိုးဝတ်လှဲ ထိုင်မသိမ်းငယ်နှင့်၊ အစိမ်းယဉ်ယဉ် အပြာမရမ်း အရောင်ပြောင်းတဲ့ပြင်၊ တကိန်း ဘဆင် ပဝါနသာ ပန်းရောင်ပေါင်းပါလို့၊ ကျောင်းကြီးစံ အဟံ ငါဆရာ မထေရ် ဖြင့်၊ ဟံသာဝတီမှာ ဘုရင်တစ်ပါးပေပ၊ အားပြုဘွယ် အမေ စောရှင်ပုငယ်က ဓမ္မစမ္မကျွာ သဒ္ဓါပေသကိုးရယ်လို့၊ မကုဋ္ဌ ရတနာ၊ ဘမရာအမွေ စိုးချင်လို့၊ သုဂတ ဘဂဝါ၊ သာသနာအခြေဖြင့် မကြိုးနိုင်ဘု၊ သည်တစ်ခါ သည်တစ်ဝါ ချိုးလေရဲ့၊ (အိုကွယ်) အမျိုးမျိုး ကြံကာဖန်ကာ ကွန့်နိုင်တဲ့ မဟာဇော် ပဂေး ဟာမို့၊ ခြေသံ-ရှိုးရှိုးမှန်မှန်နဲ့၊ ကညာအဖော်အလော်ကိုသာ ရွေးကြတော့ဟဲ့ (ကေသာရယ်) ပနိုး ဟံသာညွန့် ဆရာတော်ကလေး။

(ဓမ္မစေတီ ၈၂-၈၃)

*

မယ်တော် ရှင်စောပုက သမီးတော် "နဲ့တကာထော်" ကို ဓမ္မစရ ရဟန်းလူထွက် နှင့် နားချသည်တွင် နားမဝင် နားနင်တယ်ဟု ပြောပြီး ဒေါသနှင့်ငိုသော ...

**ထားဆစ်ငိုပုံ**

မွေးတည်ကြီး ဘယ်ဆီမှ မရရင်ဖြင့်၊ နှယ်မဒီ ခြယ်စီသပြီဘု၊ (အမယ်မင်း) မယ် ညီလ လုပ်ပမယ်။ ။ (ခြေသံ) ပျော်လို့ပဲ ပျက်ကရော့သလ၊ တော်မို့ မရှက် သေခြင်း၊ သူမက်အောင် တရိရိနှင့် ပြုံးရမတဲ့တော်၊ လူထွက်ကောင် သည် ဘတုံးကိုလ၊ တကယ်သာ ဘယ်မှာသုံးမယ်တုံး၊ (အမယ်မင်း) နှလုံးမှာ ပျို့မို့ ပြီး အလုံးကြီးတောင် ဆို့ဆို့လာပေါ့၊ (ကျမ) မုန်းလို့ ရွံတယ်။ ။ ပေါင်း သည်းလို့ ဆက်ကြရင်ဖြင့်လေ၊ သောင်းထီးကနက်မှ ဘုရင်တကာ အပြေပြေမှာ ညီးစေဖို့၊ ကျောင်းကြီးပျက်မ တွင်ကာ အသရေ မတိုးတဲ့ပြင်၊ ရွှေပကိုးဆိက နန်းညွန့်နွယ်၊ (အို) မုန်းဝံ့ သရမ်းဝံ့တယ်လို့ နောင်ဥဒါန်း။ ။ ပြောကြလိမ့် မယ်၊ လောကမှာ အသွယ်သွယ်ပ၊ ကျောကစိမ့်ဖွယ် တမင်ကြံရက်ပေ့၊ တပင်စံ ဘင်တံ မရှုံးပါရစေနဲ့၊ မကြည်ဖြူ သည်လူဖြင့် မုန်းပါရဲ့၊ အမေ့ဟာ အမေ့ သေသာပဲ သုံးလေတော့၊ ပလူးပလဲနဲ့ မြူကာမှုကာတော်၊ ထူးထူးကဲကဲ လူတကာ ထိုးသို့ပ၊ လုံးလုံးစည်းစည်း တူတူကာ စက်ကြတော့လဲ၊ ပြုံးပြုံးပြီး (ကျမ) ရှုမှု ချူသူနဲ့ဖြင့် မဆက်နိုင်ဘူး (အို မယ်တော်ဘုရာ) ကတုံးကြီး ဘယ်သူမက်နိုင်ပ၊ ဆော့မှာ မရှက်ကြရော့သလ၊ တသက် တဘဝ (ကျမ) အသေသာ



www.burmeseclassic.com

www.burmeseclassic.com



မှန်းလိုက်ပါတော့၊ (အမယ်မင်း) ဘုန်းကြီးလူထွက် ပေါ့ပြက်ပြက်ကမှ၊ သမက် အမေ ဖမ်း။

(ဓမ္မစေတီ ၈၆–၈၇)

*

**ဗညားအိန် ဆို**

**ရဲဘော်တပ်ဘွဲ့ကဗျာ**

**မဟာလေးချိုး**

ပုသိမ် ၃၂ မြို့မှာ တစ်မျိုးကြဲရာ ရပြီမို့၊ အရှိန်ဘုန်းကွယ်မညှိုးစရာ အကျိုး ဖန်ကာ သ ပါလိမ့်၊ တန်ခိုး ကံသမ္ဘာလှချိန်မို့၊ အမျိုးအရိုး ပြန်ပြန်ကာ မဆနင့်တော့၊ (သြော်) ပကိုးဟံသာ တ,သူရဲ့၊ တိတ်ပါကွ၊ တိတ်စမ်းပါ။ ။ ဝတီသိကြားပြေမှာ၊ အသူရာပွဲလိုပ၊ ပုသိမ်သားတွေဟာ ဘသူလာမလဲဟဲ့၊ တူရာမဲမဲပြီး တဗျူဟာကြဲမဲ့ပြင်၊ အမူပါပါ လူတကာကိုတောင် ဆဲဝံ့ပါရဲ့၊ (သြော်) အရှိန်ရဲရဲ၊ အကြိမ်ကြိမ် နွှဲနေကျ၊ အိမ်မဲက (ကျုပ်)အကောင် သူကြီးဟာ၊ ဒုတ်–အုတ်တထောင်တောင် ပြီးပါသတဲ့၊ ကွမ်းသီးပင်နှင့် သာပေါင်းသားတွေမှာ၊ အညာတဂေါင်းက ဓား မရေရှတွေကလဲ မနဲပေဘူး၊ (သြော်) တပွဲတချီမဖြင့်၊ သဲသဲမဲမဲ ရဲရဲကြီး ညီကြမဲ့၊ မဲဇလီ ကျောင်းကုန်း အရပ်ဆိုဒါ၊ အကောင်းဆုံး တတပ်တဗိုလ် နွှဲကြမှာပေါ့၊ အင်းရဲကြီးက ထင်းလှဲ့တစီးနှင့် စားဖို့ သောက်ဖို့တဲ့၊ ငါးတို့ ငါးခြောက်တို့ ပို့လာတဲ့ ဖောရဲ့သမက် နေက်ကြီးရဲ့ အမျိုး ဖိုးကြာ ဆိုဒါ၊ လက်သီးနှင့် ထိုးဒါတောင်မှ မကွဲပါဘူ၊ ပုလဲတို့ ခရတို့ အပုတို့ အနုတို့ပေါ်တဲ့ ပုတောက ရဲနှင့် ရန်ဆိုဒါ၊ တပွဲပြန် အမှန်ဧကန် ကောင်းပါသတဲ့၊ (သြော်) ကျောက်ချောင်းကြီးက သူခိုး တေရဲ့ဖအေ ဝေ ဆိုဒါ၊ ချိုးဥအမတော ၂ လုံးရယ်နှင့်၊ (အင်း) ပြုံးပြုံးရင်း အလွန်အမင်း လုကြတဲ့ ဇလွန် ဟင်္သာတ ခမောက်စု နိဗ္ဗာန်ကို၊ ၂–ယောက်တစ်စု အိပ်ဖန်ထားကြပါစို့၊ နင်လား ငါလား ငါတကားနဲ့ တကဲ့အရေး ထွက်လာကြမဲ့၊ လေးမျက်နှာနှင့် သိုင်းချောင်းတွေမှာ၊ ဒိုင်းကောင်း လွှားကောင်းနှင့် သိုင်းကောင်းကောင်း ကစားတတ်ချည်ရဲ့၊ (သြော်) အကြွားနယ် ဘဝမှာဖြင့်၊ စပါးတကယ် ရပါသတဲ့၊ ဝါးခယ်မနှင့် မအူပင်မှာ၊ ဘသူမှ လူမထင် သူမထင် စွမ်းကြပေသတဲ့၊ အရမ်းဆော်မဟလို့ အကြမ်း အဖော်အလျော် ရပါတဲ့၊ ပန်းတနော်က သကောင့်သားတွေမှာ၊ နန်းတော်စောင့် သမားတွေပေါ့၊ ဆောင့်ကြွားကြွားနဲ့ အကြွေးဆဲ ဆဲပြီး သွေးရဲလို့ မာပုံချာပုံမှာ၊ ဒေးဒရဲ ဖျာပုံ ကျိုက်လပ်သားတွေကွဲ့၊ (အင်း)





သောက်စား အကစားနှင့်၊ တောက်တောက်ခါးခါး အမောက်စားတွေနဲ့ ယောကျ်ားဘသားဟဲ့–ကြောက်မလားလို့ ပြောင်ပြောင်မှန်းတဲ့၊ နောင်, လုံး, ပြုံး, လှ, ပု, မူ ဆိုဒါတွေ၊ ညောင်တုန်း ခနဖြူမှာဖြင့် လု လု ယူကြတဲ့ အညွန့်သမားတွေပေါ့၊ (သြော်) မရွံ့မရှား စွန့်စွန့်စားစား ညွန့်ညွန့်ကြီး ကြွားလောက်အောင် အပုံတော်သမို့ တဂုဏ်မော်မဖျို့ရယ်လို့၊ ကျုံပျော်မြို့ဆီက သတင်းသွားတဲ့ မြင်းသမားစိန် ဆိုဒါ (ဟောဒီ) ဗညားအိန်ရဲ့ တပည့်ကြီးပေပေါ့၊ ကျုံတနီးက ဖိုးရဲ့သား မောင် ဆိုဒါ၊ ဆိုးဆိုးဝါးဝါးဟာမို့၊ ပကိုးသားအကောင်တွေကိုဖြင့်၊ ကြိုးများနဲ့ ချည်နှောင်ပြီး၊ ဝပိုးဝါးကြီးနှင့်တောင် ရိုက်ဝံ့နှက်ဝံ့ပါရဲ့တဲ့၊ (သြော်) တချက်မှ မရွံ့ အသက်စွန့်ဝံ့တဲ့ မောက်ကဲ့အမျိုး ဖိုးလှ ဆိုဒါ၊ (ငါ့လို) အစိုးရကိုတောင် ရှိမခိုးချင်ဘူးတဲ့၊ အနောက်ရိုးမကာ၊ သောက်ကျိုးနဲ့ ဥကျတဲ့၊ မြေားနဲ့ ပြုံး ဆိုဒါကို၊ ဘုရားမထူးလို့တောင်၊ ဒူးနှင့်အယ်ပြန် ညာပြန် တိုက်လိုက်ရပါသေးသကွဲ့၊ ခလောက်သိုက်က နှစ်ယောက်အမိုက်ပ၊ နုံးနဲ့ ဝေဆိုဒါ (ငါ့ကို) ဦးမချလို့ ဒူးမချလို့တောင် (ဟောဒီလို) ခါးတောင်းခနား ကျိုက်ကျိုက်ပြီး၊ ထောင်းလား ရိုက်လား လုပ်ရပါသေးသကော၊ (သြော်) အကြမ်းသဘော ရမ်းမကောရယ်လို့ ပန်းတော ရေကြည်က၊ အကျော်အမော် အတော် ပျော်တတ်တဲ့ ကဇော်ဘတင်ကြီးဆိုဒါ၊ ဟိုမှာ သည်မှာ အမှုမှုဆင့်ဒါမို့၊ သူ့ဖြင့် ကျမ မနိုင်ပါ၊ အပိုင်သာ ထုလေ–တောလေတော့ရယ်လို့၊ သူ့အမေတောင် ငါ့ကိုအပ်ရပါသကွဲ့၊ မြောင်းမြ ကွင်းပေါက်က၊ ချင်းရောက်ကဲ့ အမျိုး၊ ဖိုးမင်း ဆိုဒါ၊ ထိုးကွင်း မှင်ကြောင်၊ ခကြောင် ဆေးနီတွေကလဲ များလိုက်ပါဘိသနဲ့၊ ဟင်–အရေးကျလျှင် ဓားဟဲ့လို့ သွေးပြီး တမြမြထားတဲ့ ဒွေးမသား အောင်ဂေါင်းရဲ့မြည်း၊ ယောင်တစောင်းကြီးနဲ့၊ ဖီးရဲ့ ညာ ပေက်မောင်းရင်းက အကွင်းကြီးဟာ၊ ကြာဘက်ဆောင်းအင်းကြီးလို့ ပြောကြပါသကွဲ့၊ (သြော်) မနီတော ဆိုဒါကတော့၊ ပေပေါတယ်လို့ ပြောချင်ပြောဆိုချင်ဆို၊ နဂိုက အရက်သောက်တာမို့ မရှက်မကြောက် သမက်ယောက္ခမ၊ မှူးနှင့် တေ ဆိုဒါ တစ်ခွက်နှစ်ခွက်လောက်နှင့်ဖြင့် မမူးပေဘူး၊ (အိုကွယ်) ဘီလူး အာဠဝက ပုဏ္ဏကလို့မို့၊ သူ့ပုန်ထလျှင် အများနှင့်တော့ မကြောက်ပါဘူး ဆရာရယ်တဲ့၊ (သြော်) ကြွားကြွားမောက်မောက်၊ ခါးခါးတောက်တောက် ပါးခမောက်တွေနဲ့၊ အားမြောက်စရာ ။ ။ နဝင်းဇယားအချိန် အရှိန်တလွင်လွင် ဆောက်ပြီမို့၊ ဗညားအိန် ပုသိမ်ဘုရင် တစ်ယောက်ကယ်၏၊ (ဟော့) တမိုးအောက်မှာင်ဖြင့်၊ မစိုးမကြောက်သူမို့၊ ပကိုးလောက်သာဖြင့် မဖြုံလှပါ၊ အို– သူ့ပုန်ဘဝ နာဖြင့် ယုံကြပါတော့၊ ဒဂုံ ဒလ မုတ္တမ တိုင်းဟံသာ၊ တဂိုဏ်းစာရာကိုဖြင့်၊



www.burmeseclassic.com

www.burmeseclassic.com

အကွက်ကျကျ မထွက်ရအောင် လက်ရ အကုန်နွဲ။ ။ ဘဝင်ကြုံးမနော်၊ စက်ဘုန်း တမော်မော်နှင့်၊ လက်ရုံးတော် ၂ ဆူတန်းပါလို့၊ တိုင်းခန်းပြန်ကာ လည်ခဲ့မကွဲ့၊ နွယ်သာကီ သိုက်ဝင်မျိုးရယ်လို့၊ တိုင်းမဟာဝင်မှာ သမိုင်းရာဇဝင် မညှိုးရအောင်၊ ဟံသာကို ပြန်ကာ စိုးပါလိမ့်၊ (အမယ်မင်း) တန်ခိုးလင်းတယ် လို့ အလွန်တရာမှ ရွှံစရာပြကြဒါကြောင့်၊ (ပြော်) ပကိုးသနင်းကိုဖြင့် မန္တမနာ ပြုရချည်တော့၊ (အို မိမိရဲ့) အမျိုးချင်းရယ်လို့ "ဝံသာမနု" နိုင်ဘု၊ သူ့အသက် ငါ့အသက် အလုအယက်ဟာမို့၊ သူ့ထက်ငါ တစ်ပွဲ။

(ဓမ္မစေတီ ၁၃၅-၁၃၈)

*

ဤသည်တို့မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကိုယ်တိုင်က သူ ရေးသား ပြုစုခဲ့သမျှသော အရပ်ရပ် စာပေများတွင် အကြိုက်ဆုံးဟု ပြောခဲ့သည့် "ဓမ္မစေတီ ဝတ္ထု" ထဲမှ စာကဲခတ်နိုင်ရန် ကောက်နုတ်တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

လူ သေသော်လည်း
နာမည် မသေ
"သရီရဿ ဂုဏာနဋ္ဌံ၊
ဒူရမန္တုရ မစ္စန္တံ၊
သရီရံ ခဏဝိဒ္ဓံသိ၊
ဂုဏာတု ကပ္ပဋ္ဌာယိနော။

ဟူသော ဂါထာနှင့်အညီ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟု သမုတ် ပညတ်အပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရား အစုတို့သည် ခဏခြင်းဖြင့် ပျက်စီး တတ်သော သဘောအတိုင်း ပျက်စီးယိုယွင်းခဲ့လေပြီ။ သို့သော် ထိုခန္ဓာငါးခု အပေါင်းအစုတည်းဟူသော ဝတ္ထုပညတ်ပေါ်၌ ကပ်တွယ် မှီခို၍နေသော ဆရာ ကြီး၏ ဂုဏ်ကျေးဇူး အပေါင်းတို့မှာမူကား ကမ္ဘာပတ်လုံး မဆုံးမချင်း (ဝါ) မြန်မာလူမျိုးနှင့် မြန်မာပြည်ဟူ၍ ရှိနေသမျှ ကာလပတ်လုံး တည်ရှိနေမည်သာ ဖြစ်လေသည်။

ဆရာကြီး၏ ရုပ်နာမ်ခန္ဓာသည် အနိစ္စသဘော ရွေ့လျော ပျောက်ကွယ် သွားပြီ ဖြစ်သော်လည်း ဆရာကြီး၏ နာမည် ဂုဏ်သတင်း ကျော်စောခြင်းမှာ သင်းပျံ့သော မွှေးရနံ့ဖြင့် မြန်ပြည်မဆံ့ ကမ္ဘာနှံ့မျှ အစွန့်ရှည်စွာ တည်ရှိပါစေ သတည်း။

ရွှေကိုင်းသား
(၅-၈-၆၄)

## ဓမ္မစေတီနှင့် အိန္ဒိယ သတင်းစာဆရာ

လွန်ခဲ့သည့် ၁၉၅၆ ခုနှစ်လောက်က ဖြစ်သည်။ အိန္ဒိယမှ သတင်းစာဆရာအဖွဲ့ တစ်ဖွဲ့သည် မြန်မာပြည်သို့ ရောက်လာ၏။ သတင်းစာဆရာ လေးငါးဦးတို့ သည် ရန်ကုန်သို့ရောက်ခိုက် ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံသို့ တွေ့ဆုံရန် သွားရောက်ကြလေ၏။ ကျွန်တော်က စကားပြန် အဖြစ်နှင့် လိုက်ပါသွားရ၏။ ထိုအချိန်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှာ မကွယ်လွန်သေးပေ။ အိန္ဒိယ သတင်းစာဆရာများသည် ဆရာကြီးနှင့် တွေ့ခိုက် သူတို့ မေးမြန်းလိုသည့် မေးခွန်းများကို မေးကြသည်။ ဆရာကြီးကလည်း စိတ်ရှည် လက်ရှည်ဖြင့် ပြန်လှန် ဖြေကြားလေသည်။ သတင်းစာဆရာများထဲမှ ဗာရာဏသီမြို့မှ ဟိန္ဒီ ဘာသာဖြင့် ထုတ်ဝေသည့် "အာဂျ်" သတင်းစာ၏ အယ်ဒီတာ ဖြစ်သော ရှေတာ လက်ချမီဗျာဆ် အမည်ရှိ ပုဂ္ဂိုလ်က ဆရာကြီးအား မေးခွန်း အဆန်း တစ်ခုကို မေးလေသည်။

'ဆရာကြီး ရေးခဲ့တဲ့ စာအုပ်တွေထဲက ဆရာကြီး အကြိုက်ဆုံး၊ အကျေ နပ်ဆုံး စာအုပ်ဟာ ဘယ်စာအုပ်ပါလဲ။ ကျွန်တော်တို့ သိပါရစေ'

ထိုအခါ ဆရာကြီးက မဆိုင်းမတွပင် ပြန်လှန် ဖြေကြားလိုက်လေ သည်။

'ကျုပ်ရေးခဲ့တဲ့ စာအုပ်တွေထဲက ကျုပ်အနေနဲ့ ဓမ္မစေတီ ဆိုတဲ့ ဝတ္ထုကို အကြိုက်ဆုံးပဲ။ မြန်မာရာဇဝင်မှာ သာသနာပြု မင်းတစ်ပါး အဖြစ်နဲ့ ထင်ရှား ကျော်ကြားခဲ့တဲ့ ပဲခူး ဟံသာဝတီဘုရင် ဓမ္မစေတီ အကြောင်းကို ရေးသား ထားတဲ့ ဝတ္ထု ဖြစ်တယ်'

အိန္ဒိယ သတင်းစာဆရာများသည် မြန်မာနိုင်ငံမှ အိန္ဒိယပြည်သို့ ပြန် သွားကြလေ၏။ အိန္ဒိယ သတင်းစာဆရာများ အိန္ဒိယပြည်သို့ ပြန်လည်ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ရက်လ အနည်းငယ် ကြာသောအခါ အိန္ဒိယမှ ထုတ်ဝေသည့် မဂ္ဂဇင်းတစ်စောင်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိသည့် အိန္ဒိယ သတင်းစာဆရာ၏ ဆောင်းပါးတစ်ပုဒ် ပါလာလေသည်။ ထိုဆောင်းပါး၌ မြန်မာနိုင်ငံအကြောင်းကို ရေးသားရင်း ဆရာကြီး သခင်ကိုယ်တော်မှိုင်း အကြောင်းကို တခမ်းတနား ထည့်သွင်း ရေးသားထားလေသည်။ ထိုဆောင်းပါးထဲ၌ "ငြိမ်းချမ်းရေးဆုရ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးသားခဲ့သည့် စာအုပ်များထဲက ဆရာကြီး ကိုယ်တိုင် အကျေနပ်ဆုံး၊ အနှစ်သက်ဆုံး စာအုပ်မှာ ဓမ္မစေတီ ဝတ္ထု ဖြစ်သည်" ဟု ရေးသား ဖော်ပြထားလေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်သောအခါ ရွှေကိုင်းသားသည် လူထုသတင်းစာတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအကြောင်း ဆောင်းပါးရေးသားလေ၏။ ထိုဆောင်းပါး၌ အိန္ဒိယ သတင်းစာဆရာနှင့် ဓမ္မစေတီ ဝတ္ထုအကြောင်းကို ထည့်သွင်းရေးသားထားလေသည်။

ဓမ္မစေတီ ဝတ္ထုကား လွန်ခဲ့သည့် နှစ်ပေါင်း ငါးရာခန့်က ဟံသာဝတီ ပဲခူးတွင် အုပ်စိုးသွားခဲ့သည့် မြန်မာသမိုင်းတွင် ထင်ပေါ်ကျော်ကြားသည့် ဓမ္မစေတီ မင်းအကြောင်း ရေးသားထားသည့် ဝတ္ထုဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်းငါးရာခန့်က ရာမညတိုင်း မွန်ပိုင်းသုံးရပ်တွင် ဘုရင်မကြီး ရှင်စောပု အုပ်ချုပ် မင်းလုပ်သည်။ ရှင်စောပုသည် ရာဇပရိယာယ် ကြွယ်ဝလှသည်။ ရှင်စောပုတွင် မွေးစားသားနှစ်ယောက် ရှိ၏။ ဓမ္မစေတီနှင့် ဓမ္မညာဏတို့ ဖြစ်ကြ၏။ ရှင်စောပုသည် သမီးတော် အကြီး ဝိဟာရဒေဝီနှင့် ဓမ္မစေတီကို ပေးစားလို၏။ ဝိဟာရဒေဝီက ဓမ္မစေတီကို မကြိုက်ပေ။ ဗညားအိန်ကိုသာ ချစ်နေ၏။ ဝိဟာရဒေဝီနှင့် ဗညားအိန်တို့ ညားသွားကြလေ၏။ ထို့ကြောင့် သမီးတော် အငယ်နှင့်သာ ဓမ္မစေတီကို ပေးစားလိုက်ရ၏။

ဗညားအိန်နှင့် ဝိဟာရဒေဝီကို ပုသိမ်သို့ ပို့ထား၏။ စစ်မက်ရေးရာကြောင့်ဟု ပရိယာယ်ဆင်ပြီး ပို့ထားခြင်း ဖြစ်သည်။ အမှန်မှာ ဓမ္မစေတီကို အိမ်ရှေ့အရာ၌ ထားလို၍ ဗညားအိန်ကို အဝေးသို့ ပို့ခြင်း ဖြစ်လေသည်။

ဓမ္မစေတီသည် ဥပရာဇာ အိမ်ရှေ့မင်း ဖြစ်လာသည်။ ထိုနောက် မြန်မာသမိုင်းတွင် ထင်ရှားကျော်ကြားသော မင်းတစ်ပါး ဖြစ်လာသည်။

မြန်မာနိုင်ငံ သမိုင်း၌ ဗုဒ္ဓသာသနာကို ပြုစုပျိုးထောင်ခဲ့သည့် ဘုရင်များ ပေါ်ပေါက်ခဲ့ကြသည်။ ပုဂံခေတ်တွင် အနော်ရထာသည် သထုံမှ ပိဋကတ်ကို ပင့်ဆောင်လျက် သာသနာပြုခဲ့သည်။ တောင်ငူခေတ်တွင် ဘုရင့်နောင်သည် သာသနာ့ရန်ဆူးရန်ငြောင့်များကို နှိမ်နင်းလျက် သာသနာ့အရောင်ကို တောက်





ပြောင်စေခဲ့သည်။ ကုန်းဘောင်ခေတ်တွင် မင်းတုန်းမင်းတရားကြီးသည် ပဉ္စမသင်္ဂါယနာတင်လျက် သာသနာ့သမိုင်းတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်ပေးခဲ့လေသည်။

ဓမ္မစေတီမင်းသည်လည်း မြန်မာနိုင်ငံ သာသနာ့သမိုင်း၌ သာသနာ့ဒါယကာအဖြစ်နှင့် ထင်ပေါ်ကျော်ကြားသော ဘုရင်တစ်ပါး ဖြစ်လေ၏။ ကိုယ်တိုင်က ပိဋကတ်ကျမ်းဂန်များကို တတ်ကျွမ်းနှံ့စပ်သူ ဖြစ်သဖြင့် ပိဋကတ်ပြန့်ပွားရေးနှင့် ဗုဒ္ဓတရား ထွန်းကားရေးကို အထူးကြိုးပမ်း အားထုတ်ခဲ့လေသည်။ ဓမ္မစေတီမင်းကြီးသည် မြန်မာနိုင်ငံမှ သာသနာရေးမစ်ရှင် အဖွဲ့တစ်ခုကိုလည်း သီဟိုဠ်နိုင်ငံသို့ စေလွှတ်ခဲ့ဖူးသည်။

ပဲခူးသို့ ရောက်ရှိသူတိုင်း ကလျာဏီသိမ်ကို တွေ့မြင် သိရှိရပေလိမ့်မည်။ ထိုကလျာဏီသိမ်အနီး၌ ကျောက်စာများ ရေးထိုးထားသည်ကိုလည်း တွေ့ရှိပေလိမ့်မည်။ ယင်းကျောက်စာကား ဓမ္မစေတီမင်းကြီး ရေးထိုးထားခဲ့သည့် ကလျာဏီကျောက်စာ ဖြစ်လေ၏။

မြန်မာနိုင်ငံ သာသနာ့သမိုင်းကို လေ့လာသူတိုင်း ထိုကျောက်စာကို ကိုးကားရသည်။ ထိုကျောက်စာမှာ ပါဠိဘာသာဖြင့် ဖြစ်ပြီး မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ဘာသာပြန်ဆိုထားကြသည်။ ရွှေတိဂုံဘုရားတွင်လည်း ဓမ္မစေတီမင်းကြီး ရေးထိုးထားသည့် ကျောက်စာတစ်ချပ် ရှိသည်။ ယင်းကျောက်စာတွင်လည်း ဓမ္မစေတီမင်းကြီး၏ သာသနာရေးဆိုင်ရာ ပြုမူဆောင်ရွက်ချက်များကို ဖော်ပြထားသည်။

ဓမ္မစေတီမင်းကြီးသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိ စေတီတော်၏ ပုံသဏ္ဌာန်အမှန်အကန် အတိအကျ ရရှိစေရန်အတွက် အဖွဲ့တစ်ဖွဲ့ကို အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ စေလွှတ်ပြီး ကူးယူစေခဲ့ဖူးသည်။

ရာဇဝင်ဝတ္ထု ရေးရာ၌ အချို့က ရာဇဝင်ခေတ်ကိုသာ ယူ၍ ဇာတ်ဆောင်များကို မိမိကိုယ်တိုင် ဖန်တီးယူကြ၏။ အချို့က ရာဇဝင်တွင် တကယ်ရှိသည့် ပုဂ္ဂိုလ်များကို ဝတ္ထု၏ ဇာတ်ဆောင်အဖြစ် ရွေးချယ်ကြသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရာဇဝင်တွင် တကယ်ရှိခဲ့သည့် ဓမ္မစေတီမင်းကို သူ့သမိုင်းဝတ္ထု၏ ဇာတ်ဆောင်အဖြစ် ရွေးချယ်ထားပေ၏။

သို့ရာတွင် ဆရာကြီးသည် ဓမ္မစေတီမင်းကြီး၏ ဘဝဇာတ်လမ်းကိုဆုံးခန်းအထိ သူ့ဝတ္ထုတွင် ဖော်ပြမသွားနိုင်ခဲ့ပေ။ ဆရာကြီးသည် ဓမ္မစေတီမင်းကြီး၏ အောင်မြင်မှုအချိန်မှ စတင်သည့် ဖြစ်ရပ်များကို သီးသန့် ဝတ္ထုတစ်ပုဒ် ရေးသားလိုသည့်ဆန္ဒ ရှိခဲ့ဟန် တူသည်။ ရေးသားမည် ဟူ၍လည်း



www.burmeseclassic.com

www.burmeseclassic.com



ဤဝတ္ထုအဆုံးအတွင် ဖော်ပြထား၏။ သို့ရာတွင် ယင်းဆန္ဒသည် အထမမြောက်ခဲ့ပေ။

"မဒ္ဒမစေတီဝတ္ထု" တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ပြောင်မြောက်သော လက်ရာကို တွေ့ရှိရပေလိမ့်မည်။ ဝတ္ထုတွင် အသော၊ အလွမ်း၊ အချစ်နှင့် တကွ ဇာတိမာန် တက်ကြွဖွယ်ရာ စစ်မက်ရေးရာတို့ကို အသေးစိတ် ရေးသားထားသည်။ ဆရာကြီး၏ ငယ်မူ ငယ်ကာလနှင့် ရင့်ကျက်လာသော ကာလ၏ အကြားတွင် နိုင်နင်းစွာ ကွန့်ခဲ့သော ကလောင်၏ စွမ်းရည်ကို မဒ္ဒမစေတီဝတ္ထုတွင် တခမ်းတနား ဖတ်ရှုရပေလိမ့်မည်။

ပါရဂူ

## စာအုပ် ခြင်းရာညွှန်း*

မြန်မာစာပေတွင် စကားပြေနှင့် ကဗျာလင်္ကာ ဟူ၍ အခြေခံ အချက်ကြီး နှစ်ချက်ရှိရာ စကားပြေမှာလည်း ရာဇဝင်ကြောင်း စကားပြေ၊ ဇာတ်နိပါတ် စကားပြေ၊ အဋ္ဌုပ္ပတ်ဝတ္ထု စကားပြေ၊ ဒဏ္ဍာရီဝတ္ထု စကားပြေ၊ ပြဿနာ မေးဖြေပုံ စကားပြေ၊ တရားလမ်းကြောင်းပြ စကားပြေ၊ ဆောင်းပါးရေးနည်း၊ အမိန့်တော်ပြန်တမ်းရေးနည်း၊ ရာဇသံရေးနည်း စသည်ဖြင့် စကားပြေ အစားစား အများအပြားရှိနေရာ ယင်းစကားပြေတို့ အရေးအသားမှာ တစ်ခုနှင့်တစ်ခု ရေးနည်းရေးဟန်နှင့် အသုံးအနှုန်းတို့ ခြားနားနေကြောင်း တွေ့ရမည် ဖြစ်၏။ ဤမဒ္ဒမစေတီ ဝတ္ထုတွင် အထက်ပါ စကားပြေများ စုံစုံလင်လင် ပါရှိနေသဖြင့် လည်းကောင်း၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ လေးဆစ်၊ နှစ်ဆစ်၊ ဒုံးချင်း၊ လေှချင်း၊ တက်ချင်း၊ ငိုချင်း၊ မှိုက်ချင်း၊ ရှေးရိုးသီချင်း၊ သံဆန်းသီချင်း စသော ကဗျာလင်္ကာတို့မှာလည်း စုံစုံလင်လင် ရှိလှသဖြင့် လည်းကောင်း မြန်မာစာပေ အနေအားဖြင့် ဟာကွက်မရှိသလောက် ပြည့်ဝနေပေသည်။

ဤစာအုပ်တွင် မဒ္ဒမစေတီအကြောင်း၊ ရှင်စောပုအကြောင်း သက်သက်မျှသာ ဖော်ပြရေးသားထားသည် မဟုတ်သေး။ သင်ခန်းစာ အနေအားဖြင့် အတတ်ပညာ သင်ကြားရာတွင် မတတ်တတတ်သူများထံ သင်ကြားခြင်းဖြင့် ပညာစွမ်း မထင်၊ အပြီးသို့ မရောက်နိုင်။ တတ်မြောက်သူများထံ ပညာသင်မှသာ ပညာစွမ်းထင်၍ အပြီးအဆုံးသို့ ရောက်နိုင်ကြောင်းကို မဒ္ဒမရလောင်းမင်းသန် ကျောင်းနေခန်းတွင် ဖော်ပြထားသည်။ မိဘစကား နားမထောင်ဘဲ မိဘကို ထော်လော်ကန့်လန့်လုပ်လျှင် သက်ရှည်သော်လည်း ဘုန်းမကြီး၊ ဘုန်းကြီးသော်လည်း သက်မရှည်၊ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုကို မခံစားရဘဲ ဒုက္ခအဖုံဖုံနှင့် တွေ့ကြုံရတတ်ကြောင်းကို သမီးကြီး နဲတကာထော်အား မယ်တော်ရှင်စောပုက ဆိုဆုံးမခန်းတွင် ဖော်ပြထားသည်။

---

*စာတိုထအတြိမ် ရိုက်နှိပ်သည့် ဟံသာဝတီတိုက်၏ စာကို ပြန်လည်ဖော်ပြခြင်း ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အရက်သေစာ သောက်စားကြူးလျှင် စီးပွားချမ်းသာ ပျက်စီးခြင်း၊ လူရိုသေလေးစားခြင်းကို မခံရခြင်း၊ အမှားမှား အယွင်းယွင်း လုပ်မိခြင်း၊ အကြောင်းသင့် အကျိုးသင့် မတွေးခေါ် မမြော်မြင်တတ်ခြင်း၊ လူဆိုး သူဆိုးတို့နှင့် ပေါင်းသင်းမိ၍ မတော်တရော် လုပ်မိကိုင်မိ ပြောမိဆိုမိခြင်းကြောင့် ဒုက္ခကြီးမားစွာ တွေ့ရတတ်ခြင်းများကို ဗညားအိန်နှင့် ဝိဟာရဒေဝီ ဇနီးမောင်နှံတို့ နီးနှောတိုင်ပင် ပြောဆိုခန်းတွင် ဖော်ပြထားပြီး၊ တစ်ပါးသူ၏ အခြေအနေ အရပ်ရပ်ကို မစုံစမ်း မထောက်လှမ်းဘဲ မိမိကိုယ်ကို အထင်ကြီး၍ မာန်မာနတက်လျှင် ရန်သူနှင့် ရင်ဆိုင်သောအခါ အရှုံးကြီး ရှုံး၍ ရန်သူ့လက်တွင်း ကျဆင်းရကြောင်းကို စစ်တောင်းစားနှင့် မွန်တပ်မကြီး အင်းဝသို့ ချီတက်တိုက်ခိုက်ခန်းတွင် လည်းကောင်း၊ ဗညားအိန်သည် အနောက်ချောင်းသား ရဲဘော်များနှင့် မိမိကိုယ်ကို အထင်ကြီးကား ပုသိမ်မှ ဟံသာဝတီသို့ လိုက်လာပုံ အခန်းတွင် လည်းကောင်း ဖော်ပြထားသည်မှာ သင်ခန်းစာ ယူစရာ အချက်အလက်များ ဖြစ်ပေသည်။

စာရေးဆရာသည် မိမိစာပေတွင် မည်သည့် အရသာပေါ်အောင် ရေးမည်ဟု စိတ်တွင် ရည်မှန်းချက် မထားသော်လည်း သူ့အခန်းနှင့်သူ၊ သူ့နေရာနှင့် သူ အကွက်ဆိုက်အောင် ရေးသွားသောအခါ အလင်္ကာနည်းအရ စာပေ အရသာ ၉ ပါး ထိုက်သင့်သလို အလိုအလျောက် ပါဝင်လာတော့သည်။ သို့သော် စာရေးဆရာတိုင်း၊ ကျမ်းစာတိုင်း ရသ ၉ ပါးလုံး အပြည့်အစုံ ပါဝင်မှုကား နည်းပါးလှသည်။ ထိုက်သင့်သလောက်သာ ပါဝင်လာ၏။ ဆရာကြီး၏ ဤ ဓမ္မစေတီ ဝတ္ထုမှာမူ ရသ ၉ ပါးလုံး အပြည့်အစုံ သူ့အခန်းနှင့်သူ၊ သူ့အကွက်နှင့် သူ ပါဝင်နေသည်ကို တွေ့ရသည်။ ဗညားအိန်နှင့် ဝိဟာရဒေဝီ ဇနီးမောင်နှံတို့ နှစ်ယောက်ထဲ နီးနှောတိုင်ပင်နေသည့် အခန်းတွင် တပ်နှစ်သက်ဖွယ်ဖြစ်အောင် ပြဆိုသော **သိင်္ဂါရ ရသ**၊ ဓမ္မဉာဏ လူထွက်လာပြီး နန်းတော်တွင်း အပျိုတော်များက ဝတ်စားဆင်ယင်ပေးပုံ၊ ဓမ္မဓရ လူထွက်ရာတွင်လည်း ဝတ်စားဆင်ယင် ပေးပုံ အခန်းများတွင် ရယ်ရွှင်ဖွယ်ဖြစ်အောင် ပြဆိုသော **ဟဿရသ**၊ ဗညားအိန် အဆိပ်သင့်ရာ၌ ဝိဟာရဒေဝီ ပူဆွေးငိုကြွေးပုံ အခန်းတွင် သနားစဖွယ်ဖြစ်အောင် ပြဆိုသော **ကရုဏာရသ**၊ ဝိဟာရဒေဝီကို ဓမ္မဓရနှင့် နှားချရာ ဝိဟာရဒေဝီက မခံမရပ်နိုင်ဖြစ်ပုံ၊ ဗညားအိန်ကို ပုသိမ် စေလွှတ်ရာ ဝိဟာရဒေဝီ မခံမရပ်နိုင် ဖြစ်ပုံ အခန်းများတွင် အမျက်ဒေါသထွက်ဖွယ် ကိုယ်ကြမ်းစိတ်ကြမ်းဖြစ်အောင် ပြဆိုသော **ရုဒ္ဒရသ**၊ ရှင်စောပုနှင့် တပ်သားများသည် ဒဂုံမှ တပ်ပေါင်းစုံဖြင့် ချီတက်လာပြီး အဆောတလျင် အသက်ကို ပဓာနမထား၊ စွန့်စွန့်စားစား ဟံသာ





ဝတီကို တိုက်ခိုက်သိမ်းယူသော အခန်းတွင် ရဲရဲရင့်ရင့် ကြိုးစားအားထုတ်မှုကို ပြဆိုသော **ဝီရ ရသ**၊ ဗညားအိန် ပုသိမ်မှ ဟံသာဝတီသို့ ဆိုက်ရောက်သော အခါ အဆောင်အယောင် အသိမ်းခံရပြီး ရန်သူ့လက်တွင်း ကျဆင်းရပုံ အခန်းတွင် ရွံ့ကြောက်ဖွယ်ကောင်းသည်ကို ပြဆိုသော **ဘယာနကရသ**၊ ရှင်စောပုက တုရင်း သမက် တော်ပါလျက် အိမ်ရှေ့အရာ မနှင်းအပ်ဘဲ ဆွေမတော် မျိုးမစပ် မင်းသွေးမပါ ဓမ္မဓရကိုသာ အိမ်ရှေ့အရာ နှင်းအပ်ပေးသဖြင့် ဗညားအိန်က ရှင်စောပုထံ ပေးစာတွင် ရွံမုန်းသည်ကို ပြဆိုသော **ဝီဘစ္ဆရသ**၊ ဓမ္မဓရ၏ သက်နန်း စလပွေ့မွေ့၍ နန်းပြာသာဒ်တွင် တင်နေပုံ အခန်းတွင် အများလူတို့ တအံ့တဩ ဖြစ်နေသည်ကိုပြဆိုသော **အဗ္ဘုတရသ**၊ ဓမ္မဓရကို အိမ်ရှေ့ပေးပြီးနောက် ရှင်စောပု ဘုရင်မကြီးက မိမိမှာ အသက်တော် အရွယ်တော် ကြီးပြီမို့ တရားနှင့်သာ မွေ့လျော်နေတော့မည်ဟု ပြောသော အခန်းတွင် ငြိမ်သက်တည်ကြည်မှုကို ပြဆိုသော **သန္တရသ**၊ ဤ ရသ ၉ ပါးလုံးသည် ဤဓမ္မစေတီ ဝတ္ထုတွင် အကွက်ဆိုက်ကာ အပြည့်အစုံ ပါဝင်လျက် ရှိပေသည်။

ထို့ကြောင့် ဆရာကြီး၏ အကောင်းဆုံး လက်ရာနှင့် ဆရာကြီး အကြိုက်ဆုံး၊ အနှစ်သက်ဆုံး စာအုပ်ကို ညွှန်ပြပါဆိုလျှင် ဤဓမ္မစေတီဝတ္ထု စာအုပ်ကို ညွှန်ပြရပေမည်။ အိန္ဒိယ သတင်းစာ အယ်ဒီတာ "မစ္စတာ လက်ချမီ နာဆ်" က 'ဆရာကြီး ရေးသားခဲ့သော စာအုပ်များတွင် အဘယ်စာအုပ်ကို အကြိုက်ဆုံး ဖြစ်ပါသလဲ' ဟု မေးမြန်းရာ၊ ဆရာကြီးက 'ကျုပ် ရေးခဲ့တဲ့ စာအုပ်တွေထဲမှာ ဓမ္မစေတီဝတ္ထုကို အကြိုက်ဆုံး၊ အနှစ်သက်ဆုံးပဲ' ဟု ဆရာကြီး ကိုယ်တိုင် ပြောဆိုညွှန်ပြခဲ့ပြီး ဖြစ်သည်။ ဤဓမ္မစေတီ ဝတ္ထုသည် ဓမ္မစေတီ မင်းဖြစ်ခန်းတွင် ပြီးဆုံးသွားသဖြင့် ဓမ္မစေတီမင်း၏ တိုင်းရေးပြည်ရေးနှင့် သာသနာရေးအတွက် ကောင်းသော လုပ်ဆောင်ချက်များ မဖော်ပြနိုင်ခဲ့ပေ။ ဓမ္မစေတီမင်း တရားစီရင်ခန်း စာအုပ်ကို အားထုတ်ရေးသားဆဲ ဖြစ်ကြောင်း ချမ်းပြီးနိဂုံး အဆုံးတွင် မှာကြားထားသည်များကို ထောက်၍ ဓမ္မစေတီမင်း၏ ထင်ရှားသည့် မော်ကွန်းဝင် ကောင်းသော လုပ်ဆောင်ချက်များကို ရေးသား ဖော်ပြရန် ဆရာကြီး ဆန္ဒရှိကြောင်း သိရှိရပါသည်။

## ဆရာကြီး သခင်ကိုယ်တော်မှိုင်း

လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် စာပေဖခင်ကြီး ဖြစ်သော ဆရာကြီး သခင် ကိုယ်တော်မှိုင်းမှာ အောက်ချင်းတွင်းခရိုင် ဘုတလင်မြို့အနီး မောင်းထောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရွာ ဇာတိ ဖြစ်သော အဖ ဦးစံထွန်း၊ အမိ ဒေါ်အုန်းတို့မှ သက္ကရာဇ် ၁၂၃၇ ခု တပေါင်းလပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့တွင် ရွှေတောင်မြို့နယ် ဝါးလယ်ရွာ၌ မီးရှူးသန့်စင် ဖွားမြင်လေသည်။ သီပေါမင်း ပါတော်မမူမီ ၃ နှစ်ခန့်တွင် ၁၀ နှစ်သားအရွယ် မန္တလေးသို့ ရောက်လာကာ ကျီးသဲလေးထပ် ပထမ ဆရာတော်ကြီးထံ၌ ပညာသင်ယူပြီး သီပေါမင်း ပါတော်မူပြီး နောက်ပိုင်းတွင် သက်န်းဝတ်ဖြင့် စစ်ကိုင်း၊ မုံရွာ၊ အလုံ၊ ကြေးမုံ၊ ချောင်းဦးတစ်ဝိုက် လှည့်လည်၍ ပညာသင်ယူ ဆည်းပူးပြန်သည်။

အသက် ၁၉ နှစ် အရွယ်တွင် သင်္ကန်းဝတ်မှ လူဝတ်လဲ၍ ရန်ကုန်သို့ ရောက်လာပြီး စာပြင်ဆရာ၊ သတင်းစာ အယ်ဒီတာ စသည်ဖြင့် အဆင့်ဆင့် တာဝန်ယူ၍ လုပ်ကိုင်ရင်း ဆောင်းပါးများကိုလည်း စတင် ရေးသားလေသည်။ ၁၂၆၇ ခုနှစ်တွင်မှ **မော်လမြိုင် ရာဇဝင်ဝတ္ထု**ကို "ရွှေတောင် မောင်လွမ်း" အမည်ဖြင့် ရေးသား၏။ ထိုခေတ်၊ ထိုအခါက မြန်မာ့အထက်တန်းလွှာ အခေါ်ခံ ဖောက်ပြန်ရေးသမား နယ်ချဲ့အလိုတော်ရိများသည် အင်္ဂလိပ်ကို အထင်ကြီးနေကြသဖြင့် မိမိတို့၏ အမည်ရှေ့တွင် "မစ္စတာ" အသုံးအနှုန်းထည့်ကာ ခေါ်ဝေါ် ပြောဆိုလေ့ ရှိကြသည်။ အမျိုးသားစိတ်ဓာတ်၊ နယ်ချဲ့မုန်းတီးရေးစိတ်ဓာတ် ပြင်းပြလျက်ရှိသော ဆရာကြီးအဖို့ မစ္စတာတပ်၍ ခေါ်ဝေါ်နေသည်များကို အလွန် ကြားပြင်းကတ်လှသဖြင့် မစ္စတာတပ် ခေါ်ဝေါ်ခြင်းကို ချိုးနှိမ်လိုသောကြောင့် မစ္စတာကို သိက္ခာချသော အနေဖြင့် ထိုအချိန် ထိုအခါက **ဗျဉ်ပေါင်ရွက်**သည် **မောင်မှိုင်း** ဝတ္ထုတွင် လူရှုပ်လူပွေ ကြာသမားတစ်ယောက် လူအများ အော့ကြောလန် ဖြစ်နေသော မောင်မှိုင်း အမည်ကို မစ္စတာ တပ်လျက် မိမိ ကလောင်အမည်ကို "မစ္စတာမောင်မှိုင်း" ဟု စတင် သုံးစွဲလိုက်ရာ၊ မစ္စတာ ခံတွင်းတွေ့နေသူတို့မှာ တန့်ရပ်သွားပြီး တစ်စတစ်စနှင့် မစ္စတာ အခေါ် ရပ်သွား ရလေသည်။

၁၂၈၀ ခုနှစ်တွင် အမျိုးသား ကောလိပ်ကျောင်းကြီး ပေါ်ပေါက်လာသောအခါ သပိတ်မှောက် ကျောင်းသူ ကျောင်းသားများအား ပြသရန်အတွက် မြန်မာစာနှင့် ရာဇဝင် ပါမောက္ခအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့၏။ ထို့နောက် ဒဂုန် မဂ္ဂဇင်းကြီးတွင် အယ်ဒီတာအဖြစ် လုပ်ကိုင် ဆောင်ရွက်လေသည်။ ၁၂၉၆ ခုနှစ်တွင် တို့ဗမာ အစည်းအရုံးကြီးသို့ ဝင်၍ နာယက ဖြစ်လာ၏။ ထိုအခါမှ စ၍ မစ္စတာမောင်မှိုင်း အမည်မှ "သခင်ကိုယ်တော်မှိုင်း" အမည်ကို ပြောင်းလွှဲ ခံယူလေတော့သည်။ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ဆောင်ရာတွင် ကျယ်ကျယ်





ပြန့်ပြန့် ဖြစ်လာသောအခါ ဗြိတိသျှ အစိုးရ၏ နံပါတ် ၁ ရန်သူတော်အဖြစ် ကြေညာခြင်း ခံရ၏။ ၁၃၀၃–၁၃၀၄ ခုနှစ်များတွင် ဗြိတိသျှ အစိုးရကို တော်လှန်သည့် မြေအောက်တော်လှန်ရေးကို လုပ်ကိုင်ဆောင်ရွက်သည်။ ၁၃၀၆–၁၃၀၇ ခုနှစ်များတွင် ဂျပန်ဆန့်ကျင်ရေးသမား အဖြစ်နှင့် ဂျပန်များက လိုက်ဖမ်း၍ တိမ်းရှောင်နေရသည်။ ၁၃၀၇ ခုနှစ်တွင် တို့ဗမာ အစည်းအရုံး၏ ဥက္ကဋ္ဌကြီး ဖြစ်လာ၏။

၁၃၁၀ ခုနှစ်တွင် အမျိုးသား စည်းလုံးညီညွတ်ရေးကြီး ပြိုကွဲ ယိုင်လဲ လုမတတ် ဖြစ်ခဲ့ရာ ဆရာကြီးသည် အတတ်နိုင်ဆုံး ခိုင်မြဲတည်တံ့ရေးအတွက် ပဋိပက္ခ အထွေထွေကို အမျိုးမျိုး အဖုံဖုံ ဖြေရှင်းခဲ့သော်လည်း မရသည့် အဆုံးတွင် ပြည်တွင်းငြိမ်းချမ်းရေးလမ်းစဉ် ချမှတ်ကာ ဆောင်ရွက်ခဲ့လေသည်။ ၁၃၁၄ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) ၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရပြန်သည်။ ယင်းအချိန်မှ စ၍ ကမ္ဘာ့ ဆိုရှယ်လစ်နိုင်ငံပေါင်း များစွာသို့ သွား၍ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေစဉ် ၁၃၁၆ ခုနှစ်တွင် စတာလင်ဆုကြီးကို ရရှိခဲ့လေသည်။ ၁၃၂၂ ခုနှစ်တွင် အရှေ့ဂျာမနီ ဟမ်းဘတ်တက္ကသိုလ်က ဒေါက်တာဘွဲ့ ပေးအပ်၍ ဂုဏ်ပြုခဲ့သည်။ ၁၃၂၄ ခုနှစ်မှ စ၍ မြန်မာနိုင်ငံ စာရေးဆရာ သမဂ္ဂနှင့် အဖွဲ့အစည်း အရပ်ရပ်တို့၏ နာယကကြီးအဖြစ် အသီးသီး တင်မြှောက်ခြင်းကို ခံရလေသည်။ ဆရာကြီးသည် ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ရင်းပင် ၁၃၂၈ ခု ဝါဆိုလပြည့်နေ့တွင် ကွယ်လွန်သွားလေသည်။

## ပုံနှိပ်ခြင်း

ဤမမွေစေတီဝတ္ထု စာအုပ်ကို မြန်မာအဆွေ ကုမ္ပဏီမှ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ နောက် ရွှေပြည်စိုး ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်သည် ယခုအခါ ဆိုင်တိုင်းတွင် ဝယ်မရ ဖြစ်နေသောကြောင့် စာအုပ်လိုလားသူတို့က ဒေါ်သာဝတီအား ရိုက်နှိပ်ရန် တိုက်တွန်းကြရုံသာမက ဦးယော (ဆရာဇေယျ) ကလည်း ရိုက်နှိပ်ရန် ခွင့်ပေးပြန်သောကြောင့် စာအုပ်လိုလားသူတို့ ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် ရိုက်နှိပ်ရန် တာဝန်ယူပြီးလျှင် ဆရာကြီးဦးယော ပေးပို့သော စာမူကို လက်ခံယူပြီးနောက် ပေးအပ်သော စာမူအတိုင်း ပြီးစလွယ် မရိုက်နှိပ်မူ၍ ခေတ်နှင့်လည်း ညီအောင်၊ စာအုပ်ထုတ်ဝေမှု အင်္ဂါနှင့်လည်း ပြည့်စုံအောင် အခန်းမရှိသည်ကို အခန်းဖွဲ့ခြင်း၊ ခေါင်းစီးစာတမ်းငယ်လေးများ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးခြင်း၊ စာအနေအထား ရှင်းလင်းသွားအောင် အဖြတ်အတောက် အထား အသို သေသေသပ်သပ် ရှိစေခြင်း၊ စာပေ၏ အရသာကို ပေါ်လွင်စေရန် စီစဉ်ပေးခြင်း စသော ပုံနှိပ်တိုက်၏ တာဝန်အရပ်ရပ်ကို မလစ်လပ်စေမူ၍ ဆရာဦးခင်စိုးနှင့် ဆရာဦးသိန်းဟန်တို့က ကောင်းစွာ တည်းဖြတ် ကြပ်မတ်သုတ်သင် ပြင်ဆင်ပုံနှိပ်အပ်ပါသည်။ စာမူပေးအပ်၍ ရိုက်နှိပ်ရန် ခွင့်ပြုသော သီရိပျံချီ ဦးယော (ဆရာဇေယျ) အား ဟံသာဝတီက ကျေးဇူးဥပကာရ အထူး တင်ရှိပါကြောင်း။

**ဟံသာဝတီ**

## နိဒါန်း

အောက်ပြည် ရန်ကုန်၊ သထုံ၊ ဇင်းကျိုက်တောင်တန်း၌ ကမ္မဋ္ဌာန်းထိုင်ခြင်း အလုပ်ဖြင့် အားထုတ် နေထိုင်ကြသူ မယ်စန္ဒာ၊ မယ်ဥမ္မာ၊ ကေသာဝတီ စသော အလီလီ အလာလာ များစွာသော တပည့်မအပေါင်း သူတော်ကောင်းတို့က တောင်းပန် လျှောက်ထားလိုက်ကြသည်နှင့်အညီ ဟံသာဝတီ မည်သော ပဲခူးပြည်ကြီး၌ ဘုန်းမီးနေလ အစိုးရတော်မူကြသည့် ရာမညတိုင်း မွန်တို့ဂိုဏ်းမှ မွန်ဘုရင်မင်းမြတ်တို့၏ အစုအစဉ် ရာဇဝင် အခြေသဘောနှင့်တကွ ရွှေမော်ဓော ဘုရားကြီး၏ အကြောင်းအရာတော်များကို နောက်သား နောင်လာတို့ အကျိုးငှာ မြန်မာရာဇဝင်၊ မွန်ရာဇဝင်၊ ရာဇာဓိရာဇ် အရေးတော်ပုံ၏ ဓမ္မစေတီမင်း အတ္ထုပ္ပတ္တိ ကလျာဏီကျောက်စာ၊ ရွှေမော်ဓော သမိုင်းဟောင်း သမိုင်းသစ်၊ ခေတ်ကာလ အလျောက် အမောက်အမော် အကြော်အကြွ ကဗျာတွင် အညွန့်ဆုံး အကွန့်ဆုံးဟု တစ်ဝန်းလုံး ချီးမွမ်းအံ့သြကြရသော နဝဒေးကြီး၊ ပဲခူးမိဖုရား၊ သန်လျင်ရောက် မင်းတရားတို့ ရေးသားစီကုံးခဲ့ကြသော ရွှေမော်ဓောဘုရားတိုင် ရတုကဗျာ ထံတျာအရပ်ရပ်တို့နှင့် အထပ်ထပ် ညှိနှိုင်း၍ ကြည့်တိုင်း ကြည့်တိုင်း အပျင်းပြေသည့်ပြင် တနင်္ဂနွေနေ့များမှာတောင် ပဲခူး သွားချင်အောင် အကိုး အကား ထွေထွေရာရာတို့ဖြင့် သေသေချာချာ ရေးသားစီရင်အပ်သော “မော်ဓော ရှင်ဘွဲ့ ကဗျာဋီကာ” ကျမ်းကြီး ပြီးစီးသည့်နောက် အောက်ဝါး မဝကြသော အညာက တပည့် ဒကာ၊ ဒကာမ အပေါင်းတို့က အလောင်းတော် ကဿပ ဘုရား၌ လောကမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း တရားကောင်း တရားမြတ်တို့ကို အပတ်တကုတ် ဟုတ်ဟုတ်ဟတ်ဟတ် ကျင့်ကြံ နေထိုင်ပါသော ဆရာမှိုင်းတည်းဟူသော ယောဂီ ရှင်ရသေ့အား ဝါခေါင်လပြည့်နေ့က တောင်းပန်ကြသည်မှာ အောက်ပါအတိုင်းပင် ဖြစ်သော ဟူ၏။

‘ဇင်းကျိုက်တောပျော်၊ သူတော် သီလရှင်တို့အား ဆရာမှိုင်း ပြန်ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော မော်ဓောရှင်ဘွဲ့တမ်းချင်း လေးချိုးကြီးတွင် "စေတီရင်ပြင်မှာ ပဝေသဏီ ယခင်က ဓမ္မစေတီသခင် ဖူးလိုသည်ပ" ဟု ပါရှိပါသည်။ ၎င်းဓမ္မစေတီရှင်ဘုရင် ဖူးသည်မှာ သူတကာတို့ ဖူးသည်နှင့် ခြားခြားထူးထူးပင် ဖြစ်ပါသလော၊ ထိုဓမ္မစေတီ ရှင်ဘုရင်၏ အရေးတော်ပုံကိုလည်း အကုန်အစင် သိချင်ကြပါသည်။ ခွန်းကြည်ဗျာဆင်၊ စာသဘင်ဖြင့်၊ ရာဇဝင်သံပိုင်းကို၊ မြန်တိုင်း၌သဘောကျလောက်အောင်၊ ဟောပြတော်မူပါ'

ဤအထက်ပါ အညာသူ အညာသား၊ ဥပါသကီ ဥပါသကာ အများတို့ ပန်ကြားချက်ကို အထက်ပဝေသဏီက ရှိပြီးဖြစ်သော ဓမ္မစေတီမင်း အရေးတော်ပုံအတိုင်း ဆရာမှိုင်း ဟောပြောလျှင် သဘောကျနိုင်မည် မဟုတ်။ အဘယ်ကြောင့် ပါနည်း ဟူမူ ရှေးလူတို့စကားကို နောက်သားတို့ အသိခက်သဖြင့် လေးနက်သော ဩဇာဂုဏ်၊ ရသာဂုဏ်တို့ကို အာရုံညက်သွား၊ မခံစားနိုင်က၊ အလကား မဖတ်ချင်ဘဲ၊ ဇာတ်သဘင်သည်တို့ ကပြကြသော ဓမ္မစေတီနှင့် ရှင်စောပု စခန်းသွားကိုသာ ကျမ်းစကား၊ ရာဇဝင်စကား အရိုးမှတ်လျက် ပကိုးဇာတ် အကွက်မလည်ဘဲ ပျက်ပြယ်ပြယ် ဖြစ်ကုန်မည့်အရေးကို တွေးတောဆင်ခြင်ပြီးလျှင် ယခင်က ရှိဟောင်းဖြစ်သော ဓမ္မစေတီ မင်းတရား၏ အကြောင်းတော် သနစ်ကို အသစ်တစ်မျိုးထွင်လျက် စီရင်ဟောပြောပေအံ့သတည်း။

ဤကား အချီးအကျူး ကနဦး နိဒါန်းပေတည်း။

**ဘုရားရှိခိုး ဆုတောင်း**

နိဒါန်း၏ အခြားမဲ့၌ အများသော ကျမ်းပြုဆရာတို့၏ ထုံးစံအတိုင်း ဆရာမှိုင်းတည်း ဟူသော ယောဂီကဝိသည် လောကီတပည့်တို့ ဖတ်ကြစေရန် စီမံရေးသားအပ်သော "ဓမ္မစေတီ အတ္ထုပ္ပတ္တိ" စာအုပ်၏ ရှေးဦးရှေးဖျား၌ ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်းအမှုကို ပြုအံ့သောငှာ အလောင်းတော်ကဿပ သမိုင်းအလာ ဝန္ဒနာစကား ဘုရားရှိခိုးသော်ကား–

"ဩကာသ၊ ဩကာသ၊ အလောင်းတော်မြတ်လှ၊ ကဿပကား၊ ရှေးသောအခါ၊ ကျေးသူဝါဟု၊ သေရှာအကောင်၊ စိမ်းမြရောင်နှင့်၊ မောင်ရှင် သာဝက၊ မိတေယျကို၊ စိတ်ကသာကြည်၊ သဂြိုဟ်မည်ဟု၊ ကြံစည်ရကား၊ ပြာသာဒ်များနှင့်၊ လုပ်ငြားသည်တွင်၊ ဖိုခွင်အောက်ဖိ၊ ဝှက်မိသောအား၊ ခံငြား ဝိပါက်၊ စဉ်မပျက်သည်၊ ခုထက်တိုင်အောင်၊ ဝေဘာတောင်မှာ၊ လိုဏ်ချောင်ဥမင်၊ အထဲတွင်၌၊ မြတ်ရှင်ကဿပ၊ ရှိတို့ရ၏၊ တေဇထွန်းတောက်၊ တန်ခိုးပေါက်သည်၊ အနောက်မြောက်





ဟု၊ ဦးခေါင်းပြု၍၊ ဇမ္ဗူ့ရောင်ပြက်၊ ညာတော်လက်ကို၊ မပျက်ခေါင်းတော်၊ တင်ပြီးသော်မှ၊ ဘယ်တော်လက်ဝါး၊ မြတ်တင်ပါးကို၊ တင်ထားပြီးခါ၊ ဒကွိဏာနှင့်၊ မျက်နှာရှေးရှု၊ လျောင်းတော်မူ၍၊ မြင်သူဝမ်းနည်း၊ မျက်ရည်ရွဲနှင့်၊ ကြေကွဲကြရှာ၊ ရှစ်မျက်နှာက၊ ဖူးလာအများ၊ လှူကြငြားသည်၊ ကုက္ကားတံခွန်၊ ပန်းမန်သစ်သီး၊ ရွှေထီးပြောင်ပြောင်၊ အဆောင်ဆောင်နှင့်၊ တောတောင်မြိုင်ခြေ၊ ကိန်းဝပ်နေသည်၊ ရေလည်းဦးနိုက်၊ သုံးကြိမ်တိုက်၍၊ ခန်းထိုက်ဥမင်၊ ရေသွင်သွင်နှင့်၊ မြင်လျှင်မဆုံး၊ တောင်သုံးလုံးတို့၊ ညွှတ်ရုံးဖိခါ၊ ဝိပါက်ပါ၍၊ ခံရှာတို့ရ၊ မြင်သမျှသူ၊ စီးကျမျက်ရည်၊ ကြည်တွေစုံမက်၊ တသက်သက်နှင့်၊ တ လျက်ကြေကွဲ၊ ရှင်တော်ပွဲမှာ၊ တဲကည်ည်၊ တောဟောမန်၌၊ သံချိုသာညောင်း၊ ဆုပန်တောင်းသည်၊ လျှင်ကြောင်းပြည့်ပါစေသော၊ မြတ်ရှင်စော၊ ဩကာသ၊ ဩကာသ။

ဤကား ဘုရားရှိခိုး ဆုတောင်းပေတည်း။

ယင်းသို့လျှင် နိဒါန်းနှင့်တကွ ပဏာမ ဆုတောင်းတို့ကို စုပေါင်းဖော်ပြခဲ့ပြီးသည်မှတစ်ပါး ရေးသားအံ့ ဟူသော ပဋိညာဉ် ခံဝန်ချက်အတိုင်း မန္တလာ မောင်မှိုင်း တည်းဟူသော ယောဂီကဝိသည် တောဆိက တစ်လှည့်၊ လောကီတပည့်တို့ မသွေမဖည်မှတ်ရအောင်၊ ဓမ္မစေတီဇာတ် ရာဇဝင်ဖြင့် စာသဘင်ကျူးတော့ပေအံ့သတည်း။

မန္တလာ–မောင်မှိုင်း
ယောဂီ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မစေတီ ဝတ္ထု

## [ ၁ ] ရှင်ဓမ္မဓရ၊ ရှင်ဓမ္မဉာဏ စာသင်ခန်း

**ဓမ္မစေတီလောင်း မင်းထန် ဖွားမြင်ခြင်း**

ပဲခူး ဟံသာဝတီပြည်တွင် မထင်ရှားဖြစ်သော အကြင်လင်မယား နှစ်ယောက်တို့ ရှိကြလေရာ လင်ယောကျ်ား၏ အမည်မှာ ဇောမိဂမုန်း အမည်ရှိ၍၊ ဇနီးမိန်းမ အမည်မှာ မယ်ထပ် ဟူ၍ ပညတ်ခေါ်ဝေါ်ကြလေ၏။ ထိုဇနီးမောင်နှံ နှစ်ဦး တို့သည် ကြည်နူးလေးမြတ်စွာ ဘာသာတာဝ ပေါင်းသင်းနေထိုင်ကြရာ တစ်ည သ၌ မယ်ထပ်သည် တစ်ခုသော အိပ်မက်ကို မြင်မက်လေ၏။ အဘယ်ကဲ့သို့ မြင်မက်ပါသနည်း ဟူမူ "သူတော်သူမြတ် တစ်ယောက်သည် အရှေ့မျက်နှာ အရပ်မှ လာလျက် မုဒရက်သီး တစ်လုံးကို မယ်ထပ်၏ ခေါင်းပေါ်တွင် တင်ခဲ့ ပြီးသော် ကြာပွင့်သုံးပွင့်ကို ပေးအပ်သွားသည်" ဟု ထူးခြားသော အိပ်မက်ကို မြင်မက်သဖြင့် ရုတ်တရက် လန့်နိုးပြီးလျှင် မိမိ မြင်မက်သော အိပ်မက် အကြောင်း အရာများကို လင်ယောကျ်ား ဇောမိဂမုန်းအား ပြုံးရွှင်ကြည်မော ပြန်ပြောလို သဖြင့် –

မယ်ထပ်။ ။ ကိုဂမုန်းရေ၊ ထ ဦးလေ၊ အိပ်လှချည်လား။

ဇောမိဂမုန်း။ ။ ဘာတုံး မယ်ထပ်၊ ဘာပြုမဲ့ နိုးရပြန်သတုံး။

မယ်ထပ်။ ။ ဘာပြုပြု အခုထဦး၊ ဒါလောက်ပဲ အအိပ်စုံမက်ရသလား။ သည်မလေ ကိုဂမုန်းရဲ့၊ ကျွန်မ ထူးထူးဆန်းဆန်း အိပ်မက်တယ်။

ဇောမိဂမုန်း။ ။ ဘယ်လိုမက်သလဲ မိန်းမရဲ့၊ အိပ်မက်ကို အရေးလုပ်ပြီး ကျုပ်ကို နှိုးတာပေါ့လေ။ မိန်းမကဖြင့် ကြောက်ဖွယ့် မိန်းမပဲ၊ တကတဲ အိပ်ပျက် အောင်ဟာ။ ဘာတဲ့တုံး၊ ဘယ်လို မက်သတုံး။

မယ်ထပ်။ ။ ကိုယ်ပြောမှဖြင့် အညာသား လူပျိုလှည့်သလို ခနဲ့တဲ့တဲ့ ချည်းပဲ။ မက်တာက သည်လို မက်တယ် ကိုဂမုန်းရေ။ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးတစ်ယောက် လျှောက်လာပြီး ကျွန်မ ခေါင်းပေါ်မှာ မုဒရက်သီးကြီး





တစ်လုံးကို တင်သွားတယ်။ ပြီးတော့လည်း ကြာခေါင်းလောင်း တစ်ပွင့်၊ ကြာဖြူတစ်ပွင့်၊ ကြာနီတစ်ပွင့်၊ အဲသည် ကြာသုံးပွင့်ကိုလည်း ပေးသွားတယ်လို့ မက်တယ်။ အဲဒါ ဘယ်လိုဖြစ်ချင်တဲ့ တိတ်နိမိတ်လည်း ကိုဂမုန်းရဲ့၊ တိတ္ထုံများ ဖတ်စမ်းပါဦး။

ဇောမိဂမုန်း။ ။ မယ်ထပ် အိပ်မက်တာ မုဒရက်သီး ဆိုတာကတော့ ကောင်းပုံပေါ်ပါရဲ့၊ အဘိုးကြီး ကြာပေးသွားတယ် ဆိုတာကတော့ ကျုပ် မပြော တတ်ဘူး။ သို့သော် ဝေဿန္တရာဇာတ်မှာတော့ မဒ္ဒီမိဖုရားကြီး "ကြာ" ကို မက်ပြီး ဘာကြာသလဲ၊ ဇူဇကာ ဆိုတဲ့ ပုဏ္ဏား လာပြီး သားသမီးတွေကို အလှူ ခံလို့ ဒုက္ခရောက်တယ်။ အနို့သော် ကျုပ်တို့မှာတော့ သားသမီး မရှိလို့ ကိစ္စ ရှိနိုင်ပါဘူး။ အနို့ပြီး ဘိုးတော် သိဋ္ဌည်းမင်းကြီး မက်တဲ့ "ကြာ" ကတော့လည်း အကောင်းသားပဲ။ ပြောပဲ မပြောတတ်ပါဘူး။ အိပ်မက် ဆိုတာ မက်ချင်တာ မက်တာမျိုး ထင်ပါရဲ့ဟု ပြောလေ၏။

ထို့နောက် မိုးသောက်ထသောအခါ ဆရာပုဏ္ဏားတစ်ယောက် ကြွရောက် လာသဖြင့် အိပ်မက်ပုံ အခြင်းအရာများကို ပြန်ကြားပြောဆိုလျှင် ဆရာပုဏ္ဏား တို့ ထုံးစံအတိုင်း ဖေယျတု ဖေယျတုဟု အောင်ဆုသြဘာ မင်္ဂလာစကား ဖတ် ကြား ပြောဆိုသည်မှာ– 'ဒကာမ၏ ခေါင်းထက်၌ မုဒရက်သီးကို တင်လာသည့် အလိုကား ဒကာမ ဝမ်း၌ သားကောင်းရတနာ ပဋိသန္ဓေ စွဲကပ်လာပြီး ထို သားယောကျ်ားမှာ ရှေးဦးစွာ သာသနာတော်ထမ်း ရှင်ရဟန်း ပြုလတ်၍ ပိဋကတ်သုံးပုံကို အလုံးစုံ တတ်မြောက်လိမ့်မည်။ ကြာသုံးပွင့် ပေးခဲ့သည့် အနက် ကြာခေါင်းလောင်းရဲ့ အလိုမှာ "ကြာခေါင်းလောင်း" ကို မွန်တို့ဘာသာ "တဂေါ" ဟု ခေါ်ဆိုသဖြင့် ထို "တဂေါ" ဟူသည်မှာ တနင်္လာနံ ဖြစ်သော ကြောင့် "ပကိုး" မည်သော ဟံသာဝတီ ပြည်ကြီးကို ဘုန်းမီးနေလ အစိုးရလိမ့် မည်။ ကြာဖြူအလို မွန်တို့ဘာသာမှ "သွား" ဟူသည်ဖြစ်၍ "သွား" ဟူသည်ကို မြန်မာဘာသာဝယ် "အလွယ်" ဟု အဓိပ္ပာယ်ရှိ၍မို့ အလွယ်တကူနဲ့ပဲ မင်းဖြစ် လိမ့်မည်။ နို့ပြီးပြန်တော့ "ကြာနီ" ကို မွန်လို "ဥပိုး" ဟူ၍ ဖြစ်သည်။ "ဥပိုး" ကို မြန်မာလိုပြန်တော့ "လှိုင်ပျံ့" ဟူ၍ ဖြစ်သည်။ အပုံကြီး ကျော်စောလိမ့် မည်၊ ထိုကြာပန်းသုံးပွင့်၏ နိမိတ်မှာ ရှင်းမင်း၏ အနွယ်အဆက် မင်းသုံးဆက် ဖြစ်လတ္တံ့'ဟု ဖတ်ကြားပြောဆိုရာ ဇောမိဂမုန်းနှင့် မယ်ထပ်တို့သည် တတ် အားသမျှ ပူဇော်သက္ကာရ ပြုသည်ကို ဆရာပုဏ္ဏားသည် ပြန်ခါမှ ငါယူမည်ဟု ပြောဆို၍ လိုရာ အရပ်တစ်ပါးသို့ ထွက်သွားလေရာ ကာလ ကြာမြည်မြင့်စွာ ရောက်လာရကား အခြားသော ပုဏ္ဏားတို့အား ပေးလှူလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဇနီးမောင်နှံ နှစ်ယောက်တို့သည် နတ်ကောင်းနတ်မြတ်တို့ ဖတ်လာပေးသည့်တကားဟု စိတ်ထားကြည်မြ သီလသီတင်း ဆောက်တည်နေထိုင်ကြလေရာ သန္ဓေသုံးလ ရှိသောအခါ "ရဟန်းတော်တစ်ပါးသည် မယ်ထပ်၏လက်ကိုဆွဲပြီးလျှင် ရွှေမော်ဓောဘုရား ရင်ပြင်ပေါ်သို့ တင်ဆောင်သည်" ဟု အိပ်မက် မြင်မက်ပြန်သည့်ပြင်၊ ကိုယ်ဝန်ခြောက်လရှိလျှင် "ရွှေမော်ဓောဘုရား ခေါင်းလောင်းဘုံထက်သို့ တက်ရောက်နေထိုင်ရသည်" ဟု မြင်မက်ပြန်၍၊ ဆယ်လ စေ့သောအခါ ရတနာ သားကောင်းသားမြတ်ကို ဖွားမြင်လေရကား ထိုသတို့သားကို နှစ်ပါးသော မိဘတို့က "မင်းထန်" ဟူသော အမည်ကို မှည့်ဆိုခေါ်ဝေါ် ကြလေသတည်း။

## မင်းထန်မှ ရှင်ဓမ္မဓရ ဖြစ်လာခြင်း

ဖောမိဂမုန်းနှင့် မယ်ထပ်တို့မှာ ဆင်းရဲသားဘဝ တောလိုက် အံ့လိုက် လုပ်ကိုင်စားသောက်ကြရသူ ဖြစ်ရကား သားဖြစ်သူ မင်းထန် အတော်ကြီးပြင်း၍ နွားကျောင်း ခိုင်းစေသောအခါ အခြားနွားကျောင်းသားများနှင့် ကစားကြလေရာ၊ မင်းထန်မှာ လက္ခဏာ ကြန်အင်နှင့် စုံလင်လှပတင့်တယ်သည့် အလျောက် မင်းမြောက်ပြီးလျှင် ရှင်ဘုရင် ပြုလုပ်စေခြင်းအားဖြင့် ကစားခုန်စား ပျော်ပါးမြူးထူးကြလေရာ နွားချေးခြောက်တို့ကို ကောက်၍ ကျိုင်းပြု၍ ကာပြီးလျှင် လက်ထမ်းစင် ပြုလုပ်လျက် ထမ်း၊ ရွက်၊ ချီပိုးကြကုန်၏။ ထိုအခြင်းအရာတို့ကို တွေ့မြင်ရသူများက နွားချေးခြောက်ကိုပင် မင်းဖွယ်စိုးရ တကယ့်ကျိုင်း ထင်မှတ် ရကုန်၏။

ဤသို့သော အကြောင်းများကို ရွာသူကြီး ကြားလေလျှင် ဖောမိဂမုန်းနှင့် မယ်ထပ်တို့ကို ခေါ်ပြီးလျှင် 'နင်တို့သား မင်းထန်၏ အပြုအမူသည် ကြောက်ဖွယ် လန့်ဖွယ် ကြီးကျယ်လှချေသည် တကား။ မင်းစိုးရာဇာတို့ ကြားသော် သင့်တော်မည် မဟုတ်။ နင်တို့သားကို ရှင်သာမဏေ ပြုလုပ်၍ ကျောင်းကန်မှာ ထားရမည်' ဟု ဆိုလျှင် မိခင်၊ ဖခင်တို့လည်း မင်းစိုးရာဇာကို ကြောက်ရွံ့ကြရကား သားငယ် မင်းထန်ကို ကျောင်းကန်တွင် အပ်နှံပြီးလျှင် ရှင်သာမဏေ ပြုလုပ်ထားရလေ၏။ ထိုရှင်သာမဏေ မင်းထန်၏ဆရာ ဘုန်းတော်ကြီးလည်း မောင်ရှင်သာမဏေအား စာပေသင်ကြားစေမည်ဟု ထုံးစံအတိုင်း ရှေးဦးစွာ "နမောဗုဒ္ဓါယ သိဒ္ဓံ" ဟု သင်ပုန်း၌ ရေးပြလျှင် ကိုရင်မင်းထန်လည်း 'နမောဗုဒ္ဓါယ၏ အဓိပ္ပာယ် ဘယ်လိုပါနည်း' ဟု ပြန်မေးမြန်းရာ ဆရာတော်ဘုန်းကြီးက မပြောနိုင်သဖြင့် ကိုရင်မင်းထန်သည် မိဘတို့ထံသွား၍ 'ဒကာကြီး





ဒကာမကြီးတို့၊ ဘုန်းကြီးသည် "နမော ဗုဒ္ဓါယ" ၏ အဓိပ္ပာယ် သဘောကိုမျှ မပြော မဖြေနိုင် ရှိသည်။ ဤဘုန်းကြီးကျောင်းမှာ ငါနေ၍ စာပေတတ်နိုင်မည် မဟုတ်ချေ။ စာပေတတ်သော ဘုန်းကြီးကျောင်းမှာသာ ငါ့ကို ထားပါ' ဟု ဆိုလျှင် မိခင် ဖခင်တို့သည် ထိုကျောင်းမှနုတ်၍ ဟံသာဝတီမြို့တွင်းက "စနကလ" မည်သော ကျောင်းသို့ ရွှေ့ပြောင်းအပ်နှံရလေ၏။

မောင်ရှင် မင်းထန်သည် စနကလ ကျောင်းသို့ ရောက်သောအခါ ဆရာဘုန်းတော်ကြီးက ရှေးနည်းအတိုင်း "နမောဗုဒ္ဓါယ" ကို ရေးပြလျှင် ကိုရင်မင်းထန်လည်း ယမန်ကကဲ့သို့ပင် မေးမြန်းပြန်လေရာ ဆရာ ဘုန်းတော်ကြီးမှာ စာတတ်ပေတတ် ဖြစ်၍ 'အဟံ၊ ငါသည်။ ဗုဒ္ဓါယ၊ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ သိဒ္ဓံ၊ ပြီးစေသတည်း' ဟု ဖြေဆိုပြီးလျှင် သင်ပုန်းကြီးက စ၍ ဖတ်စာ၊ ဓာတ်၊ နိပါတ် ကျမ်းဂန် စာပေများနှင့် ဟူးရား၊ ဂဏန်း၊ ဗိန္ဒော၊ ဆေးကနိဒါန်း စသော ဆေးကျမ်းဝါးကျမ်းတို့နှင့်တကွ အဋ္ဌာရသ တစ်ဆယ့်ရှစ်ဝသော အတတ်တို့ကို (၁) အတတ်လည်းသင်၊ (၂) ပုံပြင်ဆုံးမ၊ (၃) သိပ္ပမချန်၊ (၄) ဘေးရန်ဆီးကာ၊ (၅) သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ ဟူသော သိင်္ဂါလောဝါဒသုတ်လာ ဆရာသမားတို့၏ ဝတ်ငါးပါးအတိုင်း သင်ကြား ပို့ချနေစဉ် ကိုရင်မင်းထန်သည် စန်ကနိုင် မည်သောဘုရား အနောက်ဘက်တွင် အယုသင် မည်သော ကျောင်းသို့ စာထုတ်သွား၍ အပြန်လမ်းခရီးတွင် သစ်ပင်ကြီး တစ်ပင်အောက်သို့ရောက်လျှင်၊ ထိုသစ်ပင်ထက်က သစ်သီးတစ်လုံးသည် ကိုရင်မင်းထန်၏ ထိပ်ပေါ်သို့ ကျလာသဖြင့် သစ်ပင်ပေါ်သို့ မော်ကြည့်လိုက်ရာ၊ သစ်ပင်စောင့် ရုက္ခစိုးသည် မိမိ ကိုယ်ကိုမူကား မပြမူ၍ 'ဟာ သာမဏေ၊ သာမဏေ မင်းဖြစ်လျှင် တရားဆယ်ပါးကို စောင့်စည်းပါ' ဟူ၍ ဆိုလေလျှင်၊ ကိုရင်မင်းထန်သည် လူသူတစ်ယောက်ကိုမျှ မမြင်သည်ဖြစ်၍ သစ်ပင်စောင့်နတ်သားသည် ငါ့အား ပြောဆိုယောင်တကားဟု စဉ်းစားဆင်ခြင်ပြီးသော် ကျောင်းသို့ ပြန်ခဲ့လေ၏။

ထိုစနကလကျောင်း ခင်ကြီးလည်း ကိုရင်မင်းထန်သည် ကျမ်းဂန်စာပေပိဋကတ်တို့ကို နှုတ်လွတ် အာဂုံဆောင်နိုင်သောကြောင့် "ဓမ္မဓရ" ဟူသော အမည်ကို မှည့်သည့်ပြင်၊ ရင်းကျောင်းတွင်ပင် ပကန်ဘောင်ရွာသား သာမဏေ တစ်ပါးသည်လည်း စာပေသင်ကြားရာ၌ ဉာဏ်ကောင်းလှသဖြင့် "ဓမ္မဉာဏ" ဟူသော အမည်ကို မှည့်၏။ ထိုသာမဏေ နှစ်ပါးတို့မှာ ဆရာတူ တပည့်အသင်ဖက် ဖြစ်ကြသည့် အားလျော်စွာ တစ်ပါးနှင့်တစ်ပါး ဆွေးမေတ္တာ ထွန်းစွာ ချစ်ခင် ကြည်ညိုကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ရှင်ဓမ္မဓရနှင့် ရှင်ဓမ္မဉာဏ တိုင်ပင်ကြခြင်း

အခါတစ်ပါးသောကာလ မောင်ရှင် ဓမ္မဓရသည် 'မြန်မာပြည်ဖြစ်သော အညာ ပုဂံ အင်းဝ နေပြည်တော်သည်ကား ဘုရားရှင် သာသနာ လွန်စွာ စည်ပင် သာယာလျက် စာပေတတ် များလှသည်ဟု ကြားရသည်။ ငါတို့နှစ်ပါး အညာ အင်းဝကိုတက်၍ စာပေသင်ကြားရသော် သင့်လျော်မည် မဟုတ်ပါလား' ဟု ကိုရင်ဓမ္မဉာဏအား ပြောကြားတိုင်ပင်ရာတွင် မောင်ရှင် ဓမ္မဉာဏက 'ငါ့ရှင် ဓမ္မဓရ၊ ငါတို့ကျေးဇူးရှင်ဆရာ စနုကလဘုန်းကြီး အမိန့်ရှိဖူးသည်မှာ အထက် မြန်မာပြည်ဆိုတဲ့ အညာဆီတစ်လျှောက်မှာ ငါတို့ အောက်နိုင်ငံပြည်မှာကဲ့သို့ ဆွမ်း ကွမ်း သပ္ပါယ မမျှတကြောင်း၊ ပြောင်းဆွမ်းထမင်းနှင့် ပဲဟင်းကိုသာ ပရာဘုတ်ရသဖြင့် ဒုက္ခကြီးကြောင်း၊ ၎င်းအောက်သား ရဟန်း သာမဏေများ သည် မြန်မာပြည် အထက်ကျလျှင် တစ်မနက်မျှ မပျော်နိုင်ကြောင်း၊ ၎င်း အထက်မြန်မာတစ်လွှားက အညာသား ရဟန်း သာမဏေတို့ အောက်ပြည် အောက်ရွာ ရောက်ခဲ့ပါလျှင် အညာကို သတိမရဘဲ ငါးပိကမှ အတို့အပင့်နှင့် တို့ဖြင့် ဆွမ်းမြိန်သည်ဟု ဓိပ္ပိနွေ လျှာဖြောင့်ဖြောင့်ဖြင့် ဒကာ တောင့်တောင့် နှင့် ကျောင်းလှလှတို့ ဖျောင်းဖျောင်းဖျဖျ နားနူးသည့် တရားထူး အကောင်း စုလောက်အောင် ကျောင်းလှပွဲ ခံတော်မူကြသည့်ကြောင်းရာကို ဆရာတော်ဘုရား မိန့်ကြားတော်မူဖူးသဖြင့် အထူးတလည် စာပေ အတတ်ပညာ ရှာမည်ဟု အညာဆီ တက်ရမှာ ကျုပ်ဖြင့် စိတ်ပျက်လှသည် ငါ့ရှင် သူငယ်ချင်း ဓမ္မဓရ' ဟု ကျကျနန ပြောဆိုလေ၏။

ထိုအခါ ကိုရင်ဓမ္မဓရက ထပ်မံ၍ တစ်ဖန် ပြောကြားတော်မူပြန်သည်မှာ 'ငါ့ရှင် ဓမ္မဉာဏ၊ ငါ့ရှင် ပြောကြားသည့်အတိုင်း ငါတို့နှစ်ပါး အညာအင်းဝကို သွားသော်လည်း ဆွမ်း ကွမ်း သပ္ပါယ မမျှတဖွယ်ရာအကြောင်း မရှိချေ။ အဘယ်ကြောင့်ပါနည်းဟူမူ ယခု အညာအင်းဝပြည်မှာ စိုးစံတော်မူလျက်ရှိသော မိုးညှင်းမင်းတရားကြီး၏ မိဖုရား ရှင်စောပု ဆိုသူကား အခြားမဟုတ်၊ ငါတို့ အောက်ပြည် ဟံသာဝတီ ဘုရင် ရာဇာဓိရာဇ်၏ သမီးတော်ပင်ဖြစ်၍ ငါတို့ မြန်မာပြည်သို့ ရောက်သွားလျှင် ရှင်မိဖုရားကြီးက ငါတို့အား ဆွမ်းဝတ် မချွတ် မလွဲ အမြဲ နိစ္စဘတ် လှူဒါန်းပါလိမ့်မည်။ ဆွမ်းကွမ်းအတွက် စိတ်လက်မပူ ပါနှင့်' ဟု ပြောရာတွင် ကိုရင် ဓမ္မဉာဏက 'ဩော် ... အင်းဝမှာ ငါတို့ ဟံသာ ဝတီ မိဖုရား ရှိသလား၊ ကျွန်ုပ်ကား မသိချေ။ အဆွေ ဓမ္မဓရ၊ ငါတို့ ဟံသာ ဝတီက မိဖုရား ရှင်စောပုဟာ အညာကို ဘာ့ကြောင့် ရောက်သွားသတုံး' ဟု မေးမြန်းလေ၏။





ကိုရင် ဓမ္မဓရက 'ငါ့ရှင် ဓမ္မဉာဏသည် မွန်ဖြစ်လျက် မွန်အဖြစ်အပျက် ရာဇဝင်ကိုမျှ မကျွမ်းကျင်ပါတကား' ဟု ပြစ်တင်စကား ပြောကြားပြီးလျှင် ရှင်စောပု အတ္တုပ္ပတ်ကို သရုပ်ဇာတ် အကွင်းသားမြင်အောင် အကျဉ်းအားဖြင့် ပြောဆိုသည်မှာ 'ငါ့ရှင် ဓမ္မဉာဏ၊ လွန်ခဲ့သော သက္ကရာဇ် ၇၄၅ ခုနှစ်လောက်က ငါတို့ ဟံသာဝတီမှာ ရာဇာဓိရာဇ်မင်းကြီး နန်းစံသတဲ့။ အဲဒီ ရာဇာဓိရာဇ် မင်းကြီးသည် သားတော်ကြီး ဗညားဓမ္မရာဇာကို ပုသိမ်မြို့၊ သားတော် ဗညား ရန်ခိုက်ကို ဒလမြို့၊ သားတော် ဗညားကျန်းကို မုတ္တမမြို့များကို ပေးတဲ့အပြင် သမီးတော် ရှင်စောပုမှာလည်း ကြင်ဘက်တော် သမိန်စည်သူ သေဆုံးလို့မို့ သမီးအကြီး နဲ့တကာထော်၊ သမီးအငယ် နဲ့တကာသင်၊ သားတော်လေး သမိန်ပရူ တို့နှင့် မုဆိုးမ ဖြစ်ရရှာပြီး ဒဂုံမြို့တွင် တစ်ပင်တိုင်နန်းနှင့် စံစားစေ သတဲ့။ အဲဒီ ရာဇာဓိရာဇ်မင်းကြီး နတ်ရွာစံလို့မို့ သားတော်ကြီး ဗညားဓမ္မရာဇာ လက်ထက်မှာ ညီတော် နှစ်ပါးကလည်း ပုန်ကန်၊ ပုဂံအင်းဝ ဘုရင် သီဟသူ ဆိုတာလည်း ဆင်းတိုက်နှင့် ပြည်အလုံး ဗရန်းဗရင်းဖြစ်ပြီး ချစ်လှစွာသော နှမတော် ရှင်စောပုကို မြန်မာဘုရင် သီဟသူကို ဆက်လိုက်ရသတဲ့။ မြန်မာ ရှင်ဘုရင်ကလည်း ရှင်စောပုကို အပုံကြီးပဲ ချစ်လို့မို့ မိဖုရားကြီး အဆောင် အယောင်ကို ပေးထားရာ အခါတစ်ပါးသောကာလ ဘုရင် မဟာသီဟသူရ နတ်ရွာလားလေသော် ရှင်စောပုမှာ သားတော် မင်းလှငယ်နှင့်တဲ့။ မင်းလှငယ် နတ်ရွာစံပြန်တော့ ကလေးကျေးတောင်ညီမြင်းနှင့်တဲ့။ အနို့ပြီး ပုခန်းတရဖျား နှင့်တဲ့။ ယခုတော့ဖြင့် မိုးညှင်းမင်းတရားနှင့်တဲ့' ဟု ပြောလျှင် ရှင်ဓမ္မဉာဏက 'ငါ့ရှင် ဓမ္မဓရ၊ အဝက မြန်မာ ရှင်ဘုရင်များဟာ တယ်လည်း ရက်စက်ကြပေ တကား၊ မင်းတစ်ပါး သေတောင်မှပဲ ကိုယ့်ပြည် ကိုယ်မပြန်ရဘဲ တစ်မင်းပြီး တစ်မင်း ဆက်ခါဆက်ခါနှင့် ရက်စက်ပါပေရဲ့' ဟု ပြောလေ၏။

ကိုရင် ဓမ္မဉာဏ၏ စကားကို ကိုရင်ဓမ္မဓရ ကြားရလျှင် 'ငါ့ရှင်၊ သူတို့ မြန်မာမင်း ရက်စက်တာ ဘာဟုတ်သေးသလဲ၊ ငါတို့ မွန်မင်း ရာဇာဓိရာဇ်နှင့် အင်းဝမင်းခေါင်တို့ တိုက်ကြခိုက်ကြတုန်းက ဒါထက်ပဲ ရက်စက်ကြသေးတယ်။ ဘယ်လိုများ ရက်စက်ပါသလဲ ဆိုတော့ ရာဇာဓိရာဇ် အင်းဝကို စစ်ချီတော့ အင်္ကျီတော် စောမရှက်နှင့် သမီးတော် တလမည်ကျော်ကို ပြည်မြို့အထက် ခေါင်းလောင်းကျမှာ ထားခဲ့ရာ၊ ပြည်က မြန်မာတပ်က ဝင်တိုက်လေတော့ အင်္ကျီတော် စောမရှက်လည်း လက်လွတ်ထွက်ပြေးရောတဲ့။ သမီးတော် တလ မည်ကျော်ကိုလည်း မြန်မာတပ်သားများက ဖမ်းလို့မို့ အင်းဝကို ပို့တော့ အင်းဝ ဘုရင် မင်းခေါင်က သားတော် သီဟသူနှင့် ထိမ်းမြားလက်ထပ်ပြီး ထားသတဲ့။

www.burmeseclassic.com



အဲသည်နောက် ရာဇာဓိရာဇ် အညာက ပြန်ခဲ့လို့ ဒလကျတော့ ငါ့သမီးကို ပြစ်ခဲ့ပြီး ပြေးခဲ့ရမလားလို့ အမျက်တော်ထွက်ပြီး သမက်တော် စောမရှက်ကို အသက်ဆုံး စီရင်တော်မူလိုက်သတဲ့။ အနို့ပြီး ဘုရင်မင်းခေါင်က သမက်တော် ကာမဏိနှင့် သမီးတော် စောပြည့်ချမ်းသာကို ရခိုင်ပြည်မှာ မြို့စားထားရာ ရာဇာဓိရာဇ် တပ်သားများ ရခိုင် သွားရောက်တိုက်ခိုက်လို့ နိုင်တော့ မင်းခေါင်ရဲ့ သမီးနှင့် သမက်ကိုလည်း သုံ့ပန်း ဖမ်းခဲ့ပြီး ဆက်လျှင် ဘုရင်မင်းခေါင်ရဲ့ သမက် ကာမဏိကို သတ်၍ သမီးတော် စောပြည့်ချမ်းသာကို မိဖုရားမြှောက် သတဲ့။ အဲဒါကြောင့် မြန်မာဘုရင် ရက်စက်တာထက် ငါတို့ မွန်ရှင်ဘုရင် ရက်စက်တာက သွက်သွက်ခါသွားတာပဲ' စသည်ဖြင့် ရာဇဝင်စကား ပြောကြား နေကြလေ၏။

ထိုသို့ မွန်မြန်မာ ရာဇဝင် အရေးတော်ပုံ စကားနှင့် ရှင်စောပု အင်းဝသို့ ရောက်ပုံများကို ပြောကြားကြပြီးလျှင်၊ ယခု တိုင်ပင်ကြရင်းအတိုင်း မိမိတို့ ဆရာ ဘုန်းတော်ကြီးတွင် ခွင့်ပန် လျှောက်ထား၍ မောင်ရင်နှစ်ပါးတို့သည် အင်းဝ ဆန်တက်ကြလေရာ ရက်ပေါင်း ၂၅ ရက်မျှနှင့်ပင်လျှင် အင်းဝသို့ ဆိုက်ရောက်ကြလေ၏။

## ရှင်စောပုနှင့် မွန်ရှင်နှစ်ပါး တွေ့ဆုံခြင်း

အင်းဝသို့ ရောက်လျှင် စစ်ကိုင်းဘက်သို့ ကူး၍ ဘုန်းတော်ကြီး ဦးအရိယဓဇ၏ ကျောင်းတွင် စာပေကျမ်းဂန် သင်ကြား နေထိုင်လေရာ ကာလ အတန်ကြာလျှင် အင်းဝဘုရင်၏ မွန်မိဖုရား ရှင်စောပုသည် အောက်ပြည် အောက်ရွာက မွန် မောင်ရင်နှစ်ပါး ရောက်လာ၍ စစ်ကိုင်းဘက်တွင် အရှင်အရိယဓဇကျောင်း၌ ရှိကြောင်းကိုကြားလျှင် အပါးတော်မှ သင့်လျော်သော အပျိုတော်များကို အပင့် ခိုင်းလိုက်သဖြင့် မောင်ရင် နှစ်ပါးတို့ မိဖုရားထံမှောက် ကြွရောက်လာသော အခါ 'အောက်ပြည်အောက်ရွာမှာ သာသာယာယာ ရှိကြပါရဲ့လား၊ မိုးလေဝသ ကောင်းပါရဲ့လား၊ မဟာဆွေတော်မျိုးတော်တို့နှင့်မခြား တိုင်းသားပြည်သူ ရှင်လူ အများ ရဟန်းတို့ ချမ်းချမ်းသာသာ ကျန်းကျန်းမာမာ ရှိကြပါရဲ့လား၊ ယခု ဟံသာဝတီပြည်တွင် ဘယ်ဘုရင် အုပ်စိုးပါသတုံး' စသည်ဖြင့် မေးမြန်း စုံစမ်းလေ၏။

မိဖုရားကြီးက မေးမြန်းလျှောက်ထားသောအခါ သာမဏေ နှစ်ပါးတို့ သည် ဒကာတော်မကြီး၊ အောက်ပြည်အောက်ရွာမှာ သာယာကြောင်း၊ မိုးမခေါင် ရေမရှား စပါးဆန်ရေ ပေါများ၍ အစားအသောက် ချောင်ချိကြောင်း၊ မင်းဆွေ





မင်းမျိုးနှင့်တကွ တိုင်းမပြည်သူ ရှင်လူရဟန်းတို့မှာ ဒကာတော်မကြီး၏ မေတ္တာ တော်ကြောင့် ကျန်းမာပကတိ ချမ်းသာစွာ ရှိကြကြောင်း၊ ဒကာတော်မကြီး၏ သားတော် ဟံသာဝတီ ရှင်ဘုရင် ဗညားပရူ နတ်ရွာလားလို့ ဒကာတော်မကြီး၏ မောင်တော် ဗညားကျန်း ထီးနန်းစိုးစံလျက် ရှိကြောင်း၊ ဒကာတော်မကြီးကို လည်း တိုင်းသူပြည်သားတို့က များစွာပဲ တ သ အောက်မေ့လျက် ရှိကြောင်း များနှင့် ပြန်ကြားပြောဆိုသောအခါ မိဖုရား ရှင်စောပုသည် သာမဏေနှစ်ပါး တို့အား အလွန်တရာ ကြည်ညိုသည်ဖြစ်၍ 'ယနေ့မှစ၍ တပည့်တော်မအား အရှင်သည်းလေးပါး ဒါယိကာမကြီး ဟူ၍လည်းကောင်း၊ မယ်တော်အရင်း ဟူ၍ လည်းကောင်း မှတ်တော်မူကြပါ။ ဒကာတော်မကလည်း မောင်ရင်နှစ်ပါးကို သားအရင်းပင် မှတ်ပါမည်' ဟု လျှောက်ထားပြီးလျှင် မောင်ရင်နှစ်ပါးကို သား ပြု၍ မွေးစားလေ၏။ ဤအခါမှစ၍ သာမဏေ နှစ်ပါးတို့သည် မိဖုရား အိမ် တော်သို့ မကြာမကြာ သွားလာတက်သက် ဝင်ထွက်နေကြလေ၏။

တစ်နေ့သ၌ စစ်ကိုင်းသူများသည် သင်္ကြန်အခါ အတာသြောင်ရေ သွန်းကြလေရာ သာမဏေနှစ်ပါးတို့နေသော ကျောင်းနားသို့ရောက်လျှင် မိန်းမ များတို့သည် လက်ခုပ်လက်ဝါး တီးကြကုန်လျက် 'ဓမ္မဓရ အောက်ပြည်သား မင်းတရားဟုတ်တည်း' ဟု တဘောင်သီချင်း ကျူးရင့်သီဆိုကြကုန်၏။ ထို တဘောင် သီချင်းစကားကို တစ်ယောက်စကား တစ်ယောက်နား ဟူဘိသကဲ့သို့ တိုင်းနေပြည်သူ ရှင်လူအများတို့ ကြားသိကြရာ လွန်စွာ အံ့သြပြောပ ချီးမွမ်း ကြလေသတည်း။

## ဓမ္မဓရ၏ သင်္ကန်း နန်းပြာသာဒ်ဖျား ရောက်ခြင်း

တစ်ရံရောအခါ ထိုသာမဏေနှစ်ပါးတို့သည် မိဖုရား ရှင်စောပု အိမ်တော်မှ ပြန်လာကြလေရာ စစ်ကိုင်းသို့ရောက်လျှင် ခရီးပန်းသဖြင့် မြစ်ဆိပ်ကမ်းနားတွင် သင်္ကန်းများကို ချွတ်ပုံ၍ထားပြီးသော် မြစ်သို့ဆင်း၍ ရေမိုးချိုးနေကြတုန်းတွင် ရုတ်တရက် လေမုန်တိုင်းကျ၍ ဓမ္မဓရ၏သင်္ကန်း ကိုယ်ရုံ၊ သင်းပိုင်တို့သည် လေ အဟုန်သို့ ပါသွားပြီးလျှင် ဒုကုဋ်မှာ အင်းဝမင်း၏နန်းတော် စုလစ်ဒရင်၌ တင်လျက် ရှိသည့်ပြင် ကိုယ်ဝတ်သင်္ကန်းမှာ ဥကင်သတ်ခါးတွင် တင်လွှမ်း၍ သင်းပိုင်မှာ ယင်းဘော်ခါးတွင် တင်နေလေ၏။ ထိုသို့သော အကြောင်းများကို အင်းဝဘုရင် သိတော်မူ၍ ထိုသင်္ကန်းရှင်ကို မတွေ့တွေ့အောင် ရှာချေရမည်ဟု မင်းမှုထမ်း များကို ခိုင်းစေတော်မူလိုက်သဖြင့် မင်းမှုထမ်းတို့လည်း စစ်ကိုင်း၊ ပင်းယ၊ အင်းဝ အရပ်လျှောက်တို့၌ မွှေနှောက်ရှာကြလေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရင် ဓမ္မဓရလည်း မိမိသင်္ကန်း လေထဲသို့ ပါသွားသဖြင့် မောင်ရင်ဓမ္မဉာဏ၏ သင်္ကန်းကို တောင်းယူဝတ်ရုံပြီးသော် ကျောင်းသို့ ပြန်တော့မည်ရှိရာ သင်္ကန်းရှင်ကို ရှာရန်လာကြသော အမှုထမ်းတို့နှင့် ပက်ပင်းပါတွေ့သဖြင့် မွန်မောင်ရင် ဓမ္မဓရကို ထမ်းပြီးလျှင် နန်းတော်သို့ ခေါ်သွားကြလေ၏။ အင်းဝမင်းကလည်း မောင်ရင်ကို စစ်မေး၍ မောင်ရင်၏သင်္ကန်း အမှန်ဖြစ်ကြောင်းကို သိလျှင် 'မောင်ရင်သည် မည်သူ၏ သားနည်း' ဟု မေးလေသော် 'ငါကား ဟံသာဝတီက စာသင် တက်လာသည်' ဟု ပြောလျှင် အင်းဝဘုရင်က 'မောင်ရင်သည် မြန်မာလူမျိုး ဖြစ်ခဲ့သော် မောင်ရင့်ကို သတ်၍ပစ်၏။ မွန်မျိုး ဖြစ်၍သာ မောင်ရင့်ကို အပြစ်မပေး၊ အလေးမမူ နေရတော့သည်။ မောင်ရင်၏ နိမိတ်ကိုလည်း ငါ ဖတ်မည်၊ မောင်ရင် အရပ်နှင့်အမျှ ရွှေကိုပုံ၍ ငါ့အား ပူဇော်လော့' ဟု ဆိုလျှင် မောင်ရင် ဓမ္မဓရသည်လည်း မိမိခါး၌ပါရှိသော ရွှေသုံးကျပ်သားကို ထုတ်ပြီးလျှင်၊ အနားတွင်ရှိသည့် မိမိအရပ်နှင့်မျှသော သစ်ပင်တစ်ပင်ပေါ်သို့ တင်ထားပြီးလျှင် 'တကာတော်မင်းမြတ်၊ ဖတ်တော်မူလော့' ဟု ဆိုရာတွင် အင်းဝဘုရင်လည်း "ဤမောင်ရင်သည်ကား ဘုန်းတန်ခိုးသာ ရှိမည် မဟုတ်၊ ဖဝနပဋိဘာန် လျင်မြန်သော ဉာဏ်ပညာလည်း ရှိပေစွတကား" ဟု စဉ်းစားဆင်ခြင်ပြီးသော် 'မောင်ရင်၏ ဒုကုဋ်သည် နန်းတော်စုလစ်ဖျား၌ တင်ရှိသော နိမိတ်မှာ မောင်ရင်သည် ဟံသာဝတီပြည်မှာ မင်းတကာတို့ထက် ထင်ပေါ်ကျော်စောသောမင်း ဖြစ်လတ္တံ့။ မောင်ရင်၏ ကိုယ်ဝတ်သင်္ကန်းသည် စံနန်းတော်ဥကင်သတံခါးတွင် တင်လွှမ်းရှိနေသည့် အလိုကား မောင်ရင်၏သားလည်း မင်း ဖြစ်လိမ့်မည်။ မောင်ရင်၏ သင်းပိုင်သည် မင်းတော်တံခါးတွင် တင်လွှမ်းရှိလာသည့် အလိုသည်ကား မောင်ရင်၏မြေးလည်း မင်းဖြစ်လတ္တံ့။ သို့ရာတွင် မောင်ရင်၏ မြေးသည် နန်းထက်တွင် အသက်သေဆုံးရမည် မဟုတ်။ ကစားမြူးထူး အပျော်ကြူးသည် ဖြစ်ပေရာကား ရွာစွန်ရွာဖျား တောအုံကနားမှာသာ သေရလိမ့်မည်' မချွတ်မယွင်း တြင်းနိမိတ် ကောင်းဟိတ်စကား ဖတ်ကြားပြီးလျှင် မောင်ရင်၏ ဒုကုဋ်သင်္ကန်း သင်းပိုင်ကိုယူ၍ မောင်ရှင်အား ပေးပြီးနောက် 'မောင်ရင်၊ မောင်ရင် ပူဇော်သော ရွှေကို မျက်ပါးခတ်၍ ကြက်ယက်ဘုရားသို့ လှူမည်' ဟု ပြောဆိုပြီးသော် မောင်ရှင်ကိုလည်း ကျောင်းသို့ပြန်ရန်အရေး ခွင့်ပေးလေ၏။ မောင်ရင်လည်း မိမိသင်္ကန်းများကို ဝတ်ရုံပြီးလျှင် 'ဒကာတော်ဘုရင်မင်းမြတ် ဖတ်တော်မူသောအတိုင်း မြင့်မြတ်သောဘုရင် ဖြစ်လျက်၊ ရှင်ချမ်းမြတ်စွာ သာသနာ၌ ဒါယကာ ဖြစ်ရပါစေသတည်း' ဟု ဆုတောင်း ဆုယူကောင်းမွန်စွာပြောဆို၍ မိမိနေရင်းကျောင်းသို့ ပြန်ကြွတော်မူလေသတည်း။





**မောင်ရှင်နှစ်ပါးတို့ ပဥ္စင်းခံခြင်း**

ထိုမောင်ရင်နှစ်ပါးတို့သည် ဘုန်းတော်ကြီး ရှင်အရိယဝံသ၏ ကျောင်းတွင် စာပေသင်ကြား၍ သုံးနှစ်လောက် ရှိသောအခါ နဂို စာပေခံလည်း ရှိသောကြောင့် ပိဋကတ်သုံးပုံကို အလုံးစုံ ချောက်ချားနိုင်လျက် အသက်လည်း နှစ်ဆယ်ပြည့်ရကား မိဖုရား ရှင်စောပုကပင် ရှင်ရဟန်းအမခံ၍ ပဥ္စင်းတက်ကြလေ၏၊ ပဥ္စင်းဖြစ်ကြပြီးသည့်နောက်၌မူကား စာပေကျမ်းဂန်ကို သင်အံလေ့ကျင့်ခြင်း မပြုကြမူ၍ လောကီဝိဇ္ဇာအတတ်မျိုးဟု ဆိုအပ်သော အင်းအိုင်ခလဲ့ လက်ဖွဲ့ရှင့်တို့ကိုသာလျှင် လေ့လာကြလေရာ၊ ဆရာဘုန်းတော်ကြီးက ဟံသာဝတီအကြေအောက်သား မောင်ပဥ္စင်းနှစ်ပါးသည် ဘုရားမကြိုက်သည့် ဒုစရိုက်ဝသီအလေ့ရှိ အမှုကိုသာ ပြုလုပ်ရမည်လောဟု မြည်တွန်တောက်တီးတော်မူသဖြင့် နားပူသောကျောင်းမှာ ငါတို့ မနေလိုဟု ထိုစစ်ကိုင်းဘက် ခဝါဆိပ်အရပ်တွင် သက်ငယ်ကျောင်းကလေးတစ်ဆောင် ဆောက်လုပ် နေထိုင်ကြကုန်၏။ မိဖုရားရှင်စောပု၏ အိမ်တော်သို့လည်း ခဏခဏပင် ကြွရောက်တော်မူကြသောဟူ၏၊

အင်းဝဘုရင် မိုးညှင်းမင်းတရားတွင် ကြင်ရာတော် မြောက်သားမိဖုရားများတို့သည်ကား မြန်မာမိဖုရား ရှင်ဘို့မယ်၊ မိုးကောင်းရှမ်းမိဖုရားစိုးနှင်း၊ မွန်မိဖုရား ရှင်စောပု စသည်ဖြင့် မိဖုရား အတော်များများ ရှိကြသည့်အနက် ဘုရင်မင်းမြတ်သည်ကား မွန်မိဖုရား ရှင်စောပုကိုသာ လွန်စွာ ချစ်မြတ်နိုးတော်မူ၏။ ထိုအကြောင်းများကို မိုးကောင်းမိဖုရား သိလျှင် အကြင်မိန်းမအပေါင်းတို့၏ ထုံးစံအတိုင်း မွန်မကိုသာ ချစ်၍ ငါတို့ ရှမ်းမ၊ မြန်မာမများကို ဘဝရှင်မင်းတရားကြီး အချစ်တော်မဝင်ဘဲ ပြင်ပြင်စိမ်းကားတော့မည်တကားဟု စိတ်အားဝန်သို မနာလိုခြင်းဖြင့် အင်းဝမင်းသို့ကပ်၍ လျှောက်ထားသည်မှာ 'ဘုန်းတော်ကြီးသောသခင်၊ ကျွန်တော်မတို့၏ ထိပ်ခေါင်တင်ကို ယခင်အခါများကမူကား ကျွန်တော်မတို့ ရှမ်း–မြန်မာ မိဖုရားတို့သာလျှင် လုပ်ကျွေးသမှု ပြုရပါသည်။ ယခုမူကား မွန်မ၏ အပြုအစုကိုသာ ခံတော်မူသည်များမှာ လားလားမှ မသင့်လျော်ပါ။ "မွန်တို့ကောက် သံကောက်ကိုးစင်း၊ မြန်မာကောက် ပဲနောက်ကိုးတင်း" တဲ့ ရွှေနန်းရှင်ရဲ့၊ သခင်ကြီးရဲ့၊ ထိပ်ခေါင်တင်ကြီးရဲ့။ ရွှေနန်းရှင်ဘုရား မှားတော်မူမယ့်အရေးကို တွေးတွေးပြီး ပူတယ်ဘုရား၊ စိုးရိမ်တယ်ဘုရား၊ ကြောင့်လည်း ကြောင့်ကြတယ်ဘုရား။ မွန်မ လေးငါးခြောက်ခုလပ်ကို မြတ်မြတ်နိုးနိုး ကိုယ်တော် ယုံလို့မို့ ရွှေဘုံစံ အမှုများမှာများ စုဖုရား စိုးရိမ်လှချည်ရဲ့၊ ကိုယ်တော်သခင် မယုံ့ထိပ်တင်ဘုရား။ ပဲခူးသူမတဲ့နော်၊ ကြပ်ကြပ်သတိထား' ဟု သံတော်ဦး တင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ ခဏခဏ ကိုယ်တော်မြတ်ကို ဆွ ကြလေရကား ယေဘုယျအားဖြင့် ယောကျ်ားတကာတို့၏ ထုံးစံအရ "မ ဘက် လိုက်က မိုက်ဘက်ပါသည်" ဟူသကဲ့သို့ လည်းကောင်း၊ ပြောပါများ မယားစကား အောင် ဟူဘိသကဲ့သို့ လည်းကောင်း အင်းဝဘုရင်သည် ရှင်စောပု မိဖုရားကို ယုံမှားကြောင်ထင် မသက်သာသဖြင့် မကြင်နာ မချစ်ခင် မထိမဲ့မြင် ပြုထားလေ၏။ မိဖုရား ရှင်စောပုလည်း မိမိကို ရှေးကလို မချစ်ခင် မကြင်နာ ပြုလေရကား အခါတစ်ပါးသောကာလ ဦးပဉ္ဇင်း ရှင်ဓမ္မဓရကို အိမ်တော်သို့ ပင့်ပြီးသော် 'သားကြီး ဓမ္မဓရ၊ ယခု မယ်တော် ဒုက္ခမကြီးလည်း အိုမင်းမစွမ်း ရှိပြီ။ အင်းဝကလည်း မယ်တော်ကို ရှေးကကဲ့သို့ မလေးမြတ်၊ အမှတ်မဲ့ မထိမဲ့မြင် ပြုချေပြီ။ မယ်တော်ကို ဟံသာဝတီသို့ ရောက်အောင် ကြံဆောင်ပါ။ ဒဂုံဆံတော်ရှင်ဘုရားကိုလည်း ဖူးရအောင် ကြံပါ။ မယ်တော် ဟံသာဝတီ ပဲခူးပြည်သို့ရောက်၍ ရွှေမှော်သနင်း မင်းဖြစ်ပါမူကား အမေ့သားကြီးကို အိမ်ရှေ့အရာ အပ်နှင်းပြီး မင်းဖြစ်အောင် မယ်တော် ကြံစည်ပါမည်' ဟု လျှောက်ထားလျှင်၊ ရှင်ဓမ္မဓရက 'မယ်တော် ဒုက္ခမကြီး၊ ဦးပဉ္ဇင်း ကြံစည်မယ်။ မယ်တော် မကြောင့်ကြနှင့်။ အင်းဝမင်းကိုကား ဤသို့ လျှောက်ထားပါ။ မယ်တော်မှာ အမှောင့်ပယောဂများနှင့်တကွ ဝမ်းသွေးကျသော ရောဂါ ဝေဒနာ ရှိသည် ဖြစ်ပါ၍ ဂြိုဟ်စီးဒသာကြမ္မာမကောင်းတို့လည်း နှင်မောင်း ချွတ်လွှဲဖို့ရာ ယတြာပြုဖို့အရေးနှင့် ဆေးဝါး မှီဝဲလိုပါသဖြင့် မြို့ပြင်မှာ အိမ်တော်ဆောက်၍ နေပါရစေဟု လျှောက်ထားပါ။ အကယ်၍ မြို့ပြင်မှာ နေရပါမူကား မယ်တော်ကို ဟံသာဝတီသို့ ရောက်အောင် ဦးပဉ္ဇင်း ကြံဆောင်ထုတ်သွားမည်' ဟု ပြောကြားခဲ့ပြီးလျှင် ကျောင်းသို့ ပြန်လေ၏။

# [၂] ရှင်စောပု စုန်ပြေးခန်း

**ရှင်စောပု မာယာဆောင်ခြင်း**

ထိုနေ့ကစ၍ မိဖုရား ရှင်စောပုလည်း မမာမကျန်းယောင် ပြုလေ၏။ ရောဂါ ရွေ့ တရွေ့ရွေ့ တိုးသည် ဟူ၍လည်း အင်းဝမင်းအား လျှောက်ထားလျှင် အင်းဝမင်းလည်း မိဖုရားများ၏ စကားကို များများကြီး ယုံကြည်တော်မူလေ့ ရှိသည့်အတိုင်း သမားတော်၊ ပုဏ္ဏားတော်တို့ကိုခေါ်၍ ကြပ်မတ်ကြည့်ရှု ကုသစေ၏။ ရှင်စောပုလည်း ချိပ်ကိုထောင်း၍ အရည်ကျိုသောက်ပြီးသော် ဝမ်းကျဆေးကို စားလျှင် သွေးသွန်သကဲ့သို့ ကျလေ၏။ သမားတော်များလည်း အကယ်ပင် သွေးသွန်ရောဂါမှတ်၍ ဆေးဝါးတိုက်ကြပါသော်လည်း ရှင်စောပုသည် ချိပ်ရည်ကိုသာ သောက်သဖြင့် မပျောက်နိုင် ရှိလေသော် သမားတော်တို့သည်း မိဖုရား၏ ဝေဒနာတော် မညိုးဘဲ တိုးတိုးပြီးသာ လာကြောင်းများနှင့် မင်းအား လျှောက်ထားလျှင် ဘုရင်မင်းမြတ်သည်လည်း ပုဏ္ဏားတော်တို့ကို ခေါ်၍ ရှေ့တော်သို့ရောက်လျှင် ရှင်စောပု၏ ဇာတာကို ကြည့်ရှုစေ၏။ ပုဏ္ဏားတို့လည်း မိဖုရား ရှင်စောပု၏ တံစိုးလက်ဆောင်ကို အနင့်သား ရရှိကြပြီးဖြစ်၍ အရှင်မင်းကြီး၏ မိဖုရားတွင် ဇာတိဘားရှိသည်၊ တရိရောင်ရောင် နာလတ်သည်၊ ဘယီယတြာ အားကြီးသည်၊ ဂြိုဟ်စီးဂြိုဟ်နင်းမကောင်း၊ ပြောင်းရွှေ့ရမည်၊ ယောန်းသံဃာတို့ကိုလည်း ဆွမ်းလုပ်ကျွေးရမည်၊ ဘုရားကိုလည်း ကပ်ရမည်၊ ချွတ်ရလွှဲရမည်၊ ပုဏ္ဏားတို့ကိုလည်း ပူဇော်သက္ကာရပြုရမည်။ "အုန်းညိုခေမာ၊ သုတာဝေရီ၊ ရန်စီစီ" ဟု ဆိုသောကြောင့် ရှင်မိဖုရားမှာ ဗုဒ္ဓဟူးသမီး ဖြစ်သည့်အတိုင်း ဗုဒ္ဓဟူးသားများနှင့် အမျက်ရှိရတတ်သည်။ သို့သော်လည်း ပုဏ္ဏားတို့ကို ပူဇော်လျှင် လွတ်လိမ့် ကျွတ်လိမ့်မည်။ ထို့ပြင်လည်း "နောရေးဇက်အား၊ သုံးဒသ" ဟု ဆိုခြင်းကြောင့် နန်းတော်အနောက် ဖြစ်သော ရွှေမြို့တော်ပြင် ကျောင်းနားမှာ ယာယီအိမ်တော် ဆောက်လုပ်နေမှသာ ရောဂါစင်၍ အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ထိုကြောင့် မဟုတ်ပါလော၊ ကမ္ဘာဦး ဗေဒင်ကျမ်းကြီးတို့နှင့်အညီ ယောဂီဆရာကြီးတို့ ဗေဒင်လင်္ကာ ဒုံးချင်းကဗျာ စပ်ခဲ့သည်မှာ ....

**ဗေဒင်ဟောစာတမ်း ဒုံးချင်း**

ဗြဟ္မာ့မျိုးနွယ်၊ စင်ကြယ်လှသည့်၊ သုံးသွယ်ဓမ္မ ပြည့်စုံလင်။ စလွယ်ကြော့တဲ့ ငွေဖော့မြင်၊ ဝတ်ဖြူဆင်ယင် ငွေခရုနှင့်၊ အောင်သံဖေယတု ရေကြည်သွန်း၊ လွှန်းဘိသိက်တင်။ ။ မဟာသာလ ဇနက္က၊ ဇမ္ဗူနံ့မှူ တန်ခိုးထင်သည်၊ ဗာရဝိရှင်ထုံးနှင့် မလွဲ။ ဣတိဟာသ နှုတ်အာဂုံ၊ ဗေဒင်သုံးပုံ ဖွာစုံကြဲလို့၊ ဟောနဲပြောနဲ တိုင်း မသိ၊ ဣတ္ထိပုရိသလက္ခဏာ၊ ဝရပတ်စကြာ မွေ့ခါနှောက်လို့၊ ဒီသာပါမောက် အမည်တွင်သည်၊ ဗာဒီဗေဒင်ကျမ်းလှနက်နဲ့။ ။ ငါဆိုလျှင် စွဲနေကျ၊ လွဲနိုင်ဘု မှန်ပုံသေ။ မယ်မယုံ မေးပါလို့ ဟေးလုံမရေ။ ။

ကြိုးဖြူငွေ ရစ်ခွေဆိုင်း၊ ယင်းနဂိုရ်ပိုင်းပေမို့၊ ကသိုင်းနော်ဖိုသနော်မေ့၊ ဩော်-ဗြဟ္မာနွယ်တော်ရင်း။ ဖေယျာအောင်သံညှင်းတယ်၊ ညောင်ကြာပျော်ရွှေမင်းက၊ ဗွေပြတင်းသဠာမှာ၊ ကြင်နာတော်မူဘူးထင့်၊ ထူးထွေထွေဗျာပါပွေကဲ၊ လွမ်းလေစေ ညာနေမေနှင့် လွဲအောင်လ၊ သဲရွှေဘွင် ပြိုလုပေ့၊ ငိုမူမောင်ကြီးမှာ၊ ပူမီးလျှံ လောင်ကျွမ်းလို့၊ အိုလွမ်းရန်များ။ ။ ဩော်-ပွားပါဘိဗျာပါငယ်၊ မင်းဆရာကိုယ်ရေးနှင့်ညား။

ဇာတာပြတဲ့ အိုမခင်၊ စုတ်ဝင် လာဘ်ဝင် မေးမလို့လား။ ပြုံးစက်စက်နှင့် ရှက်လေဟန်၊ ငါရယ်ချင်ရန် ဟားဟား ဟားဟား။ ။ မစိမ်ရှိးနှင့် ထိုးလို့ကြဲ၊ ယနေ့ နက်ဖြန် ကားရားကားရား။ အိုဘယ့်ပုဏ္ဏား နှုတ်သိကြား။ ။ သည်သာမို့လား ငါ့ဉာဏ်စွမ်းမှာ၊ ဇက်ခွေးဂဏန်း အခြေထုတ်လို့၊ ဇာကုတ် ဗျည်းကုတ် နော နဝင်းနှင့်၊ ဖျားရေးနာရေး မကြွင်းကျန်၊ တသက်တန်အောင် ငါ ဆိုခဲ့မည်။ ။ အနာမဲ့လျှင် မာစစ်ရှိရဲ့၊ ရောဂါငြိလျှင် နာကိန်းထွက်ချည့်။ ။ အသက်မရှိ ဘိတ်မရှု၊ ဤလူသေပြီ ရဲရဲဟောတော့။ ။ မင်းသောစိုးသောတို့မထောက်ဘူး၊ ခရီးရောက်ကို မေးပြန်လျှင်၊ အိမ်သို့ဝင် ရောက်နေကျပဲ။ ။ ဥစ္စာခနေ ရှိ မရှိကို၊ နတ်မျက်စိလို ဆရာဟောမယ်၊ ရွှေငွေပေါလျှင် လူရည်တတ်ပဲ။ ။ ရိက္ခာပြတ်လို့ စင်အောင်မွဲလျှင်၊ သူဆင်းရဲတဲ့မလွဲပြီ၊ သူရဿတီ စောင့်တဲ့နှုတ်ဖျား။ ။

ဉာဏ်မာယာသွားငယ်နှင့် ရှားနိုင်မှု မောင်လိုလူ၊ ငွေစလွယ်ကုံးငယ်နှင့်၊ သုံးဆင့်ဝတ်ဖြူ၊ နန်းညာသူ ပြာဖြူထွား။ ပုဏ္ဏားတော်များငယ်နှင့် စုလျားသော် မှန်လနော်ကွဲ့၊ ဩော်-သီတာရေစင်လောင်းတယ်၊ သည်မယ် ကြင်နာကောင်း





တယ်၊ ကြင်မေတ္တာ သွေးစောင်းလို့၊ ရွှေသောင်းလုံး မှန်ကူငယ်၊ ကြုံယူတော်ဘယ်နဲ့နှင့် လွဲစေဖန်၊ ရွှေဉာဏ်ကျယ်ပေ့ဘုန်း၊ မြဲကေန် မောင်ကြုံပါရတုန်းကိုဘဲ၊ မှန်းနိုင်တော် မူလွှန်းတော့အား။ ။

ဗြို့ဟတ်ကျမ်းနှင့် တိုင်းတန်းထူ၊ ဂြိုဟ်နိမိတ်ယူ ဟောစို့တနဲ့။ မြင်လျှင်သိငဲ့ ရုပ်နိကာယ်၊ ဘယ်သူဘယ့်နွယ် ဟောတိုင်းမလွဲ။ ဝမ်းမယောင်ဘဲ ဖျဉ်းမစွဲ၊ သူ့လင်ရှိဆဲ ပိုက်ပူချေ၊ ပဋိသန္ဓေတည်ပြီ ဟောတော့။ နေ့လောညလော ဖွားမည်ရက်ကို၊ ဆရာတွက်ပ သူကမေးလျှင်၊ မွေးသနေ့ကို ဖွားမည်ဆို၊ မပိုမမို တိုတို ပြောမယ်။ မိန်းကလေးလော ယောကျာ်းလော၊ စုဒ်စောဒက တခန်းလာလျှင်၊ အင်္ဂဝိဇ္ဇာ ဂြိုဟ်နေထူကြည့်၊ ဖွားဦး ဖွားစ ကလေးငယ်ကို၊ ရှေ့နောက်ပတ်လည် ဘုန်အောင်ရှု၊ တစ်စုံတစ်ခု ကိုယ်မှာကပ်လို့၊ ခဲအိတ် သေနတ် ထိုးတံပါလျှင်း ယောကျာ်းဇာတာ တကယ်ဟုတ်စွ။ ခြောင့်ပန်းခလုတ် တပ်တာခင်းလို့၊ ခစ်တာလင်းနှင့် အလားတူ၊ မိန်းမဟူ၍ ကေန်မှတ်တော့။ သူရန္တဓာတ် နဝင်းဝုံ၊ တန်ခူးကုန်လျှင် ကဆုန်ဆန်းချည့်။ နာရီစက်ခန်းဗီဇနာ၊ နံနက်အခါ တိမ်းမလွှမ်းလျှင်၊ နေဝန်းပေါ်စ မှန်မယွင်းဘူး။ ကြယ်ရောင်လင်း၍ နေမင်းဝင်၊ ညဦးအချိန်ပင် ဟုတ်ကဲ့ မုချ။ ဆောင်းလေးလ ညကိုအေးလို့၊ နွေလေးလ နေ့ကိုပူး ငါလို ဘယ်လူ မှန်နိုင်ရိုးလား။ ပဲခိုးဆားခဲ ငန်စမြဲ၊ ခွေးတောက်မှတ်ခဲ့ ခါးလိမ့်မည်၊ သံပရာရည် အချဉ်ကြီးငဲ့။ ချင်းငရုတ်သီး စပ်ပူလောင်၊ ကမ္ဘာကုန်အောင် မှတ်လို့ထားစမ်း။ ငါ့ဗေဒင်ကျမ်း ငါ့ကိန်းသေ၊ မမှန်ပေလျှင် လျှာကိုလှီးတော့။ မင်းဆရာကြီး နေတဲ့ဆူ၊ ဤမြေဇမ္ဗူ နံ့မှုတင်းကျမ်း၊ အောင်ဘိသေ ဖြန်းပါလို့ ပန်းညိုလှဲ့ နေဇာနွယ်၊ ဆုလိုရာ ရွေးပါတော့ ပေးလိုက်ပါ့မယ်။ ယွန်းဘုံဖျားတာ ပုဏ္ဏားဖြူ၊ ဗြဟ္မာတစ်ဆူ မြတ်တဲ့အမျိုး။ မဟာဗြဟ္မာ့နွယ်စဉ်လာ၊ အမျိုးတကာ ဦးချ ရှိခိုး။

တန်ခိုးငယ်ကြွယ်၊ ဘုရားငယ်တစ်ဆူ ဆိုတော့၊ ယွန်းနဂိုရ် အောင်မြေ ပေါ်က၊ ပုဏ္ဏားတော်ကြီး။ ။ မီးနေသို့လျှံ၊ တက္ကသိုလ်ဆရာခံမို့၊ ဗေဒင်ဉာဏ် မြေအထုမှာ၊ သောင်းဇမ္ဗူ့ထီး။

ကြီးကျယ်လှဂုဏ်ရောင်၊ တောင်မေရုတန္တုန်း။ ။ အံ့ချီးမကုန်၊ ယွန်း ရွှေဘုံ သာရပ်က၊ ရန်တပ်ကို ပြိုအောင်နှိမ်ချည့်၊ ဝရဇိန်ဘုံတမျှ၊ ထွန်းဆ လက်ရုံး။

ဤကဲ့သို့သော စာတမ်းရှိသောကြောင့် ရှင်မိဖုရားကို မြန်မြန်အခန်းဆန် ယာယီပြောင်းရွှေ့မှ ကောင်းပါမည်။ အင်မတန်ပဲ ယာယီ အားကြီးနေပါသည် ဒကာတော် မင်းကြီး' ဟု ပြောဟောပြီးလျှင် ပုဏ္ဏားတော်များသည် ဆုတော်



www.burmeseclassic.com

www.burmeseclassic.com



လာဘ်တော်များကို ဆောင်ယူသယ်ပိုး၍ မိမိတို့နေအိမ် အသီးသီး ပြန်လည်ကြလေကုန်၏။

မိုးညှင်းမင်းတရားလည်း ပုဏ္ဏားတို့ ဟောပြောတိုင်း နန်းတော်အနောက်မြို့ပြင်ချောင်းနားတွင် ရှင်ရဲနောင် ဆိုသူ အမတ်တစ်ယောက်ကို ယာယီအိမ်တော် ဆောက်လုပ်စေ၍ မိဖုရားရှင်စောပုအား ဆရာသမား အလုပ်အကျွေးများနှင့်တကွ ပို့ထားလိုက်လေ၏။ မိဖုရား ရှင်စောပုလည်း မိမိ ကိုးကွယ်သော ဦးပဥ္ဇင်း ရှင်ဓမ္မဓရနှင့် ရှင်ဓမ္မဉာဏတို့ကို ပင့်ဖိတ်၍ ၇ ရက်ပတ်လုံး ပရိတ်တော် တရားတော်များကို ကြားနာပြီးသော် 'ကျွန်တော်မသည် ယာယီ ပြောင်းရွှေ့ရသဖြင့် အတော်အသင့် ကျန်းမာပါပြီ' ဟူ၍လည်း မင်းတရားကြီးအား လျှောက်ထားစေ၏။ မင်းတရားကြီးကလည်း 'ရှင်မိဖုရားကြီး ကိုယ်ကိုသာ ရှင်မိဖုရားကြီး မာချာအောင် လုပ်ပါ၊ ရှင်မိဖုရားကြီး ကျန်းမာလျှင် ဟံသာဝတီကို ပို့စေမည်၊ မစိုးရိမ်နှင့်' ဟု မှာထားပြီးလျှင် မိဖုရား အလိုရှိရာ သုံးစွဲဖို့ရာလည်း ကြေးပိဿာ တစ်ထောင်နှင့် ရွှေအကျပ် ငါးဆယ် ပေးသနားတော်မူလိုက်လေ၏။

**ရှင်ဓမ္မဓရ ဖြစ်ရပ် နိမိတ်ဖတ်ခြင်း**

တစ်နေ့သ၌ အင်းဝက ပုဏ္ဏားနှစ်ယောက်တို့သည် စစ်ကိုင်းဘက်သို့ ကူး၍ အလှူခံကြလေရာ မွန်ဦးပဥ္ဇင်းနှစ်ပါးတို့ သီတင်းသုံးသော ကျောင်းနားသို့ ရောက်လာကာ ပုဏ္ဏားတစ်ယောက်က 'ယနေ့ အလှူခံလာကြရာ ဘာတစ်ခုကိုမျှ မရချေ။ အောက်ပြည် အောက်ရွာက မွန်ဦးပဥ္ဇင်းများကို ဝင်ပြီး နပ်ရလျှင်ဖြင့် လာဘ်လာဘ ရလိမ့်မည်' ဟု ပုဏ္ဏားတစ်ယောက်က ပြောကာ၊ တစ်ယောက်သော ပုဏ္ဏားက 'ဘယ်လိုနပ်မတုံး အဆွေပုဏ္ဏား၊ လာဘ်ရှင်မှာဖြင့်ကျုပ်လည်း နပ်ချင်ပါ၏' ဟု ပြော၏။

ပထမ ပုဏ္ဏား။ ။ အဆွေပုဏ္ဏား၊ အဲဒီကျောင်းက အရှင်ဓမ္မဓရ ဆိုတဲ့ ဦးပဥ္ဇင်းရဲ့ အဝတ် သင်္ကန်းများဟာ တလောက လေတိုက်ပြီး ရှင်ဘုရင့်နန်းတော်ပေါ် ကျလို့မို့ မင်းလောင်းလိုလို ဘာလိုလို ကျော်စောနေတယ်။

ဒုတိယ ပုဏ္ဏား။ ။ အို ဟုတ်တယ်၊ အဲဒီ ဦးပဥ္ဇင်းကို တမြန်တနေ့ကပဲ မွန်မိဖုရား ရှင်စောပု အိမ်တော်နားမှာ ကျွန်ုပ် မြင်လိုက်သေးတယ်။ မိဖုရားက ကိုးကွယ်လေတော့ တယ်လည်း လာဘ်သပ္ပကာ ရှင်သတဲ့။ "မရ ဒသက ချိုင်" ဆိုတာလို ဘုန်းကြီးသော ဘာသော ချတာပ ဆရာပုဏ္ဏား၊ ရတာသာ လိုရင်းပါ။





ပထမ ပုဏ္ဏား။ ။ ချဆို သည်လိုချမယ်၊ ဘယ်လိုချမလဲ ဆိုတော့ ဘုန်းကြီးကလေးမှာ ရှေးကလည်း မင်းဖြစ်မယ့်နိမိတ် ပြဖူးတယ်။ အဲဒီနိမိတ်နဲ့ ဆင်တူရိုးမှား ကျုပ်က အိပ်မက်ပါတယ်လို့ ပြောမယ်။ ဆရာပုဏ္ဏားက ဘုန်းကြီးကလေး မကြိုက် ကြိုက်အောင် အလိုက်သင့် နိမိတ်ဖတ်။ ကိုင်း ကြာနေမယ်၊ လာ သွားကြစို့- ဆိုပြီး ကျောင်းပေါ်သို့ တက်ကြလေ၏။

ထိုသို့ ပုဏ္ဏားနှစ်ယောက်တို့ လိမ်လည် လှည့်ဖြားရန် တိုင်ပင်ကြသော စကားကို ကစားလျက်ရှိသော ကျောင်းသားကလေးတစ်ယောက်က ကြားလိုက်သော်လည်း ဆရာ ဦးပဥ္ဇင်းများကို မလျှောက်ထားမူ၍ ကစားမြဲတိုင်းသာ ကစားနေ၏။

ပုဏ္ဏားနှစ်ယောက်တို့လည်း ဦးဓမ္မဓရ၏ ရှေ့သို့ရောက်လျှင် "ဇေယျတု၊ [illegible]မင်္ဂလံ၊ အောင်စေသတည်း၊ အောင်စေသတည်း" ဟု ရွတ်လျက် လက်တွင် ပါလာသော ခရုသင်းကြီးကို ဝီခနဲ မှုတ်လိုက်ပြီးလျှင် ဘိသိက်သွန်းပါဘုရားဟု ဆို၍ မြက်နေစာပင်ကို ရှင်ဓမ္မဓရ လက်သို့ ကပ်ဆက်လိုက်လေ၏။ ရှင်ဓမ္မဓရလည်း 'မင်းဆရာ ပုဏ္ဏားတို့၊ ဘာများ အလိုရှိသတုံး' ဟု မေးမြန်းတော်မူ၏။

ပထမ ပုဏ္ဏား။ ။ တပည့်တော်တို့ တောင်းဖို့ ရမ်းဖို့ အလှူခံဖို့ လာတာ မဟုတ်ဘူး၊ သူတကာ ပုဏ္ဏားလို ညာဝါစားတဲ့ ပုဏ္ဏား မဟုတ်ဘူး။ တပည့်တော် ညက ဦးပဥ္ဇင်းကို အိပ်မက်တယ်။ ဦးပဥ္ဇင်းသည် ကျောင်းပေါ်က ဆင်းလာပြီး အင်းဝ ရွှေစည်းခုံဘုရား ထီးကြားမှာ အစွင့်သား ရပ်နေတယ်လို့ မြင်တယ်။ ကြည့်နေတုန်းမှာပဲ ဘုရားရင်ပြင်တော်မှာ ပဒုမ္မာကြာတွေ အပြည့်ပွင့်တယ်။ ကြာပွင့်ကြီးတွေကလည်း ကြီးပါဘိသနဲ့။ အနို့ပြီး ဦးပဥ္ဇင်း ကျောင်းကို ပြန်သွားတယ်။ ကျောင်းရောက်တော့ ကြောင်သားကို ချက်ပြီး ဘုဉ်းပေးတယ်လို့ မက်တယ်-ဟု လျှောက်ထားလျှင် ရှင်ဓမ္မဓရကလည်း အားရဝမ်းသာသော လက္ခဏာဖြင့် အတူပါလာသော ပုဏ္ဏားတစ်ယောက်ကို 'ဆရာကြီး၏ အိပ်မက်၏ အကျိုးအပြစ် မည်သို့နည်း' ဟု မေးလေ၏။

ဒုတိယ ပုဏ္ဏား။ ။ ပထမပုဏ္ဏား၏ လေရိပ်ကိုနင်းပြီးလျှင်- အရှင်ဘုရား ကောင်းကင်မှာ ပျံဝဲပြီး ထီးကြားထဲမှာ မြင်ရသည်မှာ မကြာမတင် အရှင်မင်းအစစ် ဖြစ်တော်မူအံ့သော နိမိတ် ဖြစ်ပါသည်။ ဘုရားရင်ပြင်တော်မှာ ကြာပေါက်သည့် အလိုမှာ လူတကာတို့ ကြာပဒုမ္မာကဲ့သို့ လက်အုပ်ချီမိုး ရှိခိုးအံ့သော နိမိတ် ဖြစ်ပါသည်။ ကြောင်သားကို ချက်ပြီးစားသည်ကို မြင်မက်သော အလိုကား က၊ ခ၊ ဂ၊ ဃ၊ င၊ တနင်္လာနံ့ ဖြစ်သည်။ "သောကြာ စနေ ြွား ဆောရီ" ဆိုသောကြောင့် တနင်္လာဂြိုဟ်သက်သည် ၁၅ နှစ် ဖြစ်သည်။ ကြောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်တို့ မွန်လို "ပကွဲ"၊ ၎င်းပကွဲကို ၂ ပြန်ပြန်လျှင် "ပဲခူး" ဆိုသည်။ သို့ဖြစ်ခြင်းကြောင့် ဦးပဥ္စင်းသည် ဟံသာဝတီ ပဲခူးပြည်ကြီးကို စည်ထီးနှင့်တကွ အစိုးရတော်မူသော သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်း ဖြစ်လတ္တံ့။ မင်းဖြစ်သောအခါ ဟောသည်က နိမိတ်ဖတ်တဲ့ ဆရာပုဏ္ဏားကို မေ့များ မမေ့ ပါနှင့်နော် ကိုယ်တော်–ဟု နိမိတ်ပြော၏။

ပုဏ္ဏား လျှောက်ချက်ကို ကြားလျှင် ရှင်ဓမ္မဓရလည်း လွန်စွာ အားရဝမ်းသာ ဖြစ်ပြီးလျှင် ဖျင်နှစ်အုပ် ပေးကမ်းလိုက်သဖြင့် ပုဏ္ဏားနှစ်ယောက်လည်း ကျောင်းပေါ်မှ ဆင်းသွားကြလေ၏။ ပုဏ္ဏားများ သွား၍ ကျောင်းဝင်းပြင်မှ ရောက်လျှင်ပင် ယခင်က ပုဏ္ဏားနှစ်ယောက် တိုင်ပင်သံများကို ကစားရာမှ ကြားလိုက်သော ကျောင်းသားသူငယ်သည် မိမိဆရာ ဦးပဥ္စင်း ဓမ္မဓရထံသို့ လာပြီးလျှင် မိမိ ကြားရသည့်အတိုင်း လာ၍ လျှောက်ထားရာ၊ ဆရာဦးပဥ္စင်းက ပုဏ္ဏားများကို အမြန် လိုက်ခေါ်ရမည်ဟု ခိုင်းစေသည့်အတိုင်း ကျောင်းသားသူငယ်လည်း သွား၍ ခေါ်လေ၏။ ပုဏ္ဏားလည်း ရိပ်မိသဖြင့် မလိုက်မပါ မလာရောက်ဝံ့ ဖြစ်နေ၏။ တစ်ဖန်ထပ်မံ၍ ခေါ်ချေဟု စေလိုက်သဖြင့် ပုဏ္ဏားတို့လည်း ကြောက်ကြောက်ရွံ့ရွံ့ မလိုက်ဝံ့ လိုက်ဝံ့နှင့် လိုက်လာကြလေ၏။ ပုဏ္ဏားနှစ်ယောက် ရောက်လာလျှင် ရှင်ဓမ္မဓရက 'အို ဒကာပုဏ္ဏားတို့၊ အိပ်မက်၏ အကြောင်းနှင့် စပ်လျဉ်း၍ ဦးပဥ္စင်း ပြောမည်။ တစ်ညမှာ ၄ ယံ ရှိ၏။

(၁) ပထမယံ၌ ကာမ မေထုန်ကို မှီဝဲ အားဆဲအံ့သော လုံ့လပယောဂကို အကြောင်းပြု၍ မက်တတ်သည်။

(၂) ဒုတိယယံ၌ အဝတ်အစား ကျွတ်လွတ်၍ နတ်တို့ရယ်မှု ကစားပြုလေသည်ကို မြင်မက်တတ်သည်။

(၃) တတိယယံ၌ အစာဓာတ်မိးမွေ၍ နေ့အခါက အကြံအစည် ရှိသမျှကို မြင်မက်တတ်သည်။ ဤအိပ်မက် သုံးမျိုးမှာ အကျိုးအပြစ် မရှိနိုင်ချေ။

(၄) စတုတ္ထယံ၌ မက်သော အိပ်မက်သာလျှင် အမှန် ဖြစ်သည်ဟု မှတ်ရမည်။

ယခု ပြောခဲ့သည့်အတိုင်း အိပ်မက်ကောင်းကိုပင် မက်စေခါမူ ပညာရှိသူခမိန်တို့ကိုသာလျှင် အိပ်မက်ကို ဖတ်စေရမည်။ ပညာမရှိ ကဝိမဟုတ်သော သူယုတ်မာကို ဖတ်စေလျှင် အကျိုးပင် ယုတ်စေတတ်သေးသည်။ ယခုမှာမူ ဆရာပုဏ္ဏားတို့အား နတ်သိကြားတို့ တိုက်တွန်း ဆော်ဖန်၍ ငါ့ထံသို့ လာရောက် လျှောက်ထားရသော တိတ်ကောင်း နိမိတ်ကောင်းပင် ဖြစ်တော့သည်။ ဆရာပုဏ္ဏားတို့သည် ငါ၏ ကောင်းညွှန့် ကောင်းတိတ်ကို နိမိတ်ဖတ်သဖြင့် လာဘ်





သင်္ဂကာ များစွာ ပူဇော်သင့်ပေ၏။ သို့ရာတွင် ငါတို့ အောက်ပြည် အောက်ရွာက ရောက်လာသော ညွှန့်သည် အာဂန္တုဖြစ်၍ ဤမျှလောက်သာ ပူဇော်နိုင်သည်' ဟု ပြောပြီးလျှင် ဖျင် ၄ အုပ် ထပ်မံ၍ ပေးပြန်၏။ ပုဏ္ဏားနှစ်ယောက်တို့လည်း ဝမ်းမြောက်ဝမ်းသာနှင့် ဖျင်အုပ်များကို ယူပြီးလျှင် အင်းဝဘက်သို့ ပြန်ကြလေ၏။

## ရှင်စောပု အောက်ပြည် စုန်ဆင်းခြင်း

ရှင်စောပုလည်း ယာယီအိမ်တော်၌ စံနေတော်မူ၍ လေးငါးရက်လောက်ကြာလျှင် ရှင်ဓမ္မဓရနှင့် ဓမ္မညာဏတို့ကိုပင့်၍ 'သားကြီးတို့ ပြောဆိုမှာသည့်အတိုင်း မယ်တော်၏အကြံ ဖြစ်မြောက်ပြီ။ မောင်တို့အရေးသာ လိုတော့သည်။ ဟံသာဝတီကို ရောက်အောင် ဘယ်လိုလုပ်ကြမတုံး' ဟု မေးသောကာလ ရှင်ဓမ္မဓရက 'မယ်တော်၊ ရုံကြီးတစ်ဆောင် ဆောက်ပါ။ ဆောက်ပြီးလျှင် ရုံကြီး၏ အလယ်တွင် ကန့်၍ ဆီးပြီးသော် အလုပ်အကျွေး မိန်းမများကို အတွင်းက ထားပါ၊ ယောက်ျားများကိုမူကား အပြင်က ထားပါ။ ထားပြီးလျှင် ထိုသူများကို အရက်သေစာ မူးအောင် တိုက်ပါ။ ယင်းကဲ့သို့ ကခုန်မြူးထူး မူးရူးကြပြီးကာလ ထိုသူတို့ သူမှန်းမသိ သူမှန်းမသိ အိပ်ကြသော် မယ်တော်၏ အိပ်ရာတွင် သင်ဖြူးကို လိပ်၍ အဝတ် ဖုံးလွှမ်းထားခဲ့ပြီး ဟံသာဝတီ တစ်ပြည်ရပ်ကျေး ပြေးကြတာပ။ သားတော်သည် မွန်၊ မြန်မာ ယုံကြည်ရသော ဒကာတို့နှင့် တိုင်ပင်၍ လှေတက်အသင့်ပြင်ဆင်ပြီးပင် ဖြစ်တော့သည် မယ်တော်ဒကာမကြီး' ဟု ပြောလေ၏။

ရှင်စောပုကလည်း 'သားကြီးအကြံ သင့်မြတ်ပါပေသည်' ဟု ပြော၍ သရီတန်ပိုက်ဆိုသူ မွန်ကျွန်ယုံတစ်ယောက်ကို တန်းလျားရုံကြီးတစ်ခု ဆောက်လုပ်စေလျက် အထက်က ရှင်ဓမ္မဓရ ပြောဆိုသည့်အတိုင်း အဆောင်ကိုင် အစောင့်အရှောက်များကို မူးအောင် တိုက်လျက် ညဥ့်နက်၍ အိပ်ကြသောအခါ အိပ်ရာတွင် ရှင်စောပု အဟန် သင်ဖြူးလိပ်ကို အဝတ်ဖြင့် ပတ်ထားခဲ့ပြီးလျှင် မိဖုရားအိမ်တော် အနီးအပါး ချောင်းထဲတွင် ရှင်ဓမ္မဓရ အသင့် ပြင်ဆင်ထားသော လှော်ကားလှေကြီး တစ်စင်းဖြင့်သာ အောက်သားမြန်မာ ရှစ်ကျိပ်တို့အား ဆုလာဘ်များစွာပေး၍ ဖျောင်းဖျောင်းဖျဖျ နားချပြီးလျှင် ယခင်က အင်းဝသို့ ရှင်စောပုနှင့် အတူပါလာသော မွန်ကျေးကျွန်တို့ပါ ခေါ်ပြီးသော် ညဥ့်သန်းခေါင်ကျော်သောက် အချိန်တွင် လှော်ကားကြီးကို စီးနင်း၍ ခရီးပြင်း စုန်ဆင်း ပြေးကြလေသတည်း။ (ယင်းသောအခါ ရှင်ဓမ္မဓရက ပဲ့ကိုင်၍၊ ရှင်ဓမ္မညာဏက လှေဦးကစီးသော ဟူ၏။)



www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်လျှင် မိဖုရား ရှင်စောပု၏ အထိန်းအယ အစောင့်အရှောက်များသည် စောင်ဖုံးလျက်ရှိသော သင်ဖြူးလိပ်ကို မိဖုရား ရှင်စောပုပင် မှတ်ထင်ကြ၏။ အတော်နေမြင့်လျှင် အချို့သော အထိန်းအယတို့က ထိပ်ခေါင်တင်မကြီးသည် ဝေဒနာတော် သက်သာ၍ လွန်မင်းစွာ စက်တော်ခေါ်သည် ဟူ၍လည်းကောင်း၊ အချို့ကလည်း ရောဂါတော် သည်း၍ လူးလဲခြင်းတောင် မပြုနိုင်ဘူး ဟူ၍လည်းကောင်း၊ တချို့ကမူကား တစ်ညလုံး မစက်ရတော့ မနက်ထ နေမြင့်တာပ ဟူ၍လည်းကောင်း၊ တချို့ကမူကား နေမြင့်တယ်ဆို မြင့်ပဲ မြင့်ပါတယ်၊ ဆွမ်းခံတောင် ဝင်ကုန်ပြီ၊ အသက်ရှူတော်မူပုံ ငြိမ်လှချည်တကား ဟူ၍လည်းကောင်း အမျိုးမျိုး တီးတိုးစကား ပြောဆိုနေကြစဉ် သမားတော်ကြီးတစ်ဦးသည် မနက် ဆေးတိုက်မည်ဟု အခန်းတွင်းသို့ ဝင်လာ၏။ ထိုဆရာကြီးသည်ကား မိဖုရား ရှင်စောပုနှင့် ရောရှယှက်တင် အကျွမ်းတဝင်ဖြစ်၍ မိဖုရားကို ကိုင်ဝံ့တွယ်ဝံ့ ဆေးတိုက်ဝံ့သော ဆရာကြီး ဖြစ်သည်နှင့်အညီ ဆေးတိုက်မည်ဟု သွေးစမ်းကြည့်မလိုနှင့် ခြေရင်းက ညဉ့်ခြုံတော်တဘက်ကို လှန်လိုက်ရာ မိဖုရားမရှိဘဲ ပကတိ သင်ဖြူးလိပ် ဖြစ်နေသဖြင့် တစ်အိမ်တော်လုံး ရုံးစုရုံးစုနှင့် ရှင်စောပုဖြင့် အောက်ရှာ ပြေးပြီဟု ပြောကြ ဆိုကြကုန်၏။

ယင်းသို့သော အကြောင်းများကို နန်းတော်သို့ သွားရောက် လျှောက်ထားကြ၍ အင်းဝမင်းလည်း အကြောင်းကြောင်းကို ကြားသိတော်မူရလျှင် 'သူ့မောင် ဟံသာဝတီမင်းက ငါ့ကို စစ်ကူတောင်းလာသည်။ ငါလည်း မကူညီရချေ။ သူလည်း အိုမင်းပြီ၊ ငါလည်း အိုမင်းပြီ။ အိုကြီးအိုမှ ဒုက္ခသောကအမှုကို ဘာပြုတော့မတုံး၊ သွားချင် သွားပါစေတော့၊ ငါ မမြစ်တားလိုပါဘူး၊ မလိုက်ကြပါနှင့်တော့။ မပျော်တဲ့ရွာ မသာဘူးတဲ့။ သူ့ပြည်သူ့ရွာကို ပြန်ချင်ပေမပ၊ ပြန်ပါစေတော့' ဟု အမိန့်တော် ချမှတ်တော်မူလိုက်လေ၏။

မိဖုရား ရှင်စောပုလည်း အစဉ်အတိုင်း ပြေးလာခဲ့လေရာ ပုဂံ ညောင်ဦးသို့ ရောက်သောအခါ သားတော် ရဟန်း ဓမ္မဓရနှင့် ဓမ္မဉာဏတို့အား မိဖုရားက ဤသို့ ပြောဆို၏။ 'သားတော် နှစ်ပါးတို့၊ အင်းဝက ပါလာသော အာဟာရစားဖွယ်များလည်း နည်းပါးသဖြင့် ကုန်ချေပြီ။ မယ်တော်နှင့် မခြား သားတော်ရဟန်းများ၊ လှေသား တက်ခတ်သမား၊ ကျေးကျွန်များလည်း ထမင်း အာဟာရမစားသောက်ကြရသဖြင့် ဆာလောင် မွတ်သိပ်လှချေပြီ။ သားတော်နှစ်ပါး ပုဂံညောင်ဦးသို့တက်ပြီး ဆွမ်းခံကြသော် သင့်လျော်မည်' ဟု ပြောသကာလ ဓမ္မဓရက 'မယ်တော်၊ ယခု ကျွန်ုပ်တို့ မြို့ပေါ်သို့တက်၍ ဆွမ်းခံပါမူ ကျွန်ုပ်တို့ကို မြန်မာများ မြင်လျှင် ပြေးမှန်းသိ၍ လိုက်လံဖမ်းဆီးသောအခါ ကျွန်ုပ်တို့ လွတ်နိုင်





ညော်လော' ဟု ပြန်၍မေးလျှင် ရှင်စောပုလည်း 'ငါ့သားရဟန်း၏ စကားသည် ဟုတ်မှန်ပေစွတကား' ဟု တစ်စုံတစ်ရာ ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ်နေလေသည်။

ထိုနောက် အထုပ်တစ်ထုပ် လှေနားသို့ မျောလာ၍ လှေသမားတို့ ထိုးဝါးဖြင့် ဆယ်ယူလျက် ဖြေကြည့်ကြသောအခါ ထမင်းထုပ် ဖြစ်နေသဖြင့် မိဖုရားအား ဆက်ကြလေ၏။ ထိုထမင်းထုပ် အတွင်း၌ (၁) ပဲသီးအခြောက်၊ (၂) ငါးခြောက်နှင့် (၃) နဝရတ် အမျက်ကျောက်များလည်း ပါရှိသဖြင့် "ငါသည် ပဲခူး ဟံသာဝတီ ထီးနန်းကို သိမ်းမြန်းစိုးစံရမည့် အတိတ်နိမိတ်ပင် ဖြစ်သည်" ဟု မိဖုရား ကိုယ်တိုင် နိမိတ်ဖတ်တော်မူပြီးနောက် ထမင်းထုပ်ကို မိဖုရားနှင့်တကွ လှေသမား အားလုံးတို့ပင် အဆာပြေ စားကြရသဖြင့် "လှူမင်းဘုန်းကြီး၊ နတ်မင်း မနေနိုင်" ဟူဘိသကဲ့သို့ ရှင်စောပု ဘုန်းတန်ခိုးကြောင့် နတ်သိကြားများက ဆက်သော ထမင်းထုပ်ပင် ဖြစ်လိမ့်မည် တကားဟု တစ်လှေသားလုံး အုန်းအုန်းကျွက်ကျွက် ပြောဆိုကြ၏။

## ဇုဝံအကြောင်း ရှင်စောပု ပြောပြခြင်း

ထိုနောက် ရှင်စောပုက သားတော် ရဟန်းများအား ပြောကြားတော်မူသည်မှာ 'သားတော်တို့ .... မယ်တော် ငယ်စဉ်ကာလက ခမည်းတော်ဘုရားသည် ဟံသာဝတီက အင်းဝသို့ ချီတက် တိုက်ခိုက်တော်မူရာ ပုဂံသို့ ရောက်တော်မူတော့ နော်ရထာမင်းစော တည်ခဲ့တဲ့ "ရွှေစည်းခုံဘုရား"၊ ကျန်စစ်သား တည်ခဲ့တဲ့ "အာနန္ဒာဘုရား"၊ အနီးပြီး နော်ရထာမင်းကို ဝေသာလီ ကသည်းပြည်က ဆက်လိုက်တဲ့ ကျန်စစ်သားမယ်တော် ပဥ္စကလျာဏီကို ရာဇတမန်အမတ်ကုန်းချောသောစကားကိုယုံပြီး နော်ရထာမင်း အမျက်တော်ရှပြီး ရာဇဝတ်သင့်လို့ ပရိမ္မသုကြီးထဲ ပဥ္စကလျာဏီ မင်းသမီးကို အပ်နှံလိုက်တော့ ပဥ္စကလျာဏီ - မင်းသမီး ပုဆစ်တုပ်ပြီး ဦးခိုက်ငိုယိုတော်မူတဲ့နေရာ သားတော် ကျန်စစ်သားမင်းဖြစ်တော့ သူ့မယ်တော် ဆင်းရဲဒုက္ခ ရောက်ရတဲ့နေရာရယ်လို့ "ပုဆစ်တုပ်ဘုရား" တည်ခဲ့သတဲ့။ အနီးပြီး ကျန်စစ်သား ရာဇဝတ်သင့်လို့ တောထဲအုံထဲ ထွက်ပြေးနေရတုန်းက သူ့မယား အပယ်ရတနာ လာလာပြီး ထမင်းပို့တဲ့ နေရာကိုလည်း "အပယ်ရတနာဘုရား" ရယ်လို့ တည်ခဲ့သတဲ့။ အနီးပြီး အလောင်းစည်သူမင်း ကောင်းမှုတော် ရွှေဂူဘုရား၊ သဗ္ဗညုဘုရားမှစ၍ "လှည်းဝင်ရိုးသံ၊ တည်ည်၊ ပုဂံ ဘုရားပေါင်း" ဆိုတဲ့အတိုင်း ပုဂံမှာ ဘုရားပေါင်း ၃၃၇၆၄၄ (သုံးသန်း သုံးသိန်း ခုနစ်သောင်း ခြောက်ထောင် လေးရာနှင့် လေးဆယ့်လေးဆူ)



www.burmeseclassic.com

www.burmeseclassic.com



တောင် ရှိသတဲ့။ ဘုရားပုထိုး အင်မတန်ပဲ ပေါများတယ်။ မြို့ နေခင်းထိုင်ခင်းလည်း သာယာတယ်။ ပုဂံမှာ ဘုရားပုထိုး ဒါလောက်ပေါများတာ ပုဂံမင်းပေါင်းငါးကျိပ်ငါးတောင်ရှိလို့ မြို့သက် ရှည်လို့ရယ်လို့လည်း ကြားဖူးတယ်။ တချို့အညာသားများ မေးကြည့်တော့ သေဥ်လည်ကြောင်မင်း လက်ထက်တုန်းက ရှင်မထီးဆိုလား၊ အစ္စဂေါဏဆိုလား၊ ဘုန်းကြီးတစ်ပါး ရွှေငွေဖြစ်လို့ ဘုရားပုထိုး ဒါလောက် ပေါများတယ်လို့လည်း လျှောက်ထားကြတယ်။ ငါ့သမီးတော်စောပုကို တစ်ခေါက်လောက် လိုက်ပို့စမ်းချင်တယ်လို့ ခမည်းတော်ဘုရားမိန့်တော်မူတုန်းကပဲ မယ်တော်သည် ပုဂံပြည်ကို ရောက်ချင်စိတ် ပေါက်နေတယ်။

'အနို့ပြီး မောင်တော် ရွှေနန်းရှင်က မယ်တော်ကို ဆက်လိုက်လို့ အင်းဝတက်ခဲ့ရတုန်းကလည်း ပုဂံဆိပ်ကို အချိန်မတော်မှ ရောက်လို့ မတက်ခဲ့ရဘူး။ ယခုလည်း "ရာဇဝတ်ရေး ပြေးနိုင်မှ လွတ်မယ်" ဆိုတာလို လက်လွတ်ပြေးခဲ့ရသဖြင့် အခွင့်မသာ အခါမရနိုင်အောင်ပင် ရှိတော့သည်။ အောက်ပြည်က သထုံရှင်ဘုရင် မနူဟာကို မြန်မာဘုရင် အနော်ရထာမင်းစော ဖမ်းသွားတုန်းက အဲဒီ ပေါက္ကံမြို့မှာပဲ ထားသတဲ့။ အဲဒီ ကဲ့သို့ သူတစ်ပါး တိုင်းပြည်မှာ ကြာရှည်လေးမြင့် ဒုက္ခဆင်းရဲ ခံနေရတော့ မနူဟာမင်းမှာ လွန်စွာပဲ သံဝေဂ တရားဖြစ်ပွားတော်မူလို့မို့ ကိုယ်တော်တွင် ပါရှိတဲ့ မနောမယ ပတ္တမြားကို ပုဂံ သူဌေးတစ်ဦးမှာ ရောင်းလိုက်တော့ အဖိုးငွေ လှည်းငါးစီးတိုက်ခန့် ရသတဲ့။ အဲဒီငွေတွေ ရတော့ ထက်ဝယ်တော်ဖွဲ့ ဘုရားဆင်းတုတော်ကြီးတစ်ဆူ၊ ပရိနိဗ္ဗာန်ပြုတော်မူဟန် တစ်ဆူ တည်တော်မူပြီး သကာလ "နိဗ္ဗာန်သို့ မရောက်သေးသောကာလ သံသရာမှာ ကျင်လည်ရသော ဘဝဆက်တိုင်းဆက်တိုင်း သူတစ်ပါးနိုင်သည့်ကိုယ် မဖြစ်ရပါလို" ဟု ဆုပန်တော်မူသတဲ့။ အဲဒီဘုရားကို ယခုတိုင်အောင် "မနူဟာဘုရား" ရယ်လို့ တွင်သတဲ့။ သြော် သူ့တိုင်း သူ့ပြည်မှာ မနူဟာမင်းမှာလည်း မယ်တော်နှင့်မခြား များများကြီး ဒုက္ခဖြစ်လို့မို့ စိတ်ညစ်တော်မူရှာပေလိမ့်မယ်။ သြော် ဖြစ်ပြန်ပျက်ပြန် လောကခံ၊ ကမ္မံ သတ္တေ ဝိဘဇတိ၊ သတ္တေ၊ သတ္တဝါတို့ကို။ ကမ္မံ၊ ကံသည်။ ဝိဘဇတိ၊ ဝေဖန်တတ်၏။ ဤသို့မောင်ပဥ္စင်း ဟောတဲ့ တရားဟာ ဘယ်လောက်များ မှန်သလဲလို့။ အဲဒီ ဘေးလောင်းတော် မနူဟာမင်းတရား တည်ထားခဲ့တဲ့ ဘုရားပုထိုးများကို ရှိခိုး ဝတ်ပြုချင်ပါဘိတော့တယ်။ ဘုရား ဘုရား၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ သုံးပါးလက္ခဏာ၊ ကိုယ်ခန္ဓာ၊ မြဲစွာ မရှိပါတကား' ဟု ဆိုပြီးလျှင် ရှင်စောပုသည် လောင်းလှေ





ဆောင်ကားပေါ်ကပင် ပုဂံ ဘုရားများကို ရည်မှတ်ပြီးလျှင် ဦးချကန်တော့ပြီးနောက် အောက်ရပ် အကြေ စုန်တော်မူပြန်လေသတည်း။

## ရှင်စောပု သန်လျင်သို့ ရောက်ခြင်း

ပုဂံမြို့က စုန်ပြေးခဲ့ကြရာ စလင်း၊ မြေထဲ၊ ပြည်၊ ရွှေတောင်၊ ဂူထွတ်တို့ စသောမြို့ရွာများကို လွန်လာသော်လည်း တွေ့မြင်သမျှ လူအပေါင်းတို့က အောက်သားမင်းမာများကိုသာ မြင်လိုက်ကြရသောကြောင့် နေပြည်တော်မှ ရှင်ဘုရင်ကစေလွှတ်လိုက်သော လှေကြီးပင် ဖြစ်မည်ဟု ထင်မှတ်ကြသဖြင့် မဖမ်းမဆီးလိုက်ကြကုန်။ ယင်းကဲ့သို့ အစဉ်အတိုင်း စုန်ဆင်းခဲ့ကြရာ ဓနုဖြူရွာသို့ ရောက်လျှင် ရွာသူရွာသားတို့ သိ၍ ရှင်စောပုထံသို့ စားဖွယ်သောက်ဖွယ်များနှင့်တကွ ဆက်ဆောင်ပဏ္ဏာများစွာ ဆက်လာကုန်၏။ ရှင်စောပုလည်း ဓနုဖြူ ရွာသားတို့အား အထိုက်အလျောက် ချီးမြှောက် ပေးကမ်းပြီးလျှင် ပဲခူးမြို့၏ အကြောင်းအရာ စနစ်ကို စိစစ်ထောက်လှမ်း စူးစမ်းတော်မူသည် ရှိသော် ဓနုဖြူရွာသားတို့က 'ဘုန်းကြီးလှသော သခင်မ၊ ယခု သခင်မ၏မောင်တော် ပဲခူးရှင်ဘုရင်မင်းမော်ဒေါ ဆင်ဖမ်းသွားရာ ကျေးကျွန်တစ်ယောက်က သတ်၍ သေနေသောကြောင့် သခင်မ၏ညီမတော် ရှင်စောနှစ် နန်းထိုင်သတဲ့' ဟု လျှောက်သည်ကို ကြားလျှင် ရှင်စောပုလည်း လွန်စွာ အမျက်တော်ရှ၍ ခဏချင်းပင် အပြင်းချီခဲ့ကာ သန်လျင်မြို့သို့ ဆိုက်ရောက်တော်မူလေ၏။

အစ်မတော် ရှင်စောပု သန်လျင်သို့ ရောက်ကြောင်းကို ညီမတော် ရှင်စောနှစ် ကြားလျှင် ဗညားအိန် မည်သော အမတ်ကိုခေါ်၍ ဤသို့ တိုင်ပင်၏။ 'ဗညားအိန်၊ ယခု အစ်မတော် ရှင်စောပုသည် သန်လျင်သို့ ရောက်လာပြီတဲ့။ အင်းဝ ရှင်ဘုရင်ကလည်း အချက်ထဲမှ ဘယ်နယ်ကြောင့် လွှတ်လိုက်တယ်လို့ မပြောတတ်ပါဘူး။ အစ်မတော် ရှင်စောပုကို တစ်တိုင်းတစ်ပြည်လုံးကပဲ ချစ်ခင်ကြည်ညိုကြတယ်။ သူက ကျွန်မကို လာတိုက်လျှင် ခံနိုင်မှာ မဟုတ်ဘူး။ အကြမ်းမှု အနုနှင့်သာ အောင်စေရာ ဆိုတာလို သင့်လျော်သော အမတ်ပညာရှိများကို လွှတ်ပြီး အစ်မတော် ရှင်စောပုကို အနုနည်းနှင့် ဖမ်းရသော် သင့်တော်မည် ထင်သည်' ဟု တိုင်ပင်လေ၏။

ထိုအခါ အမတ်ကြီး ဗညားအိန်က 'သခင်မ၊ အစ်မတော် ပြန်လာတာကိုအောင့်ပြု၍ ဆီးပြီး တိုက်လား ခိုက်လား လုပ်ရမတုံး၊ သူစိမ်းပြင်ပြင်မှ မဟုတ်ပါဘဲ တကား၊ ညီအစ်မချင်းပါတကား။ အစ်မတော်ကို စိတ်ဝမ်းမပူပါ အမျက်တော် မရှိရအောင်၊ ပိပိပြားပြား ရှိအောင် ကျွန်တော်မျိုးကြီး ကြံဆောင်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သခင်မက ဣန္ဒြေမပျက် ငြိမ်ငြိမ်သက်သက်သာ နေထိုင်တော်မူပါ' ဟူ၍ လျှောက်ထားပြီးလျှင် ဗညားအိန် အမတ်ကြီးသည် သီရိမနု ဆိုသူ ဝန်တစ်ယောက်ကို ရှင်စောပုထံသို့ စေလွှတ်လိုက်လေ၏။

သီရိမနု အမတ်သည် သန်လျင်မြို့သို့ ရောက်လျှင် ရှင်စောပုထံသို့ ပါလာသော လက်ဆောင်ပဏ္ဏာများကို ဆက်သရာတွင် ရှင်စောပုက 'မောင်တော် မင်းမော်ဒေါ ဘာကြောင့် သေရသတုံး' ဟု မေးမြန်းတော်မူရာ 'သခင်မ၊ မောင်တော် မင်းတရား ဆင်ဖမ်းသွားတော်မူ၍ မအောက်ရွယ်ရွာသို့ ရောက်သောအခါ တောဆင်နင်း၍ ပွဲချင်းပြီး နတ်ရွာစံ ကံတော်ကုန်သဖြင့် ညီမတော် မင်းပြုနေပါသည်' ဟု လျှောက်ထားသည်တွင် ရှင်စောပုက 'ယခု ညီမတော် မင်းပြုသည်မှာ မှူးကြီး မတ်ရာ ပြည်ရွာတိုင်းကား ရဟန်းရှင်လူ အများတို့နှင့် သင့်တင့်ညီညွတ်ပါ၏လော' ဟု မေးပြန်ရာ သီရိမနု အမတ်က 'အရှင့်ညီမတော်သည် ပြည်သူတို့နှင့် အပုံကြီး နေရာမကျလှပါဘူးဘုရား' ဟု လျှောက်ထားသည်ကို ရှင်စောပု ကြားလျှင် 'မောင်တော် မင်းမော်ဒေါကို ကျေးကျွန်များ သတ်၍ သေသည်ဟု ကြားရသောကြောင့် အင်းဝမင်းက ငါ့ကို လွှတ်လိုက်၍ ငါလာသည်။ ယခုမှာ ငါ့ညီမ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးအုပ် မင်းလုပ်သည်ကို ဘာကိစ္စရှိမလဲ၊ ငါ ဝမ်းမြောက်သည်' ဟုသာ မိန့်တော်မူပြီးလျှင် သီရိမနု အမတ်အား သင့်လျော်သော ဆုလာဘ်ပေးကမ်း၍ ပြန်လွှတ်လိုက်လေ၏။

## [ ၃ ] ရှင်စောပု ဘုရင်မ ဖြစ်ခန်း

**ရှင်စောပု ဒဂုံသို့ ပြောင်းရွှေ့နေခြင်း**

ဟံသာဝတီသို့ သီရိမနုအမတ် ပြန်သွားပြီးနောက် မကြာမီပင် ရှင်ဓမ္မဓရက ရှင်စောပုအား ပြောကြားသည်မှာ 'မယ်တော်၊ ကျွန်ုပ်တို့သည် သန်လျင်မှာ နေသဖြင့် အခြေမသင့်ချေ။ ဒဂုံမြို့သို့ သွားမှ အရေးလှမည်။ ဒဂုံမြို့သည်ကား ဘုရားရှင် ဆံတော်ဓာတ် ရှိသည်ဖြစ်၍ ဆံတော်မြတ်၏ ဣဒ္ဓိပါဒ် တန်ခိုးတော် ကြောင့် လည်းကောင်း၊ သုံးဆယ့်နှစ်ဆက်မျှသော ရှေးဘောလောင်းတော် ဘိုး ဘေးတော်တို့၏ မင်္ဂလာအောင်မြေ ဖြစ်၍ ထိုမင်းကောင်း မင်းမြတ်တို့၏ ဘုန်းဂုဏ်ကြောင့် လည်းကောင်း ဒဂုံမြို့မှာ နေ၍ ကြံစည်ရသော် မယ်တော် ၏ အကြံသည် ဧကန်ပြီးစီးမည်' ဟု ပြောရာတွင် ရှင်စောပုလည်း များများကြီး သဘောကျသည်ဖြစ်၍ မိမိတွင် ပါရှိရင်း အလုံးအရင်းနှင့်တကွ ဒဂုံမြို့သို့ သွားလေ၏။ ဒဂုံမြို့သို့ရောက်လျှင် ၎င်းဒဂုံမြို့ဝန် စည်သူက လက်နက်တို့ကို ဆက်သလျှင် ရှင်စောပုက 'မြို့ဝန်မင်းမဟာစည်သူ၊ ငါ့ကို ရွှေပိဿာချိန် ငါးဆယ် ပေးနှင့်ပါ။ ငါ ဟံသာဝတီကို အစိုးရလျှင် မင်းကြိုက်သည့် မြို့ အင်းမြို့ကို စားစေမည်' ဟု ဆိုလေလျှင် ဒဂုံဝန်စည်သူလည်း ရွှေချိန်ပိဿာ ငါးဆယ် ပေးဆက်၏။

ထိုရွှေချိန်ပိဿာ ငါးဆယ်ကို မငိုနှင့် ဗောဂမုန်း ဟူသော အမတ် နှစ်ယောက် ဝန်ပြုတော်မူ၍ မှူးကြီးမတ်ရာ သေနာပတိတို့ကို ဆုပေးစရာ အတွက် အညွှတ် အချည်အကွင်း လုပ်လေ ဟူသော ရှင်စောပု အမိန့်အတိုင်း လည်း ပြုလုပ်ကြရ၏။ ယင်းသို့ ပြုလုပ်ပြီးလျှင် ရှင်ဓမ္မဓရ၏ အကြံအစည် ညက်ရည်ညက်သွားဖြင့် ညီညွတ်စည်းလုံးခါစ ဖြစ်သော သန်လျင်၊ ဒလ၊ ပုသိမ်၊ မြောင်းမြ စသော မြို့ရွာနယ်ပယ်တို့မှ အကြီးအမှူး မှူးကြီးမတ်ရာ တို့ကို ဆုလာဘ် ပေးစေ၏။ ဆုလာဘ်ပေးပြီးနောက် ဒဂုံဆံတော်ရှင်ကို အဖူး



www.burmeseclassic.com

www.burmeseclassic.com



အမြော် တက်လေ၏။ ကုန်းရင်ပြင်ပေါ်သို့ရောက်လျှင် ရှင်စောပုသည် ဘုရားကို လက်ယာရစ်လှည့်၍ ကြည်ညိုစွာ တစ်ဖက်ကို စောင်း၍ ကြည့်လိုက်ရာ သက်ကြီးအိုတစ်ယောက်ကို မြင်တော်မူ၏။ ထိုအခါ အစေအပါးတို့က သခင်မ အနားကို မကပ်နှင့်၊ ဘာမှတ်သတုံးဟု ကြိမ်းမောင်းပြီး နှင်ထုတ်ကြလျှင် သက်ကြီးအိုက ငါသည် "ဗညားထော" ကို ဘာဇာပြုသမို့ မင်းတို့ နှင်ကြပါနည်းဟု ဆို၏။ ထိုသက်ကြီးအို ဆိုသော အကြောင်းကို အစေအပါးတို့က ရှင်စောပုအား လျှောက်ထားကြရာတွင် ရှင်စောပုက သက်ကြီးအို ဘယ်မှာနည်း ခေါ်ကြချေဟု စေသောကြောင့် အစေအပါးတို့ ခေါ်မည်ဟု ကြည့်လိုက်သောအခါ သက်ကြီးကို မမြင်၍ မတွေ့ရပါဟု ရှင်စောပုကို လျှောက်၏။

ရှင်စောပုလည်း မှူးတော်မတ်တော်တို့၏ အလယ်တွင် 'အချင်းမှူးမတ်တို့၊ ဤသက်ကြီးအိုသည် လူ မဟုတ်တန်ရာ၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့သည် ငါ့အား "ဗညားထော" အမည်ကို ပေးလာသည် ဖြစ်ဘိမည်။ ယနေ့မှစ၍ ငါသည် "ဗညားထော" ဟူသော ဘွဲ့တံဆိပ်ကို ခံယူမည်' ဟု မိန့်တော်မူ၏။ ထိုအမိန့်ကို ကြားရပြီးလျှင် ရှင်မမ္မရေသည် ဗညားထော အမည်တော်ရှိသော ရှင်စောပုအား မယ်တော်- (၁) မရှုပ်၊ (၂) မဂိုး၊ (၃) ဇောဂမုန်း၊ (၄) ဖောပဂိုး၊ (၅) မအဲ၊ ဤသူ ငါးယောက်တို့ကို ပဲခူးသို့ စေလွှတ်၍ အရာရာမျိုးကို စုံစမ်းစေမှ သင့်မည်ဟု ပြောသဖြင့် ဗညားထော ရှင်စောပုလည်း မောင်ပဋ္ဌင်း အမိန့်အတိုင်း နိုင်းစေမည်ဟု အဆိုပါ လူငါးယောက်တို့အားလည်း အထိုက်အလျောက် ချီးမြှောက်ပေးကမ်းပြီးနောက် ဒဂုံဘုရားတွင် သစ္စာတိုက်၏။ ထိုလူငါးယောက်တို့သည် ဗညားထော ရှေ့တွင် 'ဘုရားကျွန်တော်မျိုး ငါးယောက်တို့အနက် အကြင်သူသည် အရှင်မ၏ ကျေးဇူးသစ္စာတော် မတည် သွေဖည်ဖောက်ပြန်သည် ဖြစ်အံ့၊ မပြန်လာနိုင်သည် ဖြစ်ပါစေ။ အကြင်သူသည် အရှင်မ သစ္စာ၌ တည်ကြည်စွာ ဖြစ်အံ့၊ ပြန်လာနိုင်သည် ဖြစ်ပါစေသတည်း' ဟု သစ္စာမိဋ္ဌာန် ပြုကြပြီးသော် အမိန့်တော်အတိုင်း ပဲခူး ရွှေမြို့တော်သို့ သွားကြလေ၏။

ပဲခူးသို့ရောက်၍ လေးငါးရက်ရှိလျှင် ဖောပဂိုးနှင့် မရှုပ်တို့ ၂ ယောက်ကို ပဲခူးမြို့ဝန် သီရိမန္န ဖမ်းမိ၍ ဘုရင်မ ရှင်စောနှစ်ထံသို့ ပို့လိုက်လေ၏။ ရှင်စောနှစ်လည်း ဖောပဂိုးနှင့် မရှုပ်ကို 'နင်တို့သည် ငါ့ကျေးတော် ကျွန်တော်ရင်းများ ဖြစ်ကြသည်။ နင်တို့သည် အဘယ်အကြောင်းကြောင့် လာကြသတုံး။ ငါ့ကို မှန်မှန်လျှောက်ကြပါ' ဟု ဆိုလျှင် ဖောပဂိုးက 'အရှင်သခင်မ၏ အစ်မတော်ဘုရားက သူ့အား အင်းဝမင်းက အမျက်တော်ထွက်၍ နှင်လိုက်သောကြောင့် ဒဂုံမြို့သို့ ရောက်လာရကြောင်း၊ စစ်မက်ပြုရန် လာသည် မဟုတ်





ကြောင်းများကို ညီမတော်ထံ လျှောက်ထားချေရမည်ဟု ခိုင်းစေတော်မူလိုက်သောကြောင့် ကျွန်တော်မျိုးတို့ ရွှေဖဝါးတော်အောက် ရောက်လာရပါတယ်' ဟု လျှောက်ထား၏။

**ရှင်စောပု သူလျှိုတို့ ကွပ်မျက်ခံရခြင်း**

ထိုနောက် ရှင်စောနှစ်က 'ဟယ် မရှုပ်၊ ဖောပဂိုး လျှောက်ထားသည့်အတိုင်း မှန်၏လော' ဟု အာဏာပါဏာနှင့် ကြိမ်းမောင်း၍ မေးတော်မူပြန်ရာတွင် မရှုပ်က 'အစ်မတော်သည် သန်လျင်သို့ ရောက်လာသော အခါက ရွှေဘုန်းတော်ရှင် သခင်မဘုရားက မောင်တော် မင်းမော်ဒေါ နတ်ရွာစံတော်မူသော အကြောင်းကို လျှောက်ရန် စေလွှတ်တော်မူလိုက်သော အမတ် သီရိမန္နက တိုင်းသူပြည်သားတို့နှင့် အရှင်သခင်မဘုရား များများကြီး မသင့်ကြကြောင်းနှင့် လျှောက်သွားသောကြောင့် အစ်မတော်သည် သခင်မကို လုပ်ကြံမည်ဟု ကြံစည်လျက် ရှိပါသည်။ ယင်းသို့ ကြံစည်လျက် ရှိသည့်အတိုင်း သီရိမန္န အမတ်၏ စကားအတိုင်း မှန် မမှန်ကို အမြန်သွား၍ စုံစမ်းချေရမည်ဟု စေလွှတ်လိုက်သဖြင့် ကျွန်တော်တို့ လာရောက်ရပါသည် ဘုရား' ဟု လျှောက်ထား၏။

မရှုပ် လျှောက်ထားသော စကားကို သီရိမန္န အမတ်နှင့် အကျွမ်းတဝင် ချစ်ခင်လေးမြတ်သော ပိုက်သ မည်သော အမတ်က ရှင်စောနှစ်အား 'ဘုန်းတော်ကြီးလှသော သခင်မ၊ သည်အကောင်များသည် အစ်မတော်ကြားနှင့် သခင်မကြားကို မသင့်မတင့်အောင် ကတုန်းကတိုက်နှင့် ကုန်းတိုက်ရအောင် လာသော အကောင်များသာ ဖြစ်ပါသည်။ သခင်မနှင့် ကျွန်တော်မျိုး မှူးမတ်တို့ သင့်မြတ်ညီညွတ်သည်ကိုလည်း ဖျက်လိုဖျက်ဆီးလုပ်ရအောင် လာသော အကောင်များ ဖြစ်ပါသည်။ သည်အကောင်များ စကားကို ယုံမှားတော်မမူပါနှင့်' ဟု လျှောက်လျှင် ဘုရင်မ ရှင်စောနှစ်က 'သင်းတို့ သူလျှို ၂ ယောက် ကွပ်မျက်စေ' ဟု အမိန့်တော်ချမှတ်သဖြင့် အမတ် ပိုက်သသည် မရှုပ်နှင့် ဖောပဂိုးတို့ကို ကွပ်မျက်သုတ်သင်လေ၏။

**ရှင်စောပု ဟံသာဝတီ ချီတက်ခြင်း**

မဂိုး၊ ဇောဂမုန်း၊ မအဲ ဟူသော သူလျှို ၃ ယောက်တို့သည်ကား ရွှေ၊ ငွေ၊ အခိုး လက်ဆောင်များနှင့် အမှာတော်စာများကို မှူးကြီး မတ်ရာတို့အား ဆေးကမ်းခဲ့ပြီးလျှင် ဒဂုံမြို့သို့ ပြန်ခဲ့ကြလေ၏။ ရောက်လျှင် ဗညားထောကို အခါက လျှောက်ထားသည်မှာ 'အရှင်မ၊ ကျွန်တော်မျိုး ဖောပဂိုးနှင့် မရှုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကိုမူကား ညီမတော်က အမတ်ပိုက်သ အပ်၍ ကွပ်မျက်လိုက်လေပြီ။ ကျွန်တော်မျိုး ၃ ယောက်တို့သာလျှင် အရှင်မ ခြေရင်းတော်အောက်သို့ ပြန်ရောက်လာပါတော့သည်' ဟု လျှောက်ထားသောကာလ ဗညားထောက ဓမ္မစေရနှင့် ဓမ္မဉာဏ ၂ ပါးတို့အား 'သားတော်မောင်တို့၊ ဘယ်လိုကြံကြမတုံး' ဟု မေးလျှင် ဓမ္မစေရက 'မယ်တော်၊ အလျှင်ကြံသော် မင်းဖြစ်သည်၊ အနှေးကြံသော် သူ့ကျွန်ဖြစ်သည်၊ ကြောက်သော်လွဲ၊ ရဲသော် မင်းဖြစ်သည် ဟူ၍ လူတို့ ဆိုရိုးစကား ပြုကြသည်ဖြစ်၍ နှေးလို့ မဟာန်။ မြန်နိုင်မှ၊ မကြောက်မရွံ့ စွန့်စားမှ သင့်လျော်မည်။ ဒဂုံတွင် တပ်မကြီး ဖွဲ့စည်းပြီးလျှင် ကျွန်တော်မျိုးများကို တညီတညွတ်တည်း ရုံးစုတော်မူပါ။ ဟံသာဝတီကို ရတော့မည် မချွတ်ပြီ' ဟု ဆိုလျှင် ဗညားထော ရှင်စောပုလည်း မောင်ပဉ္စင်းတို့ အကြံအစည်သင့်ပြီဟု ဒဂုံမြို့သား၊ သန်လျင်မြို့သား၊ မှော်ဘီမြို့သားတို့ကို ညီညွတ်ရုံးစုပြီးသော် အောင်မြေကို နင်း၍ ဟံသာဝတီသို့ အပြင်း ချီတက်တော်မူလေ၏။

ထိုသို့ အောင်စည်အောင်မောင်း ရိုက်ညှောင်း ဆောင်ရွက်လျက် တပ်စဉ်မပျက် ချီတက်တော်မူလေရာ နရက် ဟူသော အရပ်သို့ရောက်၍ တပ်ချကြရာ ဇာလာရွာသား၊ မောသတ်ရွာသားတို့သည် ထိုအချိန်အခါတွင် စစ်ရေးစစ်ရာ၌ လွန်စွာ အသုံးဝင်သော လောက်လေးကြီး စင်းရေ လေးရာမျှ ဆက်လာကြကုန်၏။ ထိုဆက်လာသူတို့အား ရှင်ဓမ္မစေရက 'မောင်မင်းတို့သည် မယ်တော်ဘုရား၏ အကျိုးကို သယ်ပိုးကြကုန်သည်' ဟု ဆိုလျှင် အဆိုပါ ကျေးလက်ရွာသားများတို့က 'ကျွန်တော်မျိုးများသည် ဘုန်းတော် ကြီးမြတ်တော်မူလှသော အရှင်သခင်မကြီးအတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်ပါမည်' ဟု အာမခံကြကုန်၏။ ဗညားထောလည်း ထိုသူတို့ ဆက်လာသော လေးများကို ရွေးချယ်၍ ထိုသူ လေးရာတို့ကို စစ်ရေးစစ်ရာ လေ့ကျင့် သင်ကြားစေပြီးလျှင် ရွှေလေးတော်တပ် ဖွဲ့စည်း၍ ၎င်းတပ်၌ ကလောက်ကပိုက် ဆိုသူကို ဗိုလ်မှူး ခန့်ထားတော်မူ၏။

ထိုအရပ်ကတစ်ဖန် ချီခဲ့ပြန်လေသော် သီရိမမ္ဗသောက အရပ်သို့ ရောက်လေ၏။ အစ်မတော် ရှင်စောပု ချီလာရာ သီရိမမ္ဗသောက အရပ်သို့ ရောက်ကြောင်းများကို ပဲခူးရှင်ဘုရင်မ ရှင်စောနှစ် ကြားလျှင် အမတ်ပိုက်သ၊ ယိုကရပ်၊ အဲကံကောင်း၊ ပရူ၊ ဗညားစက်၊ ဗညားအိန်၊ ဗညားလောတို့အား မိန့်ကြားတော်မူသည်မှာ 'အစ်မတော် ရှင်စောပု၏ တပ်သည် ရွှေမြို့တော်နှင့် နီးကပ်လှပြီဖြစ်၍ နက်ဖြန် မိုးသောက်လျှင် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ် အရပ်ရပ်တို့ကို ငါ့အား ခင်းကျင်း၍ ပြသကြရမည်' ဟူသော အမိန့်တော်အတိုင်း အမတ်





တို့ကလည်း မိုးသောက်အိပ်ပလောက် ဟူသော အရပ်တွင် စစ်တပ်များ ခင်းကျင်း၍ ပြသည်ကို ရှုစားတော်မူပြီးလျှင် ဗညားအိန်ကို ဗိုလ်ချုပ်ကြီး၊ ပိုက်သကို စစ်ကဲ ခန့်အပ်၍ ချီစေသဖြင့် သီရိမနု ဟူသောအရပ်၌ တပ်စွဲကြကုန်၏။

ဗညားထောဘွဲ့ခံ ရှင်စောပုသည် ညီမတော် ရှင်စောနှစ်၏ စစ်သည်တပ်သားများသည် ဆီးကြိုခုခံတွန်းလှန်မည်ဟု သီရိမနု ဟူသောအရပ်၌ တပ်စွဲလျက် ရှိကြောင်းများကိုသိရလျှင် ထိုနေ့ ညချင်းတွင်ပင် မင်းစနေကို ဗိုလ်ချုပ်ကြီးခန့်ထား၍ 'ဟံသာဝတီ တပ်တွင်းသို့ ချင်းနင်းထိုးဖောက်၍ ပေါက်ပေါက်ရောက်ရောက် မကြောက်မရွံ့ စွန့်စွန့်စားစား နင်လားငါလား ကြုံးဝါးသံလွှတ်၍ ရှုပ်ရှုပ်ချံချံ တိုက်ခိုက်စေ' ဟူသော ဘုရားအမိန့်တော်အတိုင်း မဆိုင်းမဆုတ် အဟုတ်အဟာတ် ထိုးသတ်တိုက်ခိုက်ကြသည်တွင် ရှင်စောနှစ်၏ တပ်သားတို့သည် ထွားထွားညက်ညက် ပျက်စီးဆုံးရှုံး ဗရန်းသုန်းကား ပျက်ပြား ထွက်ပြေးကြလေကုန်၏။

ဟံသာဝတီ တပ်ပျက်၍ ကယောက်ကယက် ဖြစ်လျှင်ပင် ဗညားအိန်၊ ဗညားစက်၊ ယိုကရပ်၊ ပရူစက် ဟူသော အမတ် ၄ ဦးတို့သည် ဆင်ခြောက်ဆယ်၊ မြင်းခြောက်ဆယ်၊ စစ်သည်တပ်သားတို့နှင့်တကွ ရှင်စောပု၏ ခြေစက်တော်ဆောင်သို့ ဝင်ရောက်လာကြကုန်၏။ ရှင်စောပုလည်း မိမိထံမှောက်ဝင်ရောက်လာသော အမတ်တို့အား ဆုလာဘ်များစွာ ပေးသနားတော်မူ၏။ ထိုသီရိမနုအရပ်က တပ်ကိုနိုင်ပြီးနောက် ရှေ့သို့ ချီတက်ပြန်လေရာ ရွှေမော်ဓော ဘုရား အနီးအပါးသို့ ရောက်သောအခါ ဦးပဉ္စင်း ရှင်ဓမ္မစေရက တပ်စီးတပ်နင်းတို့ ညွှံဖျင်းနေးကန်သည် ထင်သဖြင့် 'သိန္ဓောမြင်းကို နင်ဘိသကဲ့သို့ လျင်မြန်စေရည်ဟု ဒဂုံမှာနေစဉ်ကပဲ ကျွန်ုပ် ပြောကြားဖူးသည် မဟုတ်ပါလား မယ်တော်' ဟု ဆိုလေလျှင် ရှင်စောပုလည်း စစ်သည်တော်များနှင့်တကွ ဟံသာဝတီ ရွှေမြို့တော် အရှေ့တံခါးက ဝင်မည်ဟူ၍ အောင်စည်အောင်မောင်း ဆော်ပြီးလျှင် အပြင်း ချီတော်မူပြန်လေ၏။

ထိုအကြောင်းကို ရှင်စောနှစ်ကြားလျှင် မှူးတော်မတ်တော်များကို ခေါ်၍ 'ကိုင်း ဘယ့်နှယ်လုပ်ကြမတုံး' ဟု ဆွေးနွေး တိုင်ပင်တော်မူရာ မှူးမတ်တို့က ဤသို့ လျှောက်ထားကြကုန်၏။ 'မောင်တော် ရွှေနန်းရှင်ဘုရားက သူတစ်ပါးနန်းကို မခုခံနိုင်သည့်အတွက် ကြောက်ရွံ့လျက် အစ်မတော်ဘုရားကို အင်းဝဘုရင်အား လက်ဆောင်ထိုးလိုက်သောကြောင့် သူ့ပြည်သူ့ရွာမှာ ဒုက္ခကြီးစွာသည်း ခံခဲ့ရရှာလေပြီ။ ယခုတစ်ဖန် ပြန်လာရောက်သောအခါ မှူးကြီးမတ်ရာ သေနာပတိတို့နှင့်တကွ တိုင်းနေပြည်သူ ရှင်လူတို့ကလည်း အစ်မတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကို သာလျှင် ကြည်ဖြူသဒ္ဓါ ရှိကြပါသောကြောင့် အလုံးအရင်း ဆင်မြင်းဗိုလ်ပါ အလွန်တရာ ကြီးကျယ်လှ၍ သခင်မ ခံတိုက်သော်လည်း နိုင်မည် မထင်ပါကြောင်း၊ ယခုလည်း တခြားသူတစ်ပါး မဟုတ်ပါ၊ အစ်မတော်ရင်းအစစ် ဖြစ်ပါသည်။ ကျွန်တော်မျိုးစိတ်တွင် ကြီးစဉ်ငယ်လိုက် ထိုက်သက်ရာ စိုးစံမှ နိုင်ငံတော်သာယာ၍ သာသနာ စည်ပင်မည် ထင်ပါကြောင်း။ "တစ်ယောက် ချမ်းသာ၊ ကိုယ့်ဖို့ရာက၊ သတ္တဝါအပေါင်း၊ ပျက်စီးကြောင်း" ဆိုသည့် တရားဖြင့် နှစ်ပါးသော ညီအစ်မတို့ ကြည်မြဖွာ ဖြစ်သင့်ပါကြောင်း' နှင့် မှူးမတ်အပေါင်းတို့က လျှောက်ထားကြလေလျှင် ရှင်စောနှစ်က မှူးတော်မတ်တော်တို့ လျှောက်ထားချက်ကို ပယ်ဖျက်တော်မမူပါဘူးဟု မင်းဆောင်မင်းယောင် ထီးဖြူမြွောက်စည်နှင့် တကွ အရှေ့တံခါးကို ဖွင့်၍ ထွက်ခဲ့ပြီးသော် အစ်မတော် ရှင်စောပုအား ထီးနန်း လွှဲအပ်ရလေသတည်း။

## ရှင်စောပု ဘုရင်မ ဖြစ်ခြင်း

ဗညားထောဘွဲ့ခံ အစ်မတော် ရှင်စောပုလည်း ညီမတော် ရှင်စောနှစ် ရန်ကို တိုက်လှန် ဖြိုဖျက်ပြီးလျှင် အရှေ့တံခါးက ဝင်၍ ဟံသာဝတီ ရွှေနန်းကို သိမ်းမြန်းအုပ်ချုပ် မင်းလုပ်တော်မူလေ၏။ ရှင်စောပု အထွတ်အမြတ်သို့ ရောက်တော်မူလျှင် တိုင်းသူပြည်သားတို့အား မတရားသဖြင့် နှိပ်စက်ညှဉ်းပန်းခြင်း၊ တိုက်ခိုက်လုယက်ခြင်း စသော တိုင်းပြည်၏ ရန်ဆူးရန်ငြောင့် အရပ်ရပ်တို့ကို ကွပ်ညှပ်စီရင်ဖို့ရာ မနုရပ် မည်သော အမတ်ကို ပဲခူးဝန် ခန့်တော်မူ၏။ ထို့ပြင်လည်း ညီမတော် ရှင်စောနှစ် လက်ထက်က ထောင်တန်း အကျဉ်းခံနေရသူများကို ဘေးမဲ့ လွှတ်တော်မူသည့်ပြင် မတရားခွန်များကိုလည်း ရုပ်သိမ်း ပယ်ဖျက်တော်မူ၏။ ထို့ပြင် ပဲခူး ရွှေမြို့တော်မှစ၍ ဟံသာဝတီ ၃၂ မြို့၊ ပုသိမ် ၃၂ မြို့၊ မုတ္တမ ၃၂ မြို့ဟု ဆိုအပ်သော ရာမညတိုင်း ၃ ရပ် အတွင်း၌လည်း မင်းရိုးမင်းစစ် ခမည်းတော် ရာဇာဓိရာဇ် မင်းတရားကြီး၏ သမီးတော်ကြီး ရှင်စောပုသည် ယခု သက်တော် ၅၃ နှစ်၊ သက္ကရာဇ် ၈၁၅ ခုနှစ်တွင် "ဗညားထော" ဟူသော ဘွဲ့တော်ကိုခံ၍ ဟံသာဝတီ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံတော် မူကြောင်းနှင့်လည်း အမိန့်တော်ပြန်၏။

ယင်းကဲ့သို့ ထီးဆောင်းမင်္ဂလာ မဟာဥကာသ်သဘင် ရင်တော်မူပြီးလျှင် ကြံဖော်ကြံဖက် ရဲထွက်ဝံ့သသူ၊ ပွဲကြီးလမ်းကြီး ရသသူတို့ကိုလည်း ရွေးချယ်စိစစ်တော်မူ၍ အရည်အချင်းအားလျော်စွာ ထိုက်သက်ရာ ဆုလာဘ် ဘွဲ့အမည် အရည် ရာထူးဌာနန္တရပေးခြင်း၊ မြို့စားရွာစားပေးခြင်း၊ ဘုရားကျောင်းကန်





ဝတ္ထုကံမြေများကို မေးစစ်တော်မူ၍ အသစ်ထပ်မံ လှူဒါန်းတော်မူခြင်းမှတစ်ပါး တိုင်းသားပြည်သူ ရှင်လူတဝေး သူဌေးသူကြွယ်တို့ကို ဆင့်ခေါ်ဖိတ်မံ၍ 'ယနေ့က စ၍ ဒါနသီလ ဘာဝနာတို့ကို မြဲစွာ အားထုတ်ဆည်းပူးကြပါကုန်။ ကျွန်ုပ်လည်း အားထုတ်တော်မူပါမည်' ဟု မိန့်တော်မူ၏။

ထိုရှင်စောပု နန်းတက်တော်မူသည်မှစ၍ ဟံသာဝတီပြည်ကြီးသည် နတ်ထီးရိပ်ငြိမ် ကြီးကျယ်လှစွာသော စည်းစိမ်ဖြင့် တာဝတိံသာ နတ်ပြည်အသွင် စည်ပင်သာယာ၏။

ထိုနောက် (၁) ဗညားအိန်၊ (၂) သီရိမနု၊ (၃) ပိုက်ထရာဇာ၊ (၄) ငရန်း၊ (၅) ဗညားကျန်း ဟူသော အမတ်ငါးယောက်တို့ကို ကြပ်မတ်စေ၍ လက်ခကံကျွေး များစွာပေးပြီးလျှင် လိပ်ပြင် ကျောင်းတော်ကြီးကို ဆောက်လုပ်စေပြီးလျှင် ဝတ်မိုးဝတ်မြေ များစွာနှင့်တကွ ကပ္ပိယကျောင်းကျွန် ၃၀၀ နှင့် တကွ သားတော် ဓမ္မရေကို လှူဒါန်းတော်မူသည့်ပြင် (၁) ဗညားလော၊ (၂) ငရေ၊ (၃) ရဲနောင်၊ (၄) ပိုက်ထသူရ၊ (၅) အဲကံကောင်း၊ (၆) နန္ဒသင်းရုံ၊ (၇) ငနုကံပိုက်၊ (၈) အဂ္ဂရုပ်၊ (၉) လိုက်ကံကောင်း၊ (၁၀) ဖိမ်လကွမ်း၊ (၁၁) ပိုက်သင်ရန်ဟူသော အမတ် ၁၁ ယောက်တို့ကို ကြပ်မတ်စေလျက် အတုလဝါသ မည်သော ကျောင်းတော်ကြီးကို ကျောင်းရံ ၃ ထပ်နှင့် ဆောက်လုပ်စေ၍ ကြေးမီသော တစ်ထောင်ထွက် ဝတ်မိုးဝတ်မြေများနှင့်တကွ ကပ္ပိယကျောင်းကျွန် ၃၀၀ များပါ ရဟန်းတော် ဓမ္မဉာဏကို လှူဒါန်းတော်မူ၏။

ကျောင်းတော်ကြီး နှစ်ကျောင်းကို ရေစက်ချပွဲ ပြီးသည့်နောက် ရှင်စောပုသည် ဗညားအိန်ကို ခေါ်ပြီးလျှင် 'ငါ အင်းဝက ပြေးလာစဉ်အခါက ပါလာသော ကျွန်ရင်းကျေးရင်းများတို့ကို ရွေးချယ်စိစစ်ရမည်' ဟု မိန့်တော်မူသည့်အတိုင်း ဗညားအိန် စစ်ဆေးမေးမြန်းသောအခါ လေ့လော်သမား အောက်သားမြန်မာ ရှစ်ကျိပ်နှင့် မွန် တစ်ရာမျှ တွေ့ရှိ၍ အဆိုပါ မွန်မြန်မာ လူပေါင်းတစ်ရာ့ရှစ်ဆယ်ကို ရှေ့တော်သို့ သွင်းလေ၏။ ကျေးကျွန်များ ရှေ့တော်သို့ ရောက်လျှင် ဘုရင်မ ရှင်စောပုက ပထမ မြန်မာရှစ်ကျိပ်တို့ကို မေးတော်မူသည်မှာ 'မောင်မင်းတို့သည် ဆင်းရဲဒုက္ခ ကြီးစွာခံလျက် ငါ့အတွက် သယ်ပိုးကြပါပေသည်။ ယခု ငါ အထွတ်အမြတ်သို့ ရောက်တော်မူပြီ။ အပါးတော်တွင် ခစ်စွာ ထမ်းရွက်ကြမည်လော၊ မြို့စား ရွာစား အလိုရှိကြလျှင်လည်း သနားတော်မူမည်။ မည်သည့် မြို့ရွာများကို အလိုရှိကြသနည်း' ဟု မေးမြန်းတော်မူလျှင် မြန်မာ ရှစ်ကျိပ်တို့က 'ဘုန်းတော် ကြီးမြတ်တော်မူလှသော သခင်မက ငါ မင်းဖြစ်တော်မူလျှင် မင်းတို့အားလုံးကို စားပြီးအိပ်၊ အိပ်ပြီးစားနှင့် စား၍အိပ်၍



www.burmeseclassic.com

www.burmeseclassic.com



သာ နေစေမည်ဟု အညာတုန်းက မိန့်တော်မူဖူးသည်ဖြစ်၍ သခင်မ အမိန့်တော်အတိုင်း စားခါအိပ်ခါသာ နေချင်ပါသည် ဘုရား' ဟု လျှောက်ထားလျှင် ရှင်စောပုလည်း ပြုံးတော်မူ၍ "ရေကြည်ရာ၊ မြက်နုရာ" ဟူသော စကားပုံကို အောက်ပါအတိုင်း မိန့်ကြား ပြောဆိုလေ၏။

'ရှေးရှေးတုန်းက ကြံ့နှင့် ဆင်တို့သည် မြတ်စွာဘုရားကို ခစား လုပ်ကျွေးနေကြသတဲ့။ တစ်နေ့သ၌တော့ မြတ်စွာဘုရားက ကြံ့နှင့် ဆင်ကို ရေကြည်ရာ မြက်နုရာ စားကြလေတော့ဟု မိန့်တော်မူသည်ကို ကြံ့နှင့် ဆင်က ရေနောက်နှင့် ဆူးရှိရာမှာသာ စားချင် သောက်ချင်ပါတယ်လို့ လျှောက်မိတာကြောင့် ကြံ့နှင့် ဆင်များမှာ ယခုတိုင်အောင် ရေကိုလည်း နောက်လို့သာ သောက်ရတယ်၊ ဆူးကိုလည်း စားရတယ် တဲ့။ အဲဒီစကားပုံလို မင်းတို့ မြန်မာများလည်း စားခါ အိပ်ခါသာ နေချင်ကြတာ၊ နောက်တော့ ကြံ့နှင့်ဆင် ပြောတာလို ဖြစ်ကုန်လိမ့်မယ်' ဟု ပြောပြီး လယ်တစ်ကြိုးစီ ပေးသနားတော်မူလိုက်၏။

(**မှတ်ချက်။** ။ ဤအခါကစ၍ မြန်မာများ စားသော လယ်ကို စား၍ အိပ်၍ နေသော လယ်ဟူ၍ ယခုတိုင်အောင် ခေါ်ဝေါ်သမုတ်ကြသော ဟူ၏။)

ထိုနောက် ရှင်စောပုသည် မွန်တစ်ရာတို့ကို 'မောင်မင်းတို့ကော ဘာများ အသနားခံလိုကြသလဲ' ဟု မေးမြန်းတော်မူရာ မွန်တို့ကမူကား 'ကျွန်တော်မျိုးများသည် ဓားတစ်စင်းစီနှင့် နန်းတော်ထဲ၌ မြဲလိုပါသည်' ဟု လျှောက်ထားသဖြင့် 'ဤမွန်များသည်ကား ငါ အညာကို သွားရကတည်းက အပါးက ပါလာကြသော ကျေးရင်းကျွန်ရင်း ဆင်းရဲဖော် ကောင်းစားဖက်များ ဖြစ်ပါပေသည်' ဟု အရည်အသွေးကိုကြည့်၍ ၄ ယောက်သော သူကို ဓားစွဲ လေးဒိုင်မှူး၊ ၄ ယောက်ကို လက်စေလေးမှူး၊ ၄ ယောက်ကို မီးပေါက်လက်ကိုင် လေးဒိုင်မှူး၊ ၄ ယောက်ကို ကြာလင်လေးဒိုင်မှူး၊ ၃ ကျိပ်ကိုကား ၃ တောင်ပြည့် ဖောင်းထုပ်ကို ပေါင်းစေ၍ ရွှေနားပန်များ ဝတ်စေပြီးလျှင် ရွှေဓားစွဲ ၉ ယောက်ကို အတွင်း အိပ်ဖန်စောင့်၊ တစ်ယောက်ကို ရွှေဓားမှူး၊ ၄ ယောက်ကို ငွေကျုံကြိမ်ပိုက်၊ ၁၂ ယောက်ကို မြို့ငယ်စား၊ ဤသို့ အသီးသီး ခန့်အပ်သနားတော်မူ၏။

ထို့ပြင် လေးမိုလ်မှူးကြီး မင်းခနုကိုလည်း 'ငါ့ကျွန်တော် မင်းခနုသည် ဆင်းရဲသားမျိုးပင် ဖြစ်သော်လည်း တိုက်ပွဲ ခိုက်ပွဲ၌ သူရဲကောင်း ပီသပါပေသည်။ လက်ဖျံရိုး တစ်လုံးသာရှိ၍ မာလည်း မာကျောပါပေသည်။ အုန်းသီး အရင့်ကို ခေါင်းပေါ်တွင်တင်၍ ဓားနှင့် တွက်လိုက်လျှင် ဆံပင်ကိုပင် မထိစေဘဲ အုန်းသီးသာ ၂ ပိုင်းပြတ်သွားရသည်။ လူ၏ခေါင်းကို ဓားနှင့်တွက်လိုက်လျှင်လည်း သစ်သီးအခွံနွှာသကဲ့သို့ ဆံပင်သာ ပြတ်သွား၍ ခေါင်းကို ဓားမထိ





ခရူ၊ သူရသတ္တိနှင့် ပြည့်စုံ၍ ယောကျ်ားကောင်း ပီသပါပေသည်' ဟု မှူးတော် တော်တော်တို့အလယ်၌ ချီးမွမ်းတော်မူပြီးလျှင် လဂွန်းပိုင်မြို့နှင့်တကွ "စက္ကာဝါဒေ" ဟူသောဘွဲ့ကို ပေးသနားတော်မူ၏။ ထိုနောက် နှစ်လလောက်ကြာလျှင် စက္ကာ ဝါဒေကို "ဗရန်း" ဟူသော အမည်ကိုပေး၍ ကျုပ်ပေါ်မြို့ကို စားပြန်စေလေ၏။

ယင်းကဲ့သို့ တိုင်းရေးပြည်ရေး သာသနာတော်ရေးများကို တဖြည်းဖြည်း ဆောင်ရွက်တော်မူရာ တစ်နေ့သ၌ ဘုရင်မ ရှင်စောပုသည် မင်းခမ်းမင်းနား ဆင်းပ၍ မကိုဋ်သရဖူဆောင်း ဆင်တော်မူပြီးလျှင် ရွှေဝေါတော်ကြီးကို စီးနင်းတော်မူ၍ မြို့လှည့်တော်မူရာတွင် မင်းလမ်းခရီးတွင် တွေ့မြင်ရသော လူအိုတစ်ယောက်ကို စမြောင်တို့က 'အဘိုးကြီး၊ ရှားလော့ ရှောင်လော့၊ ဆုတ်လော့၊ ခယ်လော့' ဟု ဆိုရာတွင် အဘိုးအိုကြီးက ဒေါသထွက်သော လက္ခဏာဖြင့် ဟော့ ... မောင်ရို့၊ ငါ လူအိုကို မိန်းမပျိုပေးလျှင် သားရဦးမည်။ မင်းတို့ ရှင်ဘုရင်မသာ အိုသည်၊ ငါ မအို' ဟု ဆိုသည်ကို ရှင်စောပု ကြားလျှင် 'ဤအဘိုးကြီးသည် လူသားစင်စစ် ဖြစ်ပါဘိကား ငါ့အား မရိုမသေ မထီမဲ့မြင် ပြောဝံ့ဆိုဝံ့မည် မဟုတ်၊ နတ်သိကြားများ ဖြစ်တန်ရာသည်။ ငါ ဒဂုံမှာနေစဉ် ဒဂုံဆံတော်ရှင်ဘုရားကို အဖူးအမြော် တက်တုန်းကလည်း သိကြားနတ်တို့ ညွှန်ပြသောအားဖြင့် "ဗညားထော" ဟူသော ဘွဲ့ကို ခံယူရပြီးပင် ဖြစ်သည်။ ယခုသည်း နတ်သိကြားများက ငါ့အား "မင်းအို" ဟူသော တံဆိပ်နာမံကို ခံစေလိုပြန်ပါ၍ ဆိုလာယောင်ပါတကား' ဟု ရွှေနန်းတော်သို့ တုံ့ပြန်ခဲ့ပြီးလျှင် ထိုနေ့တွင်ပင် "မင်းအိုမှုမှာ အမိတော" ဟူသော နာမံတော်တံဆိပ်ဖြင့် ဘိသိက်အသစ် ခံတော်မူပြန်လေ၏။

**ရှင်စောပု အိပ်မက်မြင်မက်ခြင်း**

တစ်နေ့သ၌ အတုလဝါသကျောင်း ဆရာတော်ကလေး ဦးဓမ္မဉာဏသည် သိပ်ပြင်ကျောင်း ဆရာတော်ကလေး ဦးဓမ္မရေကိုသာလျှင် ရှင်စောပုက အထူးသဖြင့် ကြည်ညိုလျက် နန်းတော်သို့ပင့်၍ ခဏခဏ ဆွမ်းကျွေးကြောင်း၊ တရားဆွေးနွေးကြောင်း၊ ဆွေးနွေးတိုင်ပင်ကြောင်းများကို ကြားသိရ၍ များစွာ စိတ်သက်ချမ်းသာတော်မမူရကား "ငါသည် လောကီပညာ ဝိဇ္ဇာမယ သိဒ္ဓိလမ်း၌ ဆေးကိုလုခမန်း ကျွမ်းကျင် တတ်မြောက်သည့်အားလျော်စွာ ဆေးကုခြင်း၊ ဓာတ်ဟောခြင်း၊ အင်းအိုင်ခလုံ့ လက်ဖွဲ့မန္တာန်တို့ဖြင့် ကြံနိုင်စည်နိုင်ခြင်း၊ ပူးဟဲ့ ထွက်ဟဲ့ စသော ပယောဂလမ်း၌လည်း တစ်ဖက်ကမ်းခပ် ပုဂ္ဂိုလ်ကျော်တစ်ပါး ပင် ဖြစ်၍ ချင်အောင် ခင်အောင်၊ ကြည်ညိုအောင်၊ စွဲလမ်းအောင် အစိမ်းတိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပီယလမ်းဖြင့် တစ်ပုံတစ်ခန်း စမ်းရဦးတော့မည်" ဟု အောက်မေ့ ကြံစည်လျက် လူသေအစိမ်းခေါင်းခွံတစ်ခုတွင် ပရမီသွာ နတ်ရုပ်ကို ရေးပြီးလျှင် ဂါထာမန္တာန်များစုတ်၍ 'ငါအလိုရှိသည့်အတိုင်း မယ်တော် ဒကာမကြီး ရှင်စောပုထံ မြန်မြန်အိပ်မက်ပေးချေရမည်' ဟု အမိန့်တော်များ ပြန်ပြီးလျှင် မကြာမကြာ ခြောက်လှန့်တတ်သော နတ်ရဲသစ်ပင်တစ်ပင်၌ ဆွဲထားလေ၏။

ထိုသစ်ပင်စောင့်နတ်လည်း နန်းတော်သို့သွား၍ ရှင်စောပုအား အိပ်မက်ပေးသဖြင့် မက်ပုံကား– "ရွှေမော်ဓောဘုရားကြီး ထီးတော်ဝ အောက်ဝယ် ရဟန္တာလေးပါးတို့သည် ပရိက္ခရာရှစ်ပါးကိုလွယ်၍ ဈာန်ကြွလာပြီးလျှင် နန်းတော်သို့ရောက်ကာ ရှင်စောပု စက်တော်ခေါ်သော သလွန်တော်ဦးတွင် ရပ်တော်မူပြီးလျှင် 'သာသနာ့ဒါယကာ ဒကာတော်မကြီး၊ မြတ်စွာဘုရားသခင် ရွှေကိုယ်တော်မြတ်ကြီးက ဒကာတော်မကြီးထံ အမြန်သွား၍ ပြောကြားရမည်ဟု စေတော်မူလိုက်သောကြောင့် ကျွန်ုပ်တို့ ကြွခဲ့သည်။ ယခုအခါ အတုလဝါသကျောင်း ဆရာတော်ကလေး ရှင်ဓမ္မဉာဏကို မင်းမြှောက်ရလျှင် တိုင်းကားပြည်ရွာ သာယာစည်ပင်မည်။ ပြည်ထောင်ဘက်ချင်း အမင်းမင်းတို့ ခွန်သွင်းဘဏ္ဍာ သမီးကညာ ဆက်ရလိမ့်မည်။ ငါဘုရားသာသနာ လွန်စွာတောက်ပမည်ဟု အမိန့်တော်ပြန်စေတော်မူလိုက်သောကြောင့် ကျွန်ုပ်တို့ ကြွလာခဲ့သည်။ စိတ်ကူးမလွဲနှင့်နော် ဒကာတော်မကြီး' ဟု ပြောပြီး ဈာန်ဖြင့် ပျံတက်သွား၍ ရွှေမော်ဓောဘုရား ထီးကြားထဲသို့ ဝင်သွားတော်မူကြသည်" ဟု ညဥ့် ၃ ပဟိုရ်လောက်တွင် အိပ်မက် မက်တော်မူလေသည်။ ယင်းသို့ အိပ်မက်ကို မြင်မက်သောအခါ ရှင်စောပုလည်း စက်တော်ရာမှ လန့်နိုး၍ "တစ်ခါဖြင့် အကျိုးနည်းကုန်ပြီ၊ ကိုယ်ကတော့ လိပ်ပြင်ကျောင်းက သားကြီးကို မှန်းတယ်။ ယခု အိပ်မက်ရတာကတော့ အတုလဝါသကျောင်းက ဓမ္မဉာဏကို ထီးနန်းပေးရမတဲ့။ 'ခုတ်ရာတခြား ရှရာတခြား' ဆိုတာလို ဖြစ်ကုန်တော့မှာ ထင်ပါရဲ့" ဟု ကြံမှိုင်စဉ်းစားနေရင်းပင် အလင်းသို့ ရောက်လေ၏။

နံနက် မိုးသောက်သောအခါ ယမန်နေ့ကပင် ပင့်ဖိတ်ထားသည့်အတိုင်း လိပ်ပြင်ကျောင်း ဆရာတော်ကလေးနှင့် အတုလဝါသကျောင်း ဆရာတော်ကလေး နှစ်ပါးလုံးပင် နန်းတော်သို့ ကြွလာတော်မူကြလေ၏။ နန်းတော်သို့ ရောက်တော်မူကြလျှင် ဆွမ်းများ ဘုဉ်းပေးကြပြီးနောက် ပရိတ်ရွတ်၍ တရားများ ဟောတော်မူကြလေ၏။ ရှင်စောပုကလည်း တရားပေစာ နာပြီးလျှင် ခါတိုင်းကဲ့သို့ တစ်စုံတစ်ရာကိုမျှ လျှောက်ထားခြင်း မပြုမူ၍ နှလုံးမသာ မျက်နှာမလှ၊ ကြောင့်ကြစိုးရိမ်သော လက္ခဏာဖြင့် မသက်သာတော်မူပုံကို





မြင်ကြလျှင် ရှင်ဓမ္မဉာဏက ငါ့အိပ်မက်ဖြင့် ဒကာမကြီးကို ထိပုံပေါ်ပြီဟု အောက်မေ့၏။ ထိုနောက် ဆရာတော်ကလေး နှစ်ပါးတို့လည်း 'ဒကာတော်ကြီး၊ ကျုပ်တို့ ကြွပေဦးရော့မည်' ဟု နှုတ်ခွန်းဆက်၍ ကျောင်းသို့ ပြန်ကြွတော်မူကြလေ၏။

လမ်းခရီးသို့ရောက်လျှင် လိပ်ပြင်ကျောင်း ဆရာတော်ကလေး ရှင်ဓမ္မရေက 'ငါ့ရှင်၊ နန်းတော်မှာ စိပ်ပုတီး မေ့ကျန်ရစ်သည်။ အနို့ပြီး ဆေးလိပ်လည်း သောက်စရာ ကုန်နေပြီ။ ငါ့ရှင်သာ ကြွပေတော့၊ ငါ နန်းတော်သို့ ပြန်ဦးမည်' ဟု ပြော၍ တစ်ဖန် နန်းတော်သို့ ကြွတော်မူခဲ့ပြန်လေ၏။ ရောက်လျှင် ရှင်ဓမ္မရေက 'မယ်တော်၊ မျက်နှာ ညှိုးငယ် ရှိလှချည်လား၊ ဘာများ ဖြစ်သတုံး၊ အကြောင်းထူးသလား' ဟု မေးလျှင် ရှင်စောပုက မိမိ မြင်မက်သော အိပ်မက်အကြောင်းအရာများကို အစအဆုံး တစ်လုံးမကျန် ပြန်ပြောလေ၏။ ရှင်ဓမ္မရေလည်း 'မယ်တော်၊ သွေးလေချောက်ချား ဓာတ်ဖောက်ပြား၍ အလကား ဘာမဟုတ် ညာမဟုတ် အိပ်မက်ကို မက်တာပါ' ဟု သက်သာရာ ရအောင် ပြောဟောပြီးလျှင် ကျောင်းသို့ ပြန်တော်မူခဲ့လေသည်။ ကျောင်းသို့ရောက်လျှင် ရှင်ဓမ္မရေသည် ခေါင်းအုံး၌ အင်းချပြီးလျှင် ငါ၏ အလိုဆန္ဒအတိုင်း မယ်တော် ဒကာမကြီး အိပ်မက် မြင်မက်စေသတည်းဟု အဓိဋ္ဌာန်ပြု၍ ကျိန်းတော်မူ၏။

ထိုညဥ့်၌ပင် ရှင်စောပု အိပ်မက် မြင်မက်တော်မူပြန်သည်မှာ "ရွှေမော်ဓောဘုရား ထီးအကြားထဲမှ ရဟန္တာ ရှစ်ပါးတို့သည် ဈာန်ဖြင့် ဆင်းကြွတော်မူလာပြီးလျှင် စက်တော်မူရာ ရတနာ သလွန်တော်ကို ရှေ့နောက်ဝဲယာ ဝန်းရံတော်မူကြပြီးလျှင် 'သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းမြတ်၊ လိပ်ပြင်ကျောင်း သားတော်ကြီး ရှင်ဓမ္မရေအား ထီးနန်းလွှဲရလျှင် ဘုရားရှင်၏ သာသနာ စည်ပင်မှာ ရှိမည်ဟု ဒကာမကြီး၏သဘော မနောဓိဋ္ဌာန် ရည်သန်ရိုးရင်း နှလုံးသွင်းရှိသည့်အတိုင်း သင့်မြတ်ပါပေသည်။ ယခင် အထက်ကျော်ကာလက ရှင်ဓမ္မဉာဏကို ထီးနန်းလွှဲရမည်ဟု မှာထားမိသည်မှာ မှားလို့သာ ဖြစ်သည်' ဟု မိန့်ကြား၍ ဈာန်သမာပတ်ဖြင့် ကောင်းကင်သို့ ပျံတက်ပြီး ရွှေမော်ဓောဘုရား ထီးကြားထဲကိုပင် ပြန်ဝင်သွားတော် မူပြန်သည်" ဟု အိပ်မက် မြင်မက်တော်မူပြန်လေ၏။

ထို့နောက် နံနက်မိုးသောက် အလင်းသို့ရောက်လျှင် ရှင်စောပုသည် လိပ်ပြင်ကျောင်း ဆရာတော်ကလေး ရှင်ဓမ္မရေကို နန်းတော်သို့ ပင့်ပြီးလျှင် မယ်တော်သည် ဤသို့သော အိပ်မက်ကို မြင်မက်ရပြန်သဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိကြောင်းနှင့် ပြန်ပြောလေ၏။ ရှင်ဓမ္မရေလည်း 'မယ်တော်၏ သဘော



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းသာ ဖြစ်တော့သည်။ မယ်တော် တစ်ခုပါပဲ' ဟု ပြော၍ ကျောင်းသို့ ပြန်ခဲ့လေ၏။

တစ်ညသ၌ ရှင်ဓမ္မဓရနှင့် ဓမ္မညာဏ နှစ်ပါးလုံးကပင် အင်းအိုင် ဂါထာ၊ ယတြာ ပယောဂ နည်းလမ်းတို့ဖြင့် စီရင်၍ နတ်စိမ်း နတ်ဝါများကို စေလွှတ်၍ အိပ်မက်ပေးခိုင်း လိုက်ကြသည်မှာ တစ်ချိန်တည်း တစ်နာရီတည်း ဖြစ်၍ မိစ္ဆာနတ်နှစ်ဦးတို့သည် တိုင်ပင်၍ ရှင်စောပုအား တစ်ပြိုင်တည်း အိပ်မက်ပေးကြသည်မှာ "လိပ်ပြင်ကျောင်း ဓမ္မဓရနှင့် အတုလဝါသကျောင်း ဓမ္မညာဏ နှစ်ပါးလုံးကိုပင် ဟံသာဝတီ ရွှေနန်းကို လွှဲလျှင် တိုင်းသားပြည်ရွာ သာယာ၍ သာသနာလည်း ထွန်းလင်းတောက်ပမည် မဟုတ်ပါလော" ဟူသော အိပ်မက်ကို မြင်မက်သဖြင့် ရုတ်တရက် လန့်နိုးပြီးလျှင် ကိုယ်လုပ်မောင်းမ အပျိုတော်တို့အား နှိုး၍ ဤသို့ မိန့်တော်မူ၏။

ရှင်စောပု။ ။ အိပ်မက်တယ် စန္ဒာဝတီရဲ့။

စန္ဒာဝတီ။ ။ ဘယ်လိုများ မက်ပါသတုံးဖျာ့။

ရှင်စောပု။ ။ မက်ပုံက ဓမ္မဓရနှင့် ဓမ္မညာဏ ၂ ပါးစလုံးကို ထီးနန်းလွှဲရင် ကောင်းမတဲ့။

မလ္လာဝတီ။ ။ လိပ်ပြင်ကျောင်း ကိုယ်တော်ကလေးက ပိုပြီး ကြည်ညိုဖို့ ကောင်းတယ် ဘုရား၊ ချစ်ဖို့လည်း ကောင်းတယ် ဘုရား။

မင်းကေသာ။ ။ မုန့်ပေးတဲ့ ဘုန်းကြီး ကျမ်းတတ် ဆိုတာလို လိပ်ပြင်ကျောင်း သွားပြီး ဥပုသ်စောင့်တော့ လိပ်ပြင်ကျောင်း ဘုန်းကြီးက ညည်းကို ငှက်ပျောသီး ပေးတာကိုးအေ့၊ ညည်း ချစ်မှာ ကြည်ညိုမှာပ။

မင်းနန္ဒာ။ ။ အတုလဝါသကျောင်း ကိုယ်တော်ကလေးလည်း ကြည်ညိုဖို့ ကောင်းတာပါပဲ။ နေပုံထိုင်ပုံများ သိမ်မွေ့ပါဘိတော့နဲ့။

စန္ဒာဝတီ။ ။ မင်းနန္ဒာ ပြောတာ ဟုတ်ပါရဲ့။ အတုလဝါသကျောင်း ကိုယ်တော်ကလေးက ဣန္ဒြေရှိတယ်။ ညည်းတို့ လိပ်ပြင်ကျောင်း ဘုန်းကြီးက လူရှေ့မရှောင် သူရှေ့မရှောင် ဆေးပေါ့လိပ်ကြီး တယမ်းယမ်းနဲ့ ကြောက်စရာ။ တို့ဖြင့် နည်းနည်းမှ မကြည်ညိုပေါင်။

မင်းကေသာ။ ။ မစန္ဒာ ပြောတာ ဟုတ်ပါရဲ့။ ဒီလိပ်ပြင်ကျောင်း ကိုယ်တော်ဟာ မျက်နှာကလည်း ရဲလိုက်တာ၊ သရဲထက် ရဲသေးတယ်။ စကားပြောမှဖြင့် မျက်နှာချိုသွေးလို့။ တရားဟောပြန်လည်း လုပ်ပေ့ ဆိုတဲ့ အပျိုတော်ထဲမှာမှ သူ့မျက်စိ ထားတယ်။

မလ္လာဝတီ။ ။ ကတဲမှပဲ ဒါလောက်ပဲလားတော်။ မဟုတ်နိုင်တာ။





မင်းကေသာ။ ။ အို၊ ဟုတ်အားကြီးပါသေးတော်၊ တစ်နေ့ကတောင် ရွှေနန်းရှင် သခင်မကြီးဘုရားက ကျောင်းသွားပြီး ဆေးလိပ်ပို့ရမယ် ပြောလို့ ကျွန်မရယ်၊ သီရိမာရယ်၊ မင်းနန္ဒာရယ်၊ မစန္ဒာရယ်၊ ၄ ယောက်သား သူ့ကျောင်း သွားကြတော့ ကျွန်မကို မျက်စပစ်ပြီး ကေသာရဲ့၊ နင် မာရဲ့လားတဲ့။ ကျွန်မ ဘာသာ ကျွန်မ မာမာ မမာမာ သူ့အလုပ်လားတော့။ သူနဲ့ ဘာဆိုင်လို့တုံး။ သူ ဘုန်းကြီးပါကလား။ ဘုန်းကြီးပဲ ဘုန်းကြီးဘာသာ ဣန္ဒြေသိက္ခာနဲ့ နေရောပ။ အခုတော့ သူက လူများကို မျက်စပစ်ရတာနဲ့၊ မေးရ စမ်းရတာနဲ့။ လားလား၊ ကျွန်မက သက်နှိုး အားနာလို့သာ။ ဒီလို ဘုရား အရေတော်ဝတ်ပြီး ရွတ်တွတ် ရှော်တော်တော် လုပ်တာ ဘာကောင်းသလဲ။ တကတဲမှပဲ၊ ဘုန်းကြီးသာ ဆိုရတယ်၊ ကာလသားရှုံးလို့။ ကျုပ်တို့ဖြင့် မကြည်ညိုပေါင်တော်။

မယ်စိုင်ဒီ။ ။ "ဆူးကျ ဖက်ပေါက်၊ ဖက်ကျ ဖက်ပေါက်" တဲ့။ ရဟန်းတော် သံဃာတော်များအား အပြစ် မပြောကြနဲ့၊ အင်မတန် ငရဲကြီးတယ်။ ကျုပ်တို့ဖြင့် ဝါဝါမြင် ကြည်ညိုလိုက်တာပဲ။

မင်းကေသာ။ ။ ကဲ ဒါဖြင့် ၂ ပါးစလုံး လူထွက်ပါပတဲ့တော်။ မယ်စိုင်ဒီ ဘယ်သူ့ကို မေတ္တာရှိမလဲ။

မယ်စိုင်ဒီ။ ။ ကျုပ်တို့ဖြင့် အမှန်ပြောတာ၊ ၂ ပါးစလုံးကိုပဲ ကြည်ညိုမှာပဲ။

မင်းကေသာ။ ။ မဟုတ်ဘူး၊ တစ်ခုရယ်။

မလ္လာဝတီ။ ။ မစိုင်ဒီကလည်း "ခေါင်းတစ်လုံးတည်း ရေအိုး ၂ လုံး" ရွက်သလို။ မစိုင်ဒီ စိတ်ကူးလွဲတော့မပ။ လိပ်ပြင်ကျောင်း ကိုယ်တော်ကလေးက ကြည်ညိုဖို့ကောင်းတယ်။ မျက်နှာပေါကလေးနှင့် ချစ်ဖို့လည်း ကောင်းတယ်၊ တရားဟောလည်း ကောင်းတယ်၊ စကားပြောလည်း ကောင်းတယ်။ ကိုယ့် အတုလဝါသကျောင်း ကိုယ်တော်က အညာသား ဘုန်းကြီးလို စိတ်ကလည်း တိုပါဘိသနှင့်။

ရှင်စောပု။ ။ ဟဲ့ ကောင်မတွေ ထ လုချည့်လား။ ဟဲ့ – စိုင်ဒီရဲ့၊ ငါ့အိပ်မက်ကို ပြောပါဦး။

မယ်စိုင်ဒီ။ ။ မှန်လှပါတော့။ သူတို့နှစ်ပါးလုံးဟာ ရွှေဘုန်းတော်ကြီးမြတ်တော်မူလှသော သခင်မကြီးရဲ့ သားတော်ချည်း ဖြစ်ကြပါ၍ နှစ်ပါးစလုံးပဲ ရှင်ဘုရင် လုပ်ဖို့ ကောင်းလှပါတော့သည် ဘုရား။

ရှင်စောပု။ ။ ညည်းလျှောက်တဲ့ စကားက "လေ့နံ ၂ ဖက်ခုင်း" ကိုး။ ဘာနေရာ ကျနိုင်ပါ့မတုံး။ လောကမှာ ဘုရား ၂ ဆူလည်း မပွင့်စကောင်းဘူး။ နေလည်း



www.burmeseclassic.com

www.burmeseclassic.com



၂ စင်း မထွက်ဘူး။ ပြီးတော့ ပြည်တစ်ပြည်တည်းတွင် ရှင်ဘုရင်လည်း ၂ ယောက် စံရမယ်လို့ ထုံးစံမရှိဘူး။ ကဲ မိစိုင်ဒီနဲ့ မင်းကေသာ ၂ ယောက် လိပ်ပြင်ကျောင်းသားတော်ကြီးကို သွားပင့်ကြ။ မယ်တော်ကြီးက မြန်မြန် ကြွခဲ့ပါလို့။ အို ပြောရင်း မတ်တတ် မောင်ပဍွင်း ကြွလာပကော။ အခန့်သင့်လိုက်တာ။ ဟဲ့ ကောင်မတွေ ဖယ်ကြ။ မောင်ပဍွင်း ဒီကြွ ဒီကြွ၊ ဟဲ့ ကေသာ ဆေးလိပ်ကို မီးတို့ခဲ့ပါ။ မောင်ပဍွင်းကို ကပ်ပါ။ ဟင် ... ဝေးဝေးကြီးက ကပ်ရသလား၊ အနားတိုးကပ်ပါ။

'ထိကုန်မှာ စိုးလို့ပါ ဘုရား'

ခမ္မခရ။ ။ ထိပေတယ်လို့ ဦးပဍွင်း စိတ်မဆိုးတတ်ပါဘူး။ အနားသာတိုးကပ်ပါ။ ဘုန်းကြီး ဆိုတာမျိုးဟာ ၂ တောင့်ထွာ ဟတ္ထပါသ်အတွင်းက ကပ်မှသာ ဘုဉ်းပေး သုံးဆောင်ကောင်းတယ်။ ဝေးဝေးကြီး ကပ်တာများ စားသောက် ဘုဉ်းပေးရင် အာပတ်သင့်တယ်။

မင်းကေသာ။ ။ ကိုယ်တော်မှာ အာပတ်များ သင့်သေးသလားဘုရား။

ခမ္မခရ။ ။ ဒီမိကေသာ ပြောမှဖြင့် ဒါလို့ချည်းပဲ၊ ကတဲ နင် ငါ့ကို မရှိသေဘူးပေါ့လေ။ မှတ်ထား မှတ်ထား၊ ငါ့များ အာပတ်သင့်သေးသလားတဲ့၊ ဘုန်းကြီး မဟုတ်တဲ့အတိုင်း၊ တစ်ခါ နင် ကျောင်းလာခဲ့ဦး။

ရှင်စောပု။ ။ အို မောင်ပဍွင်းကလည်း ဒီကောင်မတွေနဲ့ ဘယ့်နှယ် တောက်တီးတောက်တဲ့ဟာတွေ လျှောက်ပြောနေပါလိမ့်မတုံး။ ဒါလို မောင်ပဍွင်းရဲ့၊ ဘိုးသူတော်ကြီး နှစ်ယောက် နန်းတော်ထဲ ဝင်လာရော့။ လာပြီးတော့ ခမ္မခရရော ခမ္မညာဏရော နှစ်ပါးလုံးကို မင်းမြှောက်ရမယ်လို့ ပြောသွားတယ်။ ဒါ ဘယ့်နှယ်ဟာတုံး။

ခမ္မခရ။ ။ မယ်တော်၊ ဒီအိပ်မက်ဟာ ခမ္မညာဏ ဉာဏ်နှင့်တူတယ်။ ခမ္မညာဏက ဆေးကု ဝါးကု၊ မျက်နှာပွင့်ဆေး ဖော်၊ အနုဆေးကြိတ်၊ စုန်းပူးနတ်တိုက် လုပ်နေတဲ့ ဒုဿီလအလဇ္ဇီကပဲ။ သူ့မှာ သရဲမွေးထားတယ်လို့လည်း ကြားတယ်။ သူ့သရဲကို အိပ်မက်ပေးခိုင်းဟန်ရှိတယ်။ မယ်တော် မစိုးရိမ်နှင့်၊ ဦးပဍွင်း ကြည့်ကြံမယ်။ ကိုင်း နေမြင့်နေပြီ၊ ဦးပဍွင်း ပြန်ဦးမယ်–ပြော၍ ကျောင်းသို့ ပြန်လေ၏။

**ရှင်ခမ္မညာဏ လူထွက်ခြင်း**

တစ်ရံရောအခါ ဘုရင်မ ရှင်စောပုသည် အင်းဝမှာ နေရစဉ် ဆောင်းလျောင်ကြက်ကဲ့သို့ မထွက်သာ မသွားသာ များစွာ ဆင်းရဲဒုက္ခ ဖြစ်နေရာမှ အားထုတ်





ကြံစည်၍ အောက်နိုင်ငံသို့ ချောချောမောမော ရောက်လာရခြင်း၊ အထွတ်အမြတ်သို့ ရောက်အောင် ရှေ့ဆောင်ရှေ့ရွက်ပြုခြင်း စသော သားတော်နှစ်ပါး၏ ကျေးဇူးကို အထူးသဖြင့် စဉ်းစားနေစဉ် အတုလဝါသကျောင်း ဆရာတော်လူထွက်ကလေး ခမ္မညာဏသည် ရုတ်တရက် ရှောင်တခင် နန်းတော်သို့ ဝင်လာ၏၊ ရှင်စောပုလည်း အံ့အားသင့်၍ 'အလို မောင်ပဍွင်းနှယ်၊ ဘယ့်နှယ် ဖြစ်လာရတာတုံး' ဟု မေးတော်မူရာ၊ ဘုန်းကြီး လူထွက်ကလေး ခမ္မညာဏက 'ဒကာမကြီး၊ ထွက်ခဲ့ပကောလေ' ဟု ဆိုလျှင် ရှင်စောပုလည်း ပြုံးတော်မူ၏။ အမျိုးတော်များကမူ ဝါးခနဲ ရယ်ကြလေ၏။

ထို့နောက် ရှင်စောပုက မိန့်ဆိုတော်မူသည်မှာ 'သာသနာတော်မှာ မပျော်ပိုက်ရင်တော့ ထွက်တာပဲ ကောင်းတယ်။ ထွက်တာပ။ ပါဏုပေတံ၊ အသက်ထက်ဆုံး သင်္ကန်းနှင့် နေရမယ်လို့ ဘယ်သူကမှ ကြိုးနှင့် ချည်ထားတာ မဟုတ်ဘူး။

'ဟဲ့ ကောင်မတွေ၊ တိုက်တော်ထဲက အချိတ်ပုဆိုးများ၊ ထိုင်မသိမ်းအင်္ကျီများ၊ ရွှေကျင်ခပ်ပဝါများ ယူခဲ့ပါ'

'မှန်လှပါ၊ ရောက်ပါဘုရား'

'ရော့ရော့၊ ငါ့သားနှယ် ဘယ့်နှယ် ပိတ်ပိုင်းကြီးများ ဝတ်လာရတယ် သိပါဘူး၊ ဖြစ်မှဖြစ်ရလေတယ်။ ထွက်ချင်ရင် ထွက်ချင်တယ် မယ်တော်ရဲ့လို့ အစောက ကြိုတင်ပြောလာတာ မဟုတ်ဘူး။ ကမူးကတူး လုပ်လာလိုက်တာ။ ရော့၊ ဟောဒါကို လဲဝတ်။ ပိတ်ပုဆိုးကြီး ချွတ်ပစ်လိုက်ပါ။ အို ပုဆိုးဆီးတာလည်း ဘုန်းကြီး သင်းပိုင်ဝတ်တာ ကျနေရော့။ တိုလှချည်ရဲ့၊ ဆွဲချလိုက်ဦး အောက်ကို အောက်ကို၊ မဟုတ်သေးဘူးလေ။ ဒီလာစမ်း၊ ဒီလာစမ်း။ ကြည့်စမ်း ဟောဒီမှာ။ ပုဆိုးခါးပုံမြိတ်ကို ညီအောင် ဟောဒါလို ဆွဲချရတယ်။ ကဲ ဒီလိုဆိုတော့ မကောင်းပါလား။ ရော့၊ ဟောဒီ ထိုင်မသိမ်းအင်္ကျီကိုဝတ်။ အင်း ချွတ်လိုက်ဦး၊ လက်ကျဉ်းနေတယ်။ ဟောဒါကိုဝတ်။ အင်း ဟုတ်တယ်၊ ဒါနဲ့မှ တော်တယ်။ ကတဲမှပဲ ဟဲ့၊ ဆာဝါရေ .... အေးလေ ယောင်လို့၊ ဘသုတဲ့ ခေါ်ခင်းရေ၊ ကေသာရေ၊ ညည့်းလူကို ကြည့်လုပ်ပေးလိုက်ပါဦး။ ရော့ ပဝါ၊ ခေါင်းဒယားမင်းသားပေါင်း ပေါင်းပေးလိုက်စမ်းပါ'

မယ်ကေသာ။ ။ ကိုင်း၊ လာခဲ့။ ဒီနားတိုး။ ဘုန်းကြီးတုန်းကတော့ သူ့ကို ရိုသေလိုက်ရတာ။ ငုံ့၊ ငုံ့။ မဟုတ်သေးဘူး။ 'မော့၊ မော့လိုက်ဦးလေ။ ငုံ့လျှိုးကြီး လုပ်နေလိုက်တာ။ မှန်း၊ မှန်း ဟောဒီလို မော့ရတယ်။ ငုံ့ဦး၊ ငုံ့လိုက်ဦး။ ငုံ့ဆို၊ ဟောဒီလို ငုံ့ရတယ် မှတ်ထား။ သိပလား၊ မှတ်မိပလား ဟင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပြုံးရတာလဲ၊ သျှောင်မရှိ ဘာမရှိနှင့်၊ ခေါင်းတုံးပြောင်ဟာ အပေါင်းရအခက်သား၊ ငြိမ်ငြိမ်နေ။ ခေါင်းကို မလှုပ်နဲ့။ ပုတ်လိုက်ရဦးမလား။ သူ့မျက်နှာက ဖြစ်နေလိုက်တာ။ ဒါကြောင့် ဘုန်းကြီးလူထွက်များ ခွကျတယ်လို့ ပြောကြတာ။ ကိုင်း ... သွားတော့၊ ပြီးပြီ။

ထိုသို့ ဓမ္မညာဏကို အဝတ်ဆင်ယင်၍ ပေးပြီးနောက် ရှင်စောပုက 'ငါ့သား ဓမ္မညာဏ၊ ငါ့သား ဘာကိုမှ မစိုးရိမ်နှင့်၊ မကြောင့်ကြနှင့်။ မယ်တော်ကြည့်ရှုမယ်၊ ကိုင်း မြို့ဝန် ဗညားအိန်ထံကို ခဏသွားနေဦး၊ နောက်မကြာခင် မြို့စား ရွာစား သင့်လျော်ရာကို သနားတော်မူမယ်' ဟု ပြောသောအခါ ဘုန်းကြီးလူထွက် ဓမ္မညာဏလည်း 'မယ်တော်ကို တပည့်တော် ကန်တော့ခဲ့ပါသေးရဲ့' ဟု ဦးချပြီး ဗညားအိန်ထံ သွားလေ၏။

ဓမ္မညာဏ သွားလျှင် သွားချင်း ရှင်စောပုသည် ကိုယ်တော်တိုင် စာတစ်စောင် ရေးသားတော်မူလေ၏။

**ရှင်ဓမ္မဓရထံ စာလွှာပို့ခြင်း**

လိပ်ပြင်ကျောင်း ဆရာတော်ကလေးသို့-

မယ်တော် ရွှေနန်းရှင် လျှောက်ထားပါသည် မောင်ပဥ္စင်းဘုရား။ အကြောင်းမှာ အတုလဝါသကျောင်းက မောင်ပဥ္စင်း ဓမ္မညာဏဖြင့် လူထွက်လာပြီ။ မယ်တော်လည်း မိန်းမသားဖြစ်တယ်။ မောင်ပဥ္စင်းကိုလည်း မယ်တော် အပုံကြီး အားကိုးတယ်။ မယ်တော်ရဲ့ စည်းစိမ်သည် မောင်ပဥ္စင်းဖို့ချည်း မှတ်ပါ။ မောင်ပဥ္စင်းသည် သာသနာတော် ဘောင်မှာ မပျော်မွေ့လို့ ငြီးငွေ့လို့များ လူထွက်ချင်ရင်ဖြင့် ထွက်သာ ထွက်ပါ။ ဘာကိုမှ မစိုးရိမ်ပါနဲ့၊ မယ်တော် ရှိပါပြီ။ ပုဆိုး၊ ပဝါ၊ အင်္ကျီ စသည်များကိုလည်း ပေးလိုက်ပါသည်။ အရင်ပြောတဲ့အတိုင်းလည်း နေရာကျပါစိမ့်မယ်၊ လုံပါစေ။

အမိန့်တော် လျှောက်လွှာကို ရေးပြီးနောက် တံဆိပ်အမှတ်အသားများ ခတ်နှိပ်ပြီးလျှင် စာနှင့်တကွ အဝတ် ပုဆိုးများကို အပါးတော်တွင် ရှိသည့် ကေသာ၊ မိလ္လာ၊ စန္ဒာ၊ နန္ဒာ ဟူသော အပျိုတော်များကို အပ်နှံ၍ ငါ့သားတော် လိပ်ပြင်ကျောင်း မောင်ပဥ္စင်းထံသို့ ပေးရမည်ဟူသော အမိန့်တော်အတိုင်း အပျိုတော်များသည် လိပ်ပြင်ကျောင်းသို့ သွားကြရ၏။ ကျောင်းသို့ ရောက်လျှင် ဘုန်းကြီးကို မတွေ့ရသဖြင့် ကျောင်းသားကလေး တစ်ယောက်အား 'မင်းတို့ ဘုန်းကြီး ဘယ်ကြွသလဲ၊ အလှူများ သွားရော့သလား၊ မမြင်ပါလား' ဟု





မေးရာ ကျောင်းသားက 'ဘာကိစ္စရှိသလဲ၊ ဘုန်းကြီး ရှိတယ်၊ ကျက်သရေခန်းထဲမှာ ဖိုထိုးနေတယ်' ဟု ပြောလျှင် အပျိုတော် မင်းကေသာက 'မင်းတို့ ဘုန်းကြီးနှယ် ထိုးပဲ ထိုးနိုင်တယ်၊ မဖြစ်သေးဘူးလားဟဲ့ ရွှေ၊ ဖြစ်များဖြစ်ရင် နန်းတော်ကြီးက လက်ပါးစေ မမကေသာက လက်ကောက်တစ်ရန်နဲ့ နားပန်တစ်ဝတ်စာ ဆောက် ပေးပါလို့ ပြောတယ်လို့ မင်းတို့ဘုန်းကြီး လျှောက်လိုက်စမ်းပါကွယ်' ဟု ပြောရာတွင် စန္ဒာဝတီက 'သူတို့ ဘုန်းကြီးဆိုတာမျိုး အင်္ဂရတ်ထိုးရင်းနှင့် အချင်းဖြေရတာပဲ ထင်ပ' ဟု ပြောဆိုနေကြတုန်းမှာပင် ရှင်ဓမ္မဓရသည် ဖြုန်းခနဲ ကျက်သရေခန်းထဲက ထွက်တော်မူလာခဲ့လေ၏။

ဓမ္မဓရ။ ။အင်း ကောင်မတွေ ရောက်ပြန်ပလား၊ ဟိုကောင်မ စုန်းပူးသေးသလား၊ တစ်နေ့က ငါပေးတဲ့ အင်းပြားကို သောက်တယ်မဟုတ်လား၊ ကေသာကော ငါပေးတဲ့ လက်ဖွဲ့နဲ့ နေရာကျရဲ့ မဟုတ်လား၊ တစ်နေ့က သိင်္ဂါသော ဆိုတဲ့ ကောင်မ တစ်ယောက် ရင်ဘတ်နာတယ် နာတယ် ဆိုတာ ဘယ့်နှယ် နေသေးသလဲ။

'ပျောက်ပဲ မပျောက်သေးပါဘူး ဘုရား'

'အင်း ဘာပျောက်မလဲ၊ ငါပြောတာမှ မလုပ်ဘဲကိုး။ ငါ့အင်း တင်ပြီး နှိပ်ချရရင်တော့ ခဏလေးနဲ့ ပျောက်သွားမှာပဲ။ ဟဲ့ ဘိုးခ၊ မနက်က ပရိတ်ရွတ်ရာက ရခဲ့တဲ့ ငှက်ပျောသီး ရှိသေးတယ် မဟုတ်လား။ ထုတ်ခဲ့စမ်း၊ အင်း ငှက်ပျောသီးကြီးတွေကဖြင့် ဝလိုက်တာ၊ ချိုပုံပေါ်ပါရဲ့၊ ရော့ စားကြစမ်းပါဟား ငါ့ဘောင်မှ မစားရက်ဘူးဟာ၊ နင်တို့ ကျွေးချင်လွန်းလို့။ မနက်က ဒီငှက်ပျောသီးကြီးတွေ မြင်ကတည်းက ကေသာ မျက်နှာ မြင်မြင်နေတယ်'

'ကိုယ်တော် ပြောမှဖြင့် ထိကပါး ရိကပါးနဲ့၊ ဒီလိုချည်းပဲ'

'ဘယ့်နှယ် ဒီလိုရမလဲ၊ နင်တို့ ကျွေးချင်လွန်းလို့။ ဒါထက်ပဲ ငါ့မှာ ဆေးလိပ်တောင် သောက်စရာမရှိဘူး၊ ကုန်နေပြီ၊ နင်တို့မှာ ပါကြသေးသလား'

'မပါပါဘူး ဘုရား'

'အေးလေ ဟုတ်ပါတယ်။ ဘုန်းကြီးဟာ ပေးလား ကမ်းလား၊ ဒကာမတွေတော့ မုန့်တင်း ပဲတင်း ဆိုတာ ဘယ်လောက် မုန်ပါသလဲလို့၊ အိန်း ဒကာမကြီးက ဘာများ မှာလိုက်သေးသတုံး'

ထိုအခါ အပျိုတော်များက 'ဟောဒီစာနှင့် ဟောဒီအထုပ်ကို ပေးလိုက်ပါတယ်၊ ရွှေကျောင်းကြီးပျော် ဆရာတော်ဘုရား' ဟု ဆို၍ စာနှင့် အထုပ်ကို ပေးလိုက်ရာ ဆရာတော်ကလေး ဓမ္မဓရသည် စာကို ဖတ်ရှုတော်မူလိုက်လျှင် အကြောင်းမျိုးစုံကို သိရ၍ မှိုရသော မျက်နှာကဲ့သို့ လွန်စွာ ဝမ်းသာအားရ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော်မူလျက်နှင့်ပင် ဤသို့ မိန့်မြွက်တော်မူပြန်၏။ 'ကေသာတို့ စန္ဒာတို့၊ ငါသည် သုံးလူ့ထွတ်ထား မြတ်ဘုရားသခင် ရွှေကိုယ်တော်မြတ်ကြီး၏ သာသနာမှာ လွန်စွာပဲ ပျော်ပါ၍ ကျောင်းသားက မောင်ရင်၊ မောင်ရင်က ပဥ္စင်း၊ ပဥ္စင်းက ဘုန်းကြီး၊ ဘုန်းကြီးက ဆရာတော် ဖြစ်၍ ငယ်ဖြူအစစ်လည်း ဖြစ်တော်မူ၏။ လဇ္ဇီပေသလ သိက္ခာကာမ အစစ်လည်း ဖြစ်တော်မူ၏။ "ဃရာဝါသ၊ သမ္ဗာဓဖြင့်၊ ဒုက္ခဖွဲ့နှောင်၊ လူတို့ဘောင်" ဟူသည်နှင့်အညီ ဤမည်သော မာတုဂါမတို့၏ အတွေ့အာရုံ ခလေ့ဝါသနာအထုံကို စုံစုံမက်မက် တစ်ချက်ကမှ မက်လှသည်ဟုလည်း ရှိတော်မမူထသော၊ နင်တို့လို မာတုဂါမများသည် (ဝါ) မိန်းမတို့သည် ကိန်းလှအောင် ပြုပါသမျှကိုလည်း ဥဒ္ဓုမာတကတည်းဟူသော အပုပ်ကောင်မတွေက (ဝါ) တစ္ဆေမကြီး သရဲမကြီးတွေက ဟုတ်မယောင်ယောင် ရုပ်ဆောင်ပြသည် ဟူ၍သာ ထင်တော်မူထသော၊ သည်ဘဝတွင်ဖြင့် သည်ဒကာမတွေတည်းဟူသော ဉပါသကီမတို့သည် လှရော့ ပရော့ဟု ကြော့ကြော့မော့မော့ ဆင်သွားသွားလျက် တင်ပါးကျယ်ကျယ် ရင်သားထည်ထည်နှင့် ဘယ်ဝယ်ဘယ်သို့ ဟယ်အလို့ဟု ကပို့ကရို့ ခို့တရို့ဖြင့် တတို့တို့ ပလူးကြသော်လည်း ဘီလူးမ ဟူ၍သာလျှင် ငါ ထင်တော်မူထသော၊ အညွန့်ဆုံးသော ဗလာထဘီနှင့် ပဝါနီကို ပခုံးမှာတင်၍ ပြုံးရွှင်စွာ ချိတ်သမျှကိုလည်း အနိစ္စသာလျှင် ထင်တော်မူထသော၊ ထွားထွားညက်ညက် ပါးနှစ်ဖက်၌ မျှားမက်ဖွယ် အမှတ်ထားလျက် သနပ်ခါးနံ့သာ သုတ်သမျှကိုလည်း တို့များက ဒုက္ခဟူ၍သာလျှင် ထင်မှတ်ယုံကြည်တော်မူထသော၊ ဗျာပါဒ်ဆံ တခါခါနှင့် မာယာသံ ခရာ၍ အရာရာ မက်လုံးပြမည်ဟု မျက်လုံးကလေးလှလှ မျက်ခုံးကလေး သ သမျှတို့မှာလည်း အသက်ဆုံးကြတော့ဖြင့် အသရေ မလွင်မူ၍ အရေမတင် မဖတ်မရနှင့် အနတ္တပါတကားဟု ငါ တရားကျတော်မူထသော၊ ယင်းကဲ့သို့ အဝါးဝဝ တရားကျလျက် အများတကာ့ ရဟန်းများထက် ကမ္မဋ္ဌာန်း ပွားများခြင်းတည်း ဟူသော ထုံးနည်းဖြင့် ဘုန်းကြီးသူတော်ကောင်း စင်စစ် ဖြစ်တော်မူသည်နှင့်အညီ (၁) မကောင်းမြစ်ထာ (၂) ကောင်းရာညွှန်လစ် (၃) အသစ်ဟောကျူး (၄) နာဖူးထပ်မံ (၅) နတ်ထံတင်ရာ (၆) မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ- ဟူသော ဘုရားဟော ဒေသနာ သိင်္ဂါလ ဆုံးမစာဖြင့် ဒကာ ဒကာမအပေါင်းအား မကောင်းမှုကို တားမြစ်ခြင်း၊ ကောင်းသောတရားကို ဟောကြားခြင်း၊ မကြားဖူးသော တရားကို နားနှူးအောင် များများကြီးနှူးခြင်း၊ ကြားဖူးသော တရားဟောင်းကိုလည်း နားညောင်းအောင် ဟောကြားခြင်း၊ တာဝတိံသာ မဟာသုဒဿန အယုဇ္ဈမြတ် ကြင့်နန်းတည်းဟူသော နတ်နန်းနတ်ထီး၌ နတ်သမီး





နတ်သား ဖြစ်အောင် လုပ်ပေးခြင်း၊ ဒါယကာ ဟူသမျှတို့နှင့် ဒါယိကာမ ချစ်ရော တို့ကိုလည်း မေတ္တာတော်ပို့ခြင်း စသော ဆရာ ရဟန်းတို့၏ ပြုဖွယ်ရာ အင်္ဂါ (၆) ပါးနှင့်တကွ (၂၂၇) ပါးသော သိက္ခာပုဒ်တို့ကို ထမ်းဆောင်၍ ရဟန်းဆောင်၌ နေရခြင်း၌ ပျင်းရိငြီးငွေ့ခြင်းမပေါ် အပုံကြီးပျော်လျက် လူထွက်တော်မူဖို့ အရေးကို တစ်ရေးမျှ စိတ်မပါ။ သို့ရာတွင် မယ်တော် ရွှေနန်းရှင်ဒကာမကြီးကိုလည်း အားနာစရာ ကောင်းနေပြီ။ ဒကာမကြီးရဲ့ လျှောက်ချက်ကို ငြင်းဆန်ယယ်ဖျက်လျက် မထွက်ဘဲ နေလို့ဖြင့် မတော်ဘူး။ ကိုင်း ကေသာ၊ ထွေထွေရာရာ တောင်မြောက်လေးပါး မပြောနှင့်တော့။ ပရိသုဒ္ဓပြုတော်မူမည်။ ငါ လူထွက်တော်မူမည်။ နားထောင်၊ ငါက ဆိုမယ်။ ငါဆိုလို့ ဆုံးတော့ အာမဘန္တေလို့ ဆိုနော်။ အဟမ်း ... အဟမ်း၊ မံ၊ ငါ့ကို။ ဂိဟီတိ၊ လူဟူ၍။ ဓာရေထ၊ မှတ်ကြကုန်လော့'

'ဆုံးပလား ဘုရာ့'

'ဆုံးပြီ'

'အာမဘန္တေပါ ဘုရား'

'ကိုင်း တစ်ခါဖြင့် ပြီးပေပြီ၊ ပုဆိုးလဲတော်မူရုံသာ လိုတော့တယ်'

**ရှင်ဓမ္မစရေ လူဝတ်လဲခြင်း**

မင်းကေသာ။ ။ ဟောဒီ အထုပ်ထဲမှာ ပုဆိုးတွေ ဘာတွေ အစုံပဲ ပါတယ်ဘုရာ့၊ ကြိုက်ရာအဆင် ရွေးဝတ်။

ဓမ္မစရေ။ ။ ဖြေစမ်း ဖြေစမ်း နင့်အထုပ်၊ လှန်လိုက်စမ်း၊ ဟိုဒင်းက ဘာတုံး။

မင်းကေသာ။ ။ ကြိုးကြီးချိတ်ပုဆိုး ဘုရာ့။

ဓမ္မစရေ။ ။ နင့်အဆင်ကြီးက ရင့်လိုက်တာ၊ ဟိုအပေါ်ကဟာ ပေး၊ အောက်ကဟာ ပြစမ်း။ ဒါက ဘာလဲ။

မင်းကေသာ။ ။ ဒါက အင်္ကျီဘုရာ့။

ဓမ္မစရေ။ ။ ပြစမ်း၊ ဒါက ဘာတုံး။ ဟိုဒင်းကကော ဘာလဲ။

မင်းကေသာ။ ။ အို ဒါလောက်များ မေးတော့ စိတ်မရှည်ဘူး၊ ပဝါဘုရာ့ ပဝါ။ အပြာ ကြိုက်သလား၊ ဟောဒီ အဝါနုကလေး ပေါင်းပါလား၊ အသားဖြူဖြူနဲ့ လိုက်တယ်။

ဓမ္မစရေ။ ။ ကြည့်စမ်းဟဲ့၊ ဝတ်ပုံ ပေါင်းပုံ ဟန်ရဲ့လား၊ ပေါင်းပေါင်းစချုပ်ကော နေရာကျရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မင်းကေသာ။ ။ ဒီလို မချရဘူး၊ မှန်း မှန်း အသာနေစမ်း၊ မယမ်းနဲ့။ ခေါင်းကို ငြိမ်ငြိမ်နေ၊ မလှုပ်နဲ့၊ ဟောဒီလို ချရတယ် မှတ်ထား။ ဟုတ်ကဲ့တော်၊ ခေါင်းပေါင်းစကြီး ချထားလိုက်တာ တစ်တောင်လောက် ရှိပါရဲ့။ လူမြင်ရင် ရယ်စရာ။ ဒါနဲ့ပဲ ထွက်ချင်သေးတယ်။ သင်္ကန်းဝတ်နေတာ အကောင်းသားနဲ့။

ခမ္မခရ။ ။ ကောင်းတယ်လို့ ဘယ့်နှယ် လုပ်တော့မတုံး ကေသာရယ်။ ဒကာမကြီးကလည်း ထွက်ပါ ထွက်ပါလို့ ခဏခဏ စာပေးသဟဲ့။ တစ်နေ့ကတောင် မောင်ပဉ္စင်း ဒီအဝတ်နဲ့ အရိုးထုတ်တော့မလားတဲ့၊ မထွက်ဘူးလားတဲ့။ မောင်ပဉ္စင်းပြင် တပည့်တော်မ အားကိုဖို့ မရှိဘူးတဲ့။ လွယ်မွေးတဲ့ မအေမဟုတ်လို့ မချစ်ဘူးလားတဲ့၊ ပြောလိုက်ရှာသေးတယ်။ သြော် အမေတစ်ခုသားတစ်ခုကဲ့သို့ အားပြုရှာတယ်။ မထွက်ပြန်လည်း အခက်၊ ထွက်ပြန်တော့လည်း ပျော်တော်တော်ဟဲ့။ အဖော်အလျော် တစ်ကိန်းလုအောင်ဟာ ကေသာရေ ငါ့မှာဖြင့် မိန်းမသာ လိုတော့သဟဲ့။

မင်းစန္ဒာ။ ။ ဟောတော့ အခုကပဲ မိန်းမစကား ပြောပြီ။ ကိုင်း မယ်နန္ဒာပဲ ဘုန်းကြီးလူထွက်ကတော် လုပ်ပေတော့။

မယ်နန္ဒာ။ ။ မဟုတ်တာ စပ်စပ်ဟပ်ဟပ်တော်၊ ကိုယ်ပဲ လုပ်၊ ကိုယ်နဲ့ ရှုးပေါ်ပေါ်ချင်း လိုက်တယ်။

မင်းကေသာ။ ။ အင်း ဒီဥပကမှ ဥပကဟဲ့၊ တကယ့်ကို ရယ်စရာ ကောင်းတယ်။

ခမ္မခရ။ ။ အောင်မယ် ဒီဥပကမှ ဥပကတဲ့၊ နင် ငါ့ကို ဥပကနဲ့ နှိုင်းသလား။ ဟို ဥပက ကတော့ မှဆိုးသမက်ဟဲ့။ ငါကတော့ ဘုန်းကြီးလူထွက်သာ ဆိုရတယ်၊ နဂိုပဝရ ဟံသာဝတီမှာ ဉာဏ်ဇာနီ အသွင်လှတယ်လို့ ရှင်ဘုရင်မ မွေးစားတဲ့ သားတော်မြတ် ငါအရှင်ကို ဆာဝါလင် ငနဲကြီးနဲ့ တွဲတွဲပြီး မပြောစမ်းပါနဲ့ဟယ်၊ ငါ ရှက်ပါတယ်။ သြော် နန်းတော်ကြီးက အပျိုတော်တွေနဲ့ပဲ သိက္ခာချလို့ဖြင့် ပြီးပေပေါ့။ သင်္ကန်းဝတ်နှင့် သီချင်းများ မဆိုရတာ တော်တော်ကြာပြီ။ ဆိုကြည့်စမ်းရဦးမှာပဲ။ နေရာမှ ကျပါ့မလား ကေသာရေ၊ နားထောင်စမ်းဟဲ့၊ ငါ့အသံ ဟန်ရဲ့လား။

မင်းကေသာ။ ။ သြော် ဘုန်းကြီးလူထွက်များဟာ သိမ်မွေ့သင့်လို့လား မပြောတတ်ဘူး၊ သွပ်ချောင်ချောင်ချည်းပဲ တွေ့ရတယ်။ ကိုင်း ဆိုတော်မူ ကိုယ်တော်၊ ဆိုတော်မူ။





**ခမ္မခရ ဆို လူထွက်တဲ့ လေးချိုးခွန်းထောက်**

ယခင် ရဟန်းအဝတ်ဟာ တန်ခိုးဂုဏ် မနဲပေမဲ့၊ သင်္ကန်းချွတ်ကာ
ပုဆိုးတဖုံ လဲလိုက်ပြန်တော့၊ ကတိုးမှုန် ပုလဲတို့နဲ့ နှစ်မျိုးနှစ်ခု တွဲပါလို့
နိမိတ် ရှာမနော်။ (အိုကွယ်) တမျိုးတဖုံပဲသာပ စိတ်မှာပျော်။ •
(သြော်) သိက္ခာဖြင့် ပျက်ချေပေါ့၊ ပရိက္ခရာတွေလဲ မမက်ပါဘူး။

ကေသာတို့ စန္ဒာတို့ ကြည့်စမ်းဟဲ့၊ ငါ့ကျောင်းပေါ်မှာ သင်္ကန်း သပိတ်ပရိက္ခရာမှ စ၍ ဘာတစ်ခုမှ လိုလေသေးတယ်လို့ မရှိဘူး။ စာတွေ ပေတွေကလည်း ပေါတယ်။ ပိဋကတ်မှ လေးငါးခြောက်ထပ် ရှိတယ်။ အဲဒါတွေလည်း ရောင်းချပြီး မယူတော့ပါဘူး။

ကေသာ။ ။ မနေနိုင်လို့ ထွက်ပေါ့ဟာ ဘာလုပ်တော့မလဲ ကိုယ်တော်၊ သူတကာ လှူစာ တန်းစာ ပရိက္ခရာတွေကို ရောင်းပြီးတော့ မိန်းမကို ပုတီးနားတောင်းတို့ ဘာတို့ ဆင်တာများ လားလားမှ မတော်ပါဘူး၊ ကင်းကင်းရှင်းရှင်းပဲ ကောင်းပါတယ်။

ခမ္မခရ။ ။ သြော် မပျော်လို့ ထွက်ရပေမဲ့ သူတကာ ဘုန်းကြီးလို အစွန်းအငြိ မရှိဘူး။ ကြည့်ပါလား၊ ငါ့မတော့ အနဝဇ္ဇ–ခြောက်ပြစ်ကင်းဟဲ့။ လူဖြစ်တဲ့ဘဝမှ လုလုကြီးပျော်မယ်။ သြော် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မှာ မရပ်မနား တရစပ်သွားနေကြတဲ့ သူရောငါပါ သတ္တဝါ အရပ်ရပ်တို့မှာ ဥပါဒ်ငြိဘင်တို့ အစဥ်မပြတ်ဖြစ်ရ ပျက်ရတဲ့ အခြေပါတကားလို့ ဒေသနာကျမ်းက ပြပေမဲ့ ကမ္မဋ္ဌာန်းကျနိုင်ဘူးဟဲ့။ အဲဒါလို ကမ္မဋ္ဌာန်းမကျလို့ အလုံးတွေကတော့ ပြုံးခြင်းတဲ့၊ ပြည်ခြင်းတဲ့၊ ရယ်ခြင်းတဲ့၊ ပလီခြင်းတဲ့၊ ခရာခြင်းတဲ့၊ တာခြင်းတဲ့၊ အမျိုးမျိုးအဖုံဖုံအပုံကြီး များတယ်နော်။ အနို့သော် မနေနိုင်လို့ ထွက်ပါပြီတဲ့၊ ထွက်ပေမဲ့ သူများလူထွက် ရွှန်းပြက်ပြက်မျိုး မဟုတ်ဘူး။ ဟိုတုန်းက ဥပကဆရာမှာတော့ ရှေးကျတဲ့ ငနဲဟာမို့ ကေသာရေ ... သူ့ဒကာမ ဆာဝါဟာ ကလေးရတောင် ဆဲသေးသတဲ့။ မဆဲဘဲ နေပါ့မလား၊ ရှေးကျတဲ့ ဘုန်းကြီးလူထွက်ကြီးကိုး။ ဟောဒီက တို့ကတော့ ဟံသာဝတီ ပဲခူးခေတ်မှာ တစ်မျိုးအသစ် ကာလဆန်တာမို့ မာနထန်တယ်လို့ ပြောရင်လည်း ခံရတော့မယ်။ ရွှေမော်ဓောဘုရားရှင် ကိုယ်တော်မြတ်ကြီး စူးရပါစီ၊ ကာလသား အနိုပ်ဆုံးတွေကို သပိတ်ဖုံးလောက်မှတ်တယ်။

မိလ္လာ။ ။ သြော် ... ဝါသနာဘာဂီ ဆက်တိုင်းမီ ဆိုတာလို အခုဆောင်မှ သပိတ်သံအိတ်သံ မပျောက်သေးဘူး။ မောင်ရင်လူထွက် ၃ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ရှုးတယ်၊ ဘုန်းကြီးလူထွက် တစ်သက်လုံး ရှုးတယ်ဆိုတာ တယ်မှန်ပါကလား။ ကိုင်း–ကိုယ်တော်မြတ် သွားကြဦးစို့ရဲ့၊ ရွှေနန်းရှင် သခင်မကြီးက ကြာရမလား လို့ အပြစ်တော် တင်နေပါဦးမယ်။

ကေသာ။ ။ အို … နေပါဦးတော့၊ အခုတင်က သီချင်းကို ဆုံးအောင် ဆိုပါစေဦး၊ ညည်းလူက အသံကောင်းသားပဲ၊ လုပ်ပါဦး ဆုံးအောင်။

မိလ္လာ။ ။ ဆုံးအောင် လုပ်မနေကြနဲ့၊ လာကြ လာကြ သွားမယ်။ နေဝင်လုပြီ၊ လမ်းကျမှ သွားရင်း ဆိုတာပ၊ ကိုင်း ကိုဟိုဒင်း ထ၊ သူ့နာမည် လည်း မသိပါဘူး၊ ကိုင်း ရှင်က ရှေ့က ကြွပေတော့။

နန္ဒာ။ ။ အင်း ပုဆိုးခြေဖျားသိ၊ လွှားသီလွှားသီနှင့် ကြော့ကြော့ မော့မော့ သွားလိုက်တာ မင်းညီမင်းသားနဲ့ပဲ တူပါပေတယ်။ ကိုင်း နန်းတော် လည်း ရောက်လုပြီ၊ အခုတင်က သဖြန်သွားကလေးကို ပြန်ကြားတော်မူပါဦး။

**ဓမ္မစရ ပြန်ဆို လူထွက်တွဲ့ လေးချိုးခွန်းထောက်ကြီး**

ယခင် ရဟန်းအဝတ်ဟာ တန်ခိုးဂုဏ် မနဲပေမဲ့၊ သင်္ကန်းချွတ်ကာ ပုဆိုးတဖုံ လဲလိုက်ပြန်တော့၊ ကတိုးမှုန် ပုလဲတို့နဲ့၊ ၂ မျိုး ၂ စုံ တွဲပါလို့ နိမိတ်ရှာမနော်၊ (ကေသာရယ်) တမျိုးတဖုံပဲသာပ စိတ်မှာပျော်။ ။

(ဩော်) သိက္ခာဖြင့် ချမိပေါ့၊ ရိုတ်စရာ ဒကာမတွေနဲ့၊ နိပ်တာမှ ရပ့်မလားဟဲ့ ကေသာရဲ့၊ သပိတ်ခါ အိတ်ခါ ဘဝဟာမို့၊ အနိစ္စာဝတ သင်္ခါရာ–ဥပါဒ်–ဌီ–ဘင် သဘောတွေနှင့်၊ အဝိဇ္ဇာသဝအင်္ဂါ နှုနှုဖပ်ဖပ် မဒီခင်တို့တွေရယ်ကြောင့်၊ ငါပြောမနော် မယ်ကေသာရဲ့၊ ဘယ်ဒေသနာ ဘယ်ကမ္မဋ္ဌာန်းရယ်မှ၊ ပြုံးတုံးတုံးကလေးနဲ့ ခရာဒါ တာဒါတွေကို မှန်းစရာရယ်လို့မှ မရိုးနိုင်ဘူး၊ ရသာလျှင် လှဒါကိုမှန်းနေကျ၊ ရဟန်း ဘဝမို့၊ အနို့မပျော်ပါတယ်ကိုနော်ကွယ်၊ လမ်းကသို့သော်။ ။

ဥပကဆရာမှာ ဝွကျတဲ့ငနဲဟာမို့၊ သူ့တကာမ ဆာဝါဟာ ခဏ ခဏဆဲပေမဲ့၊ ယခု သမယထဲတွင်ဖြင့် တခေတ်ဆန်းမနော်၊ (အို) အသစ်အဆန်း အကျော်အမော်ပေမို့၊ မာနထန်ထန်တွေး၊ (ကေသာရယ်) တစ်ဂဏန်းခေါ်ပါတော့ ကာလဆန်ဆန် အသွေး။ ။

ပုဆိုးဝတ်ပုံ ရိုးရိုးချွတ်ခါ ခြုံလို့မို့၊ တမျိုးဝတ်လုံ ထိုင်မသိမ်း ငယ်နှင့်၊ အစိမ်းယဉ်ယဉ် အပြာမရမ်း အရောင်ပြောင်းတဲ့ပြင်၊ တကိ်န်း တဆင်၊ ပဝါနသာ ပန်းရောင်ပေါင်းပါလို့၊ ကျောင်းကြီးစံ၊ အဟ် ငါဆရာ မထေရ်မဖြင့်၊ ဟံသာဝတီမှာ ဘုရင်တပါးပေပ၊ အားပြုဘွယ်





အမေ စောရှင်ပုငယ်က ဂရုဓမ္မမကျွာ သဒ္ဓါပေသကိုးရယ်လို့၊ မကာ့ရှ ရတနာ၊ ဘမရာအမွေစိုးချင်လို့၊ သုဂတ ဘဂဝါ၊ သာသနာအခြေဖြင့် မကြိုးနိုင်ဘု၊ သည်တခါ သည်တဝါကျိုးလေရဲ့၊ (အိုကွယ်) အမျိုးမျိုး ကြံကာဖန်ကာ ကွန့်နိုင်တဲ့ မဟာဓော်ပဂေးဟာမို့၊ ဩော် …. ရိုးရိုး မှန်မှန်နဲ့ ကညာ အဖော်အလျော်ကိုသာ ရွေးကြတော့ဟဲ့၊ (ကေသာရယ်) ပဲကိုး ဟံသာညွှန့် ဆရာတော်ကလေး။

လိပ်ပြင်ကျောင်း ဆရာတော် လူထွက်ကလေး ဓမ္မစရသည် အပျိုတော် များနှင့်တကွ တွေ့ကရရှစ်သောင်း သောင်းပြောင်းရောရာ ပြောချင်ရာပြော၊ ဆိုချင်ရာဆိုနှင့် လာခဲ့ကြရာ နေဝင်ရီတရောလောက် ရောက်သောအခါတွင် နန်းတော်ကြီးသို့ ဆိုက်ရောက်ကြလေ၏။ နန်းတော်ကြီးသို့ ရောက်လျှင် ဘုရင်မ ရှင်စောပုသည် ဓမ္မစရ လူထွက်ကို အတွင်းဆောင်သို့ ခေါ်တော်မူသွားပြီးလျှင် စိတ်ရွှင်ဝမ်းသာ တိုင်ပင် ဆွေးနွေးတော်မူကြသော လက္ခဏာဖြင့် ဘယ်အရာ ဘယ်အကြောင်းများကို တီးတိုးစကား ပြောကြားနေကြလေသည်ကို မုချ အတည် မသိရချေ။

www.burmeseclassic.com

www.burmeseclassic.com

## [၄] သမီးတော်အား ဓမ္မဓရနှင့် နားချခန်း

**သမီးတော် နှစ်ပါးကို နားချခြင်း**

ထိုနောက် တစ်ရက်နံနက် မိုးသောက် ထသောအခါတွင် ဘုရင်မ ရှင်စောပုသည် ဤသို့ ကြံဆင်တော်မူမိ၏။ "ငါ၌ သားတော် သမီးတော် ၃ ပါး ရှိသည့်အနက်က သားတော် သမိန်ပရူမှာ ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်ရှာပြီ။ ယခုမှာကား သမီးတော် 'နဲ့တကာထော်' နှင့် 'နဲ့တကာသင်' နှစ်ပါးမျှသာ ရှိတော့သည်။ ငါ့မှာ သင်းတို့ နို့စို့အရွယ်ကပင် မောင်တော်ဘုရားက အင်းဝဘုရင်ကို ဆက်လိုက်သဖြင့် သမီးတကွဲ သားတကွဲ ဖြစ်ပြီး အင်းဝမှာ နေရသည်။ ယခုတစ်ဖန် ပြန်၍ တွေ့ကြရတော့ ရင်အုပ်မကွာ ကြီးပြင်းရတာလို အပုံကြီး နေရာမကျလှဘူး။ သမီးတော်ကလေး 'နဲ့တကာသင်' ကတော့ဖြင့် တစ်ဆိတ် တော်ပါသေးရဲ့။ သမီးတော်ကြီး 'နဲ့တကာထော်' ကဖြင့် မဟုတ်မခံ ကက်ကက်လန်အောင် ပြန်လှန် ပြောတာဆိုတာပဲ။ အဲဒါလို ကဏ္ဍကောစ ဖြစ်ပေမဲ့ သံယောဇဉ် အမြစ်တွေကြောင့် ချစ်ရသေးတာပဲ။ သူက ငါ့များဖြင့် လားလားမှ လူ့နှယ်နှယ် မထင်ချင်ဘူး။ ဘာထင်တော့မတုံး၊ အခုတော့ ရွယ်တူတန်းတူ ညီအစ်မလို ဖြစ်နေတာကိုး။ မအေရယ်လို့သာ ဆိုရတယ်၊ ကိုယ်ကတောင် ရွံ့ရမလို ဖြစ်နေတယ်။ သို့သော် ယနေ့ဖြင့် လိပ်ပြင်ကျောင်းက သားကြီး မောင်ပဥ္စင်း လူထွက်နှင့် ပေါင်းဖက်ရန် အကြောင်းပြပြီး ဖျောင်းဖျရမှာပဲ" ဟု ဆင်ခြင် စဉ်းစား၍ သမီးတော်နှစ်ပါးကို ရှေ့တော်သို့ ခေါ်လေ၏။

သမီးတော်နှစ်ပါး ရှေ့တော်သို့ရောက်လေလျှင် ရှင်စောပုက မိန့်တော်မူသည်မှာ 'သမီးတော်ကလေး "နဲ့တကာသင်" မှာလည်း အပျိုဖော် ဝင်တော့မယ်၊ ငါ့သမီးတော်ကြီး "နဲ့တကာထော်" မှာမူကား အပျိုကြီးဖားဖား ဖြစ်လာပြီ။ ခေတ်နှင့်အခါ အရာရာ အထူးပြောင်းတာမို့ "ဘူးကောင်းလျှင်စင်ခံ၊ အစဉ်ပေါင်းကြတော့၊ လင်ကောင်းမှ စံရသတဲ့"၊ မိဘတို့ အင်္ဂါကလည်း (၁) မကောင်းမြစ်ထာ (၂) ကောင်းရာညွှန်လတ် (၃) အတတ်သင်စေ (၄) ပေးဝေနှီးရင်း





(၅) ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ ဆိုတဲ့အတိုင်း မကောင်းတာကို ဆုံးမမြစ်တားခြင်း၊ ကောင်းရာကို ညွှန်ကြားခြင်း၊ အတတ်ပညာကို သင်ကြားစေခြင်း၊ အရင်းအနှီး ပစ္စည်းဥစ္စာ ပေးကမ်းခြင်း၊ လူကောင်းသူကောင်းနှင့် ကြောင်းလမ်းထိမ်းမြားပေးခြင်း ဆိုတဲ့ မိဘတို့ ဝတ္တရားငါးပါးအနက် ငါ့သမီးတော်ကြီးကို လူကောင်းသူကောင်းနှင့် ထိမ်းမြားပြီး အသားသေသေ အနေကျကျ နေရာချချင်တယ်။ ညည်းကို ဟိုဗညားအိန်ဆိုတဲ့ မြို့ဝန်ကလေးကလည်း မေတ္တာရှိပုံရတယ်။ ခဏခဏပဲ လက်ဆောင်တော်၊ ပဏ္ဏာတော်တွေ ဆက်တယ်။ သို့ပေမဲ့ ရှင်ဘုရင့်သမက် လုပ်ဖို့မကောင်းဘူး။ ဘာကြောင့်တုံးဆိုတော့ ဗညားအိန်က လူမှုလူရာမှာတော့ လိမ္မာပါရဲ့၊ စာတို့ပေတို့တော့ ခြေခြေမြစ်မြစ် မတတ်ဘူး။ ဖတ်တတ်ရုံသာသာ ရှိတယ်။ မယ်တော်ဘုရား ကိုးကွယ်တဲ့ လိပ်ပြင်ကျောင်း မောင်ပဥ္စင်းကလေး ကတော့လည်း စာလည်း တတ်တယ်၊ ဖျတ်ဖျတ်လတ်လတ်လည်း ရှိတယ်၊ တရားဟောလည်း ကောင်းတယ်၊ စကားပြောလည်း ကောင်းတယ်၊ ကြည်ညိုဖို့လည်း ကောင်းတယ်၊ လိမ်လိမ်မာမာလည်း ရှိတယ်။ အိမ်ရှေ့နန်းပြီးလျှင် မင်းမြှောက်ဖို့ ကောင်းတယ်။ အဲဒါကြောင့်'

နဲ့တကာထော်။ ။ အို ဘယ့်နှာတုံး မယ်တော်ဘုရား၊ မိန့်တော်မမူပါနှင့်၊ မပြောကောင်းပါဘူး။ မြတ်မယ်တော်ဘုရား မိန့်ကြားတဲ့ဖြစ်အင်၊ နားထဲမှာ နင့်လွန်းလို့မို့၊ ပင်တိုင်စံအနေခက်လှချည့်၊ တစ်သက်နှင့် သည်တစ်ကိုယ် (အို) သည်လိုဖြင့် မိန့်တော်မူပါနှင့် ဘုရားဟု ဆိုပြီး ငိုယို ညည်းညူသည်မှာ-

**သမီးကြီး နဲ့တကာထော် ငိုပုံ နှစ်ဆစ်ချိုး**

ထေ့တေ့တေ့ရယ်နဲ့ တကယ်၊ အကွေ့ ချယ်သာချယ်လို့၊ အမေ့နှယ် သရော်တာလား၊ မတော်ပါဘုရား။

မကြားချင်၊ နားထဲမှာ တကယ်နင်ရဲ့၊ နွယ်သဇင် ပန်တော်ပန်းကိုလ၊ ဆင်စရာ ထင်ရာ မှန်းတတ်ပေ့၊ (အို မယ်မယ်ဘုရာ့) ရဟန်းထိရင်ဖြင့် အပါယ်လားတတ်ပါသတဲ့ (အမယ်မင်း) နန်းကြီးမယ်ဘွား။

မယ်တော်။ ။ အိုဘယ့်နှယ် ရဟန်း ဟုတ်ရမလဲ၊ ဒုက္ခဟဲ့ ဒုက္ခ၊ မယ်မယ့်သမီးတော်ကြီး မသိသေးဘူး မှတ်တယ်။ ညည်းမောင် မောင်ပဥ္စင်း ထွက်လာတောအေ့၊ သမီးတော် မတွေ့လား၊ မယ်မယ် ခေါ်ပေးမယ်။ သင်္ကန်းနဲ့တုန်းက လှတာ ဘာဟုတ်မလဲ၊ အခုမှ အရုပ်ကလေးလို လှတာကိုးအေ့၊ ပုလည်း မပုမြင့်လည်း မမြင့် အခန့်အသင့်ကလေး၊ သေးသေးသွယ်သွယ်နှင့် တကယ့်ကို ချော တကယ့်ကို လှတယ်အေ့။



www.burmeseclassic.com

www.burmeseclassic.com



နဲတကာထော်။ ။ မယ်တော်ဘုရား မတော်ပါဘူး၊ မယ်တော်ဘုရား့ သမက်ဖမ်းမှာက ရှက်ခမန်းလိလိပါကလား။ "ကုန်ရှုံးရင် တစ်ခေါက်၊ လင်ကုန်ရှုံးမှဖြင့် တက်တက်ပြုန်းလို့မို့၊ တစ်သက်လုံး မှောက်တတ်သတဲ့"၊ ရောက်တတ်ရာရာ မဆီမဆိုင်တာ ရှာရှာဖွေဖွေ ကလေကဝ မရေမရာ ဘုန်းကြီးလူထွက်ကို စုံမက်ရမယ် မိန့်တော်မူတာများ နားရှိလို့သာ ကြားရတယ်။ တကယ်ဆိုရင် ရှင်ဘုရင် သမီးကပဲ၊ ထီးနန်းထဲက မဟာမျိုး မဟာနွယ် တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ မင်းညီမင်းသားနှင့် ထိမ်းမြား လက်ထပ်တော်မူပါလား။ အခုတော့ ဘာမဟုတ် ညာမဟုတ် အနုပ်စုတ်ကုပ်စုတ် လူဘော်မဝင် သူဘော်မဝင် ရှင်ပျက် ရဟန်းပျက် ခေါင်းတုံးကြီးနှင့် ဘုန်းကြီးလူထွက်ကို ပေါင်းစည်းလို့ ဖက်ရမတဲ့။ ကျွန်မကို ကျောင်းကြီးဖျက်ရယ်လို့ မဲ့ကြရွဲ့ကြတော့မပ။ ဒီဘုန်းကြီး လူထွက်ကို ဘယ်အကွက်မှာ အသုံးချမလဲ။ မုန်းစရာ့လူထွက်ကို မေမေ နောက်နောင် မပြောနဲ့၊ ကျွန်မ ဒေါသထွက်တယ်။ တော်၊ တန်။

မယ်တော်။ ။ဘယ့်နှယ်တုံး သမီးတော်ရယ်၊ ရက်ရက်စက်စက် မှိုချိုးမှျစ်ချိုး ပြောရက်လေတယ်။ ဒါလောက်ပဲလား၊ ငါ့သမီး အလိမ္မာသားနဲ့၊ အလကား မငြင်းစမ်းပါနဲ့။ ရဟန်းလူထွက် ဆိုပေမဲ့ သူများ ရဟန်းလူထွက်လို မဟုတ်ပါဘူး၊ ပေါင်းကြည့်တော့ သိပါလိမ့်မယ်၊ အညွန့်ပါအေ့။

နဲတကာထော်။ ။ ညွှန့်ညွှန့် မညွှန့်ညွှန့်၊ မေမေ့ အညွှန့်ကို မေမေပဲ အသုံးချ၊ ကျွန်မ မကြားချင်ဘူး၊ နားနင့်တယ်ဟု ပြောပြီး ဒေါသနှင့်တစ်ဖန် ငိုလိုက်ပြန်၏။

**နဲ့တကာထော် ငိုပုံ လေးဆစ်ချိုး**

ရွှယ်တညီ ဘယ်ဆီမှ မရရင်ဖြင့်၊ နွယ်မဒီ ခြယ်စီသပြီဘု၊ (အမယ်မင်း) မယ်သီလ လုပ်ပမယ်။

(ဩော်) ပျော်လို့ပဲ ပျက်ကရော့သလ၊ တော်မို့ မရှက်လေခြင်း၊ သူမက်အောင် တရိရိနှင့် ပြုံးရမတဲ့တော်၊ လူထွက်ကောင် သည်ကတုံးကိုလ၊ တကယ်သာ ဘယ်မှာ သုံးမယ်တုံး၊ (အမယ်မင်း) နှလုံးမှာ ပျို့ပျို့ပြီး အလုံးကြီးတောင် ဆို့ဆို့လာပေါ့၊ (ကျမ) မုန်းလို့ ရွံတယ်။

ပေါင်းစည်းလို့ ဆက်ကြရင်ဖြင့်လေ၊ သောင်းထီးကနက်မှာ ဘုရင်တကာ အပြေပြေမှာ ညိုးစေဖို့၊ ကျောင်းကြီးပျက်မ တွင်ကာ အသရေ မတိုးတဲ့ပြင်၊ ရွှေပကိုးဆီက နန်းညွှန့်နွယ်၊ (အို) မုန်းဝံ့ သရမ်းဝံ့တယ်လို့ နောင် ဥဒါန်း။





ပြောကြလိမ့်မယ်၊ လောကမှာ အသွယ်သွယ်ပ၊ ကျောတစ်ခွဲ့ခွယ် တမင် ကြံရက်ပေ့၊ တပင်စံ လင်ကံ မရှုံးပါရစေနဲ့၊ မကြည်ဖြူ သည်လူပြင် မုန်းပါရဲ့၊ အမေ့ဟာ အမေ့ဖာသာပဲ သုံးလေတော့၊ ပလူးပလဲနဲ့ မြူးတာမူကာတော်၊ ထူးထူးကဲကဲ လူတကာ ထုံးလိုပ၊ လုံးလုံးစည်းစည်း တူတူကာ စက်ကြတော့လဲ၊ ပြုံးပြုံးပြီး (ကျမ) မူမူယူယူနဲ့ဖြင့် မဆက်နိုင်ဘူး (အိုမယ်တော်ဘုရား) ကတုံးကြီး ဘယ်သူ မက်နိုင်ပ၊ တော့်မှ မရှက်ကြရော့သလ၊ တသက်တာဘဝ (ကျမ) အသေသာ မှန်းလိုက်ပါတော့၊ (အမယ်မင်း) ဘုန်းကြီးလူထွက် ပေါ့ပြက်ပြက်ကမှ–သမက် အမေဖမ်း၊

ဘုရား့သမီးတော် မတော်လွန်းလို့ လျှောက်ရပါတယ်၊ တကယ်လို့ ဒီဘဝမှာ ရွယ်တူတန်းတူ ဂုဏ်ရည်တူနှင့်မှ တော်တော်ပပ မညီမျှလျှင်တော့ဖြင့် ဘုရား့သမီးတော် သီလရှင် လုပ်မယ်ဘုရား့၊ မယ်မယ်ဘုရား့ ဘုန်းကြီးလူထွက်ကိုတော့ဖြင့် တစ်ကွက်မှ မေတ္တာမရှိနိုင်ဘူး။ တကယ်လို့ မေတ္တာအကြောင်းနှင့် ပေါင်းကြပါပြီတဲ့၊ နောက်နောင်းရှည်ကြာ လူတကာတို့က ဟံသာဝတီ ပဲခူး ရွှေပြည်တော်ကြီးရှင် ဘုရင်မ ရှင်စောပုရဲ့ သမီးတော်ကြီး နဲတကာထော် ဆိုတဲ့ သမီးတစ်ယောက်ဟာ ထီးသွောက်နန်းလျာ မဟာသွေး မဟာစစ် ဖြစ်ပါလျက် ဘုန်းကြီးလူထွက်နှင့် အမျိုးဖျက်တယ်လို့ မဲနူးဆက် ရာဇဝင်မှာ စာတင်လို့ ထိုးကြမှဖြင့် မဟာဝင်မျိုး မွန်သမိုင်းဟာ အလွန်ရိုင်းရာကျပေလိမ့်မယ် မယ်တော်ဘုရား။

မယ်တော်။ ။ အေးလေ ညည်းစကားတတ်တိုင်း အကြားကတ်အောင် ရှည်မနေပါနဲ့တော့။ ညည်းထိုက်နှင့် ညည်းကံပါပဲ။ ကောင်းစေချင်လို့ လူကြီးမိဘက ပြောတာများ လားလားမှ နားမထောင်ဘဲကိုး။ ကိုင်း ရှိစေတော့၊ သမီးတော်ကလေး "နဲ့တကာသင်" ကကော မယ်တော်ဘုရား့ အမိန့်တော်ကို ထော်လော် ကန့်လန့် မခန့်လေးစား လုပ်ဦးမှာလား။

နဲ့တကာသင်။ ။ ဘုရား့သမီးတော်ဖြင့် မယ်တော့် အမိန့်တော်များကို ဖယ်ရှားခြင်း မပြုဝံ့ပါ ဘုရား။

မယ်တော်။ ။ အဲ ... သာဓု သာဓု၊ ငါ့သမီးတော် ဘုန်းကြီးလို့ သက်ရှည်မယ်။ "မိဘစကား နားထောင်၊ အိုအောင် မဆင်းရဲဘူး" တဲ့၊ မှတ်ထား–ဆိုပြီး အတွင်းတော်သို့ ဝင်တော်မူလေ၏။

**အမတ်တို့အား ပရိယာယ်ဆင်၍ ဖမ်းခြင်း**

ဘုရင်မ ရှင်စောပုသည် လိပ်ပြင်ကျောင်းဆရာတော် လူထွက် ဓမ္မစေတီအား အစစ အရာရာ၌ပင် သဒ္ဓါကြည်ဖြူ၍ ကိုယ်တူထင်မှတ် ချီးပမြှောက်စားကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရသဖြင့် တမရှုပ်စရွဲများမှ လိပ်ပြင်ကျောင်းတွင် ကပ္ပိယ လုပ်နေ၍ အကြား အမြင် ဗဟုသုတနှင့် ပြည့်စုံသော ဖောဇအဲ ဆိုသူသည် ဓမ္မဓရ၏ ထံပါး၌ ခစားထမ်းရွက်ရန် လိုက်လာသဖြင့် အခွင့်အားလျော်စွာ ပြောဆိုတိုင်ပင်ကြသော ကာလ ဓမ္မဓရက 'နောင်ကြီး၊ ကျွန်ုပ်ဖြင့် မယ်တော်၏ မေတ္တာကြောင့် ဟံသာ ဝတီ ရွှေနန်းကို သိမ်းရမည်ကား မမှားနိုင်ပြီ' ဟု ဆိုရာ ဖောဇအဲက 'ဆရာ၊ ဤသို့ "ခြေသိမ်း ခေါင်းပိုက်" စကားကို မပြောကြားသင့်သေး။ တိုင်းရေး ပြည် ရေးနှင့် စပ်၍ မှူးမတ်ပြည်သူတို့ကလည်း ဆရာ့ကို ကြည်ဖြူညီညွတ်ခြင်း မရှိ သေး။ ဆရာသည် သုတကာအရေးကို ရှေ့ပြေး ရှေ့ဆောင် အောင်မြင်အောင် စီမံတတ်သော်လည်း "ကိုယ်ဖို့ကြံ့ုက သက်လုံကောင်းခဲသည်" ဟူဘိသကဲ့သို့ အကြံအစည် ဉာဏ်ရည်ဉာဏ်အား မသွားနိုင်အောင်ပင် ရှိတော့သည်။ တပည့် ကြီးက အကြံပေးလိုသည်မှာ "ဆရာသည် မယ်တော် ရွှေနန်းရှင်အား မှူးမတ် တို့ကို အပြစ်ရှိဟန် ကြံဖန်လီဆယ်၍ ဖမ်းဆီးပြီးလျှင် သံခြေချင်းခတ်၍ အကျဉ်းထားပါစေ။ ထိုအကျဉ်းထားသော မှူးမတ်တို့ကို ဆရာက ရွှေနန်းရှင် သခင်မကြီးထံ တောင်းပန်၍ လွှတ်ပါ။ ထို့ပြင် မှူးတော် မတ်တော်တို့အား ဆုလာဘ်ပေးဖို့ရာ ရွှေ ငွေ အဝတ်ပုဆိုးမှ စ၍ အမျိုးမျိုး အသင့်ထားပါ' ဟု အကြံပေးစကား ပြောကြားလေ၏။

ထိုအခါ ဓမ္မဓရက 'နောင်ကြီး အကြံသည် အမှန် သင့်လျော်ပါပေ သည်။ ကျွန်ုပ်အား အရာရာမျိုးကို သတိပေးပါ' ဟု ပြောခဲ့၍ ဘုရင်မ ရှင်စောပု ထံသို့ ဝင်ပြီးလျှင် ဖောဇအဲ ပြောဆိုသည့်အတိုင်း လျှောက်ထားလေ၏။ ရှင် စောပုလည်း ငါ့သား အလိုအတိုင်း ငါပြုမည်ဟု ဆိုပြီးလျှင် အပြစ်မရှိသော မှူးကြီးမတ်ရာ သေနာပတီတို့ကို လာဘ်စားမှု၊ တိုင်းပြည်ပုန်ကန်ရန် ကြံစည်မှု၊ အားပေးကူညီပြုမှု စသည်ဖြင့် အမှုဆင်၍ ဖမ်းဆီး ချုပ်နှောင်ပြီး ထောင်တွင် အကျဉ်းထားလေသည်။

ဘုရင်မ ရှင်စောပုသည် အဂတိလေးပါးကို လိုက်စားတော်မူသည်နှင့် မခြား သားတော် ဓမ္မဓရကို ချစ်မြတ်နိုးတော်မူလှသဖြင့် ရာဇမာယာ အဖြာဖြာ တို့ဖြင့် မဟာသေနာပတိ၊ မှူးကြီးမတ်ကြီးတို့ကို ဖမ်းဆီး၍၊ ချုပ်နှောင်၍ ထောင်တွင် အကျဉ်းထားသောအခါ ဆရာတော် သံဃာတော်တို့ မေတ္တာရပ်ခံ ပန်ကြားတော်မူကြသော်လည်း မလွှတ်ရကား မည်သူ့အားမျှ ကိုးကွယ်ရာမရှိ ဖြစ်မှ ဓမ္မဓရအား မယ်တော်ကြီးထံ၌ တောင်းပန်ပေးပါရန် ပြောကြားလာကုန် ၏။ ဓမ္မဓရလည်း မယ်တော်ထံ၌ တစ်ကြိမ်တစ်ဖန် မှားမိသည့် ကံကို သည်းခံ





တော်မူပါဟု တောင်းပန်လေသော် မယ်တော် ဘုရင်မ ရှင်စောပုလည်း လွှတ်စေ ဟူသော အမိန့်ကို ချမှတ်တော်မူ၏။

ဓမ္မဓရလည်း အမိန့်ချမှတ်၍ လွှတ်လာသူ မှူးမတ်တို့အား အထိုက် အလျောက် ချီးမြှောက်ပေးကမ်းပြီးလျှင် ရွှေမော်ဓောဘုရားသို့ခေါ်၍ သစ္စာရေ တိုက်လေ၏။ မှူးမတ်တို့လည်း သစ္စာမှုကြပြီးလျှင် ရှင်ဓမ္မဓရသည် ကျွန်ုပ် တို့၏ အသက်ကို ကယ်ဆယ်ပါပေသည်။ ကျေးဇူးကြီးပါပေသည်။ မယ်တော် မှာလည်း မိန်းမသားဖြစ်၍ စစ်ရေးစစ်ခင်း တစ်ပါးသောမင်းတို့နှင့် စည်းချင်း ယှဉ်ပြိုင် တိုက်နိုင်ဖို့ အရေးလည်း ခက်သေးစွပင် ဖြစ်သည်။ အသင့်ကို မင်း ဖြစ်အောင် ရွှေနန်းရှင်မအား ကျွန်ုပ်တို့ လျှောက်ထားပါမည်ဟု ဆိုကြကုန်၏။

ထိုအခါ ဓမ္မဓရက မှူးတော်မတ်တော်တို့၏ မြတ်နိုးသော မေတ္တာကို လွန်စွာ ကျေးဇူးတင်ပါ၏။ သို့ရာတွင် ကျွန်ုပ်မှာ မင်းရိုးမင်းနွယ်လည်း မဟုတ်၊ တိုင်းစွန်ပြည်နား ဖနပုဒ်သားမျှသာ ဖြစ်ခြင်းကြောင့် ဆင်းရဲသားကို မင်းပြုစိမ့် ညည် ဟူသော စကားသည် မသင့်ချေစွ တကားဟု ဆို၏။

ဓမ္မဓရ၏ စကားကို ကြားလျှင် ဗရမ်း ဟူသော အမတ်က 'အမောင် ဓမ္မဓရ၊ ကွန်ကို ပစ်လိုက်လျှင် ကွန်ကြိုးကိုင်ပြန်က ငါးပါသကဲ့သို့ ထို့အတူ ကျွန်ုပ်တို့ မှူးတော်ကြီး မတ်တော်ကြီးတို့က အမောင့်ကို မင်းမြှောက်လျှင် မင်းဖြစ်မည်သာတကား' ဟု ဆို၏။ ဗရမ်း၏ စကားကို ကြားလျှင် မြို့ဝန် ဒညားအိန်ကလည်း 'ပုဂံပြည်တွင် ကွမ်းထမ်းသမားတို့၊ ကျန်စစ်သားတို့လည်း ဆင်းရဲသားကပင် မင်းဖြစ်ကြသည် မဟုတ်တုံလော' ဟု ဆို၏။ ထိုနောက် အမတ် ရွှတ်သင်ကလည်း 'ရှေးအခါက သီရိရတနာပူရ မည်သော မုတ္တမတွင် ဒါရိုရှမင်းသည် ဆင်းရဲသားက မင်းဖြစ်၍ ဆင်ဖြူသခင် ခံလေဖူးသည်' ဟု ဆို၏။ ထို့ပြင် ဗိုလ်လကွန်းမည်သော အမတ်ကလည်း 'ကျွန်ုပ်တို့ ဟံသာဝတီ ပြည်ကြီးတွင် ခမက်မွန် မည်သော အမတ်တစ်ယောက်၏ သမက်သည်လည်း ဆင်းရဲသားဖြစ်လျက် ဘုန်းကြမ္မာအလျောက် မင်းမြှောက်ဖူးသည် မဟုတ်တုံ လော' ဟု အသီးသီး တစ်နည်းတစ်ဖုံ ရာဇဝင် ရှေးထုံးစံများကို ပြောကြလေ၏။

**ကျေးဇူးမမဲ့ရန် အမတ်တို့အား ပြောခြင်း**

ထိုအခါ ဓမ္မဓရက ဤသို့ ဆိုပြန်၏။ 'အချင်း မှူးမတ်တော်တို့၊ အသင်တို့ ပြောဆိုသမျှသော စကားသည်ကား ဆေးသမားနှင့် သူနာ၏ အသွင်သဏ္ဌာန် ဆင်မှတ်ဖွယ် ရှိသည်။ သူနာသည် မိမိ၌ ရောဂါအနာ သည်းသောအခါ "ဆရာ ကြီးစားကုပါ၊ ကျွန်တော် ဤအနာမှ လွတ်လျှင် ဆရာသည် ကျွန်ုပ်ပြုပါ" ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုတတ်၏။ သို့ရာတွင် ဆေးဆရာတို့သည် မည်သည့် လူနာတစ်ဦးကိုမျှ ကျွန် မပြုရစဖူးချေ။

'ထို့ပြင် ရှေးကမ္ဘာဦးလောက်က ကျိုးငှက်တစ်ကောင် အစာစားနေရာ နွားကျောင်းသား တစ်ယောက်က လေးနှင့် ပစ်လိုက်သဖြင့် လောက်စာလုံးသည် ကျိုး၏ ဒွါရ၌ ဆို့၍နေလေရကား ကျိုးသည် အစာအာဟာရ မစားနိုင်ဘဲ ဆင်းရဲဒုက္ခ ဖြစ်သဖြင့် အများသော ကျေးငှက်တို့ထံသို့ သွားပြီးလျှင် "ကျွန်ုပ်၏ ရောဂါအနာကို သက်သာရာရအောင် ကြံဆောင်ကုသကြပါ။ ကျွန်ုပ်သည် ဤအနာမှလွတ်လျှင် အသင်တို့ကျေးဇူးကို အထူးဆပ်ပါမည်" ဟု ပြောသော်လည်း များသော ကျေးငှက်တို့က "အသင်တို့ ကျိုးကန်းမျိုးသည် ကိုယ့်ဥကိုမှ ဥ မှတ်တတ်သည့် မိုက်ကန်းကန်း တိရစ္ဆာန်မျိုး ဖြစ်၍ ကျွန်ုပ်တို့ မကုလို" ဟု ငြင်းပယ်လိုက်သတဲ့။

'အဲသည်ကဲ့သို့ ငြင်းပယ်လိုက်သော်လည်း ကံအားလျော်စွာ နောက်ဆုံးမှာ မြစ်ဆိပ်ကမ်းပါးတွင် ကျက်စားသော ဆေးသမား ဗိုးကွက်တစ်ကောင်ကို တွေ့သဖြင့် "ဆရာဗိုးကွက်မင်း၊ ကျွန်တော်၏အနာကို မေတ္တာရှေ့ထား ကုစားကယ်မတော်မူပါ။ ကျွန်တော်သည် အကယ်၍ ဤရောဂါအနာမှ ချမ်းသာပါလျှင် ဆရာဗိုးကွက်မင်းအား တပည့်ဝတ်ငါးပါးနှင့်ညီစွာ သုံးနှစ်လုံးလုံး လုပ်ကျွေးသမှု ပြုစုပါမည်။ ဤသုံးနှစ်ကိုမျှ သဘောမကျသေးလျှင်လည်း ဆရာဗိုးကွက်မင်းထံ တစ်သက်လုံးပင် ကျွန်ခံပါမည်" ဟု တောင်းပန်သတဲ့။

'သည်သကာလတော့ ဗိုးကွက်က "ကျွန်ုပ်သည် သူတစ်ပါးကိုလည်း ကျွန် မစေစားလိုပါ။ အသင် ကျေးဇူးသိလျှင် ဝမ်းမြောက်ပါပြီ။ အသင့် ရောဂါကို မကြာချက်ချင်း လက်ငင်းပျောက်အောင် ကျွန်ုပ် ကုသမည်။ သင်၏ ရောဂါဖြစ်ပုံ အလုံးစုံကို အကုန်မချန် ပြန်ကြားပေတော့" ဟု ဆိုသတဲ့။

'သည်တော့ ကျိုးငှက်က "ဆရာ၏ တပည့်ဖြစ်သော ကျွန်တော်သည် တစ်နေ့သ၌ အစာရှာဖွေ စားသောက်နေရာ မနသိလူသား ဖြစ်သော နွားကျောင်းသား တစ်ယောက်သည် ကျွန်တော့်ကို လောက်လေးနှင့် ပစ်လိုက်ရာ ဖောက်ခနဲ မှန်သွားပါသည်။ အဲသည်ကတည်းကစ၍ ဆရာ့တပည့် ကျွန်တော်မှာ ကျင်ကြီး ကျင်ငယ် မစွန့်နိုင်၊ မစားနိုင် မသောက်နိုင်နှင့် တရှောင်ရှောင် ဖြစ်နေပါသည်။ ကျေးဇူးတော်ရှင် ဆရာခင်ဗျား" လို့ ပြန်ပြောသတဲ့။

'ကျိုးကန်း၏ စကားကို ကြားလျှင် ဗိုးကွက်ဆရာကြီးသည် ဒွါရ၌ လောက်စာလုံး ဆို့ပိတ်ရှိနေကြောင်းကို ကောင်းကောင်း သိရသဖြင့် "အသင် ကျိုးကန်း၊ အသင့်ကို ကျွန်ုပ် ဆေးတစ်လုံး ဝါးတစ်လုံးမျှ မတိုက်ကျွေးဘဲ





ခါတ်ပေး၍ ကုမည်။ အသင့်ကို ကျွန်ုပ် သွေးစမ်းကြည့်သောအခါ ဝထာဝီးအာပေါ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော မဟာဘုတ်လေးရပ်၊ ခါတ်ကြီးလေးမျိုးတို့တွင် အသင်၌ အာပေါတည်းဟူသော ရေခါတ် ပျက်နေသည်ဖြစ်၍ ဤမြစ်ကမ်းပါးပေါ်က နေလျက် အသင်၏ ဒွါရကို ရေထဲသို့ချ၍ စိမ်ရမည်" ဟု ရေခါတ်ပေးရော တဲ့။

'သူနာကျိုးကန်းလည်း ဆရာဗိုးကွက် ဆိုသည့်အတိုင်း မြစ်ကမ်းပေါ်နားပြီးကာလ မိမိဒွါရကို ရေစိမ်သောအခါ တစ်အောင့်လောက်ကြာလျှင်ဝင်လောက်စာလုံးသည် အရည်ပျော်ကျသဖြင့် ချမ်းသာရော့တဲ့။

'ကျိုးကန်းသည် မိမိအနာ ပျောက်သောကာလ ဆရာဗိုးကွက်၏ ကျေးဇူးကြီးပါပေသည်ဟု ပြောပြီး ပျံသွားရောတဲ့။ နောက်မကြာမီ ဆရာဗိုးကွက်က ကျိုးကန်းထံ အလည်အပတ်သွားရာ ကျိုးကန်းက နှုတ်ဆက် မေးမြန်းခြင်းကိုမှ မပြုမူ၍ သုန်သုန်မှုန်မှုန် လုပ်နေရောတဲ့။

'သည်ကာလတော့ ဆရာဗိုးကွက်က "အသင်ကျိုးကန်းသည် ကျေးဇူးကန်းလှပါတကား" ဟု ဆိုရာ ကျိုးကန်းက မျက်နှာထားနှင့် "မင့်ကျေးဇူး ငါ့အပေါ်မှာ ဘာရှိသလဲ" လို့ ဆိုရောတဲ့။

'ဆိုတော့ ဆရာဗိုးကွက်က "ယခင် မကြာမီက သင်၏ဒွါရတွင် ဝင်ရောက်တစ်ဆို့လျက် ရှိနေသော ရွှံ့လောက်စာလုံးသည် ကျွန်ုပ် ကုသသည့်အတွက် ကြေပျက် ချမ်းသာရတယ် မဟုတ်ပါလား" လို့ ပြန်ပြောရောတဲ့။

'သည်တော့ ကျိုးကန်းက "လောက်စာလုံးသည် ငါ့ဒွါရက ကျယ်လို့ လွယ်လွယ်နှင့် ကျသည်ကို နင် ဘာစကား လာပြောသတုံး" လို့ မျက်နှာထိ မျက်နှာထားနဲ့ ကြိမ်းလား မောင်းလား လုပ်သတဲ့။

'အဲသည်ကတည်းကစပြီး ဗိုးကွက်နှင့် ကျိုးကန်းဟာ ကမ္ဘာရန် ဖြစ်လာသတဲ့။ အဲဒီကျိုးကန်း သာဓကကို ပမာဏမူသဖြင့် "ပုတော့ တစ်ရေး၊ အေးတော့ တစ်မျိုး" မဖြစ်ကြပါစေနှင့်' ဟု ပြော၍ လွှတ်လိုက်လေ၏။

ထိုနောက် ဓမ္မစေရသည် ဗောဇအဲကို ခေါ်၍ 'နောင်ကြီး၊ မှူးမတ်တို့သည် ကျွန်ုပ်အား မြှတ်နိုးကြပြီးလျှင် ရှင်ဘုရင် ဖြစ်စေချင်ကြသည်' ဟု ပြောရာတွင် ဗောဇအဲက 'ဆရာ၊ ဤမျှနှင့် ကိစ္စအလုံးစုံ ပြီးစီးကုန်သည် မဟုတ်ချေသေး။ မြို့စားရွာစား သနားချီးမြှင့်ခြင်း၊ မည်ရည်ဆောင်ယောင် ပေးကမ်းခြင်းမှစ၍ တိုင်းရေးပြည်ရေး သာသနာရေး ဟူသမျှကို ဆရာ့သဘောအတိုင်း ဖြစ်ရန် ကြံစည်ဖို့ လိုသေးသည်' ဟု ဆိုသဖြင့် ထို ဗောဇအဲ ဆိုတိုင်း ဓမ္မစေရသည် မယ်တော် ရှင်စောပုထံ ခွင့်ပန် လျှောက်ထားပြန်၏။ ရှင်စောပုလည်း ကောင်းပြီ

www.burmeseclassic.com



ဟု ဝန်ခံပြီးသော် ထိုနေ့ကစ၍ ရာထူးဌာနန္တရ ခန့်ထားခြင်းမှစ၍ မင်းရေးစိုးရေး ဟူသမျှကို ဓမ္မစေရ သဘောအတိုင်းသာ တည်ရလေ၏။ ယင်းသို့ အခွင့်အရေး ကြီးကျယ်သည့် အားလျော်စွာ မှူးမတ် သေနာပတိတို့မှစ၍ တိုင်းနေပြည်သူ ရှင်လူ အပေါင်းတို့သည် အထူးသဖြင့် ဓမ္မစေရကိုသာလျှင် ညွတ်ကြလေကုန်၏။

## [၅] ဗညားအိန် ပုသိမ် စေလွှတ်ခန်း

မယ်တော် ဘုရင်မရှင်စောပုသည် ရဟန်းလူထွက် ဓမ္မစေရအား သမီးကြီးက များစွာ နှစ်သက်ကြောင်းကို သိရသည်လည်း တစ်ကြောင်း၊ ၎င်းပြင် မြို့ဝန် ဗညားအိန် နှင့် သမီးတော်ကြီး နဲ့တကာထော်တို့မှာ ရောက်ပေါက်သွားလာ မေတ္တာ ချိတ် ဆက် စုံမက်ချစ်ခင် ရှိနေကြသည်ကို သိရှိတော်မူသည်လည်း တစ်ကြောင်း ကြောင့် ကောင်းမြတ်သောအခါ မင်္ဂလာရှိသော နေ့ရက်များကို ရွေးချယ်၍ မဟာနွယ် မဟာဖွား မင်းသား မင်းသမီးတို့ကို ထိမ်းမြားလက်ထပ်ပြီးသော အစဉ်အလာ ဘာသာထုံးစံအတိုင်း မင်းခမ်းမင်းနား ကြီးကျယ်စွာ ဆင်ယင်၍ မင်္ဂလာသဘင် ဆင်ယင် ထိမ်းမြားတော်မူလေ၏။ ထိုသို့ ထိမ်းမြားလက်ထပ် ပြီးနောက် သမီးတော်ကြီး နဲ့တကာထော်ကို "ဝိဟာရဒေဝီ" ဟူသော ဘွဲ့ကို လည်း ပေးတော်မူ၏။ သမက်တော် ဗညားအိန်နှင့် ဓမ္မစေရတို့မှာ တစ်စတစ်စ အားထုတ် ကြံစည်ကြသဖြင့် အလုအယက် သူ့ဘက်ငါ့ဘက် ဂုဏ်ပြိုင်အားကျ ဖြစ်နေကြလေ၏။

ထိုသို့ အခွင့်အာဏာ ဩဇာတန်ခိုး ၂ မျိုး ၂ သင်း ဖြစ်နေကြသည့် အတွင်း ဓမ္မစေရသည် ဗောဇအဲကို ခေါ်၍ 'ဗောဇအဲ၊ ငါတို့အကြံအစည် ပြည့်စုံ ပြီ မဟုတ်ပါလော၊ ဘယ်အရေး ဘယ်အခွင့်များ လစ်လျှားကြွင်းကျန် ရှိပါ သေးသနည်း' ဟု မေးလျှင် ဗောဇအဲက 'ဆရာ၊ ကိစ္စအလုံးစုံ ပြည့်စုံပြီ မဟုတ် သေးပါ။ ယခုမှာ ပန်းဝင်သို့ကျ၍ ပန်းရအောင် လုရမည့် အရေးကဲ့သို့ ရှိနေ သေးသည်။ ဗညားအိန်သည် မြို့ဝန်လည်း ဖြစ်သည်။ ကေရီ ဘုရင်မ၏ တူ တော်လည်း ဖြစ်သည်။ သမီးက ပတ်သက်၍ သမက်လည်း တော်သည်။ ဗညားအိန်သည် အရှိန်အဝါတင့်၍ အခွင့်ဩဇာ ကြီးကျယ်ပါသည်။ ဗညားအိန် ကို အဝေးသို့ လွှင့်နိုင်မှ အခွင့်အရေး မနှေးလွယ်စွာ ပြီးစီးနိုင်ပါမည်' ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ခမ္မခရလည်း ဗောဓအဲက သင်ညာဏ်ပေးသည့်အတိုင်း မယ်တော် ရှင်စောပုအား လျှောက်ထားပြန်လေသော် ‘ငါ့သားတော်၊ မောင့်မှာ မှူးကြီးမတ်ရာ သေနာပတိတို့ အပေါ်၌ သြဇာတန်ခိုး လွှမ်းမိုးနိုင်သော်လည်း သမက်တော် ဗညားအိန်၏ အပေါ်တွင် သြဇာအာဏာ ရှိနိုင်ဖို့ရာ လွန်စွာပင် ခက်ခဲကြောင်းများကို မယ်တော်ဘုရား သိပြီးသားပင် ဖြစ်တော့သည်။ မင်းတို့၏ ရာဇပရိယာယ်ဖြင့် မယ်တော် ကြံစည်မည်။ ငါ့သား မစိုးရိမ်လင့်။ အခါအခွင့် သင့် မသင့်၊ လျော် မလျော်ကို မယ်တော် စဉ်းစားလျက်ပင် ရှိတော့သည်’ ဟု မိန့်တော်မူလိုက်သဖြင့် ခမ္မခရလည်း ရှေ့တော်မှ ထွက်သွားလေ၏။

ထိုနောက် နေ့ရက်များစွာ မကြာမီပင် ဘုရင်မ ရှင်စောပုသည် သမက်တော် ဗညားအိန်ကို ခေါ်ပြီးလျှင် ‘လူကလေး ဗညားအိန်၊ ခုအခါ အညာအင်းဝက ရာမညတိုင်း မွန် ၃ ရပ်ကို လုပ်ကြံမည်ဟု စစ်သည်ရဲမက် များစွာနှင့် ချီတက်၍ လာသည်ဟု သူလျှိုတမန်တို့ လျှောက်ထား၍ ကြားသိတော်မူရသည်။ မင့်ကြင်ရာမြောက်သား ဝိဟာရဒေဝီနှင့်တကွ ပုသိမ်မြို့သို့ သွားပြီးလျှင် ပြင်ခွင့်ဆင်ရာ မြို့ရိုး မြို့တာများကို ကောင်းမွန်ခိုင်လုံစွာ ပြုပြင် နေကြရမည်’ ဟု မိန့်တော်မူလေ၏။

ဗညားအိန်လည်း ယောက္ခမဖြစ်သူ ရှင်စောပု ဘုရင်မသည် ခမ္မခရကို မြတ်နိုး၍ အမျိုးမျိုး ဉာဏ်ထုတ်ပုံ၊ အရာရာမှာ မျက်နှာလိုက်ပုံ၊ ကောက်ကျစ်စဉ်းလဲပုံမှစ၍ အလုံးစုံသော အကြောင်းတို့ကို ကောင်းစွာသိနှင့်ပြီး ဖြစ်သည့်အတိုင်း ‘မယ်တော် ရွှေနန်းရှင်၊ မယ်တော်၏ အမိန့်တော်အတိုင်း ပုသိမ်သို့ သွားရမည်ဆိုလျှင် စီးတော်ဆင် အဖြူအိုက်နှင့် မင်းညီထုံးမည်သော စစ်သားတစ်ယောက်ကို ချီးမြှောက်သောအား သနားတော်မူလိုက်ပါ။ သို့မှသာ ကျွန်တော်မျိုး ပုသိမ်သို့ သွားနိုင်ပါမည်’ ဟု လျှောက်ထားလေ၏။

ယင်းသို့ လျှောက်ထားသောကာလ ရှင်စောပုသည် စိတ်ဆိုးမာန်ဆိုးနှင့် ‘ဗညားအိန်၊ မင်းက ငါ့စီးတော်ဆင် အဖြူအိုက်နှင့် စစ်သည်သူရဲကောင်း မင်းညီထုံးကို ရမှသာလျှင် ပုသိမ်မြို့သို့ သွားနိုင်မည်၊ မရလျှင် မသွားနိုင် ဆိုသောစကားသည် ဤဆင်နှင့် သူရဲကောင်းကို ရလျှင် ပုသိမ်က နေ၍ မင်း ငါ့ကို ပုန်စားပုန်ကန် ပြုလုပ်မည် ကြံသလား’ ဟု မေးရာ ဗညားအိန်က ‘မယ်တော်ရွှေနန်းရှင်ကို ဂုဏ်ခံ၍ ပုန်ကန်လို၍ မဟုတ်ပါ။ ပုသိမ်မြို့သည်ကား စစ်တံခါးစစ်ဝ ဖြစ်ခြင်းကြောင့်သာ လျှောက်ထားပါသည်။ သို့ရာတွင် ဘုရင့်သမီးတော်ကိုလည်း တိုင်ပင်ပါရစေဦး’ လျှောက်ထား၍ ရှေ့တော်မှ ထွက်ခဲ့လေ၏။

မြို့ဝန် ဗညားအိန်သည် ခပ်သုတ်သုတ် ပြန်လာခဲ့ရာ အိမ်သို့ ရောက်





သောအခါ ခါတိုင်းကဲ့သို့ မဟုတ်ရကား၊ မယားဖြစ်သူ ဝိဟာရဒေဝီက ‘မောင်မောင်၊ မျက်စိမသာ မျက်နှာမလှနှင့် ဘာများ ဖြစ်လာသတုံး။ ညီလာခံမှာ ရန်များ ဖြစ်လာသလား။ ခမ္မခရတို့ ခမ္မဉာဏ်တို့နှင့်ကော တွေ့ခဲ့သေးသလား၊ ဒီဘုန်းကြီးလူထွက် ၂ ဦးကလည်း ရှူးပေါပေါ နှမ်းတမ်းတမ်းနှင့် ရဟန်းလူထွက် ဘာသာ ရဟန်းလူထွက် နေတာမဟုတ်ဘူး။ မင်းရေးစိုးရာမှာ ပါလား ပါချင်ရဲ့၊ တိုင်းရေးပြည်ရေးမှာ ရှုပ်လား ရှုပ်ချင်ရဲ့၊ အရာရာမှာ တွင်ကျယ်ချင်ကြတယ်၊ မယ်တော်ဘုရားကလည်း ဘုန်းကြီးလူထွက် ၂ ယောက်ကို မြှောက်လိုက်ရတာ ဘာပြောစရာ ရှိတော့မတုံး။ ခမ္မခရ လူထွက် အကောင်ကိုဖြင့် ညီမတော်ကလေး “နဲတကာသင်” နှင့်တောင် ဆောင်ယောင်ခမ်းနား ကြီးကျယ်စွာနှင့် မင်္ဂလာဆက်စပ်ပြီး လက်ထပ်ပေးမယ်လို့ ကြားရတယ်။ မယ်တော်ဘုရား အကြံတော်ဟာ အမှန်ပင် ချော်တာပဲ။ သို့သော် ယနေ့ ညီလာခံမှာ ဘာများ ဆွေးနွေးတိုင်ပင်ကြသလဲ မောင်မောင်’ ဟု မေးလေ၏။

ဗညားအိန်။ ။ မိမိဗျာ၊ မိမိတို့ မယ်တော် ဘုရင်မက ကျုပ်တို့ကို မမြင်ချင်လှဘူး ထင်ပါရဲ့။ ခင်ဗျာ့မယ်တော်နော်၊ ခင်ဗျာ့မယ်တော်။

ဝိဟာရဒေဝီ။ ။ အို ... ဘာများ ဖြစ်လာသတုံး၊ စိတ်ညစ်ပါဘိတော့တယ်။ ပြောပါဦး မောင်မောင်၊ ကျွန်မ စိတ်မသာလို့ ထိတ်ထိတ်ပျာပျာ ရှိလှချည်ရဲ့။ ညီလာခံ ဘောင်ထဲမှာ သျှောင်များ ဆွဲခံခဲ့ရသလား၊ ဘယ်သူက နှိပ်စက်လိုက်သတုံး။ မယ်တော်ဘုရားက ဘာများ ဆိုလိုက် ပြောလိုက်သလဲ၊ ပြောစမ်းပါဦး။ ကျွန်မကာ မဟုတ်မခံတတ်ဘူး။ ဘာတဲ့တုံး၊ ဘယ်သူ့ ဘာထင်ရမှာတုံး။ ကျွန်မတို့ လင်မယား အကြောင်း မကောင်းအောင်များ ကုန်းတိုက်ကြသတဲ့လား။ အဲဒါလို ဗလောင်းဗလဲ ပါးစပ်ကို ဖိနပ်နဲ့ ချမဟဲ့။ လာ မောင်မောင်၊ ကျွန်မ မခံဘူး၊ ရန်မကလို့ ဘာပဲဖြစ်ရ ဖြစ်ရ သွားမယ်၊ ပေးစမ်း ကျွန်မ တဘက်။

ဗညားအိန်။ ။ အို ... ဒေါသကြီးလှချည်လား၊ စကားများ ဆုံးအောင်နားထောင်စမ်းပါဦး။ ဒါလို မိမိရဲ့၊ မိမိနဲ့ မောင်မောင်ကို ပြည်တော်ဘောင်ဟံသာက မြန်မကြာ အချိန်မချို့စေဘဲ ပုသိမ်သို့ ပြောင်းရမတဲ့။ ကောင်းပေရဲ့ သူ့ဉာဏ်၊ ရှင်လူထွက် သမက်လောင်းတို့ အချက်ကောင်း ကြံတာပဲ။ ဟံသာမြို့ ပြည်နယ်မှာ နေတယ်လို့ မလုပြီမို့ မြန်မာ့ပြည် အင်းဝသွားပြီး မင်းအမှုတာ ဘုရားထံမှာ မိုလိမ့်။ ဟံသာဝတီ ပဲခူးတိုင်းကို မိုးတန့်ိုင်းတဂုဏ် ထုတ်ကြဦးဟဲ့လို့ အမျိုးရိုင်း အကုန်ပြုတ်ရအောင် ကိုင်း ကျုပ် သူပုန်လုပ်ရော့မယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဝိဟာရဒေဝီ။ ။ အဲဒါလို ဒေါသတွေကြောင့် ခက်တာပဲ။ ဘယ့်နှာ သူပုန်လုပ်ရမှာလဲ။ နေပါဦး၊ ကျွန်မ ပြောမယ်။

ဗညားအိန်။ ။ အဲလေ ... ကိုယ်ကတော့ ကိုယ့်အမေများထိရင် အင်မတန် နာတာပေါ့။ ဟိုမှာတော့ အမိ၊ ကျုပ်မှာတော့ လင်၊ အကြင်ချင်း မတူပေဘူးပ။ တန် ... နောက်ကိုတော့ ကျုပ် ဘာတစ်ခုမှ မတိုင်ပင်ဘူး။

ဝိဟာရဒေဝီ။ ။ ဟောတော့၊ ပြောရင်းဆိုရင်း ကဲကဲလာတာပဲ။ မဟုတ်ပါဘူး မောင်မောင်ရဲ့၊ ကျွန်မတို့ မယ်တော်က နင်တို့လင်မယား ပုသိမ်သွားကြလို့ ပြောလိုက်ပါပြီတဲ့၊ သူပြောကော ကျွန်မတို့ သွားရမလား။ အလကားတော်၊ မဆီမဆိုင်တာပဲ၊ အကျိုးအကြောင်းနှင့်ပြောပြီး လျှောက်ကရော့ပ။ အခုတော့ သူ့ဒေါသချည်းပဲ၊ လူကို ဒါမျိုးမှတ်ထား၊ ဒေါသရှေ့ထားရင် မှားတာချည်းပဲ။ သူက တစ်ဆိတ်ရှိမှဖြင့် ဒေါသူပုန်ထမယ်နှင့်၊ ကိုယ့်မှာ ဘာရှိလို့လဲ၊ သူပုန်ထ ဆိုတာ လွယ်ကူတယ် မှတ်သလား။

ဗညားအိန်။ ။ ကျုပ်ဘာသာ ကျုပ် လုပ်မယ်၊ ခင်ဗျား အသာနေ။ မြန်မာပြည်ကသာ ကျုပ်ကို ကူညီမှိုင်းမလို့သာဖြင့် ဟံသာတိုင်း ပဲခူးအား မဆိုထားနှင့်တော့၊ ယိုးဒယား ကရင်နီမှ ကချင်ပြည် တရုတ်တရက်နှင့် တိဗက်ပြည် တစ်လျှောက် ဝင်ပြီး အနောက်တိုင်း ဝေသာလီက ဘင်္ဂါပြည် ဆယ့်နှစ်ဝကြင့်နန်းကိုတောင် ကျုပ် လက်ရဖမ်းနိုင်ပါရဲ့။ အညာသားတွေကို ဘာများ မှတ်သလဲ၊ သတ္တိနှင့် ဗျတ္တိနှင့် သိလား။

ဝိဟာရဒေဝီ။ ။ ရှင် ကြံစည်တဲ့အတိုင်း အင်းဝ သွားပြီး မြန်မာမင်း အမှုထမ်းပါပြီတဲ့တော်။ မြန်မာမင်းက မြန်မာမင်း၊ ရှင့်ဇာတိက ပဲခူး။ ဆွေမျိုးမတော် ပေါက်ဖော်မစပ်၊ သူက တစ်ခါမှား ခံမှာ မဟုတ်ဘူး။ "အရေးကြီးလျှင်လည်း သွေးနီးမှ" တဲ့။ ကြည့်ပါလား၊ ကျွန်မတို့ ဘိုးတော်ဘုရား ရာဇာဓိရာဇ်မင်းတရားကြီး လက်ထက်တော်တုန်းက အင်းဝပြည့်ရှင် မင်းခေါင်ရဲ့ ညီတော် သိဒ္ဓတ်ဆိုတာ ရှင်လိုပဲ၊ ဒေါသမောဟတွေနှင့်၊ သူ့အစ်ကို ရှင်ဘုရင်နှင့် မသင့်မြတ်တာနှင့် ဟံသာဝတီပြည်ကို လာပြီး အမှုထမ်းလာတယ်။ အဲသည် မြန်မာမင်းသား သိဒ္ဓတ် ဆိုတာ အမှုတော်ထမ်းနေရာ တစ်ကြိမ်တစ်ခါ လပ်တာနှင့် အသတ်ခံရတယ် သိလား။ အလကားပဲ၊ သခွတ်ပင်က မီးတကျိုကျို လုပ်လုပ်နေတယ်။ လာ သွားမယ် နန်းတော်ကို။ မတော်တာတော်၊ ပုသိမ်ကို သွားနိုင်ပါဘူး။ ဘာအပြစ်ရှိလို့ သွားရမလဲ၊ လား လား ဟုတ်ကဲ့၊ ကျွန်မက လမ်းမကျရင်တော့ တစ်နှမ်းမှ မခံတတ်ဘူး။ ရှင့်ထက် ကျွန်မက မြန်သေးတယ်။ လာလာ၊ ရောက်လာပြီ။ ရှင်က အသာနေ၊ ကျွန်မ သံတော်ဦးတင်မယ်။





**မယ်တော်အား ဝိဟာရဒေဝီ လျှောက်တင်ခြင်း**

နှမ်းလုပါ မွေးသမိခင် ကျေးဇူးရှင် မယ်တော်ဘုရား၊ မယ်တော်ဘုရားက အောင်မောင့်ကို ပုသိမ် သွားရမယ်လို့ အမိန့်တော် ပေးလိုက်တယ် ဆို။

မယ်တော်။ ။ ဟုတ်တယ်။

ဝိဟာရဒေဝီ။ ။ ဘယ့်နှာကြောင့် ဘုရားသမီးတော်များ သွားရမှာလဲ ဘုရား။

မယ်တော်။ ။ ဘယ့်နှာကြောင့် သွားရမလဲဆို ဒီလို သမီးတော်ရဲ့။ ဒို့ အထက်မြန်မာပြည် အင်းဝက ဆင်လုံး မြင်းလုံး အမြောက်အမြားနှင့် ချောက်ပါးလိလိ ဆင်းလာပတဲ့။ အဲဒီတော့ ပုသိမ်မြို့က စစ်ဝ ဖြစ်တာကြောင့် ပုသိမ်မြို့ကို ပြင်ဆင်ပြီး ဆင်ခလုတ် မြင်းခလုတ် စသည်များနှင့် အထားတကျ ဖြစ်နေရမယ်။ အညာစစ် လာပတဲ့၊ တစ်ခါဖြင့် သွားကြပေတော့။ ဟောဒီ ငါ့သမက်ကြီးနဲ့ သမီးကြီး ခွဲရမှာ မယ်တော့်ရင်ထဲ မီးစွဲနေတာပဲ၊ သို့သော်လည်း မယ်တော်တို့ ဟံသာဝတီပြည်ကို မြန်မာများ အစိုးရသွားမှဖြင့် သူတို့က တန်ခိုးပြတာနဲ့ ငါ့သမီးတော်များမှာ အမျိုးပလိမ့်မယ်။ အဲ သို့မို့ကြောင့် ပဲခူးက အချိန့်ဆိုင်းစေနှင့်၊ ပုသိမ်တိုင်း အောင်ရပ်မှ အောင်တပ်နှင့် ခံကြရမည် သမီးတော်။

ဝိဟာရဒေဝီ။ ။ မယ်တော်ဘုရား၊ ပုသိမ်မြို့သို့ ကျွန်မတို့ သွားရမည် ဆိုတာများ စဉ်းစားဖို့ သင့်ပါတယ်။ တကယ်တော့ သင့်လျော်တဲ့ အခြားသော ဗျူးမတ်များကိုသာ ခန့်ထားစေလွှတ်ဖို့ ကောင်းပါတယ်။ ရာဇဒွာနီ မင်းနေပြည်တော် ဆိုတာမျိုးမှာတော့ ရင်းရင်းချာချာ ကိုယ့်ထဲကဟာထားမှ နင်လားငါလား အချက်ဆိုတော့ အသက်ကို စွန့်တော့မပ မယ်တော်ဘုရား။

**ဝိဟာရဒေဝီ ငိုပြီး တင်လျှောက်ပုံ နှစ်ဆစ်ချိုး**

သိမ့်သိမ့်ငယ်ကျော်၊ ခြိမ့်ခြိမ့် အာဏာတော်နှင့်၊ အမိန့်တော် လျှာသံ ဆင့်ပုံက၊ မသင့်ပါကြောင်း။

တွေးကြည့်လျှင်၊ ဘေးထိမည် ထင်သာထင်လို့၊ မွေးမိခင် စက်တော် အောက်ကယ်က၊ အနောက်ပြည် ပုသိမ်တိုင်းကိုလ၊ မနေသာ စေကာ ခိုင်းတာဖြင့်၊ (အမယ်မင်း) ဆိုင်းခွင့်ပန်တောင်း။

(ယင်းကဲ့သို့ ငိုယို လျှောက်ထားသောအခါ အနားမှ မှူးတော်မတ်တော်တို့ ရှိကြသော်လည်း လူထွက် ခမ္မရကိုသာ ရှိသေကိုင်းညွတ်ပြီး ဖြစ်နေကြား၊ သမီးတော်နှင့် သမက်တော်တို့ဘက်က တစ်ချက်မျှ ကူညီလျှောက်ထားသမှု မပြုကြကုန်။)



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်။ ။ အို ဘာပြုမဲ့ မျက်ရည်ကျရတုံး သမီးတော်ရဲ့၊ မယ်မယ့်အတွက် ဘာမှ မစိုးရိမ်နဲ့။ မယ်တော့်အနားမှာတော့ သားတော်မောင် ဓမ္မစရတို့၊ ဓမ္မညာဏတို့ ရှိပကော။

ဝိဟာရဒေဝီ။ ။ ရှိပေတယ်လို့ "ဝမ်းနှင့်မလွယ်၊ သားမမယ်ဘူး" တဲ့ မယ်မယ်ရဲ့။ တကယ့်အရေးကျတော့ သူတို့ ပြေးကြလိမ့်မယ်။ တွေးဆပါဦး ဘုရား။

မယ်တော်။ ။ ဘာမှ တွေးတော စဉ်းစားနေစရာ မရှိပါဘူး၊ ယုံရပါရဲ့။

ဝိဟာရဒေဝီ။ ။ ဒီဘုန်းကြီးလူထွက်ကို ယုံအပ်တယ်လို့ ကုန်ကုန်မှတ်ပြီး မယ်တော်ဘုရား ပုံအပ်တော့မှာလား။ အပြင်ထရံ အတွင်းမှာကာ၊ အတွင်းထရံ အပြင်ကာနှင့် ငါဖြင့် ဘုရင်ရာဇာဟဲ့လို့ အမေထင်ရာ လုပ်တော့မှာလား။ အမယ်လေး ... ပြုပုံများ လားလားမှ မတော်ဘူးနော်။ အမယ်လေး မျက်ရည်ငယ်ယို ငိုသာ ငိုမိတော့သတော်။ တော်ကြပါပေရဲ့၊ တော်ကြပါပေရဲ့၊ ကိုးစားပြီး နှိပ်စက်ပါ။

**မျက်ရည်ယို၍ ငိုပုံ**

မုတ္တမ ဟံသာဝတီ ပုသိမ်-သုံးဆယ့်နှစ်မြို့ အတွင်းမှာတော့၊ ဥက္ကဋ္ဌ ညာဏ်ဇာနီ အရှိန်ဘုန်းနဲ့ လင်းတယ်လို့၊ (အမယ်မင်း) အရှုပ်မကြီးရဲ့၊ ကျွန်မတို့တော့ ဒုက္ခ ဖြစ်အောင် လုပ်ကြတာပနော်။

မယ်တော်။ ။ အမယ်၊ ညည်းက ကျုပ်ကိုပဲ ရှုပ်တယ် ဘာတယ်နဲ့၊ တယ်တော်တဲ့ သမီး၊ အေး ... ညည်း အရိုင်းမပီပီ ရိုင်းလှချည်ရဲ့။

ဝိဟာရဒေဝီ။ ။ အမေတို့လို အညာပြန် မဟုတ်တော့ ကျွန်မ ဗမာဆန်ဆန် ကြာဟန် ဘာဟန် မလုပ်တတ်ဘူး၊ မယဉ်ကျေးဘူး။ ဟုတ်ရင် ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး။ ထင်ရာပြော ထင်ရာဆို၊ ဘာကိုမှ သွယ်သွယ်ဝိုက်ဝိုက် မပြောတတ်ဘူး။ ဟောဟောဒိုင်းဒိုင်းနဲ့ ရိုင်းတယ်လို့ဆိုဆို၊ ရိုးရိုးပဲ ပြောတတ်တယ်။

မယ်တော်။ ။ အေးလေ ပြောသာပြောပါ၊ ညည်းတော့ဖြင့် ဘုန်းကြီးလို့ သက်ရှည်မယ့် သမီးပါပဲ၊ မအေများတော့ လားလားမှ လူ့နယ်မထင်ဘူး။ ညည်းကို ဆယ်ကြိုး ဆယ်လ လွယ်မွေးရလို့ ညည်း ကျေးဇူးဆပ်တာပေါ့၊ ဟုတ်လား။

ဝိဟာရဒေဝီ။ ။ မယ်တော်ဘုရားမှာ ငါဖြင့် ဟံသာဝတီ ၃၂ မြို့၊ ပုသိမ် ၃၂ မြို့၊ မုတ္တမ ၃၂ မြို့ ဆိုတဲ့ ရာမညတိုင်း ၃ ရပ်မှာဖြင့် ဘုန်းဒြပ်





ဘန်ခိုးပြမယ်လို့ အစိုးရတိုင်း လုပ်တာပေါ့လေ။ အမေ ကျွန်မတို့ မနေဆေးချင်လို့ ဘစ်ပြည်နှင်ပေါ့ဟာ သွားရပါတော့မယ်။ အမေသာ အမေ့ ဘုန်းကြီးလူထွက် ဓမ္မစရတို့နဲ့ ပျော်ပျော်ကြီး စံစားရစ်ပါတော့။ အမေ .... အို အမေ၊ ဘုန်းကြီးလူထွက်ကို ဒါလောက်တောင် ဘယ့်နှာကြောင့် ဖြစ်ရတာတုံး။ ဆိုးညစ်တဲ့ ဓသမာညာဏ်မှာဖြင့် ဗမာဆန်ဆန်နဲ့ အညာပြန် ပီပါပေတယ်။ မေမေ ကျွန်မ လျှောက်ဦးမယ်၊ ဒီလို တဲ့။

မယ်တော်။ ။ ဘယ်လိုပါလဲတော်၊ အမိန့်ရှိပါဦး။

ဝိဟာရဒေဝီ။ ။ ဒီလိုတဲ့ အမေ၊ ကျွန်မ ငယ်ငယ်တုန်းက မေမေ့ခမည်းတော်၊ ကျွန်မတို့ ဘိုးတော်ဘုရား ရာဇာဓိရာဇ် မင်းတရားကြီး ပြောသွားတဲ့ စကားကို အမှတ်ရလာပြန်တယ်။ ဘယ်လိုပါလဲဆိုတော့ ကျွန်မတို့ ဘိုးတော်ဘုရားမှာ လူမမည် နို့စို့အရွယ်က မယ်တော် နတ်ရွာစံလို့မို့ ခမည်းတော်ဘက်က အရီးတော် မဟာဒေဝီနဲ့ နေရသတဲ့။ အဲဒီ မဟာဒေဝီ ဆိုတဲ့ အရီးတော်ကလည်း သူ့သမီးတော်နဲ့ ဆက်ကြတဲ့ သမက်တော် သမိန်ပရူနှင့် ကြည်ဖြူမှာ ငါ အရှည်အတည် နံမဟဲ့လို့ ကြာဒေဝီ စံသတဲ့။ အဲဒီ အရီးတော်ကလည်း သူ့သမက် သမိန်ပရူကို ထီးဖြူအုပ်ပြီး မင်းလုပ်စေချင်တာနဲ့ ကျွန်မတို့ ဘိုးတော်ကို မတော်မတရား များများကြီး နှိပ်စက်လို့မို့ အသက်ကို ရန်ရှာတာနဲ့ ငါ့မြေးရယ် .... အတိုး ဟံသာဝတီကို လုပ်ကြံရတာကလားတဲ့။ အဲဒီလို ဟံသာဝတီ လုပ်ကြံနေစဉ် ပဲခူးမြို့ပေါ်မှာ တဘောင်သီချင်း ပေါ်လာပုံက- မွန်လိုတော့ "ဒေါင်းဗုထုး၊ ဆုထလောင်ဒေါင်၊ ထိုန်ကမဲ၊ ဗြောဗျူလစိန်၊ တရှုဗျတော၊ ဗလဲ ဘလဲဒေါ်အာငေါင်" တဲ့။ အဲဒီ တဘောင်သီချင်း မွန်သံကို မြန်မာလိုပြန်တော့ "ဒေါင်းအိုမလျက်၊ သစ်ပင်ထက်သို့၊ တက်၍ဥထသော။ မိန်းမအိုလျက်၊ ကြောက်ရက်မရှု၊ သူ့လင်လုသော" တဲ့။ အဲဒါလို စနည်းတဘောင် ကြားရတော့ ဘိုးတော်ဘုရားက ပညာရှိများကို တဘောင်၏ အတိတ်နိမိတ် ဖတ်ခိုင်းသတဲ့။ သည်သကာလတော့ ပညာရှိများက "အရှင့် အရီးတော်သည် သမီးတော်ရဲ့ကြင်ရာ သမိန်ပရူနဲ့ အမူတော် ဖောက်လွဲလို့မို့ မျောက်ပွဲခံကြတဲ့ ကြာတဘောင်ပါဘုရား" လို့ လျှောက်ကြားတော့မှ မျောက်မထား အရီးတော် အကြောင်းကို ကောင်းကောင်းကြီး သိရသတဲ့။ အဲဒီ ကျွန်မတို့ဘိုးတော်ရဲ့ အရီးတော် မဟာဒေဝီထက် ဆော်တာကတော့ မဟော်သဓာ ဇာတ်တော်က စူဠနီမင်းကြီးရဲ့မယ်တော် ဇလာကဒေဝီ တဲ့။ အဲဒီ ဇလာကဒေဝီတောင် ရှုံးအောင်ဟာ့ ကျွန်မတို့အမေ အပွေလီသုံးတာကြောင့် ရွှေပြည်အလုံး မွန်တိုင်းရပ်မှာဖြင့် သမိုင်းဇာတ် တွင်ရစ်တော့မှာပဲ။ ဟောဒီက သမီးနှင့် ဆက်ကြတဲ့ အကြီးသမက်ကို ထီးကနက် မနှင်း



www.burmeseclassic.com

www.burmeseclassic.com



မဆက်စေချင်လို့ အနည်းနည်း ရက်ရက်စက်စက်နဲ့ အတင်းထွက်ရမယ်လို့ အမေ အတွင်း စက်လှည့်တာပေါ့နော်။ တော်ကြပါပေရဲ့၊ တော်ကြပါပေရဲ့။ ကျွန်မတို့ သမီးနှင့် သမက်ကို သက်သက်မဲ့ ပုသိမ်ကို မောင်းတာနှင်တာများ စဉ်းစားတိုင်း ဖြေမသာ (အို) သေစရာ ကောင်းပါတော့ကလား မေမေဘုရား။

**ဝိဟာရဒေဝီ ပြန်၍ ငိုလိုက်ပုံ လေးချိုးကြီး**

မုတ္တမ ဟံသာဝတီ ပုသိမ် ၃၂ ကြိမ် အတွင်းမှာဖြင့်၊ ဥက္ကဋ္ဌဉာဏ်ဇာနီ အရှိန်ဘုန်းနဲ့လင်းသူရဲ့၊ တစ်ကြိမ်နှစ်ကြိမ် ပြုံးသနဲ့နဲ့ ငြင်းပေမဲ့ အရေးတယ်မလျော်၊ (အမယ်မင်း) အလိမ်သုံးတဲ့ သနင်းပေပ မွေးမယ်တော်။

ခြားခြားထူးထူး ပါပဲတော်၊ ကြားမှ မကြားဖူးပါဘူး၊ နားနှူးအောင် ကောင်းကောင်းယဉ်ယဉ်နဲ့ မြွက်တဲ့ပြင်၊ သားရှူးကောင် ကျောင်းရှင်ထွက်ကိုလ၊ သမက်ထင်စရာ လင်ပမာမျှ မကပါဘူး၊ ဌာနဟံသာသဘင် ငြိမ့်ငြိမ့်မွန်းတဲ့ပြင်၊ ရာဇမာယာဘုရင် ဘိသိက်သွန်းချင်လို့၊ တိုင်းစွန်နယ်ဂျင်ဂလယ်သို့၊ နှင်မဟယ် သို့လိုအကြောင်းတွေနဲ့၊ သောင်းညာရွှေ့ပေါ်မှာရှင်၊ ကောင်း ... ပါပေ့နော်။

လူသိမယ်နော် 'ကြာ' မျှ မဟောသီ တနှုန်းကိုဖြင့်၊ သြော် ... အမူအလှည့် အဆွယ် အလှော်မှာတော့၊ ဇမ္ဗူမှာမရှိ အနယ်နယ်ကျော်တဲ့၊ ရှုဋ္ဌနီမယ်တော် ဓလာကဒေဝီ ရှုံးပါရဲ့၊ အပွေအပလီသုံးလို့ သမိုင်းထုံးဖော်ပေါ်တယ်၊ (အို) တိုင်း ၃ ရပ်ပေါ်မှာဖြင့် အကြားအကျော် မကောင်း၊ (အမယ်မင်း) အရိုင်းဆုံး မှတ်တော်မူလောက်ပါတဲ့ ၂ ပါးမယ်တော် အကြောင်း။

ထေ့ထေ့ညာညာ၊ မွှေ့မွှေ့သာသာနဲ့၊ အမေ့မှာ အညာပြန်မို့၊ ဗမာ ဆန်ဆန် ကွေ့ကောက် မသမာတဲ့နည်းတွေနဲ့၊ မကောင်းတနည်း ဝသီ အကြံမှာတော်၊ ဗလောင်းဗလဲ ပလီဉာဏ်တွေ သီးနိုင်လို့၊ (အမယ်မင်း) အကြီးသမက်ကိုဖြင့်၊ ထီးမဆက်စေချင်လို့တဲ့တော့၊ ချိုးချိုးမြွက်မြွက်နဲ့ တစ်လိမ်နှစ်လိမ် ပြောင်းတဲ့ပြင်၊ (အို အမေရဲ့) အနည်းနည်း ရက်စက်လို့မို့ (ဟောဒီက) သမီးနှင့်သမက် သက်သက် ပုသိမ်ကို မောင်း။ မယ်တော်။ ။ သြော် ... ခက်လိုက်ပါဘိတော့တယ်၊ သမီးတော်နှင့် တူတော်မောင်တို့ကို ပုသိမ် မောင်းထုတ်လိုက်တယ်လို့၊ မဟုတ်တာကို မထင်ကြနဲ့။ ပုသိမ် ဆိုတဲ့ ပုသိမ်ကတော့ စစ်ပေါက်စစ်ဝမို့ စနစ်ကျကျနဲ့ ခုခံတိုက်





လှန်ရမယ့် ခံမြို့ ဖြစ်တယ်။ အညာက မြန်မာတပ်လည်း နီးနီးလာပတဲ့၊ မြန်မြန် သွားကြမှ တော်မယ်။

ဝိဟာရဒေဝီ။ ။ မယ်တော်ဘုရားကလည်း မနားဘဲ နှင်တော့တာပဲ၊ တိုင်း ... မောင်မောင်၊ ရှောင်တယ်လို့လည်း မလွတ်သာဘူး။ ဝဋ်ကြွေးမှာ အဲအကြောင်း အောက်မေ့ရတော့မှာပဲ။ ကျွန်မတို့ သွားမယ်။ သူ့ဘုန်းကြီးလူထွက်နှင့် သူနဲ့ ဘယ်လိုနေရစ်နေရစ်၊ ဖြစ်ချင်သလိုပဲ ဖြစ်ပေစေတော့။ အို ... မေမေ့ ဘုန်းကြီးလူထွက်တွေရဲ့ တန်ခိုးကြောင့် မေမေတို့ ပဲခူးပေါ်မှာဖြင့် သာသနာ စည်ပင်လို့ ပြည်ခွင်မှာ အကျိုးများပြီး တိုးပွားလို့ ချမ်းသာကြပါလိမ့်မယ်၊ ဘာစ်နန်းတော်လုံးမှာ ဘုန်းကြီးလူထွက် စန်းထချိန်မို့ အမယ်လေး ကျွန်မတို့ လှမ်း၍ မြန်းရပါတော့မယ်။

ဗညားအိန်။ ။ သြော် ... ကာလက ဆုတ်ကပ်တော့ မဟုတ်မဟာတ်တာ လုပ်နိုင် လိမ်နိုင် ကောက်နိုင်မှ၊ ညာနိုင် ဝါနိုင်မှ လူကြီးလူကောင်း၊ အင်း ... ခက်တဲ့ကာလကွယ့်။ သဘာဝတရားနဲ့ အခြေရှာလိုက်တော့ ကျုပ်တို့မှာ နေသာပါရဲ့။ ဘာကြောင့်တုံးဆိုတော့ ဟိုတုန်းက သက်တော်ထင်ရှား ဘုရားရှိစဉ်တုန်းက ကောသလမင်းကြီး စက်ပျော်တော်မူရာ အိပ်မက်မှ ၁၆ မျိုးတောင် မက်သတဲ့။ အဲဒီ ကောသလအိပ်မက် ၁၆ ချက်ကို ဘုရားရှင် ကိုယ်တော်တိုင် နိမိတ်ဖတ်တော်မူခဲ့တယ်။ ဘူးတောင်းနစ်လို့ ဖောင်းခြမ်းပေါ်မတဲ့၊ ဘုရားကားအောက် မျောက်ကား အထက်တဲ့။ အဲဒါတွေ ကောသလအိပ်မက် စကားပုံပဲ။ ဆုတ်ကပ်ဆိုတာမျိုးမှာ အယုတ်နှင့်အမြတ်၊ အမြတ်က အောက်ကျလို့မို့ အယုတ်က တောက်ပသတဲ့ မိမိရဲ့။ ခုနယ်ခါများ ဘုရားအလောင်း မဆော်သဓာတောင် ပေါ်လာရင် မြုပ်ရမယ် မှတ်ထား။ သူ့ခေတ်ကိုကပဲ ကောသလမင်းကြီး အိပ်မက်နှင့်ညီအောင် ဖြစ်ရတာကိုး။ ငါတို့မှာ နစ်ရတယ်၊ မြုပ်ရတယ်၊ ဒုက္ခရယ်လို့ အလကား သဘောမထားနှင့်တော့။ ဘုရားဟောတရား အိပ်မက်ခန်းနဲ့၊ အို ... ကျုပ်တို့မှာ တိမ်ဘက်လမ်းကမို့၊ ပုသိမ်ထွက်ခန်း ကြုံပေါ့ကွယ်။

**ကောသလ အိပ်မက်ခန်း လေးချိုး**

စာသကာ ကျမ်းလာထုတ်ရမှာဖြင့်၊ ကာလမှာ ပရမ်းပတာလုပ်နိုင်မှ (မိမိရယ်) ချမ်းသာရပ် ပေါ်ကြမယ်။

(သြော်) ခေတ်အဆန်းတွင်ဖြင့်၊ သစ်လျှမ်းစွာ တသိန်လှိုင်ဖို့၊ ညစ်ညမ်းမသမာ အကြိမ်ကြိမ် ချိုင်တဲ့ပြင်၊ လိမ်နိုင်လျှင် သမာဓိပေမို့၊



www.burmeseclassic.com

www.burmeseclassic.com



မိမိလူ မောင်တို့ညိုးချိန်ပ၊ ဟံသာမှာ ဉာဏ်ရှာလို့ တိုးနိုင်ဘုကွယ်၊ ရိုးလို့ ခက်တယ်။

မကြွားသာ ကြောက်ဖွယ်ဘဝပေပ၊ ဘုရားမှာ အောက်ဆွယ် ကျပါလို့၊ မျောက်ငယ်က အထက်ဝယ်၊ (အို) ခက်ဖွယ်ကြီး ကာလပဲ။

ကတိရယ်မှန် အသိ သန့်သန့်နှင့်၊ ကဝိခံ ကြော်ငြာတဲ့၊ မဟော် သဓာတောင် ပေါ်လာရင် မြုပ်မှာကြောင့်၊ ကျုပ်တို့မှာ ဖြေသာပါ၊ ဒေသနာ မေမှာစောရန်ဖို့၊ ကျမ်းလာ မှန်းကာ ပြောရမှာဖြင့်၊ (အမယ်မင်း) ဓောကျကျနှင့် စောနရ တကြိမ်စက်ပျော်ဆဲတွင်မှ (သြ) လောကဟဲ့–လောက၊ လောဘ, ဒေါသ, မောဟတွေနှင့် (အို မိမိရဲ့) သဘောကျလောက်ပါရဲ့၊ ကောသလအိပ်မက်တော် မလွဲ။

ဝိဟာရဒေဝီ။ ။ မှန်လှပါ ကျေးဇူးတော်ရှင် မွေးသမိခင် ဘုရား၊ ဘုရားသမီးတော် စိတ်လိုက်ကိုယ်ပါ ပြန်ကာလှန်ကာ ပြောမိဆိုမိခဲ့တဲ့ အပြစ်ကံများကို သည်းခံတော်မူပါ။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ၃ ပါးသောကံတို့ဖြင့် စိတ်မာန်လျှော့ပြီး ကန်တော့ပါရဲ့။

ဗညားအိန်။ ။ မှန်လှပါတော့သည်၊ ဘုရားတူတော်ကလည်း ဒွေးတော်ဘုရားအား ၃ ပါး ဒွါရဖြင့် ပဏာမပြုခဲ့ပါရဲ့ ဘုရား။ မေတ္တာတော် ရေချမ်းသာ သွန်းဖျန်းတော် မူရစ်ပါတော့ ဘုရား။

မယ်တော်။ ။ အင်း ... ၃ ပါးသောကံ၊ ၃ တန်သော ဒွါရတို့ဖြင့် ပဏာမပြုရသော အကျိုးဖလအားကြောင့် ပဲခူးက သွားကတည်းက အမြဲ ကျန်းမာလို့ ချမ်းသာကြပါစေတော် – ကျုပ်သမီးကြီးနှင့် သမက်ကြီးမှာ။

ဝိဟာရဒေဝီ။ ။ အမယ်လေး ပဲခူးမြို့ရယ်နှင့်၊ ကိုးဖို့ဖြင့် ဝေးရချည့်တော့မယ်၊ ကျွန်မတို့ ကံကုသိုလ်အကြောင်းနှယ် မကောင်းစားလိုက်လေခြင်းနော်။ ကျွန်မတို့လင်မယား သွားပေါ့ဘုရား၊ သွားပေါ့။

**ဦးချ၍ ငိုပုံ လေးဆစ်**

အမျိုးမဟာ ရိုးဇာတ်ပေမဲ့၊ ပကိုးမှာဖြင့် ရှိပြီဘု (အမယ်လေး) ဆိုးပါဘိ ကံများရယ်။

ကောင်းကြပါပေရဲ့တော်၊ ပြောင်းရတော့မတဲ့၊ ကြောင်းစက် အဖြေမငြိမ်လို့၊ ရွှေပုသိမ် တနယ်ကျေးဆီသို့ရှင်၊ ဝေးရတော့မယ်။

စံနေပျို ဟံသာက ရွှေ့ရပေမဲ့၊ ကံကုသိုလ် ဖန်လာသရွေ့ပါဝဲ၊ (သြော်) တအန်တုလိုတဲ့ ရန်အထုကိုလဲ၊ (ကျမ) မာန်ပြုကာ ပြန်ကာ





ဖြင့် မတွေးလိုဘူး၊ ယနေ့ပဲ ထွက်ပါ့မယ်။ (အို) မျက်နှာငယ်ပါတဲ့ ကျမတို့ လင်မယား။

ကံသုံးလီ၊ ရန်တုံးလို့ ပြီးပါစေလို့၊ အလီလီ စိတ်မာန်လျှော့တဲ့ခြင်း ကေသာ ဖြေကာလျှော့ပါလို့၊ (အို) ကျေးဇူးရှင်မကြီးရဲ့၊ များများကြီး ကန်တော့ခဲ့ပါရဲ့၊ (အမယ်မင်း) ကျမတို့ အားလျော့လျော့နဲ့ သွားမေပါ့ ဘုရား။

ယင်းကဲ့သို့ ပြောဆိုငိုယိုလျက် နန်းတော်က ထွက်ခဲ့ကြလေရာ အိမ်တော်သို့ ရောက်လျှင်ရောက်ချင်းပင် မိမိတို့ ဆောင်ယောင်ခမ်းနားများနှင့် သင့်လျော်သော ကျေးကျွန်များကိုပါ ခေါ်ယူသိမ်းရုံး၍ ပုသိမ်မြို့သို့ ချီတက်သွားကြလေသတည်း။

**ဓမ္မဉာဏ အနိစ္စရောက်ခြင်း**

လိပ်ပြင်ကျောင်း ဆရာတော် လူထွက်နှင့် အတုလဝါသကျောင်း ဆရာတော် လူထွက်တို့သည် သမက်တော် ဗညားအိန် ပုသိမ်သို့ ထွက်ခွာသွားသော နေ့မှစ၍ ရေးကထက် အခွင့်သြဇာ ကြီးကြသဖြင့် နေ့ညမဆို နန်းတော်အတွင်း ထွက်ဝင်ခစားကြကုန်၏။ ဓမ္မစေရကိုသာလျှင် သာလွန်ပိုမို၍ သစ္စာကြည်ဖြူ ရှိတော်မူသည့် အားလျော်စွာ တစ်နေ့သ၌ ဓမ္မဉာဏလည်း အခစား မဝင်လာရကား သားတော် ဓမ္မစေရအား ငါ့သား၊ သမီးနှင့် သမက်များဖြင့် ပုသိမ်သို့ ထွက်သွားကြပြီ။ ငါ့သားနှစ်ယောက်သာလျှင် ကျန်တော့သည်။ မယ်တော်အား အပေါ်၌ ဓမ္မဉာဏ၏ ကျေးဇူးအထူး မရှိလှပေ။ ငါ့သား ဓမ္မစေရ၏ ကျေးဇူးကား များစွာပင် ရှိချေသည်။ သို့ဖြစ်၍ "တစ်ယောက်ကျေးဇူး တစ်ဦးမမေ့ကောင်း" ဆိုသည့်အတိုင်း သားတော်မောင်၏ ကျေးဇူးကို မယ်တော်သည် အထူးတုံ့ပြန်ဆပ်ရန် အချိန်တန်ချေပြီ။ မယ်တော်သည် အကာကို ပစ်၍ အနှစ်ကိုသာ ထားမည်။ အရိပ်က စောင့်လိုလျှင် ဆူးငြောင့်ခလုတ်တို့ကို သုတ်သင်ရမည်' ဟု မိန့်တော်မူပြီးသော် အတွင်းတော်သို့ ဝင်လေ၏။

ဓမ္မစေရလည်း နန်းတော်မှ ထွက်ခဲ့ပြီးလျှင် ဆင်ခြင်စဉ်းစားသည်မှာ– "ငါ၏ မယ်တော်ဘုရားသည်ကား ငါ့အား သားရင်း သမီးရင်းများထက်ပင် ချစ်၍ အနှစ်ကဲ့သို့ ထင်တော်မူလျက် ရန်ဆူး ရန်ငြောင့်တို့ကို သုတ်သင်ဘိဟု တပည့်လိမ္မာ ဆရာ အာပတ်လွတ် စကားမျိုးကို မိန့်တော်မူသည်။ မဟာဝင်များမှာလည်း ဓမ္မာသောကမင်းကြီးသည် ဖအေတူ အမိကွဲ ဖြစ်ကြသော သုမနအမျိုး ကိုးကျိပ်တို့ကို သုတ်သင်၍ ရှင်ဘုရင် လုပ်ဖူးသောထုံးလည်း ရှိချေသည်။

www.burmeseclassic.com



ခမ္မညာဏသည်လည်း ငါ့အား ဂုဏ်ပြိုင်နေသူ ရန်သူတစ်ယောက်ပင် ဖြစ်၍ စင်စစ်အားဖြင့် မသနား မညှာတာ သင့်အသက်ကို ရက်ရက်စက်စက် ဖြုတ်မှ ဂုဏ်ပြိုင်နေတဲ့ဒုက္ခ အေးတော့မည်။ ယခုမှာ ဘုန်းကြီးလူထွက်ချင်း ဂုဏ်ပြိုင်သည်ဟု နိုင်ငံကလည်း ကဲ့ရဲ့သဂြိုဟ် ဆိုကြ ပြောကြလုပြီ။ ကြာရှည်သွေး၍ အရေးလှမည် မဟုတ်"ဟု လုပ်ကြံသဖြင့် ဓမ္မဓရ၏ လုံ့လ ပယောဂနှင့် ဓမ္မညာဏမှာ အဆိပ်သင့်၍ တဖျင့်တပါး ပျက်ပြား သေဆုံးရရှာလေသတည်း။

## [၆] ဓမ္မစေတီဘွဲ့ဖြင့် အိမ်ရှေ့နှင်းခန်း

**ဓမ္မဓရကို အိမ်ရှေ့နှင်းခြင်း**

တစ်ရံရောအခါ ဟံသာဝတီပြည်ကြီးရှင် ဘုရင် ဧကရီမ ရှင်စောပုသည် မှူးတော် မတ်တော်တို့ အစုံအညီ ညီလာခံတွင် မိန့်ဆိုတော်မူသည်မှာ 'အချင်း မှူးမတ်များ၊ ငါ၏ သမီးတော် ဝိဟာရဒေဝီနှင့် သမက်တော် ဗညားအိန်တို့ကို ပုသိမ်သို့ ပို့ထားရာ ယခုအခါ ငါ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေခြင်း အလျှင်းမရှိမူ၍ မြောင်းမြ၊ ခဲပေါင်၊ ကျောင်းကုန်း၊ အိမ်မဲ၊ အင်းရဲကြီး စသော ပုသိမ် (၃၂) မြို့က လူဆိုး သူဆိုးများနှင့် ပဲခူးက ပါသွားသော ကျေးရင်း ကျွန်ရင်းများကို ဆုလာဘ်များစွာပေး၍ သွေးစည်းဖို့ရာ သစ္စာရေတိုက်သည်ဟူ၍ ကြားရသည်။ သင်းတို့က တစ်ဂုဏ်ခံ၍ ငါ့အား ပုန်ကန် သောင်းကျန်းခဲ့သည် ရှိသော် ငါ့မှာလည်း မိန်းမသားဖြစ်၍ စစ်ရေးမက်ရေး၌ ခက်သေးစွတကား၊ မည်သူ့အား အိမ်ရှေ့အရာကို ပေးအပ်၍ အရေးလွှဲရသော် သင့်လျော်ပါနည်းနည်း' ဟု အရိုးလို၍ အသားတောင်းသကဲ့သို့ စကားကောင်း မိန့်တော်မူ၏။

ထိုအခါ မှူးတော်မတ်တော် အပေါင်းတို့က 'ဘုန်းတော်ကြီးမြတ်တော်မူလှသော ဧကရီဘုရင် သခင်မကြီး၏ ကျယ်ဝန်းတော်မူလှသော တိုင်းတော်ပြည်တော်ကြီးသည် ကြက်ဥကို တင်းပုတ်နှင့် ထုသကဲ့သို့ ဟိုတစ်စု သည်တစ်စု အမြွာမြွာ အစိတ်စိတ် မကွဲမပျက်ရအောင် ထိတ်ထိတ်ကြဲ ဖြစ်တော်မူသော သားတော် ဓမ္မဓရကို ဥပရာဇာနန်းလျာ အိမ်ရှေ့မှာ ထားသင့်ပါကြောင်း မတ်အပေါင်းက သံတော်ဦးတင်ဝံ့ပါသည် အရှင်သခင်မဘုရား' ဟု လျှောက်ထားကြလေ၏။

ယင်းသို့ လျှောက်ထားလျှင် ရှင်စောပုက 'ဓမ္မဓရသည် သာသနာဘောင်က ပျက်ခဲ့တဲ့ ဘုန်းကြီးလူထွက် ဖြစ်သည်။ ဘုန်းကြီးလူထွက်တို့ မည်



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ "ကျွမ်းကျင်ရာ လိမ္မာ" ဆိုသကဲ့သို့ စာစကားပြောခြင်း၊ မကြာမကြာ တရားဟောခြင်း စသော အလုပ်များကိုသာလျှင် ကျွမ်းကျင်တတ်ကြသည်။ တိုင်းပြည်မြို့ရွာကို အုပ်ချုပ်မင်းလုပ်ဖို့ရာမှာ လိမ္မာမည် မဟုတ်ချေတကား' ဟု သားတော် လူထွက်ကို မနှစ်သက်သူများ ရှိ မရှိ သိရအောင် ဟန်ဆောင်မိန့်ကြားတော်မူပြန်လေသော်၊ သက်တော်ရှည် အမတ်ကြီးက မင်းလိုလိုက်၍ မင်းကြိုက် လျှောက်တင်သည်မှာ 'မှန်လှပါ၊ အုန်းသီးကို တူနှင့်နက်တော့ ဘယ့်နှယ် နေပါသလဲ ဘုရား'

'အဆန်ချောင်တယ် မောင်မင်း'

'အဲ-အုန်းသီးကို တူနှင့်နက်တော့ သွက်သွက်ခါ အဆန်ချောင်သကဲ့သို့ ဘုန်းကြီးလူထွက်များမှာလည်း သွက်သွက်ခါအောင် ဉာဏ်ပြောင်ပါကြောင်း မှူးမတ်ပေါင်း ကဝိမျိုးတို့က ရှိခိုးလျှောက်ထားရပါတော့သည် ထိပ်ခေါင်တင်မကြီး ဘုရား' ဟု လျှောက်ထားသောကာလ ရှင်စောပုလည်း ပြုံးတော်မူ၍ 'ဟောသည် သက်တော်ရှည်အမတ် ပြောမှဖြင့် လတ်တလော ဉာဏ်ချည်းပဲ။ ကိုင်း တန်ပါ တန်ပါ၊ ငါ့သားကို ဘုန်းကြီးလူထွက်လေး အုန်းသီးတူနက်လေး မရှိမသေ မပြောကြနှင့်။ မောင်မင်းတို့ သဘောကျသည့်အတိုင်း မဆိုင်းမတွပင် အခွင့်ကို လိုက်စား၍ သားတော်မြတ် ရဟန်းထွက်ကို နန်းဆက်နန်းလျာ ဥပရာဇာ အိမ်ရှေ့လွှဲပြီး သမီးတော် နဲတကာသင်နှင့် မင်္ဂလာဆင်ယင်တော်မူမည်' ဟု ဆို၍ (အောက်ပါ အိမ်ရှေ့နှင်း အမိန့်တော်ပြန်တမ်းကဲ့သို့ မိန့်ဆိုတော်မူပုံ ဥပမာဖြင့် မြန်မာမှု ဗဟုသုတအကျိုးငှာ အရိုးခံအတိုင်း ထည့်သွင်းရေးသားဖော်ပြလိုက်ပါအံ့။)

**အိမ်ရှေ့နှင်း အမိန့်တော်ပြန်တမ်း**

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော၊ ရေမြေအရှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ လက်နက် စကြာသခင်၊ အရှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့သည် သာသနာသုံးပါး စည်ပင်ပြန့်ပွား ထွန်းလင်းစေကြောင်း၊ တိုင်းပြည်နိုင်ငံ အစီးအပွားများပြား တိုးတက်စေကြောင်းများကို ညီညာ ဆောင်ရွက်စေခြင်းငှာ၊ ရိုက်ရာတော်ခံ၊ နန်းရံအစစ် ဖြစ်သော သားတော်မြတ်ကို အိမ်ရှေ့နှင်းတော်မူမြဲ ဖြစ်သည်နှင့်အညီ၊ ငါအရှင် ဧကရာဇ်မင်းမြတ်သည်လည်း အပရိဟာနိယတရား စသော ရာဇဓမ္မ ကျင့်ဝတ္တရား အပေါင်းကို မြဲမြံစွာ ကျင့်ဆောင်တော်မူလျက် (ဟံသာဝတီ) မဟာရာဇဌာနီ ရွှေပြည်တော်ကြီးကို ဆက်ခံသိမ်းပိုက်တော်မူ၍





သာသနာတော်မြတ် အစီးအပွား၊ ကိုယ်တော်မြတ် အကျိုးစီးပွား၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော် အညွန့်စီးပွား၊ ရဟန်းရှင်လူ ပြည်သူသတ္တဝါ အပေါင်းတို့ အကျိုးစီးပွား များစေကြောင်းများကို တရားနှင့်အညီ ထိန်းသိမ်းဆောင့်ရှောက်တော်မူသည်။

ငါ့သားတော် (လိပ်ပြင်ကျောင်း ဘုန်းကြီးလူထွက်) ဓမ္မဓရသည်လည်း ဘပ်ဦးမဟာသမ္မတ၊ ဥက္ကာမုခ၊ သကျသာကီမင်းတို့မှ အစဉ်မပျက် ဆင်းသက်ခဲ့သော (ဘုန်းကြီးလူထွက်) သကျသာကီဝင်အစစ် ဖြစ်ကြောင်း၊ ပိဋကတ်သုံးပုံကို ချောက်ချားစေလျက် လောက ဓမ္မ လိမ္မာ ကျေပွန်သဖြင့် နောင် ငါနှင့်ထပ်တူ တိုင်းပြည်နိုင်ငံကို အုပ်စိုးနိုင်မည့် လက်ရုံး နှလုံး ဘုန်းပညာ လက္ခဏာနှင့်ဂုဏ်ထူး ဝိသေသရှိသော သားတော်မြတ် ဖြစ်သည်နှင့် အညီ သာသနာတော်ရေးတိုင်းရေးပြည်မှုကို ညီညာဆောင်ရွက်ခြင်းငှာ အိမ်ရှေ့မင်းတို့ တင့်တယ်စံပယ်ခြင်းအလုံးအရင်း၊ ဆင်မြင်းဗိုလ်ပါ အပေါင်းတို့ ခြံရံလျက် အိမ်ရှေ့ဥပရာဇာ အဖြစ်ကို ဆောင်နှင်းတော်မူသည်။ အိမ်ရှေ့မင်း အဆောင်အယောင်၊ အခမ်းအနား၊ ဝန်၊ ဝန်မှူး၊ အတွင်းဝန်မှစ၍ သင်းစုပင်းစု ပေးဖွဲ့ရန် စာရင်းကိုလည်း သွင်း။

ထို့ပြင် ငါ့သားတော်မြတ်သည် တိုင်းနိုင်ငံသူ ရှင်ရဟန်းတို့အား တရားဖြင့် အခွင့်အားလျော်စွာ မျက်နှာကြီးငယ် အရှယ်မထောက် စစ်လျှောက်ဆွေးနွေး၍ အရေးနှင့်တူအောင် စီရင်ရမည်။ ငါ့သားတော်မြတ်သည် အိမ်ရှေ့နန်းလျာ မဟာဥပရာဇာတို့၏ တရားမှ ယွင်းမှားဖောက်ပြန် ယောက်ယက်ဆန် လုပ်ခဲ့ပါက သာသနာတော် အရောင်အဝါလည်း ညှိုးလေရာသည်။ တိုင်းသူ လူရဟန်း အပေါင်းတို့လည်း ပူပန်၍၊ ပစ္စုပ္ပန်စီးပွား နှစ်ပါးလုံးမှ ယုတ်၍ အပါယ်လေးပါး သွားရမည့်အကြောင်း ဖြစ်သည်။ ငါ့သားတော်မြတ်သည် ဘုန်းကြီးလူထွက် ဖြစ်သည်နှင့်အညီ "ဖွတ် မိကျောင်းဖြစ်၊ မြစ်မချမ်းသာ" ဟူဘိသကဲ့သို့ ရဟန်းသံဃာတို့အား နှိပ်စက်ညှဉ်းပန်းခြင်း မပြုလေနှင့်။

ငါ့သားတော်မောင်သည် ရဟန်းဘောင်မှ ထွက်ခဲ့သော ဘုန်းကြီးလူထွက် အစစ် ဖြစ်တော်မူသည်နှင့် အညီ အလဇ္ဇီဓမ္မ၊ ပါပညစ်ကျူး မကောင်းမှုကို မပြုလုပ်စေရ။ ငါ့သားတော်မြတ်စွာ မဟာဥပရာဇာကို သမီးတော်ကလေး နဲတကာသင်နဲ့ မင်္ဂလာဆောင်နှင်း၍ ထိမ်းမြားခြင်းကို ပြုလိုက်သည်။ ငါ့သားတော် မဟာဥပရာဇာမှာ စာတတ်သော ဘုန်းကြီးလူထွက် စစ်စစ်ဖြစ်သည်နှင့်အညီ "ဓမ္မစေတီ" ဟူသော ဘွဲ့တံဆိပ်နာမံကို ခံယူလျက် ငါ့သမီးတော်ကလေး နဲတကာသင်မှာ "ရာဇဒေဝီ" ဟူသော ဘွဲ့ပုံတော်တံဆိပ်ကို ဦးထိပ်၌ပန်ဆင်စေ။ ငါဧကရီ ဘုရင်မသည်ကား သက်ရွယ်တော်ရကြီးရင့်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပုတီးနှင့်ပျော်ရမည် ဖြစ်၍ ရွှေမော်ဓောဘုရားနှင့် ဒဂုံဆံတော်ရှင်ဘုရားကို သွားချည်တစ်ခါ လာချည်တစ်လှည့် ရှိခိုးဝတ်ပြု၍ နေတော့မည်-ဟု မိန့်တော်မူပြီးလျှင် ညီလာခံသဘင်ကို ရုပ်သိမ်းတော်မူလေ၏။

## အင်းဝကို မွန်တို့ ချီတက်ခြင်း

နန်းညွန့်လျှာ မဟာဥပရာဇာ ဖြစ်တော်မူထသော ဓမ္မစေတီ အိမ်ရှေ့မင်းထံသို့ တစ်ရံရောအခါ စစ်တောင်းမြို့စား သမိန်ဗရမ်း ဟူသော အမတ်က ကျွန်တော်မျိုး စိတ်ကြိုက် စစ်သား လေးသောင်းနှင့် အချစ်တော်ရင်း ဆင်ကိုသာ ပေးတော်မူပါ။ မြန်မာပြည် အင်းဝမြို့ကို တိုက်၍ပေးပါမည်ဟု လျှောက်ထားလျှင် အိမ်ရှေ့မင်းသည် ထိုအကြောင်းများကို ရှင်စောပုသို့ တက်၍ လျှောက်ထားလေ၏။ ရှင်စောပုလည်း ငါ့သား သဘောအတိုင်း ငါ့သားစိတ်ကြိုက် လွှတ်လိုက်ဟု မိန့်တော်မူလိုက်၏။

အိမ်ရှေ့မင်းသည် မယ်တော်ထံမှ အခွင့်ရခဲ့လျှင်၊ သမိန်ဗရမ်းနှင့်တကွ မှူးတော် မတ်တော်တို့ကို ဆင့်ခေါ်တော်မူပြီးလျှင် တိုင်ပင် ဆွေးနွေး စစ်ရေး စစ်လိုက် သမိန်ဗရမ်း စိတ်ကြိုက်သော စစ်သည်တပ်သား လေးသောင်းနှင့် အချစ်တော်ရင်း ဆင်တော်ကို ပေးအပ်တော်မူလျက် ဒေါင်စေတီ ဟူသော ဘုရား၌ သစ္စာတော်ရေ တိုက်ပြီးသော် ဗရမ်းအား ဤသို့ မိန့်ကြားတော်မူ၏။ 'မောင်မင်းသည် မြန်မာပြည်ကို ချီတက် လုပ်ကြံရာ၌ မြန်မာများကို မလေးမစား ပမာမထား မပြုလေနှင့်။ မြန်မာများက ငါတို့ မွန်များကို မရွံ့မကြောက် မမှုလောက်ဟု ထင်ချေသည်။ မြန်မာများသည် အသားစား ဘီလူးကဲ့သို့ ထူးထူးကဲကဲ ရဲရင့်သန်မြန်သော လူမျိုးများ ဖြစ်ချေရကား လူမျိုးခြားများကို လားလားမှ လူ့နှယ် သူ့နှယ် မမှတ်တတ်၊ ကြပ်ကြပ် သတိရှိလေ' ဟု မှာထားတော်မူ၏။

ထိုအခါ ဗရမ်းက 'ကျွန်တော်မျိုးသည် ဆင်းရဲသားမျှသာ ဖြစ်လျက် မယ်တော် ပြုစုတော်မူ၍၊ ဗရမ်း ဟူသော အမည်နှင့် မှူးကြီးမတ်ရာ ဖြစ်ပါ၍ စိတ်တူ သဘောတူ စစ်သားလေးသောင်းနှင့် အချစ်တော်ရင်း ဆင်ကို ရပြီးမှ မြန်မာတို့ကို မဆိုထားနှင့်။ သိကြား၊ အသူရာ၊ ဘီလူး၊ ကုမ္ဘဏ်၊ ဤလေးတန်ကိုသာ ရှောင်မည်။ ဇမ္ဗူဒိပ်မြေပြင်၌ လူချင်း ဖြစ်ခဲ့လျှင် ရှောင်မည် မဟုတ်၊ စိုးရိမ်တော်မမူနှင့်' ဟု လျှောက်ထား၏။

အိမ်ရှေ့မင်းလည်း အားရတော်မူသည် ဖြစ်ရကား ဗရမ်းအား ရွှေ ငါးပိဿာ၊ ရွှေဖလားကြီး တစ်ဆယ်၊ ငွေဖလား သုံးရာ၊ လက်စွပ် ရှစ်ရာ၊ လက်ရေ





ပဋ္ဋုအနားရေးဒါလိုလုံပနီအပွင့် တစ်ဆယ်၊ ပန်းဆိုးမျက်သုတ်လေးရာ၊ ဦးထုပ် တစ်ရာ့သုံးဆယ် ဆုပေးလေ၏။

ဗရမ်းလည်း အိမ်ရှေ့မင်းကို ဦးတိုက်၍ ထွက်ခဲ့ပြီးသော် စစ်သည် တပ်သားတို့အား 'မင်းတို့ ငါတို့သည် သေလည်းအတူ ရှင်မူတကွ ဖြစ်ကြပြီ ဖြစ်၍ ကေရီဘုရင်မဘုရားကြီး၏ အကျိုးတော်ကို ဆောင်ရန်အတွက် အသက် သေပျောက်ဖို့အရေးကို တွေးတောထိတ်လန့် ကြောက်ရွံ့ခြင်း မရှိကုန်လင့်။ အရေးတော် သာလျှင် အခွန်အတုတ် စားရိက္ခာနှင့် လာဘ်သပ်ပကာရှင်လျက် ပြည်ခွင်အောက်ပိုင်း ဟံသာဝတီတိုင်း ပဲခူးပြည်မှာ စည်ပင်သာယာ မင်္ဂလာသုခ နှင့် လှလှကြီး ခံစား စံစားကြရမည်။ မကြောက်ကြနှင့်၊ မရွံ့ကြနှင့်၊ မလန့်ကြနှင့်၊ မထိတ်ကြနှင့်။ ငါတို့ မွန်မျိုးသည် သမိုင်းတန်ခိုးပြောင်၍ လူ့ဘောင်မှာ အကဲ လုပြီး ပွဲရသော လူရဲမျိုးတစ်မျိုး ဖြစ်သည်' စသည်ဖြင့် စစ်သည်တပ်သားတို့ မတိုက်ချင် တိုက်ချင်အောင် သွေးဆောင် ဖြားယောင်းပြီးလျှင် ယခင် အိမ်ရှေ့ မင်းထံက ရခဲ့သော ရွှေငွေပုဆိုး စသည်များကို အစုအင ဖြန့်ဝေပေးကမ်းပြီး သော် တချို့စစ်သားကို ဓားတပ် လည်းကောင်း၊ တချို့ကို လှံတိုလှံရှည်တပ် လည်းကောင်း၊ တချို့ကို သေနတ် အမြောက် မီးပေါက်တပ် လည်းကောင်း၊ တချို့ကို ဒူးလေးတပ် လည်းကောင်း အသီးသီး တပ်ဖွဲ့ပြီးကာ အညာအင်းဝသို့ ချီတက်ကြလေ၏။

ယင်းသို့ ချီတက်ခဲ့လေရာ "မောက်တတိုင်" ဟူသော ရွာဝယ် တပ်ချ လေ၏။ ယင်းကတစ်ဖန် ချီတက်ခဲ့ပြန်ရာ အလယ်ဘုရား၊ ရန်မစွယ် ဆင်ခေါင်း ရွာတို့၌ စခန်းချ ရပ်ခဲ့ကြသည့်ပြင် တောင်ငူသို့ရောက်လျှင် တောင်ငူမင်းကို စစ်သူကြီး ဗရမ်းက ဝမ်းမြောက်ဖွယ်ရာ ဟောပြောသဖြင့် တောင်ငူမင်းလည်း တိုက်ဆင်ကြီး သုံးစီး၊ မြင်းတစ်ရာ၊ လူတစ်ထောင် စစ်ကူထည့်လိုက်၏။ ဗရမ်း လည်း တစ်အားထက် နှစ်အားရ၍ အင်းဝကိုဖြင့် အပြတ်ချမည်ဟု ချီတက်ပြန် လေ၏။ ချီခဲ့၍ ညောင်ရမ်းသို့ ရောက်လျှင် ညောင်ရမ်းသား လူကျော်လူမော် တစ်ထောင့်လေးရာတို့ကို ခရီးစောင့် ထားခဲ့ပြီးသော် တစ်ခါတည်း အင်းဝသို့ ချီခဲ့လေရာ အင်းဝသို့ မရောက်မီ သုံးထောင်တွင်း အရပ်ဝယ် တပ်မ ချရပ်မိလေ ၏။ (ထိုအရပ်ကို မွန်တပ် ဟူ၍ မြန်မာတို့ ခေါ်ဝေါ်စမှတ် ပြုကြကုန်၏။)

## မွန်တပ် အင်းဝကို တိုက်ခိုက်ခြင်း

ဗရမ်းလည်း ထိုအရပ်တွင်ပင် တပ်စွဲချရပ်၍ အင်းဝပြည်၏ သနစ်သနာ အနေအထားများကို ထောက်လှမ်းစုံစမ်းအံ့သောငှာ မွန်သူရဲကောင်း သုံးကျိပ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကို ခေါင်းခေါက်၍ ရွေးပြီးလျှင် အင်းဝသို့ သူလျှိုအဖြစ် စေလွှတ်လိုက်လေ၏။

ထိုစေလွှတ်လိုက်သော သူလျှို သုံးကျိပ်သားတို့သည် တစ်ကျိပ်ကို မြို့ပြင်က ထားခဲ့ပြီးသော် နှစ်ကျိပ်မှာ မြို့တွင်းသို့ ဝင်ခဲ့ကြပြီးကာလ မြို့ပြ၊ ကျုံးမြောင်း၊ ရဲလောင်း၊ ရင်တား၊ တံခါးမုခ်ထွက်၊ စစ်တက်စစ်ခင်း၊ စစ်ကျင်း အထားအသို၊ အလျှို အလျှို ထိုထို အခမ်းအနားများကို ကြည့်ရှု မှတ်သားရုံမျှ မက မြန်မာတို့၏ခေါင်း လေး, ငါး, ခြောက်လုံး, ခုနစ်လုံးတို့ကိုလည်း ဖြတ်ယူခဲ့ကြ၍ စစ်ဗိုလ်ချုပ်ကြီး ဗရမ်းသို့ ဆက်သလေရာ ဗရမ်းလည်း 'မောင်မင်းတို့သည် မြန်မာများခေါင်းတွေကို ရခဲ့ပလေသည်၊ ကောင်းလှပေစွတကား' ဟု အားရဝမ်းသာ သြဘာစကား ပြောကြားပြီးသော် ဆုတော် လာဘ်တော်များ ပေးကမ်းဝေငှ၍ အင်းဝမင်း၏ ဆင်မြင်း အလုံးအရင်း အခြေအနေတို့ကို မေးမြန်းရာ သူလျှိုစစ်သားများက အင်းဝမြို့တွင် တိုက်ဆင်ကြီး ကောင်ရေ တစ်ရာ၊ စစ်မြင်း ကောင်ရေ လေးထောင်၊ စစ်သားတို့က မရေမတွက်နိုင်အောင် များလှပါသည်ဟု လျှောက်ထားကြ၏။

ထိုအခါ ဗိုလ်ချုပ်ကြီး ဗရမ်းက 'သင်းရို့ မြန်မာတွေ များသော်လည်း တိုက်သားရမည် မဟုတ်၊ လူများသည်မှာလည်း ပဌာန မဟုတ်။ မဆုတ်မတွန့် ရဲဝံ့ခြင်း၊ တပ်စီးတပ်နင်း ကောင်းခြင်း၊ လူညီခြင်း၊ နိုင်အောင် တိုက်နိုင်ခြင်းသာ လိုရင်းအချက် ဖြစ်သည်။ သို့ရာတွင် "စစ်ဦး ဘီလူးပါ" ဆိုသကဲ့သို့ အစက ရှုံးလျှင် ဗရန်းဗရင်း ရန်းရင်းဆန်ခတ် ဖြစ်ရသည့်အလျောက် နောက်ကိုလည်း နိုင်ခဲသည်။ သို့အတွက် ဟံသာဝတီ ပြည်ကြီးရှင် ကေရီဘုရင် ထိပ်ခေါင်တင်၏ ဘုန်း၊ မောင်မင်းတို့၏ လက်ရုံးဖြင့် အဆုံးတိုင် တိုက်ကြ။ အသက်ကို မထောက်ထားဘဲ အောက်သားမွန်များ ရဲရင့်ကြောင်း ကောင်းကောင်းကြီး ပြကြ။ ပဲခူးက အညွန့်များ၏ စွန့်စားပုံကို ပြကြ။ အောက်ပြည်တိုင်းက မွန်မျိုးဟု သမိုင်းထိုးလောက်အောင် မစိုးမကြောက် မောက်မောက်မော်မော်ကြီး တွယ်ကြ။ ဟံသာဝတီက မြန်မာပြည်ကို အကဲမောက်ရအောင် အညာသားတွေကို ကျွဲလောက်သာ မှတ်ကြ' ဟု ပြော၍ ကသောကမျော အင်းဝသို့ ချီပြန်လေ၏။ ယင်းသို့ ချီခဲ့၍ မြစ်ငယ်ချောင်းကို ကူးဖြတ်ရာတွင် အချစ်တော်ရင်း ဆင်သည် ရေမှ မတက်ဘဲ ချောင်းတွင် စိမ်နေလေ၏။

မွန်တပ်က မြစ်ငယ်ကို ဖြတ်အကူးတွင် အင်းဝမင်းလည်း ဆင်မြင်း ဗိုလ်ပါ သူရဲသူခက်တို့နှင့် မြစ်ငယ်တစ်ဖက်က ဆီး၍ တိုက်နှင့်လေ၏။ ၂ ဦး ၂ ဖက် စစ်မျက်နှာ ဆိုင်မိလျှင် (ယခင် ရှေးအထက်ကျော်ကာလက မွန်လူမျိုး၊





မြန်မာလူမျိုး၊ ရှေးကျသော လူကြီးများသည်ကား ဗိုလ်ဆိုလျှင် ဗိုလ်နှင့်ဝင် ရှု အောင် ရှေ့ကဆောင်၍ ပြောင်ပြောင်ကြီး တိုက်တတ် ခိုက်တတ်ကြသည်နှင့် အညီ) ဗိုလ်ချုပ်ကြီး ဗရမ်းသည် အပွဲပွဲမှာ စွဲနေကျကပဲဟု ရဲရဲရင့်ရင့် အချစ်တော်ရင်း ဆင်ကို ချွန်းတင်၍ ဖွင့်ပါသော်လည်း ဆင်သည် ရေမှ မတက်ဘဲ သက်သတ် ခွလုပ်နေသဖြင့် စစ်ခြေမလှ ဆုတ်ရတော့မလို ဖြစ်နေသည့်အတွင်း အင်းဝမင်း၏ စစ်သည်တော်များက မြစ်လယ်ကို အတင်းဖြတ်၍ ချဉ်းကပ်လာသောအခါ ဗိုလ်ချုပ်ကြီး ဗရမ်းမှာ ဆင်မကြီးတစ်စီးကို ပြောင်းစီးပြီးသော် ဆင်မကို ချွန်း အုပ်၍ ဆုတ်ခံ ဆုတ်ခံနှင့် မိမိ၏စစ်တပ် အလုံးအရင်းနှင့်တကွ နေရာတကျ ထွက်ပြေးကြလေ၏။ ဗရမ်း၏တပ် မရပ်မနား ပြေးလွှားသည်ကို မြင်လျှင် အင်းဝဘုရင်လည်း မင်းရဲကျော်ထင်၊ သတိုးဥပရာဇ်၊ စည်ပုတ္တရာဆိုသူ အမတ်တို့ကို တိုက်ဆင်သုံးရာ၊ မြင်းသုံးထောင် အပ်၍ မွန်အမတ် ဗိုလ်ချုပ်ကြီး ဗရမ်းကို လက်ရသုံ့ပန်း ဖမ်းရမည်ဟု အမိန့်တော် ပြန်လိုက်လေ၏။

**မွန်တပ်အလုံး ပျက်၍ ပြေးခြင်း**

အဆိုပါ မြန်မာအမတ်တို့လည်း ဆုတ်ခံ ဆုတ်ခံနှင့် ထွက်ပြေးသော မွန်တပ်ကို နောက်က ထက်ကြပ် ပူးပူးကပ်ကပ် ဒရောသောပါး လိုက်တိုက်လေ၏။ မွန်ဗိုလ်ချုပ်ကြီး ဗရမ်းလည်း မိမိကို ဖမ်းမိခါနီးတွင် ရင်ဆိုင်တွေ့လျှင် မရှေ့ဘဲ စွန့်စားဝံ့သည်နှင့်ညီစွာ မြန်မာတပ်ကို အပြတ်အသတ် ကြပ်ကြပ်ကြီး ပြန်လှန်၍ ခံစစ်အဖြစ်နှင့် ခုခံတိုက်ခိုက်လိုက်လေရာ မွန်တပ်မှာ များစွာပင် ထိခိုက်ရှုံး ကျဆုံးလေ၏။ (ထိုအရပ်ကို မြန်မာများက မွန်သေ ဟူ၍ ခေါ်ကြ၏။)

ထိုတိုက်ပွဲတွင် မွန်တပ်အလုံး ဗရန်းဗရင်း ကသောင်းကနင်း ဖြစ်ရလျက် တပ်ပျက်၍ ပြေးကြပြန်ရာ ကွင်းပြင်တစ်ခုသို့ ရောက်လေလျှင် မြန်မာတပ်အာ ဖိညှပ်ပိတ်ဆို့ ဝန်းဝိုင်းမိသဖြင့် မွန်ဗိုလ်ချုပ် ဗရမ်းနှင့်တကွ စစ်သား ရှစ်ရာတို့ကို လက်ရ သုံ့ပန်း ဖမ်းဆီးမိပြီးလျှင် အင်းဝမင်းသို့ ဆက်လေ ၏။ အင်းဝမင်းလည်း ဗရမ်းကို စစ်ဆေး မေးမြန်းသဖြင့် ဗရမ်းက 'ဘုန်းတော် ကြီးမြတ်တော်မူလှသော အရှင်၊ ကျွန်တော်မျိုးတို့၏ ဟံသာဝတီပြည်တွင် မှူးကြီးမတ်ရာ သေနာပတိ ဆင်ကောင်း မြင်းကောင်းတို့၏ အရေးကို မေးမြန်းတော်မူဖွယ် မရှိ။ ကျွန်တော်မျိုး သည် အချစ်တော်ရင်း ဆင်နှင့် စစ်သားလေးသောင်းကို တောင်းပြီးလျှင် အင်းဝကို တိုက်၍ပေးမည်ဟု ဝန်ခံ၍ လာခဲ့သည်။ လာခဲ့၍ တောင်ငူသို့ရောက်လျှင် တောင်ငူမင်း ကလည်း ဆင်သုံးစီးနှင့် မြင်းတစ်ရာ၊ လူတစ်ထောင် စစ်ကူထည့်လိုက်ပေ၏။ ကျွန်တော်မျိုး ချီတက်ခဲ့ရာတွင် အရှင်၏ ဘုန်းတော်သမ္ဘာတော်ကြီးမြတ်တော်



www.burmeseclassic.com

www.burmeseclassic.com



မူလှသောကြောင့် ကျွန်တော်မျိုး၏ဆင်သည် ချွန်းတင် အတင်းဖွင့်ပါသော်လည်း အရှင့်တပ်ကို တေ့ဖို့ စူးဖို့ နေနေသာသာ ဝပ်ရာကမှ မထဘဲ ခွလုပ်နေသောကြောင့် ကျွန်တော်မျိုးသည် အရှင့်လက်တော်သို့ ရောက်ပါသည်။ အကယ်၍သာ ကျွန်တော်မျိုး၏ ဆင်သည် တေ့စူးပါတမူကား အင်းဝက စစ်သားမျှလောက်ကို ထားဘိဦး၊ ဇမ္ဗူဒိပ် တစ်ကျွန်းနှင့်ပင် ဝန်းဝိုင်း၍ ခုခံသော်လည်း ကျွန်တော်မျိုးကို ခံနိုင်ပါမည်လော’ ဟူ၍ လျှောက်လေ၏။

အင်းဝမင်းလည်း မွန်ဗိုလ်ချုပ်ကြီး လျှောက်သည်ကို ကြားလျှင် နေမျိုးကျော်ထင်နှင့် ရှင်ရဲနောင် ဟူသော အမတ် ၂ ယောက်ကို ခေါ်တော်မူ၍ ဗရမ်း၏ နောက်က ပါလာသော မွန်စစ်သား မည်မျှလောက် ကြွင်းကျန်၍ မည်မျှလောက် ကျဆုံးသနည်းဟု မေးတော်မူရာတွင် နေမျိုးကျော်ထင်နှင့် ရှင်ရဲနောင် စစ်ဆေးကြည့်ရှုပြီးလျှင် ကြွင်းကျန်သောစစ်သား နှစ်သောင်းရှစ်ထောင်၊ ကျဆုံးသော စစ်သား တစ်သောင်းသုံးထောင် ဖြစ်ကြောင်းနှင့် လျှောက်ထားကြ၏။ ထိုအကြောင်းအရာကို သိရပြီးနောက် ဗရမ်းကို သံခြေချင်း ၃ ဆင့်ခတ်၍ သတိုး ဟူသော အမတ်တစ်ဦးထံ အပ်နှံ၍ ထားလေ၏။

မွန်တပ်က လက်လွတ် ထွက်ပြေးကြရသော စစ်သား ၁၃ ယောက်တို့ အနက် ၄ ယောက်ကို ခားကစားရလျက်၊ ၆ ယောက်ကို ရောဝတီသားတို့ ဖမ်းမိသဖြင့်၊ ၃ ယောက်မျှသာ ဟံသာဝတီသို့ ရောက်လာ၏။ ထိုရောက်လာသော လူ ၃ ယောက်တို့က အကျိုးအကြောင်းကို ရှင်စောပုသို့ လျှောက်ထားလေရာ ရှင်စောပုလည်း များစွာပင် စိတ်အားငယ်တော်မူ၏။ ထိုလူ ၃ ယောက်တို့သည် နန်းတော်မှတစ်ဖန် မိမိတို့အိမ် ပြန်ရာတွင် ဟံသာဝတီ တစ်မြို့လုံးက တရုန်းရုန်း ဝိုင်းအုံ၍ မေးမြန်းရာတွင်၊ စစ်ရှုံးရပုံ နှစ်နာကြောင်းနှင့် ပြန်ပြောကြရာတွင် အချို့မှာ နှလုံးကွဲ၍ သေကုန်၏။

## အချစ်တော်ရင်း ဆင်တော် သေဆုံးခြင်း

အချစ်တော်ရင်း ဆင်ကိုကား အင်းဝမင်း အမိန့်တော်နှင့် ဖမ်းဆီးကြရာတွင် ဝန်းဝိုင်း ဖမ်းဆီးသော တိုက်ဆင် ၄၈ စီး၊ စစ်မြင်း ၄၀ တို့ကို သေကျေအောင် ထိုးတေ့သောကြောင့် မြန်မာများ မဖမ်းနိုင်ဘဲ လက်မှိုင်ချ၍သာ နေကြရလေ၏။ အချစ်တော်ရင်းဆင်သည် အင်းဝက ဟံသာဝတီသို့ ပြန်ခဲ့ရာတွင်လည်း ဆင် ၃ စီး၊ မြင်း ၂၀ တို့ကို အသေတေ့၍ ပြန်မြဲတိုင်း ပြန်ခဲ့ရာ တောင်ငူသို့ ရောက်ပြန်လျှင် တောင်ငူမင်းက ဖမ်းပြန်သဖြင့် ဆင် ၃ စီး၊ မြင်း ၃ ကောင်တို့ကို





သေအောင် ထိုးတေ့ခဲ့ပြီးလျှင် တစ်ဖန် ပြန်ခဲ့လေရာ ဟံသာဝတီသို့ ချောချော မောမော ပြန်ရောက်လေ၏။

စီးတော်ဆင် အချစ်တော်ရင်းသည် ဟံသာဝတီသို့ ရောက်လာလျှင် ၇ ရက်လုံးလုံး မြို့ကို လှည့်လည်၍နေပြီးသော် နောက်မှ အလိုအလျောက် ဆင်ဘင်းကုပ်သို့ ဝင်နေလေ၏။ ရှင်စောပုလည်း ဆင်တော် ပြန်ရောက်လာလျှင် လွန်စွာပင် ဝမ်းသာအားရ ရှိတော်မူပြီးလျှင် ရှင်ရဲနောင် ဟူသော အမတ်ကို ဆင်ဝန် ခန့်ထားလျက် ဝင်းထဲမှာ ရုံဆောက်၍ ထားစေ၏။ ဝင်းထဲ၌ထားရာ ၃ ရက်မျှကြာလျှင် အချစ်တော်ရင်းဆင်သည် နှလုံးစိတ်ဝမ်းကွဲလျက် သေဆုံးရှာလေ၏။ ဆင်တော် သေဆုံးကြောင်းကို ဆင်ဝန် ရှင်ရဲနောင်သည် ရှင်စောပုသို့ လျှောက်ထားလျှင် အလွန်တရာ မသက်မသာ ကြေကွဲဝမ်းနည်းစွာ ယူကျုံးမရ သောကပရိဒေဝ ဖြစ်တော်မူပြီးလျှင် ငါ၏ဆင်တော်ကို မြှုပ်နှံ သင်္ဂြိုဟ်ရမည်ဟု မိန့်တော်မူသည့်အတိုင်း ဆင်ဝန် ရှင်ရဲနောင်လည်း ဆင်ကောင်ကို ကောင်းမွန်စွာ မြှုပ်နှံပြီးသော် ထိုဆင်တော်၏ သင်္ချိုင်းပေါ်တွင် အထိမ်းအမှတ် ညောင်ပင်တစ်ပင် စိုက်ထားလေ၏။ (ထိုညောင်ပင်ကို ဆင်ညောင် သို့မဟုတ် ဆင်ချည် ဟူ၍ ခေါ်စမှတ် ပြုကြကုန်၏။)

ထိုအချစ်တော်ရင်း မည်သော ရှင်စောပု၏ ရွှေစက်တော်တင် မင်္ဂလာဆင်တော်သည် တိရစ္ဆာန်ပင် ဖြစ်လင့်ကစား စစ်ရေးစစ်ရာမှစ၍ အရာရာ၌ လိမ္မာယဉ်ကျေးလျက် အထူးသဖြင့် ကျေးဇူးကိုသိတတ်သော (?) ရှိလှသောကြောင့် ဟံသာဝတီ ပြည်သူပြည်သားတို့ အားရဝမ်းသာသမှု ရတု ကဗျာ လင်္ကာ သီချင်း ဖွဲ့နွဲ့သီဆိုကြသည်မှာ အောက်ပါအတိုင်းပင် ဟူ၏။

## အချစ်တော်ရင်း ဆင်တော်ဘွဲ့

အချစ်တော်ရင်း၊ ဆင်မင်း စွယ်ဖျား၊ ခတ်အလားသို့၊ မြို့ကား
မော်လမြိုင်၊ မုန်အိုင်ပါးပြင်၊ ရေသက်ကြင်သော်၊ ငင်၍မရ၊ ပင်ပန်း
လှ၍၊ ပြည့်ထ ညောင်းညောင်း၊ ခေါင်းလောင်းမောင်းသို့၊ ဆင်ကောင်း
မုန်သောက်၊ ဖမ်းဟန်ထောက်၍၊ ဆင်ပေါက်ထောင်တိုင်း ဟိန်နိုင်နိုင်။

ဤအချစ်တော်ရင်း ဆင်တော်မှာ ရန်သူလက်မှ အသက် ချမ်းသာစွာနှင့် ပြန်လာခဲ့၍ ဟံသာဝတီသို့ကျမှ စိတ္တဇရောဂါနှင့် ကွယ်လွန်သေဆုံးရှာလေသော် မွန်ဗိုလ်ချုပ်ကြီး သမိန်ဗရမ်းမှာမူကား သံခြေချင်းမှ ၃ ဆင့်တောင် ခတ်ထားသဖြင့် ဟံသာဝတီ ပဲခူးပြည်သို့ မပြန်လည်နိုင်ဘဲ အင်းဝမှာပင် အကျဉ်းကျ၍ နေရရှာလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## [ ၇ ] ဗညားအိန်ကို ခေါ်ယူခန်း

**ဗညားအိန်ထံ ရာဇသံ စေလွှတ်ခြင်း**

ပုသိမ်သို့ လွှတ်လိုက်သော သမက်တော် ဗညားအိန်သည်လည်း ဟံသာဝတီသို့ သူလျှိုများ စေလွှတ်၍ ဓမ္မဓရ လူထွက်ကို ခယ်မတော် "နဲတကာသင်" နှင့် ထိမ်းမြားလျက် အိမ်ရှေ့မင်းတို့ အစီးအနင်းကို နှင်းအပ်ကြောင်းများ အတပ် သိရှိရလျှင် ပုသိမ် ၃၂ မြို့လုံးရှိ လူသူတို့ကို သိမ်းသွင်းဖွဲ့စည်း၍ အရီးတော် ရှင်စောပုကို ခြားနားလျက် တစ်ထီးတစ်နန်း တိုင်းခန်းပြည်ရွာ ပြုစု၍ အနိုင် အလုံ နေလေ၏။

ထိုအကြောင်းများကို ဟံသာဝတီပြည့်ရှင် ယောက္ခမ ဘုရင်မ ရှင်စောပု ကြားလျှင် သမက်တော် အိမ်ရှေ့မင်း ဓမ္မစေတီနှင့် တိုင်ပင်စကား ပြောကြား တော်မူသည်မှာ 'အမောင် အိမ်ရှေ့မင်း၊ ဗညားအိန်သည် ပုသိမ်က လူဆိုးများ နှင့် ပဲခူးကို လုပ်ကြံမည်ဟု ဆော်ဖန်စည်းကြပ်၍ ရေတပ် ကုန်းတပ်များ သိမ်း သွင်း ဖွဲ့သွင်းနေကြောင်းများကို ငါ ကြားရသည်။ ငါတို့ ဟံသာဝတီ ပဲခူး ပြည်က ကျွန်တော်မျိုးများသည် တိုက်ရေးခိုက်ရေး၌ မိုက်သွေးစွန်းသော ကျွန်တော်မျိုးများပင် ဖြစ်သည်။ ပုသိမ်မြို့နှင့်တကွ အရံမြို့ပြ ကျေးလက် ဖြစ်ကြသော ခဲပေါင်၊ မြောင်းမြ၊ အိမ်မဲ၊ ကျောင်းကုန်း၊ မဲဇလီ၊ အင်းရဲကြီး စသော အရပ်သားများလည်း ပဲခူးသားများထက် ဆိုးဝါးကြောင်းကို ငါ သိတော် မူရင်း ဖြစ်သည်။ သို့ဖြစ်၍ ရာမညတိုင်း မွန်ပြည် တစ်ပြည်တည်းတွင် မကြည် မဖျက် စစ်မက်ယှဉ်ပြိုင် သူနိုင်ငါရှုံးဖြစ်ဖို့ တစ်မြို့နှင့်တစ်မြို့ တိုက်ခိုက်ကြ၍ မိုက်တိုက်တိုက် လုပ်ကြလျှင်ပင် မသင့်လျော်။ သို့အတွက် လွယ်လွယ်နှင့်လည်း သိမ်းပိုက်နိုင်အောင် ပုသိမ်စား အရေးကို မည်ကဲ့သို့ ကြံသော် သင့်လျော်မည် နည်း' ဟု မေးမြန်းတော်မူသည်တွင် အိမ်ရှေ့မင်း ဓမ္မစေတီက 'ပုသိမ်စားကို သာသာယာယာနှင့် ဖျောင်းဖျ သွေးဆောင်လျှင် အောင်မြင်စရာ ရှိပါသဖြင့်





ခယ်တော်သည် ပုသိမ်စား လုပ်ကြံမည်ကို သိတော်မမူဟန်ပြုလျက် ရေးကသော မြတ်နိုးသယောင် ကြံဆောင်တော်မူပါ' ဟု လျှောက်ထား၏။

ရှင်စောပုလည်း အိမ်ရှေ့မင်း လျှောက်တင်ချက်ကို နှစ်သက်တော်မူ သဖြင့် 'ကောင်းပြီ၊ အမောင် အိမ်ရှေ့မင်း အကြံအစည်အတိုင်း မယ်တော် တတ်နိုင်သလောက် ကြံဆောင်တော်မူမည်။ သို့ရာတွင် အနုနှင့် မဖမ်းသာလျှင် ကြမ်းစရာသာ လိုရင်းဖြစ်ရကား အမောင် အိမ်ရှေ့မင်းလည်း အရာရာမျိုးမှာ အပိုးသေသေနှင့် သေကွေ ကျစ်လျစ်စွာ စီမံ၍ အရန်သင့် ရှိစေရမည်' ဟု မိန့်တော်မူ၏။

ထိုနေ့ကစ၍ ရှင်စောပုလည်း သမီးတော်ကြီးနှင့် သမက်တော်ကြီးကို ချစ်ခင် မြတ်နိုးသောအယောင် ဟန်ဆောင် လှည့်ဖြားလျက် သမီးတော်နှင့် သမက်တော်များ စားသောက်မူမြဲ ဖြစ်သည့် ပဲခူး နေပြည်တော်ဖြစ် မုန့်ပဲ သရေစာ စသော စားဖွယ်သောက်ဖွယ် အမည်မည်တို့နှင့် အဋ္ဌရာယ်ကင်း ပရိတ် ချည် ပရိတ်ပန်းမွှေးများကိုလည်း လှေမြန်တော်နှင့် တစ်ညအိပ်နှင့်အရောက် နေ့စဉ်ရက်ဆက် ဝတ်မပျက် ပို့တော်မူ၏။ ထိုသို့ လောကွတ်မာယာ ပြုလုပ် တော်မူ၍ တော်တော် အခြေရပြီဟုထင်လျှင် 'ငါ့သမီးနှင့် သမက်ကြီးများ မျက်နှာကို မမြင်ရသည်မှာ ကြာပြီဖြစ်၍ ခဏလောက်ဖြစ် မချည်း ပဲခူးနေပြည် တော်သို့ အလည်အပတ်များ လာကြပါဦး' ဟူ၍လည်း လူသူ စေလွှတ်၍ ခေါ်တော်မူ၏။

ဗညားအိန်လည်း စေလွှတ်လိုက်သော သူများနှင့်ပင် 'ကျွန်တော်သည် တူလည်းဖြစ်၊ သမက်လည်း ဖြစ်ပါလျက်ကိုကား အိမ်ရှေ့မထား။ သူစိမ်းသား ဖြစ်သော ဘုန်းကြီးလူထွက်ကိုသာလျှင် အိမ်ရှေ့အရာ ထားတော်မူသည်ဖြစ်၍ ဟံသာဝတီ ထီးနန်းဆက်ခံရာဇဝင် မွန်ဘုရင်တို့တွင် ကျွန်သခင်တစ်ယောက် ယေါ်ပေါက်ခြင်း မရှိရအောင် ဘုရားသမက်တော်သည် အနောက်တရိုးသားတို့ကို အားပြုစုရုံ၊ ဟံသာဝတီကို ကြံစည်ပြီး ဖြစ်နေပါ၍ အရှင့် ခြေရင်းတော်သို့ မရောက်သာပြီ' ဟူ၍ လျှောက်ထားလိုက်၏။

ပုသိမ်စား၏ စကားကို ဘုရင်မ ရှင်စောပု ကြားတော်မူလျှင် အလျှင် အမြန် ပုသိမ်စားထံ ရာဇသံ ရေး၍ ပေးလိုက်တော်မူပုံကား–

**အမိန့်တော် ရာဇသံ**

"ငါ မိန့်တော်မူလိုက်သည်။ ငါ့သမက်တော် ဗညားအိန်နှင့် ငါ့သမီးဒိဗ္ဗာရဒေဝီ တို့ကို အညာက စစ်ကျလတ်သည် ကြားတော်မူ၍သာ ပုသိမ်မြို့တွင် မြို့ပြ



www.burmeseclassic.com

www.burmeseclassic.com



ကျုံးမြောင်းတို့ကို ပြုပြင်၍ အညာသားများရန်ကို ခုခံစေလိုသောကြောင့် ငါ ခန့်ထားစေလွှတ်သည်။ ကိုယ်တို့ကို 'ပေါက်လွှတ်ပဲစား' ထားသည် မဟုတ်။ ဘုန်းကြီးလူထွက်ကို အိမ်ရှေ့အရာ ထားလိုက်သည်မှာလည်း ငါ့သမက်ကြီး မရှိတုန်းမှာ အညာတပ် လာပြီ ကြား၍သာ ရုတ်တရက် ဖြုန်းခနဲ ခေတ္တမျှသာ ခန့်ထားသည်။ အမြဲတမ်း ခန့်ထားသည် မဟုတ်။ သို့ဖြစ်၍ 'ရွာလာလျှင် ယာဆုတ်' ဟူသော စကားအတိုင်း ငါ့သမီးကြီးနှင့် သမက်ကြီး ပြန်လာလျှင် ဘုန်းကြီးလူထွက်ကို အမေ ဘာလုပ်မည်နည်း။ ငါ့ကို လေ့လောင်းသမားကဲ့သို့ ကျင့်မည် မမှတ်နှင့်။ လက်သမားကဲ့သို့ ကျင့်မည် ဟူ၍သာ မှတ်ပါ။

လေ့လောင်းခုတ်လုပ်သော သူများသည် အဘယ်ကဲ့သို့ ပြုမူပါသနည်းဆိုလျှင် အနှစ်ကို ခုတ်ရွေ၍ ပစ်လိုက်ပြီးသော် အကာကို ယူကြသည်။ လက်သမားတို့၏ သဘောမှာ အကာကို ရွေ၍ ပစ်လိုက်ပြီးသော် အနှစ်ကိုသာ ယူသည်။ ဤဥပမာ ၂ မျိုးအရ ငါ့ကို လေ့ခုတ်သမားကဲ့သို့ အနှစ်နှင့်တူသော ဆွေရင်းမျိုးရင်း သမီးသမက်ရင်းကို ပစ်၍ အကာနှင့်တူသော သူစိမ်းပြင်ပြင်ကို ထိန်းနန်းအပ်မည်ဟု မမှတ်ပါနှင့်။ လက်သမား ဥပမာ အကာနှင့်တူသော သူစိမ်းကို ပစ်၍ အနှစ်နှင့်တူသော သမီးကြီးနှင့်သမက်ကြီးကိုသာ တက်က စီးရစေမည်ဟု ရည်ရွယ်တော်မူရင်း ရှိသည်ဟူ၍ မှတ်ကြပါ။ ယခု အခိုက်အတန့်မှာ ဘုန်းကြီး လူထွက်ကို အိမ်ရှေ့ပေးထားသည်မှာ အညာက ရန်သူအားကြီး၍ တားဆီးရန် မျှသာ ဖြစ်သည်။ မင်းတို့မှတစ်ပါး ငါ့အား မည်သူရှိအံ့နည်း။ တစ်ကြောင်း လည်း အကယ်၍ ဘုန်းကြီးလူထွက်သည် သူ့ဘုန်း သူ့ကံအလျောက်နှင့်ပင် မင်းဖြစ်ငြားသော်လည်း ငါ့မျက်နှာ ကွယ်သောအခါ မင်းတို့ ၂ ယောက် အယှက်အတင် အရှုပ်အထွေး မရှိရအောင် ငါ အသက်ရှိစဉ် ငါ စီမံခဲ့ချင်သည် ဖြစ်၍ မပျက်မကွက် ဆက်ဆက်လာခဲ့ကြ။ အကယ်၍ ပဲခူးကို မလာချင်လျှင် ဒဂုံဆံတော်ရှင်သို့ လာကြရမည်။" ဟု ရာဇသံရေး၍ ပေးလိုက်ပြန်လေ၏။

ရာဇသံစကားကို ကြားလျှင် ဗညားအိန်က "အရှီးတော်သည် ဘုန်းကြီး လူထွက်ကို အိမ်ရှေ့မထားသေးပါမူကား လက်သမားကဲ့သို့ ပြုတော်မူမည် ဟူသော အရှီးတော်၏ စကားကို ကျွန်တော်မျိုး အားထားယုံကြည်ပြီးသော် အမိန့်တော်ကို မလွန်ဝံ့မူ၍ ခြေရင်းတော်သို့ လာမည် ဖြစ်ပါသည်။ ယခုမှာ မူကား အရှီးတော်သည် လေ့ခုတ်သမားကဲ့သို့ ဘုန်းကြီးလူထွက်ကို အိမ်ရှေ့ နှင်းပြီး ဖြစ်ပါ၍ ခြေရင်းတော်သို့ ကျွန်တော်မျိုး မရောက်နိုင် ရှိရသည်ကို လွန်စွာပင် ဝမ်းနည်းမိပါတော့သည်။" ဟု ရေးသား၍ တုံ့ပြန်လျှောက်ထား လိုက်လေ၏။





**ဝိဟာရဒေဝီထံ မှာစာပေးခြင်း**

ဗညားအိန်ထံက တုံ့ပြန် လျှောက်ထားလိုက်သော စကားကို ဘုရင်မ ရှင်စောပု ကြားရ၍ နောက် တစ်လကျော်ကျော် နှစ်လခန့် ရှိသောအခါ သမီးတော် ဝိဟာရ ဒေဝီထံသို့ ရာဇသံတစ်စောင် ရေး၍ ပေးလိုက်ပြန်ကား– "မယ်တော် အမိန့် ရှိလိုက်သည် သမီးတော် ဝိဟာရဒေဝီ၊ ညည်းယောကျ်ားသည်ကား ကျေးမိုက် ကျွန်မိုက်တို့၏ စကားကိုယုံ၍ ငါ့အား သုန်တုန်တုန် လုပ်နေသော်လည်း အမေ စိတ်မရှိပါ။ ကိုယ့်ကုသိုလ် ကိုယ့်အကြောင်းကိုသာ အောက်မေ့၍ အမေ မျက်ရည် ကျမိသည်။ ငါ့သမီးတော်များ ဟံသာဝတီက ပုသိမ်သို့ ချီသော နေ့ရက်ကစ၍ တသကြည်ကွဲ ဝမ်းပန်းနည်း၍ အမြဲလွမ်းဆွတ် အောက်မေ့နေရာ ယခုမှာ အမေ ကျန်းမမာ ရှိသည်။ အမေတော့ဖြင့် သည်တောင်က တက်နိုင်မည် မထင်။ မသေခင်ကို ငါ့သမီးမျက်နှာကို မြင်သွားပါရစေ" ဟူသော အမှာတော် စာကို လူသူ စေလွှတ်၍ တစ်ဖန် ပေးပြန်လေ၏။

ထိုအမှာတော်စာကို ဗညားအိန်ရလျှင်၊ ကြင်ရာတော် ဝိဟာရဒေဝီ စံနေ တော်မူရာ အဆောင်တော်သို့ ဝင်သွားပြီးလျှင် 'မိမိဗျာ၊ ဘာကြောင့် ပြတင်း ပေါက်က မေးထောက်ရင်း မှိုင်နေရသတုံး။ မျက်နှာတော် ညိုလှချည့်။ ဘာ အလိုတော်မကျသတုံး' ဟု မေးရာ ဝိဟာရဒေဝီမှာ ရုတ်တရက် ပြန်မဖြေနိုင်ဘဲ မျက်ရည်ကျပုံမှာ–

**ဟံသာဝတီ အလွမ်းတွဲ့ လေးချိုး**

နေမှိန်မှိန်၊ ပုသိမ် ရွှေနယ် တစ်မြို့ဆီက၊ မယ်တို့မြေ စံရာပြည်ပ၊
(အို မောင်မောင် ရဲ့) ဟံသာဝတီကို လွမ်း။

ဗညားအိန်။ ။ဟောဗျာ ငိုပြန်ပါပေါ့၊ ပဲခူးက လာခဲ့တဲ့နေ့ရက်ကစပြီး ခဏမှ အေးရတယ်လို့ မရှိဘူး။ ဟောဒီမယား ငိုမှဖြင့် ကျုပ်ဆိုတဲ့ ကျုပ်ကလည်း ဒုက္ခအရှည် မထားချင်ဘူး။ ဟံသာဝတီကို ပြန်ကာသွားပြီး ကိုယ့်မယ်ဘွား အမျက်ထန်သူကို အသက်သာ နှံလိုက်ချင်တာပဲ။ တကတဲ ကျုပ် စိတ် မကောင်းအောင် လုပ်တယ်။ တကယ်လို့ဆိုတော့ ဟို–ကိုယ့်အမေဆိုတဲ့ ရှင် ဘုရင်မဟာ ကျုပ်လည်း ကျုပ်ယောက္ခမပဲ၊ အရီးလည်း တော်ကြသပေါ့။ နည်း နည်းမှ မကောင်းဘူးဗျာ့။ သူစိမ်းကိုတော့ မြှောက်စားပြီး ကျုပ်တို့ လင်မယား ကျတော့ သနားမေတ္တာ ကရုဏာတရား လားလားမှ မရှိဘူး။ ကိုယ့်အမေမှာတော် ကို အသိသား မဟုတ်လား။ ဒီဟံသာဝတီဆိုတဲ့ ပဲခူးမြို့ဆိုတာ ကျုပ်တို့ မွေးဖွား ရာ ဇာတိဌာနတော့ မှန်ပါရဲ့။ သို့သော်လည်း ဘာမှ အောက်မေ့စရာ၊ လွမ်းစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး။ ဒီပဲခူးသားတွေဟာ မရိုးမသားဘဲ ဆိုးဝါးတဲ့အကောင်တွေကလား ဗျာ။ ကြည့်ပါလား၊ ဘုန်းကြီးလူထွက်ကို သမက်နှင့် သမီးထက် မယ်တော်ကြီးက တစ်ဆိတ် အာရုံပြုတယ်ဆိုရင် ဟိုယခင်က မောင်မောင်တို့ မိမိတို့ ကျေးဇူးမကင်းကြတဲ့ တချို့ ကျေးရင်း ကျွန်ရင်းနှင့်မခြား အများသော အမှုး အမတ်တို့ကတောင် ပမာမထားဘဲ ကျုပ်တို့ အညာသား ပက်လက်မျောလောက် မှတ်ကြတယ်။ ကျုပ်တို့ ပဲခူးမှာ နေရတာ ဆောင်းလှောင်ကြက်ကဲ့သို့ မထွက်သာ မလွန့်သာ၊ မကြံသာ မစည်သာ များစွာ ဒုက္ခဆင်းရဲ ရောက်ကြရတယ်။ ယခု ပုသိမ်ကျတော့ ကျုပ်တို့လင်မယားမှာ အရှိန်ရပါပြီ။ ဘာမှ စိုးရိမ်နှောင့်လို့ ကြောင့်ကြစရာ မရှိပါဘူး။ အေးအေးသာ စံပါ၊ မောင်ကြီး ကြံမပေါ့။

ဝိဟာရဒေဝီ။ ။ မောင်မောင် ပြောတာလည်း ဟုတ်တော့ ဟုတ်ပါရဲ့။ ဒီပဲခူးမြို့ကိုဖြင့် မလွမ်းဘူးဟဲ့၊ မအောက်မေ့ဘူးဟဲ့၊ အမှတ်မရဘူးဟဲ့၊ မေ့မေ့ ပျောက်ပျောက် နေမဟဲ့လို့ စိတ်ကတော့ ကြံမိပါရဲ့။ သို့ပေမယ်လို့ ယခုလို ညနေချိန် နေမှိန်မှိန်မှာ တိမ်တွေကတောက်၊ အနောက်ကို နေခြည်ယွန်းမှုဖြင့် ဟံသာဝတီ မြို့တော်ကွန်းကို အလွမ်းကြီး လွမ်းလွမ်းလာပြန်တာပဲ။ ဘယ့်နှယ် မလွမ်းဘဲ နေနိုင်ပါ့မလဲ၊ ကိုယ့်ဇာတိနေရာ ချက်မြှုပ်တဲ့ ဟံသာကလား။

ဗညားအိန်။ ။ ကျုပ်တို့လည်း ချက်မြှုပ်တဲ့ ဟံသာပါပဲဗျာ။ ဒါလောက် တောင်တော့ဖြင့် မအောက်မေ့ပါဘူး။

ဝိဟာရဒေဝီ။ ။ ကိုယ့်မတော့ ယောကျ်ားကိုး။ ဘာအောက်မေ့မလဲ။ တကတဲ လွမ်းတာမှ မလွမ်းရဘူးလား။ ဩော် ကျွန်မတို့ ရှေးရေစက် အကြောင်း မကောင်းလို့ နေဟောင်းထိုင်ဟောင်း ငယ်ပေါင်း ကြီးဖော်တွေနှင့် အလှမ်း ကွာသော်လည်း ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ အစိန္တေယျ အပ္ပမေယျ ဖြစ်တော်မူတဲ့ မုဋ္ဌောရင်ပြင်တော်မှာ နေ့မခြား ရက်မပျက် ဝတ်တက်ကာ ဆု တောင်းပြီး အောင်သပြေ ညောင်ရေလောင်းရပါတော့၊ အမယ်လေး အောက်မေ့ လေခြင်းတော် ... ဟု ဆို၍–

**ပြန်ပြီး ငိုယိုတမ်းတပုံ လေးချိုး**

နေမှိန်မှိန် ဖန်ဝါကျချိန်မို့၊ ရွှေပုသိမ် စံဌာနဆီက (အမယ်လေး) ဟံသာ
ကပါလို့ ငိုမိတယ်။
မြတ်မွေးမယ် စေသဖြင့်သာပ၊ ရပ်ဝေးနယ် တမြေသို့ လွင့်ခဲ့ရ၊
မယ်နှင့်မောင် မပြန်သာဘူး၊ ကံကြမ္မာ မှေးသွေပျက်တယ်ရှင်၊ ရှေး
ရေစက်နှယ်။





ပကိုးပြေ ဇာတိရင်းဆီက၊ မျိုးအဆွေ ဉာတိစောင်းသူတို့ကိုဖြင့်
သာသည့် သတင်းကိုတဲ့ ကြားချင်တယ်၊ (အို) ထားခင်မယ်ရယ်အ
စိတ်ရည်ရှူး။
မာကြစေလေလေ့၊ သာကြပါစေ၊ ဌာနမှာ သဟာတွေရဲ့၊ မြတ်စေ္တ
ရွှေမုဋ္ဌောမှာလ၊ မနောကံ အဥ္စလီနှင့်၊ တင်ချီကာ နေ့စဉ်လျှောက်တဲ့ပြင်၊
အောင်သပြေ ညောင်ရေ မြှောက်ရတယ်ရှင်၊ (အမယ်မင်း) ပန်းလောတ်
နိုင်ဘူး။

ဗညားအိန်။ ။ အို သည်မိန်းမကလည်း ကဲလိုက်ပါဘိတော့တယ်။ ဟောဒီမယား ငိုမှဖြင့် တအားကို လျော့လျော့သွားတာပဲ။ မငိုပါနဲ့၊ မငိုပါနဲ့လို့ ခဏခဏ ပြောလျက်သားနှင့် အလကား ငိုငိုနေတော့တာပဲ၊ ခက်တယ်။ ဝိဟာရ ဒေဝီ မိမိဗျာ၊ ကိုယ် ဘာမှ မစိုးရိမ်ပါနဲ့၊ ပုသိမ်အားနှင့် မောင်ဘုရား လုပ်ကြံ ရလျှင် ဟံသာဝတီ ပကိုးလောက် စိုးကြောက်ဖို့ မရှိပါဘူး။ မိမိမောင် ကြံသာ တော့ ဟံသာကို ပြန်ကာစိုးရပါလိမ့်၊ ပကိုးမြို့ ရွှေညီရံမှာ ဒေဝီခံ တောင်ဆောင်အ ကြွားရန်ဖို့ မောင်ဘုရား အာမခံပါ့မယ်၊ ပြန်ရလုပါပြီ။

ဝိဟာရဒေဝီ။ ။ ဘယ်တော့များ ဟန်ကျပြီး ပြန်ရမှာတုံး။ ပုသိမ် နေရတာကလည်း ပျော်တော့ ပျော်ပါရဲ့။ သို့ပေမဲ့ ကိုယ့်ဇာတိ မဟုတ်တော့ တစ်ခါတစ်ခါမှာလည်း ပျင်းတာပဲ။ ဩော် ပုသိမ်မြို့ ပုသိမ်မြို့နဲ့ အရှိန်ဖြင့် မို့ပေမဲ့ ကိုယ့်ဇာတိ ပကိုးပြေက (မောင်မောင်) အမျိုးတွေ အောက်မေ့လုချည်ရဲ့။

ဗညားအိန်။ ။ ဟောကွာ၊ ငိုပြန်ပါပြီ။ မိမိ ငိုတော့ ကိုယ်ကလည်း စိတ်မကောင်းနိုင်ဘူး။ အောက်မေ့တော့ အောက်မေ့တာပ။ သို့ရာတွင် "အရင်းခံ အမြစ်မြေက" ဆိုသလို ကိုယ်တို့ မယ်တော်ကြီး မကောင်းလို့ ပြောင်းခဲ့ ရွှေ့ခဲ့ ကြရတာပဲ။ ပဲခူးကို မရသမျှသာဖြင့် သည်ဘဝမှာ ကျုပ် မနေဘူး။ ကျေနိုင် ပါရိုးလား။ ဩော်–အရာရာ စဉ်းစားလိုက်ပြန်တော့လည်း မဟာမျိုး မဟာနွယ် ချင်း ဆိုပေတယ်လို့ သာမည မျိုးနွယ်ချင်းလည်း မဟုတ်ဘူး။ သမက်နှင့် ယောက္ခမ ဖြစ်တယ်။ မွန်တို့ ရာဇဝင်သိုက်မှာဖြင့် ကမ္ဘာတွင် မိုက်ရာကျမှာပဲ။ ဩော် ပကိုးကို ဂုဏ်ခံပြီး ပုန်ကန်ရန် အရင်းအဖျား စဉ်းစားတိုင်း မသက်သာ၊ (အို) ရှက်စရာ ကောင်းလေခြင်းဟဲ့ – ဆိုပြီး ...

**ငိုရိုက် ညည်းညူပုံ**

(အမယ်မင်း) မပြောတတ်အောင်ပ၊ တောမသတ် ခက်ပေတော့တယ်၊
ကျုပ် ခက်တယ် မိမိရဲ့၊ ကျုပ် ခက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဟာရဒေဝီ။ ။ သြော် ယခုလို အခက်ပြောပြန်တော့ မျက်ဒေါသ မကျေနိုင်ဘူး၊ (အို) အမေရဲ့ ပြုရက်လေခြင်းနော်-ဆို၍ ငိုပြန်လေ၏။

**ဗညားအိန် ပြန်ငိုလိုက်ပုံ လေးချိုး**

(အမယ်လေး) အပြောကြပ်ပါဘိ၊ တောမသတ် ငိုတဲ့မယ်။

(သြော်) ပုသိမ်မြို့မှာဖြင့်၊ ရှိန်မညို့နိုင်ဘု၊ သိမ်မှို့ ထင်သမ္ဘာနှင့်၊ မင်္ဂလာ ဘုန်းတော်တိုးချိန်မို့၊ စိုးရိမ်နှင့်ကွယ်။

ဘာမထိ သာကီမျိုးပေမို့၊ မကြာမီ ဌာနီစိုးရအောင်၊ အမျိုးမျိုး ကြံကာရှယ်၊ (အို) ဟံသာနယ်ကိုဖြင့် မလျှော့ကြောင်း။

တိုင်းဟံသာပြေ၊ အရိုင်းကမ္ဘာဝေဖို့၊ မဟာဆွေ နွယ်တော်ချင်း ကိုလ၊ စစ်ခင်းကာ သို့လိုတိုက်တယ်လို့၊ ရာဇဝင် စာတင်လို့ သမိုက် လေရဲ့၊ (အမယ်မင်း) ပကိုးတိုက်ရမှာက မသင့်ပေစတောင်းပါကွဲ့၊ (သြော်) ရိုးရိုးနှင့်မိုက်ရင်ဖြင့် အခွင့်မပြေကြောင်းသာပ၊ (အို ဝိဟာရ ဒေဝီရဲ့) အမျိုးလိုက် မင့်အမေ မကောင်း။

ဝိဟာရဒေဝီ။ ။ မောင်မောင်ရဲ့ ... ဘယ့်နှာတုံး၊ မင့်အမေ မကောင်း ဘူး မင့်အမေ မကောင်းဘူးနဲ့၊ ကျွန်မအမေ မကောင်းလို့ ရှင် ဘယ့်နှယ်လုပ် မတုံး၊ တစ်ဆိတ်ရှိမှဖြင့် အမျိုး ခိုက်ခိုက်ပြောတယ်။ နည်းနည်းမှ ကျွန်မ မခံချင်ဘူး သိလား။

ဗညားအိန်။ ။ အောင်မယ် ... မခံချင်ဘူးတဲ့၊ ကျုပ်က လမ်းမကျလို့ လား။ ကျုပ်တို့အပေါ်မှာ မင့်အမေကောင်းတာ ဘာတစ်ကွက်ရှိသလဲ၊ ပြောစမ်း ပါဦး။ မင်းဟာ ယောကျ်ားကို ခံလှန်ပြီး ရန်တွေ့ဖို့ပဲ တတ်တယ်။ ကျုပ်တဲ့ မိန်းမပဲနော် ကျုပ်တဲ့ မိန်းမပဲ။ "ရင်သွေးဟူက ချစ်မဝ" ဆိုတာ သူတို့ သားအမိ ပါပဲ။ ကြည့်ပါလား၊ သူ့အမေက သူ့အပေါ်မှာ ဘယ်လောက်ပဲ နှိပ်စက် နှိပ် စက် စိတ်မပျက်ဘူး။ သိပ်ခက်တဲ့ မိန်းမပဲ။ ကဲကဲ၊ ကြာရင် မင့်နှင့်ကျုပ် ရန် ဖြစ်ရလိမ့်မယ်။ တန်တန်၊ ဒီပဲ့ရူးစကား ဖြတ်ပြီး တစ်ဇာတ်ခင်းမယ်။ ပျင်းတယ် မင်းကတော်ရဲ့၊ ကျုပ် ပျင်းတယ်။

ဝိဟာရဒေဝီ။ ။ ပျင်းရင် ဘယ့်နှယ်လုပ်ရမှာတုံး။

ဗညားအိန်။ ။ သြော် အပျင်းများ ပြေအောင်ဟာ အညာအင်းဝက ဗမာ သီချင်းကလေးများ မရဘူးလား။ ဆိုစမ်းပါဗျာ။

ဝိဟာရဒေဝီ။ ။ အို ကြံကြံစည်စည် ပွေပွေလီလီ ဘယ့်နှာ သီချင်း





ဆိုရမှာလဲ။ တကတဲ လူများဖြင့်၊ ဘာမှတ်နေပါလိမ့်။ ပွဲထဲက မင်းသမီး မှတ်နေ သလား။ အလကားတော် ရှာရှာဖွေဖွေ ရှက်စရာ။

ဗညားအိန်။ ။ မိန်းမကဖြင့် ရှက်ချင်လည်း သူပဲ၊ မရှက်ချင်လည်း သူပဲ။ တစ်နေ့ညကတောင် ဆိုသေးတယ်။ ဘာတဲ့၊ ဟိုသီချင်းဟာလေ၊ အညာ အင်းဝမှာ ယောကျ်ားမ နှင်ချလိုက်တော့ ကျုပ်တို့လင်မယားလို သမီးနဲ့သမက် တခြားထွက်သွားပြီး သားသမီးများလို့ ဆိုတဲ့ သီချင်းအဆန်းဟာလေ၊ အဲဒီ သီချင်းကို ကျုပ် သဘောကျလွန်းလို့၊ ကိုင်းကိုင်း ဒီသလွန်ပေါ် တက်စမ်းပါ၊ လာလာ၊ ဘာရှက်ရမတုံး၊ ကျုပ်တို့ လင်မယားချည်းပဲ၊ ဘယ်သူမှ မကြားပါဘူး မရှက်ပါနှင့်၊ ဆိုစမ်းပါ။

ဝိဟာရဒေဝီ။ ။ သူများတော့ မရှက်ပါနဲ့တဲ့၊ ကျွန်မ ဆိုရင် ကိုလည်း က ရလိမ့်မယ်။ ကိုင်း ... ထ က လေ၊ ဘာရှက်စရာ ရှိသလဲ။ ထ က။

ဗညားအိန်။ ။ အို ထပါသော်ကောဗျာ၊ က ပါသော်ကော၊ ယိုးဒယား ဇာတ်ထောင်သလို အိနောင်က က ရမလား။ ကြိုက်သလို လုပ်မယ်။ ဟုတ် ပလား ဒီလို။

ဝိဟာရဒေဝီ။ ။ မဟုတ်သေးဘူး ဒီလို။ ဟိုလိုလေ၊ အိုအို မဟုတ် သေးဘူး။ ရာမဇာတ်ထဲက ဂမ္ဘီရဲ့သား ဒုသတို့၊ ခယတို့ လက္ခဏမင်းသားနဲ့ တိုက်တော့ ခါးတောင်းကျိုက် ပင့်ပင့်ပြီး စစ်ရေးပြသလို။ ကိုင်း တန်တော့၊ မောသွားရော့ မှတ်တယ်။ ဘယ်သီချင်းဟာတုံး၊ မဲဇာရွှေလီ သီချင်းဟာလား၊ နားထောင် မောင်မောင်။

**မဲဇာရွှေလီ သီချင်း**

အမေလေးတော် ဆိုလို့ဆဲ၊ အိမ်ခွဲပါလို့ ဆောက်ရအောင်။ မဲဇာဆို ရွှေလီထဲက ဝါးတွဲခဲ့မောင်။ နှစ်ဆောင်ပြိုင် ကျယ်ကျယ်ဆောက်မှ၊ နေလောက်မယ် ပျို့သက်ထားရယ်၊ သားတွေက များ။

ဗညားအိန်။ ။ အို ... ဒီလို ရိုးရိုးကြီး ကျုပ် မကြိုက်ဘူး။

ဝိဟာရဒေဝီ။ ။ သြော် ... ဒါကို မကြိုက်ဘူးလား၊ ဟိုဒင်းလား နားထောင်နော်။ "ပွေရေးမလျော် အခြေကို နွှဲပါလို့၊ မေဆွေးသနော်၊ ပိုမိုလို့ ကဲအောင်ပ၊ အမေလေးတော် ဆိုလို့ ဆဲရင်လ၊ တသိန်ပုလဲ အချိန်ဖြင့် လွဲပါ ဘူးလို့၊ (အမယ်လေး) အိမ်ခွဲမယ်ပ သျှောင်ပွမဲ့ သခင်လေး။ အမြဲဇူးပါပို မေမကြည်တဲ့ နဲတွေကြောင့်၊ အသည်းမှာဖို ပွေလီ၍ စွဲတာမို့၊ မဲဇာဆို ရွှေလီ ထဲရယ်က၊ ဝါးတွဲကာ ယူသယ်ဆောင်၍မို့" ဒါကော ကြိုက်ပလား၊ ဒါလား။



www.burmeseclassic.com

www.burmeseclassic.com



ဗညားအိန်။ ။ မဟုတ်သေးပါဘူးဗျာ၊ ဘာတဲ့၊ အဲ ပြစ်တင်ဖို့ ချစ်မဝင်လို့ ပါတဲ့ – သီချင်းဟာလေ။

ဝိဟာရဒေဝီ။ ။ ဪ ... ဪ သိပြီ သိပြီ၊ အို ဟိုဒင်းပေါ့ ဟိုဒင်း၊ ဟိုသီချင်းလေ၊ ဒီလိုတဲ့မောင်မောင် နားထောင်။

“အမယ်မင်းရယ်မှ – မာတာမိခင်၊ ချစ်မဝင်၊ ပြစ်တင်မောင်းမဲ၊
တရား မကူ၊ အလကားဆူလို့မို့၊ နားပူအောင် ဆဲတာကြောင့်။ မဲဇာ
ရွှေလီ၊ လေသွင်း ဖြိုင်ဖြိုင်၊ ငွေနှင်း လှိုင်ပါတဲ့၊ မြိုင်တောဆီကို၊
မကြည်လင်ပြား၊ လွမ်းရက်နှင့် မယ့်သက်ဝေငယ်၊ တကိုယ်ရေ သွားရှာ
ပေါ့။ များလှပေါ့ရက်မှာ၊ စံပယ်ခက်ကယ် ဘယ်တွက်ကြောင့် ကြာပါ
လိမ့်၊ အညာတောယံ၊ တပေါင်း တန်ခူး၊ မင်းလွင်မြူး၊ လေရူးက
ထန်သနှင့်၊ မပြန်လာသေး၊ အကြောင်းထွေရာ၊ သေအချာ၊ ရွှေစာ
မှလည်း မပေးနှင့်။ မတွေးနိုင်တတ်၊ တောအညာမှာ၊ ရောဂါများ
ကပ်လေရော့သလား။ ရောက်တတ်ရာရာ၊ ဖြေမသာ၊ မေမှာပူပွား၊
သားတွေက များသနှင့်၊ စားဖို့ကလည်း မရှိ၊ မချိလှိုက်ဖို၊ မရှင်ဗျာမူ၊
ရင်ကသာ ထုထုပြီး၊ ခုငိုမိတော့၊ မဲဇာဆို ရွှေလီကျေးဆီက၊ ပျိုသက်လျာ
ကြာမနေးစေနှင့်ကွယ်၊ ပြေးလာခဲ့ မောင်လေ”

အဲဒါပဲ၊ ကောင်းလား မောင်မောင်။

ဗညားအိန်။ ။ ကောင်းပါဗျာ ကောင်းပါပေရဲ့၊ အညာသားများဟာ တယ်လည်း စာရေးကောင်းတယ်။ ကောင်းကိုပဲ ကောင်းပါတယ်။ အဟုတ် ကောင်းပါတယ်။

ဝိဟာရဒေဝီ။ ။ ကိုင်း ကောင်းမနေနဲ့၊ ကျွန်မ အလှည့်တော့ ပြီးပြီ။ ရှင့်အလှည့်ပဲ လိုတော့တယ်။ ရှင်လည်း ဆိုပါဦး။

ဗညားအိန်။ ။ ဟုတ်ကဲ့၊ ကျုပ်ဆိုတဲ့လူက မိန်းမခိုင်းရင်တော့ မငြင်းပါဘူး၊ သီချင်းသာ ထူးထူးဆန်းဆန်း မရတယ်၊ ရတာတော့ဖြင့် ဆိုမှာပဲ။ ကိုင်း “ယောသားသီချင်း” နားထောင်မလား။ ရှေးတုန်းက ဗမာပြည် အင်းဝ ရွှေမြို့တော်ကို ပခုက္ကူတောကျေး ယောလေးမြို့က ယောလူမျိုးတစ်ယောက် ယောပုဆိုးရောင်း လာရင်း အင်းဝသူ အပျိုကလေး တစ်ယောက်ကလည်း သူ့အမေ ရိုက်တာနှင့် စိတ်အိုက်နေတုန်းမှာ ဖြုန်းခနဲ ယောသားနှင့် အကြောင်းပါလို့မို့ ယောရွာကို ခေါ်သွားတဲ့ အကြောင်းအရာများကို အညာသား ကဗျာဆရာများ ရေးသားထားပုံက ဒါလိုတဲ့ ဗျာ။





**ယောသူ့ရွာတွဲ့ သီချင်းဆန်း**

“ပုံပြရှေးဆို ပြဒ္ဒဖွေသိုက်မှာတော့၊ ထုန်ရသေးသကို မူမကျေလိုက်ထားက၊
လုံမကလေးကို သူ့အမေရိုက်ရင်ဖြင့်၊ မညာမသွေမရိုက်၊ ကညာသွေ
မကိုင်ကြကယ်က၊ လာလာလေ လိုက်ခဲ့ပါတော့ မောင်တို့ရွာ။ ။ နောင်ဗို့
မကွာ ကညာမေ မောစေဖို့၊ တောင်တို့သာယာ ပထဗျာ တောဆီသို့၊
ဆောင်လို့လာရင် ပါပကောသာပ။ ဘဝင်မကြည်တဲ့ ဓာတွေနှင့်၊
ခင်သီသီဖြင့် မောရှာလိမ့်၊ စောမဒီပါကိုနော်ကွယ်၊ ပင် ... ပင်နှီ
ချောငယ်နှင့် ယောထဘီ။ ။ နိမိတ်ကိန်းအညီ နေခြည်ကလည်း
မသက်ရအောင်ပ၊ ပိတ်အကျီ ကြွေစီဖက်ပါလို့၊ ဒေဝီကရမက်ကယ်တဲ့
မြနှင်းရည်၊ လှရင်းကြည်ပါတဲ့ မှုန်ပုလဲ၊ (အို) လမင်းစန္ဒီသို့ ပုံမလွဲ။ ။
တယောက်မယ်မှာ လေလေ့၊ ထောက်တွယ်ကာ ခမျာ မောလောက်
အောင်၊ ကြောက်မက်ဖွယ်သာ သည်မှာ ပေါ်တဲ့ပြင်၊ ယောသူ့ရွာ ဆိုတဲ့
တေးငယ်နှင့်၊ ဓာခုဗျာပါ အငိုတလှည့်ကြွေးတဲ့လို့၊ ခင်လေးမောင်
ကြုံတဲ့ နံမှာတော့၊ ထင်တွေးရောင် ပုံတကဲ့မလွဲပါဘု၊ မောစလုခမျာ
လဲတော့မထင့်၊ ဓာအမှုဗျာပါ ကဲတာမို့၊ (မောင်မောင့်မှာကွယ်)
ယောသူ့ရွာကပါကပဲ။

ဝိဟာရဒေဝီ။ ။ မောင်မောင့် ယောသီချင်းဟာက ကျွန်မ သဘောအတွင်းမှာဖြင့် အကြောကို ဆင်းဆင်းသွားသလို (အို) တကယ့်ကို ကောင်းတယ်၊ ဘယ့်နှယ်များ ကောင်းမှန်းမသိဘူး၊ သည့်ပြင်ရရင် ဆိုစမ်းပါဦး တစ်ပုဒ်။ မောင်မောင့်အသံကလည်း ဖျားစူးရစီ အဟုတ်ကို ကောင်းတယ်မှ။

ဗညားအိန်။ ။ ဟင် လင်မယားနှစ်ယောက် ရောက်တတ်ရာရာ တွေ့ကရာတွေ ပြောဆိုနေလိုက်ကြတာ မေ့တောင် နေတယ်။ ဟော ... ရော့ ကိုယ့်မယ်တော်ကြီးထံက စာတစ်တန် ပေတစ်တန် ရောက်လာပြန်ကောလေ။ ဖတ်စမ်းပါဦး၊ ဘာများ ပါသလဲ။

ဝိဟာရဒေဝီ။ ။ တကကဲတော် အခုမှပဲ ပေးတယ်။ အရေး အကြောင်းနဲ့လားမှ မသိဘူး၊ ပေးစမ်းပါ၊ မှန်းမှန်း အို ... ကျွန်မတို့ မယ်တော်ကြီးဘုရား မနည်းပဲဖြစ်နေ ဆိုပါလား။ အမယ်လေး ဘုရားသိကြားမလို့ အသက်မှ မီပါဦး မလား၊ သွားဦးမယ် ကျွန်မ။ ဟုတ်ပါရဲ့၊ မနေ့ကတည်းက ဟောဒီဘက်မျက်ခုံးဟာ လှုပ်လှုပ်နေတယ်။ မောင်မောင်ကော လိုက်ဦးမလား၊ ကိုင်း သွားကြမယ်။

ဗညားအိန်။ ။ မဟုတ်သေးပါဘူးဗျာ၊ စာကို ဆုံးအောင်များ ဖတ်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါဦး။ သူ့စာက ဘယ့်နှယ်ပါလို့လဲ၊ တကတဲ ကဲကိုကဲတဲ့ မိန်းမပဲ၊ ဖတ်စမ်းပါဦး၊ ဖတ်စမ်းပါဦး။

ဝိဟာရဒေဝီ။ ။ ဒီလိုတဲ့မောင်၊ နားထောင်။ "မယ်တော် အမိန့်ရှိလိုက်သည် သမီးတော် ဝိဟာရဒေဝီတဲ့၊ (အနို့ပြီးတော့) ညည်းယောကျ်ားက အင်မတန်ပဲ စိတ်တိုတယ်တဲ့၊ ဆိုးလည်း ဆိုးချင်တယ်တဲ့၊ ငါ့ကိုလည်း ယောက္ခမမိဘရယ်လို့ ဂါရဝတရား မရှိဘူးတဲ့။ (ပြီးတော့) ညည်းယောကျ်ားဟာ ဘာမှမစဉ်းစားဘူးတဲ့၊ ကျေးမိုက် ကျွန်မိုက်များ စကားကိုယုံပြီး ငါ့ကို သုန်တုန်တုန်မှုန်တုန်တုန် လုပ်နေတယ်တဲ့။ ဒင်းမိုက်လို့ ဒီလိုလုပ်နေပေမဲ့ အမေ စိတ်မဆိုးပါဘူးတဲ့။ (နို့ ပြီးတော့လည်း) ညည်းတို့လင်မယား ပုသိမ်သွားကတည်းက အမေ့မှာ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေရပါတယ်တဲ့။ လွမ်းလည်း လွမ်းတယ်တဲ့၊ အောက်လည်း အောက်မေ့တယ်တဲ့၊ အဲဒီစိတ်တွေဖိပြီး မချိမောပန်း မကျန်းမမာဝေဒနာ စွဲကပ်နေတာ ဘယ်ဆေးဘယ်ဝါးမှ စားလို့သောက်လို့လည်း မပျောက်ဘူး တဲ့။ တစ်နေ့ထက်တစ်နေ့ တိုးတိုးသာ လာတာပဲတဲ့။ အမေတော့ဖြင့် ဒီတောင်က တက်နိုင်မယ်လို့ မထင်ဘူးတဲ့။ အမေ မသေခင် သမီးမျက်နှာ မြင်သွားချင်ပါတယ်တဲ့။ စာရောက်ရင်ရောက်ချင်း လိုက်လာပါတဲ့။ ကိုင်း တစ်ခါဖြင့် ခက်ကြပေါ့၊ ဘယ့်နှယ်လုပ်မတုံး၊ မောင်ကော လိုက်မယ် မဟုတ်လား။ သွားကြမယ်။ ဟောတော့၊ ပြောရင်းဆိုရင်း ဟောဒီ အောက်မျက်ခမ်းက လှုပ်လိုက်တာ။ ဖွဟဲ့ ကောင်းမှလှုပ်၊ မကောင်း မလှုပ်နဲ့။ မောင်မောင် သုတ်သုတ်သွားကြမှ တော်မယ်။ လိုက်မယ် မဟုတ်လား – ဟု မေးရင်း မျက်ရည်တွေတွေကျနေလေ၏။

ဗညားအိန်။ ။ အို–ဘယ့်နှယ် ငိုလား ယိုလား လုပ်ရပြန်တာတုံး၊ ကိုယ့်မယ်တော်ထံက ရာဇသံအမိန့်ကို ကျုပ်ဖြင့် တော်တော်ပဲယုံတယ်။ ဘာကြောင့်တုံးဆိုတော့ အမိန့်တော်နှင့် ကျုပ်တို့လင်မယား ပုသိမ် လာခဲ့ကြရတယ်။ ပုသိမ်ရောက်လို့ တစ်နှစ်လောက်ကြာတော့မှ သမီးနှင့် သမက်များ စားသောက်ဖို့ရာ မုန့်ပဲသရေစာကလေးများနှင့် ဆေးကင်း ရန်ကင်း ပရိတ်ချည် ပရိတ်ပန်းများကို မပြတ် မပြတ် ပို့တယ်။ အဲဒါ ဘာတုံး၊ ဧကန္တ အကောက်ဉာဏ်နှင့် အကြံတစ်ခုခုရှိလို့ ပို့တာ။ ကျုပ်ကတော့ ကိုယ့်အမေသဘော မပြောဘဲနဲ့ သိတယ်။ တကယ်လို့ဆို စကတည်းက ပို့ပါတော့လား၊ တယ်လည်း ဉာဏ်များတယ်။ ဒါကြောင့် မင်းမယ်တော်က ပို့လိုက်တဲ့ အစာအာဟာရများကို ကျုပ်လည်း မစားဘူး။ မင့်ကိုလည်း မစားရဘူး။ တော်ရာလျော်ရာ ပစ်လိုက်တာပဲ။ ဘာစားဝံ့မလဲ ကြည့်ပါလား၊ ဟိုဘုန်းကြီးလူထွက် ကိုယ့်မတ်ကလည်း ဘုန်းကြီးလူထွက်သာ ဆိုရတယ်။ ဘယ်လောက်များ မိုက်ရိုင်း ရက်စက်သလဲ၊ သူ့သူငယ်ချင်း ဓမ္မဉာဏကို အဆိပ်ကျွေးပြီး သတ်ပစ်တယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကျုပ်က မစားပါနဲ့၊ မစားပါနဲ့ ပြောတာ။ အနို့ပြီး ဒီလို အစားအသောက်ကလေးများ ပေးလို့ ပို့လို့ အတော်ကလေးကြာရင်ပဲ ငါ့သမီးကြီးနှင့် သမက်ကြီးများမျက်နှာကို မမြင်ရတာ တော်တော်ကြာလို့ လွမ်းလွန်းလို့ အောက်မေ့လွန်းလို့ ခဏလောက်ဖြစ်မချည်း ပဲခူးများကို အလည်လာကြပါဦးတဲ့။ ပထမဦးဆုံး ရာဇသံအမိန့်တော် ရောက်လာကတည်းက ကျွန်ုပ်က အရီးတော်ဘုရား လုပ်ပုံသည် အပုံကြီး နေရာမကျသဖြင့် ဘုရားတူတော်သည် ဟံသာကို လုပ်ကြံတော့မည်ဟု ကြံစည်ပြီးဖြစ်၍မို့ ခြေရင်းတော်သို့ မရောက်နိုင်ကြောင်းနဲ့ တစ်ခါတည်း အပြီးပြတ် လျှောက်ထားလိုက်တယ်။ ဒီလို လျှောက်လိုက်တာတောင် ဒုတိယတစ်ဖန် ရာဇသံ လာပြန်တာကတော့ "ရွာလာ ယာဆုတ်၊ လေ့ခုတ်သမား" တဲ့။ စကားလှ သုံးလိုက်တယ်။ အခု တတိယတစ်ဖန် အသည်းအသန် ဖြစ်နေတယ် ဆိုတဲ့ ရာဇသံဟာ ဗမာဉာဏ် နထွင်းလုဖို့အလုံးနှင့် (ကျုပ်ဖြင့်) အင်းဝသုံး သုံးပြန်တယ်လို့ ထင်တာပဲ၊ နည်းနည်းမှ မယုံနိုင်ဘူးဗျာ။

ဝိဟာရဒေဝီ။ ။ ရှင့်မှာဖြင့် မယုံတာချည်းပဲ။ ကိုယ်က ကိုယ့်အမေမဟုတ်လို့ မယုံတာ။ ကိုယ့်အမေသာ ဖြစ်စမ်းပါလား၊ ခုလောက်ရှိ ရောက်နေပြီ။

ဗညားအိန်။ ။ ကိုင်းဗျာ၊ ယုံရင်လည်း သွားတာပေါ့။ အမေနှင့်သမီးပေကိုး။ ကျုပ်က ဘယ်နည်းနှင့်မှ တားဆီးကန့်ကွက် နှောင့်ယှက်သမျှ မပြုထိုက်ပေဘူးပ။ သွားလည်း သွားတာပ။ သို့ရာတွင် နေ့ကောင်းရက်သာ အခါများ ရွေးပြီးသွားမှ တော်မယ်။ ကျုပ်လည်း လိုက်သင့် လိုက်ရတာပေါ့။ ကိုင်း ... မိုးလည်း ချုပ်ပြီ။





www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ] ဟံသာဝတီ သွားရန် တိုင်ပင်ခန်း

**ဝိဟာရဒေဝီ အိပ်မက်မြင်မက်ပုံ**

နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ ဗညားအိန်သည် မိမိ၏ ရှေးဟောင်း နှောင်းဖြစ်များကို စဉ်းစားဆင်ခြင်၍ မရွှင်မပျ သောကဗျာပါ မချမ်းသာဖြစ်နေသည့်အတွင်း ကြင်ရာတော် ဝိဟာရဒေဝီသည် စက်ခန်းဆောင်မှ ရုတ်တရက် ရှောင်တခင် ထွက်လာခဲ့ပြီးနောက် လင်ဖြစ်သူ ဗညားအိန်၏အပါး ထိုင်ပြီးလျှင် –

ဝိဟာရဒေဝီ။ ။ မောင်မောင်။

ဗညားအိန်။ ။ ဘာလဲဗျာ မိမိ။

ဝိဟာရဒေဝီ။ ။ ကျွန်မ အိပ်မက်တယ်။

ဗညားအိန်။ ။ ဘယ်လို မက်သတုံး။

ဝိဟာရဒေဝီ။ ။ မက်ပုံက ဒီလို၊ ကျွန်မဖြင့် ပြန်ပြောရမှာတောင် ကြောက်သေးတော့တယ်။ ကျွန်မတို့ စံနေတော်မူတဲ့ မင်္ဂလာအိမ်တော်ရဲ့ လှေကားလက်ကသုံးတိုင်ဟာ ယိုင်လဲသွားတယ်။ ဒီတော့ ကျွန်မ သွားကြည့်တယ်။ ကြည့်နေတုန်းမှာပဲ တစ်ခါ ကျိုးပြတ်ပြန်ရော့တယ်။ ဒါနဲ့ ကျွန်မက အနားမှာရှိတဲ့ ဖိုးသူတော်လိုလို ဘာလိုလို ကောင်းကောင်းမမှတ်မိဘူး။ ဒီလက်ကသုံးတိုင်ဟာ အခိုင်သားနဲ့ လဲပြီးကျိုးတာ ဘာကြောင့်လဲ မေးတယ်။ ဒီတော့ ဒီလူကြီးက ခိုင်ရင် ဘာလဲမလဲ ပြောပြီး ရော့ ဒီရေကိုသောက်လို့ ပေးလို့ လှမ်းပြီးယူလိုက်တော့ သူ့ရေက ရွှံ့နောက်ရေ ဖြစ်နေတယ်။ ဒီတော့ ရွှံ့နွံအတိ နောက်ကျိနေတဲ့ ရေကိုပဲ ကျွန်မ သောက်လိုက်တယ်။ သောက်ပြီးရင်ပဲ လူတွေ အုတ်အုတ် ကျက်ကျက် ဖြစ်နေတာကို မြင်ရတယ်။ ဒီတော့ ကျွန်မက ဘာဖြစ်ကြသလဲလို့ မေးတယ်။ မေးတော့ ရွှေမုဋ္ဌောဘုရားကြီး ရောင်ခြည်တော်လွှတ်လို့ အဖူးသွားမယ်လို့ ပြောကြတယ်။ ဒီတော့ ကျွန်မလည်း ရောင်ခြည်တော်ကို





ဖူးချင်လွန်းလို့ ကမန်းကတန်းပဲ လိုက်သွားတယ်။ လိုက်သွားလို့ ရောက်တော့ဟုတ်ပါရဲ့၊ ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးရဲ့ ထီးတော်ထဲက ဖွားဖွား ဖွားဖွားနဲ့ ရောင်ခြည်တော်ခြောက်ဆိုင် တစ်ပြိုင်တည်း လွှတ်တော်မူနေတာ မြင်ရတာတိုး ဒီတော့ ကျွန်မ ကြည်ညိုလွန်းလို့ ကျွန်မ ရတဲ့ ဩကာသတို့၊ ဣတိပိသောတို့ ရောင်ခြည်တော် ၆ ပါး ဘုရားရှိခိုးတို့နဲ့ အားရပါးရ ဖူးတာကိုး။ ဖူးပြီးလို့ ဦးလည်းချလိုက်ပါရော ကတည်းမှပဲ အစိန္တေယျ ကိုယ်တော်မြတ်ကြီး တစ်ခါတည်း ပြိုကျတော်မူတယ်လို့ မက်တယ်။ အဲဒါ ဘာဖြစ်တတ်သလဲ။ အိပ်မက်တိတ္ထုံများက ဘယ့်နှယ်များ ဆိုသလဲ မောင်မောင်။ ကျွန်မဖြင့် ခုထက်ထိ မြင်ယောင်သေးတယ်။

ဗညားအိန်။ ။ ယခု မိမိ မြင်မက်တဲ့ အိပ်မက်ဟာ တော်တော် ထူးဆန်းတယ်။ ကျုပ်လည်း ဒီအိပ်မက် အတိတ်ကို နိမိတ်မဖတ်တတ်ဘူး။ အနို့ပြီး ကိုယ့်မယ်တော် မမာဘူးဆိုတာ မေးချင် မြန်းချင်တာနဲ့ ပုဏ္ဏားတော် စန္ဒဒေဝကို ဆင့်ခေါ်ထားတယ်။ လာပါလိမ့်မယ်၊ မောင်မောင်တို့ ဇာတာတော်များကိုလည်း မေးမြန်းစစ်ဆေးရမယ်။ ဟော ... ပြောရင်းဆိုရင်း မင်းဆရာ ပုဏ္ဏား ရောက်လာပြီ။ ဆရာ လာလာ၊ ထိုင်ပါ ထိုင်ပါ။ ကိုင်း ... မိမိ အိပ်မက်ကို ပြန်ပြောဗျား။

ဝိဟာရဒေဝီ။ ။ မင်းဆရာရဲ့၊ ကျွန်မ ဒီလို အိပ်မက်တယ်။ အိမ်တော်လှေကား လက်ကသုံးတိုင် ကျိုးသွားတယ်လို့ မက်တယ်။ ပြီးတော့ ရွှံ့နွံရေကို သောက်ရတယ်လို့လည်း မက်တယ်။ အနို့ပြီး ရွှေမုဋ္ဌောဘုရားကြီး ပြိုကျတယ်လို့လည်း ကြောက်မက်ဖွယ် မြင်ရ မက်ရတယ်။ ဒါ ဘာများ ဖြစ်တတ်သလဲ။

**အိပ်မက် တိတ်နိမိတ် ဖတ်ပုံ**

စန္ဒဒေဝ။ ။ ယခု ထိပ်ခေါင်တင် သခင်မ မက်တော်မူတဲ့ အိပ်မက်တော်ဟာ "ဘုရားပုထိုး၊ တန်ခိုးရောင်ခြည်" တဲ့။ တယ်လည်း ကောင်းတယ်။ ဒီနေ့ ဘာနေ့လဲ ဘုရား။

ဝိဟာရဒေဝီ။ ။ ဘယ့်နှယ် ဆရာပါလိမ့်၊ နေ့တောင်မှ မသိဘူးလား။ တနင်္ဂနွေနေ့။

စန္ဒဒေဝ။ ။ တနင်္ဂနွေနေ့ မက်သော အိပ်မက်သည် မိန်းမက မက်လျှင် ယောကျ်ားဖို့တဲ့။ အနို့ပြီး ယောကျ်ားက မက်ရင်တော့ မိန်းမအဖို့တဲ့ အဲဒါက တစ်နည်း။ အနို့ပြီး သုပိနာဝရေ အိပ်မက်တိတ္ထုံကျမ်းကြီး အဆိုအရတော့ "တနင်္ဂနွေနေ့ မက်ချေသော် တိုင်းနေပြည်သူအတွက် ဟောရာသည်" လို့ ဆိုပြန်တယ်။ သို့သော်လည်း တကယ်မှန်တဲ့ မဟာတိတ္ထုံ အလိုကတော့ "တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com



ဘရိယာ၊ တနင်္လာ ဆွေမျိုးတွက်၊ အင်္ဂါ မက်သော် အမိအဘ၊ နေ့ဗုဒ္ဓမှာ သားသမီး၊ ကြာသပတေးနေ့မှာ ဆွေခင်ပွန်း၊ သောကြာညွန်းက နွားကျွဲဆင်၊ စနေမြင်သော် ကိုယ့်ဖို့မှတ်၊ အိပ်မက်နေ့ သတ်သတ်" လို့ ဆိုတယ်။ အမိပွာယ်ကတော့ တနင်္ဂနွေနေ့မက် မယားအဖို့၊ တနင်္လာနေ့ မက်သော် ဆွေမျိုးဉာတိတို့အတွက်၊ အင်္ဂါနေ့မက်သော် လူကြီးမိဘတို့အတွက်၊ ဗုဒ္ဓဟူးတော့ သားသမီးအတွက်၊ ကြာသပတေးမှာတော့ မိတ်ဆွေခင်ပွန်းများ အတွက်၊ သောကြာနေ့မက်သော် ကျွဲနွားဆင်မြင်းများအတွက်၊ စနေနေ့ မက်ရင်တော့ ကိုယ့်အတွက်ပဲဘုရား။ အဲ အသို့မို့ကြောင့် ယခု သခင်မကလေး မက်တော်မူတာက တနင်္ဂနွေနေ့ကိုး။ အဲ ... တနင်္ဂနွေနေ့ ဖြစ်တော့ ကိုယ်တော်မြတ်အတွက်ပင် ဖြစ်ပါတော့သည်။ စံအိမ်တော် လက်ကသုံးတိုင်လဲပြီး တစ်ခါတည်း ကျိုးပြတ်သွားတယ်လို့ မြင်မက်တော်မူတာက ပဲခူး ဟံသာဝတီပြည်ကြီး ပျက်စီး တိမ်းယိမ်းအံ့သောအကြောင်းပင် ဖြစ်သည်။ ရွှံ့နွံရေကို သောက်ရတဲ့ အလိုကတော့ ပဲခူး ပျက်တုန်းမှာ ဖြုန်းခနဲ ရှင်ဘုရင် ဖြစ်အံ့သော အကြောင်းပင် ဖြစ်ပါတော့သည်။ အနို့ပြီး ရွှေမုဋ္ဌောဘုရားကြီး ပြိုတယ်လို့ မြင်မက်တော်မူတာကတော့ ရန်သူမင်းများ ပျက်စီး၍ တစ်ချက်တည်း အထွတ်အမြတ်သို့ ရောက်တော်မူမည့် အကြောင်း ကောင်းညွှန့်ကျော်ဟိတ် ကောင်းနိမိတ်ပင် ဖြစ်ပါတော့သည်။ ဟံသာဝတီ ရွှေနန်းကို သိမ်းမြန်းတော်မူမည့် သခင်ထိပ်တင် ရွှေကိုယ်တော်မြတ်ဘုရား။

ဗညားအိန်။ ။ ကြားရဲ့လား မိမိဗျာ၊ မိမိ မက်တော်မူတဲ့ အိပ်မက်ဟာ ကျုပ်အတွက် ဆိုပါလား။ ဟုတ်ပါရဲ့၊ "သတ္တဝါတစ်ခု၊ ကံတစ်ခု" ဆိုတာလို ကံကုသိုလ် အကျိုးပေးချိန်ကျတော့ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့က တပ်အပ်သေချာ အိပ်မက်ကောင်းများ ပေးလာတာ ထင်ပါရဲ့။

ဝိဟာရဒေဝီ။ ။မောင်မောင့်ဆရာ ပုဏ္ဏားက ကောင်းတယ်ပြောလို့သာ ယုံရတော့တယ်။ ကျွန်မဖြင့် ဒီအိပ်မက်အတွက် ခုထက်ထိ ကတုန်ကယင် ဖြစ်နေသေးတယ်။

ဗညားအိန်။ ။ အနို့ ဆရာရဲ့၊ ဟောဒီ ကျုပ်တို့ ဇာတာတော်များကို ကြည့်ပါဦး။ ဂြိုဟ်စီးဂြိုဟ်နင်းများ လွတ်ကင်းပါရဲ့လား။ ဟံသာဝတီကိုလည်း သွားချင်တယ်။ ကောင်းပါ့မလား။ ရော့ .... ဆရာ၊ ဇာတာ။

စန္ဒဒေဝ။ ။ အင်း ... မှန်လှပါ၊ ဂြိုဟ်စီးဂြိုဟ်နေ ကောင်းလှပါတယ်။ ကျုန်စစ်သားကို သိကြား မ တဲ့ကိန်းနှင့် ကြုံနေတာကလား။ ဇာတာတော်ကောင်းခိုက်မို့ ကြိုက်ရာကိုသာ ကြံစည်တော်မူပါ။ မြန်စွာထမြောက် အောင်မြင်မည် ဖြစ်ပါသည်။ အနို့ပြီး ခရီးယာယီသွားလို့ ကောင်း မကောင်း မေးတာ





ကလည်း "ခရီးသွားလို၊ ထိုရပ်ဂြိုဟ်နင့်၊ သက်ကိုတည်ထား၊ ရှစ်ခုစားစေ့" ဆိုခြင်းကြောင့် ယခု ကြွတော်မူမည့် ပဲခူးမြို့က အရှေ့၊ ပုသိမ်မြို့က အနောက်ကျလို့ ဒီဇေယျမင်္ဂလာ အခါကောင်း အရပ်ကောင်း ဖြစ်ခြင်းကြောင့် နဝင်းဇယားတွက်ချိန်လိုက်တော့ ပြက္ခဒိန်အလာ အခါတော်ရတဲ့အချိန်ပင် ဖြစ်ပါတော့သည်။ သာကီယထိပ်ပန် နန်းရံကိုယ်တော်မြတ်ဘုရား။

ဗညားအိန်။ ။ အင်း–အကြံခပ်သိမ်း ပြီးငြိမ်းမယ် ဆိုပါတော့၊ ကျွန်ုပ်သာ အခါရလျှင်ဖြင့် ရာဇ ပုရောဟိတ်သာ မှတ်ပါတော့။ ကိုင်း ဆရာပုဏ္ဏားလည်း သွားပေဦးတော့–ဆို၍ ထိုထိုသော လာဘ်သပ်ပကာတို့ကို ပေးလိုက်လေ၏။ ပုဏ္ဏားလည်း ဝမ်းမြောက်ဝမ်းသာနှင့် ပြန်သွားလေ၏။

**ဗညားအိန်နှင့် ဝိဟာရဒေဝီတို့ တိုင်ပင်ကြပုံ**

ဝိဟာရဒေဝီ။ ။ မောင်မောင်၊ ကျွန်မ ယနေ့ပဲ မယ်တော်ဘုရား ခြေရင်းတော်သို့ သွားချည်ဦးမယ်။ ကောင်းကောင်း နေရစ်ပါ။

ဗညားအိန်။ ။ အို ကျုပ်လည်း လိုက်မှာပေါ့။

ဝိဟာရဒေဝီ။ ။ ရှင် မလိုက်ခဲ့နဲ့ဦး၊ ရှင်နဲ့ ပဲခူးနဲ့တော့ ငြိုးသူရန်ဘက် ဖြစ်နေတယ်။ ပြီးတော့လည်း "သူ့အိမ်ထက်ဝယ်၊ သမက်သဖွယ်၊ တန်ခိုးငယ်" ဆိုတဲ့အတိုင်း ဟိုကျတော့ မောင်မောင် မျက်နှာငယ်လိမ့်မယ်။ ပုသိမ်မှာသာ နေရစ်ပါ၊ နောက်မှ ကျွန်မ စာပေးလိုက်မယ်။ အကျိုးအကြောင်း သေသေချာချာ သိတော့မှ လိုက်သင့်လည်း လိုက်ခဲ့တာပ။ အခုတော့ တစ်ပါတည်း မလိုက်ခဲ့နဲ့ဦး၊ သူတို့ ဘယ်လို ကြံတယ် စည်တယ် ဆိုတာ မသိရသေးဘူး။

ဗညားအိန်။ ။ အို ဒီပဲခူးလောက် စိုးကြောက်ဖို့ မရှိပါဘူး။ ဒင်းတို့ပဲခူး ဆိုးလှတယ်ဆိုပေမဲ့ ကျုပ်တို့ ပုသိမ်က အကဲသာပါတယ်။ အစိုးရတောင် လူ့နယ်နယ် မထင်ဘူး။ ပဲခူးတိုက်ဖို့ ကျုပ်ဖြင့် ဒီလူတွေကိုပဲ အားကိုးနေရတာပဲ။

ဝိဟာရဒေဝီ။ ။ မောင့်မှာဖြင့် ဟောဒီ အနောက်ချောင်း ကျကတည်းက အသောက်လည်း ကောင်းကောင်း တတ်နေပြီ။ ပညာရှိ သူတော်ကောင်းနဲ့ ပေါင်းမှ လူကောင်း ဖြစ်နိုင်တယ်။ နို့ အခုတော့ ကိုယ်ပင်ဟာ အစိုးရ၊ အစိုးရနဲ့ တူအောင် ဋ္ဌာနနဲ့ သိက္ခာနဲ့ မနေဘူး။ မူးတဲ့ကောင်တွေနဲ့လည်း ပေါင်းရဲ့၊ ဓားပြနဲ့လည်း ပေါင်းရဲ့၊ ရှင်တော့ ကောင်းကောင်း ပျက်နေပြီ။ တစ်ဆိတ်ရှိရင် ပဲခူးတိုက်မယ်၊ ပဲခူးတိုက်မယ်နဲ့ လူမိုက်အားပေး စကားကိုချည်းပဲ ပြောပြောနေတယ်။ ကျွန်မတို့ မယ်တော်ဘုရားကြီးက သား သမက်ကယ်လို့ ချစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ် ပေးထားတာ။ ငြိမ်ငြိမ်အေးအေး စားနေပါတော့လား၊ အလကားပဲ၊ သူပုန် ထဖို့ ပြောပြောနေတယ်။ အစိုးရကို ပုန်ကန်တယ်ဆိုတာ လူမိုက် သိလား။ မှတ်ထား။

ဗညားအိန်။ ။ ဟောဒီမိန်းမ ပြောရ ဒေါသထွက်စရာချည်းပဲ။ ကြည့် ပါလား၊ ဒီပဲခူးအကြောင်း ပြောမှဖြင့် အဆိုးအကောင်း ဆုံးအောင် နားမထောင် ဘူး။ ပဲခူး မတိုက်ရခင် သူ့တိုက်နေရတာနဲ့ တစ်ဒုက္ခပဲ၊ ဟုတ်ပ၊ ကျုပ်ဖြင့် စိတ်ပဲ ညစ်လှပါပြီ။

ဝိဟာရဒေဝီ။ ။ အမယ် ကိုယ်ကပဲ စိတ်ညစ်တယ် ရှိရသေးသလား။ ကိုယ်ဟာ ဘာကောင်းသလဲ။ သားမယား ပြောတဲ့ စကားများဖြင့် လားလားမှ နားမထောင်ဘူး။ မူးချင်မူး ယစ်ချင်ယစ် ဖြစ်ချင်သလို ဖြစ်နေတာကလား။ ပုသိမ် ရောက်ကတည်းက ရှင့်ဖြင့် အသောက်စွဲနေပကောလေ။ ကြည့်ပါလား၊ တစ်နေ့ကလည်း အိမ်မဲက သူကြီး၊ ဘယ်သူတဲ့ အဲဒီလူကြီးနဲ့။

ဗညားအိန်။ ။ အို တိတ်စမ်းပါဦး၊ တိတ်စမ်းပါဦး။ လူဆိုတာမျိုး မှတ်ထား။ စူးနေရာစူး၊ ဆောက်နေရာ ဆောက်တဲ့။ သောက်တတ် စားတတ်တဲ့ အကောင်တွေနဲ့ ကျုပ်ပေါင်းတာ အကြောင်းက ဒီလိုရှိတယ်။ မင်းတို့အမေများရဲ့ ဟံသာဝတီပဲခူး တိုက်တော့ လူဆိုး လူမိုက်တွေနဲ့မှ နေရာကျမယ်။ ဘုရားဒကာ ကျောင်းဒကာ ပညာရှိ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းလို့ ကသောင်းကနင်း အလုပ်မျိုးမှာ အဟုတ် ကြုံမယ် မဟုတ်ဘူး။ အဲဒီလို အဟုတ်မကြုံကြတော့ အရုပ်ဆိုးပြီး (ကျုပ်) ပဲခူးကို ရနိုင်ပါတော့မလား။ ကိုင်း နေစမ်းပါဦး၊ ကိုယ့်ကို ကျုပ် တစ်ခုမေးစမ်းမယ်။ ကိုယ်ကလည်း ရှင်ဘုရင်မရဲ့ သမီး၊ ကျုပ်ကလည်း မဟာမျိုး မဟာနွယ် အစစ် ဖြစ်တယ်။ ဒီပဲခူး ဟံသာဝတီမှာ တကယ်လို့ ကိုယ့်မယ်တော်ကြီး အရိပ်အရာ လွှဲသွားရင် ကျုပ်တို့ပြင် ဘယ်သူက ထီးမွေ နန်းမွေကို ဆက်ခံထိုက်သလဲ။ အခုတော့ ကိုယ့်မယ်တော် ကျုပ်ယောက္ခမက ကျုပ်တို့ကို မထောက်မဆဘဲ ကောက်ကရ ဘုန်းကြီးလူထွက် ရဟန်းပျက်ကို နန်းဆက်ရန် မှန်းဆတာကိုများ ကိုင်း လမ်းကျရဲ့လားဗျာ။ ပြောစမ်းပါဦး။

ဝိဟာရဒေဝီ။ ။ လမ်းတော့ မကျဘူးပေါ့။

ဗညားအိန်။ ။ အဲသည်ကဲ့သို့ လမ်းမကျသော၊ နန်းဟံသာ မဟာဝင်မှာ ရာဇဝင် အချိန်မပရအောင်၊ ပုသိမ်က အဆိုးအမိုက်တွေနဲ့၊ (ကျုပ်) ပကိုး တိုက်ရ လိမ့်မယ်။ ဟင် ပြောရင်းဆိုရင်း ဟိတ်မာန်ပြင်းလို့မို့ သင်းတို့ပြုသရွေ့ သေလို့ တောင် မမေ့နိုင်ဘူး။ ယနေ့ထပ်ကွန့် ပုသိမ်က အညွန့်တွေနဲ့ ဇွန့်ဇွန့်စားစား မရွံ့ရှားဘဲ ယောကျ်ားပီပီ ဘာမထိ သာကီနန်းမျိုး ကြွင်းစိုးရအောင် အရမ်း





ဆိုး သူပုန်ထမှာကြောင့် ဒဂုန်၊ ဒလ၊ တည၊ ပကိုးမှာ သွေးမိုးကြီး ရွာစေတော့— ဆိုပြီး လက်သုံးတော် ဓားရိုးနှင့် ကြိမ်များကို ဆောင့်လေ၏။

ဝိဟာရဒေဝီ။ ။ အို ဘယ့်နှာကြောင့် ဒါလောက် ဒေါသကြီးရတာတုံး။ ကြောက်စရာ လန့်စရာ ဒီလို မလုပ်ပါနဲ့။ မဟုတ်ဘူး ကျွန်မပြောမယ်။ သောက်ဆိုး ဆိုတာမျိုး အသောက်အစား ဘယ်ကင်းနိုင်မလဲ။ သောက်တော့ သောက်တာ ပေါ့။ သို့ပေမယ်လို့ "တန်ဆေး လွန်ဘေး" တဲ့။ တော်ရုံတန်ရုံလောက် ထမင်းဟင်း စားသောက် ကောင်းရုံလောက် သောက်မှပ။ သိပ်သောက်တော့ မကောင်းဘူး။ မူးတော့ ရှင်ကလည်း ရမ်းချင်တယ်။ ပါးစပ်ကလည်း နံတယ်။ ကျွန်မကလည်း ကြောက်တတ်တယ် သိလား။ ပြီးတော့ သူပုန်ထမယ် ဆိုတာလည်း ထချင် ထ တာပေါ့၊ အလကား ဘာမဆိုင် ညာမဆိုင် ဒီဘုန်းကြီးလူထွက် နန်းစံရင် ခံနိုင်ပါရိုးလားတော်။ မောင်မောင် မူးနေသလား၊ ရော့ ဟောဒီ လက်ဖက် ကလေး တစ်ရိုး ဝါးလိုက်ဦး။ သံပရာရည် ညှစ်ထားတယ်။ စားလိုက် စားလိုက်၊ အမူးပြေအောင်၊ ခက်လေးသေးလား။ ကျွန်မ နှိပ်ပေးမယ်။ ဒီအနား တိုးစမ်း ပါဦး။ ကိုင်း အိပ်စမ်း၊ မှောက်လိုက်၊ အကြောထိရဲ့လား။ ဒါကြောင့် ကျွန်မ ပြောတယ်၊ သိပ်မူးအောင် မသောက်နဲ့ လို့၊ ခုတော့ ဘယ့်နှယ်ရှိစ။ သိပ် မူးနေရောပလေ။ ကောင်းတယ် မှတ်ထား။ မောင်မောင့်ပုသိမ်မြို့ဟာ တယ်လည်း ပျော်ဖို့ကောင်းတယ်နော်။ ပဲခူးသားတွေလို မဟုတ်ဘူး။ သူတို့ ပုသိမ်သားတွေ ဟာ လိုက်လိုက်လျောလျော ဟောဟောဒိုင်းဒိုင်းတွေ။ တယ်ရိုးကြတယ်။ သူခိုး ဓားပြ ပေါတာ တစ်ခုပဲ ပြောစရာ ရှိတယ်။ ရိုးတယ်နော်။

ဗညားအိန်။ ။ ဟုတ်တယ်၊ ကျုပ်တို့ ပဲခူးသားတွေလို မဟုတ်ဘူး။ ပဲခူးသားတွေကတော့ ဝံသာနုရက္ခိတ တရားနှင့် စကားကို သိန်တင်ပြီး မယား ကို စိန်ဆင်ကြတယ်။ ကျုပ်တို့ ပုသိမ် တစ်ခွင်ကတော့ မယားကို စိန်ဆင်ဖို့ လိမ်ချင်ပေတယ်လို့ (ဟောဒီက) ပုသိမ်ဘုရင် ကြောက်ကြတယ်။

ဝိဟာရဒေဝီ။ ။ အို ဒါထက်ပဲ မနေ့ညတုန်းက အထုပ်တစ်ခု လက်မှာ ဆွဲပြီး အင်းရဲကြီးက လူတစ်ယောက် လာတာ မြင်လိုက်ပါတယ်။ ရှင် ကြိုက် တာများ လာပို့သလား။

ဗညားအိန်။ ။ အရက် မဟုတ်ပါဘူး၊ ဘယ်က အင်းရဲကြီးက ဟုတ်ရ မှာလဲ၊ ဟို အိမ်မဲက ကျုပ်အကောင် သူကြီး။ ဘာမှ မသိဘူး၊ ငါးတို့ ငါးခြောက် တို့ လာလာပို့နေကျပဲ။ ဒီလူဟာ တော်တော်စွမ်းတယ်၊ ဓားတို့ တုတ်တို့တောင် ပြီးသတဲ့။ ယီးတီးယားတား မမှတ်နဲ့။ သူ လာတာကတော့ အခြောက်စ မဟုတ် ဘူး။ သူ့လူတစ်ယောက် ဓားပြမှုနဲ့ အဖမ်းခံနေရလို့ ဒီအမှုကို မင်းဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လုပ်ပါဦးလို့ ငွေထုပ်ကြီးနှင့်လာတာ။ သူတို့ အနောက်ချောင်းက အကောင်တွေက လက်ဆောင် ထိုးချင်ကြတယ်။ သူတို့က အရင်က မင်းတို့ မယ်တော်ကြီး ခန့်လိုက်တဲ့ ပုသိမ်ဝန်တွေ၊ ဆင်းရဲသား မင်းဖြစ် အကောင်တွေလို ကျုပ်ကို လက်ဆောင်ပဏ္ဏာ စားမယ်မှတ် ထင်ပါရဲ့။ ကျုပ်က ဘာလာဘ်စားမလဲ၊ ယောက္ခမ မိဘက မ စ လို့ ခနကြေးငွေ ဌေးနေတဲ့အကောင်က မစားဘူး။ နဂိုကလည်း အစံမရှိ၊ မိဘ ယောက္ခမကလည်း မထောက်မ၊ ရတဲ့ လစာကြေးငွေ ကလေးကလည်း မစားလောက် မသောက်လောက်၊ ဘာမဟုတ် ညာမဟုတ်တော့ အရာပဲ ပြုတ်ပြုတ်လို့ မညှာဘဲ လုပ်ကြတာပဲ။

ဝိဟာရဒေဝီ။ ။ နို့ နေပါဦး၊ ကွမ်းသီးပင်နဲ့ သာပေါင်းက လူတွေကော ဘာလုပ်လာကြသလဲ။

ဗညားအိန်။ ။ ဒါပ၊ ပဲရူးတိုက်တော့ ဆိုးမိုက်ဝံ့တဲ့ အကောင်တွေပေါ့၊ ဓားရှည်အစင်း ၃၀၀ လာတောင်းကြတယ်။ ပဲရူး တိုက်မှာ လိုက်မလို့ တဲ့။ အဲ ... သူတို့ပြန်သွားပြီး မဲဇလီကျောင်းကုန်းက ကျုပ်လူတွေ ရောက်လာပြန်တာပဲ။ ကျွန်တော်တို့ ၂ ရွာကလည်း တစ်ရာတပ် ကိုးတပ် ဖွဲ့ပရစေလို့ လျှောက်လာကြတယ်။ သူတို့နဲ့ ပြောဆိုနေတုန်းမှာပဲ ဖြုန်းခနဲ ငပုတောက ငရန်တို့၊ ငရဲတို့ဆိုတာ ရောက်လာပြန်ပြီး ဆရာရဲ့ .... ဆရာ ပဲရူးတိုက်ဖို့ အဖိုးထိုက် သတင်းတစ်ခု ကြားတယ်။ ကျောက်ချောင်းကြီးက သူခိုးတွေရဲ့ အဖေ ငဝေ ဆိုတာမှာ ချိုးဥအမတေဆိုလား၊ ကျီးကန်းဥ အမတေဆိုလား ရှိတယ်လို့ ကြားရတယ်။ အဲဒီ အမတေများ ရရင်တော့ ဘာပြောစရာ ရှိမလဲ။ ခုတ်ချင်တိုင်း ခုတ်၊ ထိုးချင်တိုင်း ထိုး၊ တန်ခိုး အင်မတန်ရှိတယ်လို့ ပြောသွားတယ်။

ဝိဟာရဒေဝီ။ ။ ပြီးတော့ ကျွန်မ မေးမယ်၊ မှန်မှန်ပြောရမယ်နော်။ ဟို ... အဖိတ်နေ့တုန်းက ညနေခင်းလောက်မှာ ဇလွန်ကဆိုလား၊ ဟသာ်ာတက ဆိုလား ပုံ့နှင်းကြီးတစ်ယောက် လာတယ် မဟုတ်လား။

ဗညားအိန်။ ။ ဟုတ်ကဲ့၊ လာတယ်။

ဝိဟာရဒေဝီ။ ။ အဲဒီ ပုံ့နှင်းကြီးနောက်က သူငယ်မတစ်ယောက် ကိုယ်ပေါက်ကိုယ်ရောက် လှပါဘိသနဲ့၊ ခေါင်းမှာ ပန်းနီနီပန်လို့၊ ပဝါအပြာနုကလေး တင်လို့၊ ဆံပင် တစ်ပတ်ရစ်ထုံးလို့၊ သနပ်ခါးလည်း လိမ်းလို့၊ လက်မှာလည်း လက်ကောက်ကြီးနဲ့၊ ကြိုးကြီးချိတ်ထဘီနဲ့၊ အိမ်တော်ကို ပါလာတယ် မဟုတ်လား။ အဖိတ်နေ့က။

ဗညားအိန်။ ။ ကျုပ် ကောင်းကောင်း မမှတ်မိဘူး။





ဝိဟာရဒေဝီ။ ။ ကောင်းကောင်းပြော၊ မလိမ်နဲ့၊ လိမ်ရင်တော့ ဟောဒီလို လိမ်ဆွဲလိုက်မယ်။ မှန်မှန်ပြော၊ ဘာပြုလို့ မမှတ်မိဘဲ ရှိရမတုံး။ အဖိတ်နေ့ကတင်ပဲ၊ ဘာ ကြာသေးသလဲ။

ဗညားအိန်။ ။ နေစမ်းပါဦး၊ ကျုပ် စဉ်းစားလို့ မရဘူး။

ဝိဟာရဒေဝီ။ ။ ဟော လိမ်ပြန်ပြီ၊ ဘာဖြစ်လို့ မမှတ်မိဘဲ ရှိရမှာလဲ။ ရှင်ကတောင် ကျွန်မကို ရွှေမုဋ္ဌောကို ဘုရားဖူး သွားပါတော့လားလို့ ခိုင်းသေးတယ်။ ခိုင်းလို့ ကျွန်မကတောင် ဇောခိမဏ္ဍိုင်ကျောင်းသွားပြီး တရားနာစရာ ရှိလို့ ကနေ့ ဘုရားမသွားနိုင်ဘူး ပြန်ပြောသေးတယ်။ ပြောပြီး ကျွန်မက ရှင့်ကိုတောင် တရားနာ လိုက်ခဲ့ပါဦးလားလို့ ခေါ်သေးတယ်။ ခေါ်တော့ ရှင်ကတောင် ဟောဒီမှာ ညှိသည်တွေ ရောက်နေတယ်၊ ကျုပ် ကိစ္စကြီးလို့ မလိုက်နိုင်ဘူး။ ဆရာတော်ဘုရားကြီးက မေးရင် ဒကာတော်မှာ အမှုစီရင်စရာတွေ များလို့ ခြေရင်းတော် မရောက်ရပါတယ်လို့တောင် မှာလိုက်သေးတယ်။ ပြီး ကျွန်မ ကျောင်းကို တရားနာသွားရော့တယ်။ သွားတော့ ရှင် စကားပြော ကျန်နေရစ်တယ်။ သည်တစ်ခါ မလိမ်နဲ့၊ မှန်မှန်ပြော၊ လိမ်ရင်တော့ ဟောဒီလို လိမ်လိုက်ဦးမှာပဲ။

ဗညားအိန်။ ။ သတိကိုပဲ မရပါဘူး။

ဝိဟာရဒေဝီ။ ။ ကိုယ့် တကယ် ဘုရားရှူး။

ဗညားအိန်။ ။ ရှူးရပါစေရဲ့။

ဝိဟာရဒေဝီ။ ။ ကြည့်စမ်း၊ ဘုရားကျိန်ပြီး လိမ်တယ်။ ဘာလို့ ရယ်ရသလဲ၊ မဟုတ်ရင် ဏှာခေါင်းနဲ့ ပြောပါလား။ ဒီလူဟာ ဘုရားလည်း ကျိန်တယ်၊ လိမ်လည်း လိမ်တယ်၊ ရှင် ဘုရားမကြောက်ဘူး၊ တုတ်မှ ကြောက်တယ်။ မှန်မှန်မပြောရင် ရိုက်မယ်၊ ဟောဒီလို ရိုက်မယ်၊ ပြော မှန်မှန်ပြော၊ အဲဒီနေ့က အတော်မိုးချုပ်မှ ကျွန်မ အိမ်တော်ပြန်ရောက်တယ်။ ပြန်ရောက်တော့ ညှိသည်တွေတောင် မရှိဘူး။ အဲဒီည ရှင်နဲ့ကျွန်မ စိတ်ဆိုးလို့ ကျွန်မ ထမင်းတောင် မစားဘူး။ ညစာ မစားလို့တောင်မှ ရှင်က လေခံပြီး အော့အန်နေလိမ့်မယ်၊ တစ်လုတ်ဖြင့် မကြီး စားလိုက်ပါဦးလို့ ချော့ချော့ပြောသေးတယ် မဟုတ်ဘူးလား။ မှန်မှန်ပြော၊ တစ်ခါ ဘုရားရှူးကျိန်ပြီး လိမ်ဦးမလား။ ပြောရင် မရိုက်ဘူး၊ မပြောရင်တော့ ရိုက်မယ်၊ ဟောဒီလို ...။

ဗညားအိန်။ ။ အိုအို နာပါတယ်၊ မရိုက်ပါနဲ့၊ မင့်အသား ဒီလိုရိုက်ရင် မင်း ခံနိုင်မလား၊ မရိုက်နဲ့၊ တော်၊ နာတယ်။ ကျုပ် မှန်မှန်ပြောမယ်၊ သတိရလာပြီ၊ ဒီအဘိုးကြီးဟာ ဟသာ်ာတ ပုံ့နှင်းကြီး ဦးကြာညွန့်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဝိဟာရဒေဝီ။ ။ နို့ ဟိုတစ်ယောက်ကကော။

ဇညားအိန်။ ။ ဟိုတစ်ယောက်က အသားဖြူဖြူ မဟုတ်လား။

ဝိဟာရဒေဝီ။ ။ ဟုတ်တယ်၊ အသားဖြူဖြူ သေးသေးသွယ်သွယ်၊ တယ်လည်း မမြင့်ဘူး၊ တယ်လည်း မနိမ့်ဘူး၊ အခန့်သင့်ပဲ။ သူ ကြည့်ပုံ မခို့တရို့နဲ့၊ အပျိုတော့ ဟုတ်ပုံ မရဘူး။

ဇညားအိန်။ ။ အေး ဟုတ်ပါပြီ၊ ဟုတ်ပါ၊ ခုမှ ပေါ်ပေါ်လာတယ်။ ဒီသူငယ်မဟာ မျက်လုံးပြူးပြူး၊ နဖူးလုံးလုံး၊ မျက်ခုံးကောင်းကောင်း၊ နှာခေါင်းသွယ်သွယ်၊ တင်ကျယ်ရင်လုံး၊ ပခုံးကော့ကော့၊ ပြုံးပျော့ပျော့နဲ့၊ သွားကတော့ စိန်ရောင်၊ ထဘီတောင် အပြာကွက်နဲ့ ညာလက်ပြင် အလှည့်ဘေးမှာတောင် မှဲ့ကလေးနဲ့။

ဝိဟာရဒေဝီ။ ။ တယ်လည်း သေချာပါလား။

ဇညားအိန်။ ။ သေချာဆို ဘာပြောစရာ ရှိမလဲ၊ ဒီသူငယ်မ ဝတ်တဲ့ ထိုင်မသိမ်းအင်္ကျီက ပါးတယ်၊ ကျဲတဲတဲနဲ့။

ဝိဟာရဒေဝီ။ ။ နို့ ရှေ့လျှောက်ပြောဦး၊ မှန်မှန်ပြော၊ လိမ်ပြောရင် ဟောဒီမှာ တုတ်ရှိတယ်။

ဇညားအိန်။ ။ ဒီသူငယ်မဟာ တခြားမဟုတ်ဘူး။ ပွဲနင်းကြီး ဦးကြာညွန့်ရဲ့ ချွေးမတဲ့။ သူ့ယောကျ်ားကို လေ့စိုးမှုနဲ့ ဟံသာတရုံးတော်က ထောင်ချလိုက်လို့ တဲ့။

ဝိဟာရဒေဝီ။ ။ နို့ ဘာဖြစ်သလဲ။

ဇညားအိန်။ ။ ဒါ ဘာမှ မဖြစ်ဘူး၊ ကျုပ်ဆီကို အယူခံလာတယ်။

ဝိဟာရဒေဝီ။ ။ ဒီတော့ မောင်က လွှတ်ပစ်လိုက်ကရော့လား။

ဇညားအိန်။ ။ မလွှတ်ဘူး၊ လက်ဆောင်ပါလာလို့။ ကျုပ်ဟာ လာဘ်စားတဲ့အကောင် မဟုတ်ဘူး။ လက်ဆောင် ထိုးရင်တော့ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ဘယ်အမှုသည်မျိုးမဆို ကျုပ် ထောင်ချပစ်မယ်လို့ ပွဲနင်းကြီး ကိုတောင် ကြိမ်းလိုက် မောင်းလိုက်ရသေးတယ်။

ဝိဟာရဒေဝီ။ ။ အနို့ ဒီစကားဖြတ်ပြီး မေးပါရစေဦး၊ ယနေ့ ကျွန်မ ပဲခူး သွားမယ်၊ မောင် နေရစ်မယ် မဟုတ်လား။

ဇညားအိန်။ ။ မနေရစ်ဘူး၊ ကျုပ်ပါ လိုက်မယ်။ မင်းကို ကျုပ် စိတ်မချဘူး။ ပဲခူးက အစိုးရတွေဟာ သူခိုး ဓားပြထက် ဆိုးသေးတယ်။ "တစ်ရွာသွား တစ်အားယုတ်" သတဲ့။ ကျုပ်ပါမှ ဖြစ်မယ်။ ပဲခူးမှာ ဖြစ်ပျက်နေပုံကိုလည်း ကျုပ် သိချင်တယ်။ လိုက်မယ်။





ဝိဟာရဒေဝီ။ ။ မောင်လိုက်လို့ မတော်ဘူး ထင်တယ်။

ဇညားအိန်။ ။ ကျုပ် မလိုက်စေချင်ဘူးပေါ့၊ တစ်ယောက်တည်း သွားချင်တယ်ပေါ့၊ ဟိုကျတော့ ကျုပ်ပါရင် မတ်တော်မောင် ဘုန်းကြီးလူထွက်နဲ့ ကောင်းကောင်း စကားမပြောရဘူးပေါ့။

ဝိဟာရဒေဝီ။ ။ ဒီလို မပြောနဲ့၊ ကျွန်မ စိတ်ဆိုးတယ်။

ဇညားအိန်။ ။ မင်းထင်သလို ကျုပ်ပြောတာ မဟုတ်ဘူး၊ ကျုပ်ကတော့ စည်းနဲ့ကမ်းနဲ့မှ ကြိုက်တယ်။ မရီးနှင့်မတ် မနီးအပ်ဘူးတဲ့၊ ဒီတော့ ကျုပ်ပါရင် မရီး မတ် ပေတယ်လို့ နီးနီးစပ်စပ် ပူးပူးကပ်ကပ် အရောတဝင် မလုပ်ရဘူးလို့ ကျုပ်က ပြောမယ် မဟုတ်လား။ ပြောတော့ မင်းက ကြိုက်မှ ကြိုက်ချင်မယ် မဟုတ်လား။ စိတ်ဆိုးတော့ ရန်ဖြစ်ချင်ကြမယ် မဟုတ်ဘူးလား၊ ရန်ဖြစ်ကြတော့ ပဲခူးသွားရင်း လင်မယား ရန်ဖြစ်တယ်လို့ ကဲ့ရဲ့ချင် ကဲ့ရဲ့ကြမယ် မဟုတ်ဘူးလား။ ကဲ့ရဲ့တော့ ရှက်ချင်လည်း ရှက်ရမယ် မဟုတ်ဘူးလား၊

ဝိဟာရဒေဝီ။ ။ ဒါဖြင့် မောင့်သဘောပဲ၊ လိုက်ချင်လည်း လိုက်၊ ကျွန်မက စိုးရိမ်လို့ ပြောတာ။

ဇညားအိန်။ ။ ကိုယ့် ပဲခူးက အကောင်တွေကို ကျုပ် ဘာမှ မကြောက်ဘူး။ သူတို့ပဲခူးက မိုက်ပေ့ဆိုတဲ့ အကောင်ဟာ ကျုပ်တို့ ပုသိမ်က အိပ်နေတဲ့ အကောင်လောက် ရှိတော့မပေါ့။ ကျုပ်ပုသိမ်သားတွေနဲ့ တအားကပဲ။ ဒင်းတို့ ပဲခူးက ကျုပ်ကို ယီးတီးယားတား လုပ်ရင် ကျုပ် ပုသိမ်မြို့အဝှမ်းနှင့်တကွ မြောင်းမြတို့၊ ငသိုင်းချောင်းတို့၊ လေးမျက်နှာတို့၊ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်တို့၊ ဝါးခယ်မတို့၊ ရေကြည်၊ ပန်းတောတို့၊ ဇလွန်၊ ဟင်္သာတတို့က ဘာခံထိုင်မလဲ။ ကျုပ်တပည့်တွေက လူကျော် လူမော်တွေကလား။ သိပ်ရဲတဲ့ ထိတ်ထိတ်ကြဲတွေ။ ကျုပ်လူတွေ ကျုပ် သွေးထိုးထားတဲ့ လေးချိုး ရဲဘော်တပ်ဘွဲ့ကို နားထောင်မလား။

ဝိဟာရဒေဝီ။ ။ ဆိုစမ်းပါဦးတော်။ ကိုယ့်အနောက်ချောင်းသားတွေ ဘယ်လောက်များ ရဲသလဲဆိုတာ နားထောင်ပါရစေ။

ဇညားအိန်။ ။ နားထောင်ဗျာ့၊ တစ်ဆိတ် ရှည်တယ်။ ဒီလိုတဲ့။

**ရဲဘော်တပ်ဘွဲ့ကဗျာ မဟာလေးချိုးကြီး**

ပုသိမ် ၃၂ မြို့မှာ တစ်မျိုးကြဲရာ ရပြီမို့၊ အရှိန်ဘုန်းကွယ်မည်ဦးအရ
အကျိုး ဖန်ကာ သ ပါလိမ့်၊ တန်ခိုး ကံသမ္ဘာလုချိန်မို့၊ အမျိုးအရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြန်ကာ မဆ နှင့်တော့၊ (သြော်) ပကိုးဟံသာ တ,သူ့ရဲ့၊ တိတ်ပါကွ တိတ်စမ်းပါ။

ဝတီသိကြားပြေမှာ၊ အသူရာပွဲလိုပ၊ ပုသိမ်သားတွေဟာ ဘသူလာမလဲဟဲ့၊ တူရာ မဲမဲပြီး တဇျူပြာ ကြဲမှဲ့ပြင်၊ အမူပါပါ လူတကာကိုတောင် ဆဲဝံ့ပါရဲ့၊ (သြော်) အရှိန်ရဲရဲ အကြိမ်ကြိမ် နွှဲနေကျ၊ အိမ်မဲက (ကျုပ်)အကောင် သူကြီးဟာ၊ ဒုတ်–အုတ်တထောင်တောင် ပြီးပါသတဲ့၊ ကွမ်းသီးပင်နှင့် သာပေါင်းသားတွေမှာ၊ အညာတဂေါင်းက ဓား ဓမရှေ့တွေကလဲ မနဲပေဘူး၊ (သြော်) တပွဲတချီမဖြင့်၊ သဲသဲမဲမဲ ရဲရဲကြီး ညီကြမှဲ့၊ မဲဇလီကျောင်းကုန်း အရပ်ဆိုဒါ၊ အကောင်းဆုံး တတပ်တဗိုလ် နွှဲကြမှာပေါ့၊ အင်းရဲကြီးက ထင်းလှဲတစီးနှင့် စားဖို့ သောက်ဖို့တဲ့၊ ငါးတို့ ငါးခြောက်တို့ ပို့လာတဲ့ ငဖာရဲ့သမက် ငနက်ကြီးရဲ့ အမျိုး ငဖိုးကြာ ဆိုဒါ၊ လက်သီးနှင့် ထိုးဒါတောင်မှ မကွဲပါဘု၊ ပုလဲတို့ ခရတို့ အပုတို့ အနုတို့ပေါ်တဲ့ ငပုတောက ငရဲနှင့် ငရန်ဆိုဒါ၊ တပွဲပြန် အမှန်ဇကန်ကောင်းပါသတဲ့၊ သြော်–ကျောက်ချောင်းကြီးက သူခိုးငတုရဲ့ဖအေ ငဝေဆိုဒါ၊ ချိုးဥ အမတော ၂ လုံးရယ်နှင့်၊ အင်း ပြုံးပြုံးရင်း အလွန်အမင်း လှကြတဲ့ ဇလွန် ဟင်္သာတ ခမောက်စု နိဗ္ဗာန် ကို၊ ၂ ယောက် တ စု အိပ်ဖန်ထားကြပါစို့၊ နင်လား ငါလား ငါတကားနဲ့ တကဲ့အရေး ထွက်လာကြမှဲ့၊ လေးမျက်နှာနှင့် သေိုင်းချောင်းသားတွေမှာ၊ ဒိုင်းကောင်း လွှားကောင်းနှင့် သိုင်းကောင်းကောင်း ကစားတတ်ချည်ရဲ့၊ (သြော်) အကြွားနယ် ဘဝမှာဖြင့်၊ စပါးတကယ်ရပါသတဲ့၊ ဝါးခယ်မနှင့် မအူပင်မှာ၊ ဘသူမှ လူမထင် သူမထင် စွမ်းကြပေသတဲ့၊ အရမ်းဆော်မဟာလို့ အကြမ်း အဖော်အလှော် ရပါတဲ့၊ ပန်းတနော်က သကောင့်သားတွေမှာ၊ နန်းတော်စောင့်သမားတွေပေါ့၊ ဆောင့်ကြွားကြွားနဲ့ အကြွေးဆဲ ဆဲပြီး၊ သွေးရဲလို့ မာပုံချာပုံမှာ၊ ဒေးဒရဲ ဖျာပုံ ကျိုက်လတ်သားတွေကွဲ့၊ (အင်း) သောက်စား အကစားနှင့်၊ တောက်တောက်ခါးခါး အမောက်စားတွေမို့၊ ယောကျ်ားဘသားဟဲ့–ကြောက်မလားလို့ ပြောင်ပြောင်မှုန်းတဲ့၊ ငနောင်, ငလုံး, ငပြုံး, ငလှ, ငပု, ငမူ ဆိုဒါတွေ၊ ညောင်တုန်း ဓနုဖြူမှာဖြင့် လုလုယူကြတဲ့ အညွန့်သမားတွေပေါ့၊ (သြော်) မရွံ့မရှား စွန့်စွန့်စားစား ညွန့်ညွန့်ကြီး ကြွားလောက်အောင် အပုံတော်သမို့ တဂုဏ်မော်မဇျို့ရယ်လို့၊ ကျုံပျော်မြို့ဆီက သတင်းထွားတဲ့ မြင်းသမား ငစိန် ဆိုဒါ (ဟောဒီ) ဗညားအိန်ရဲ့





တပည့်ကြီးပေပေါ့၊ ကျုံတနီးက ငဖိုးရဲ့သား ငမောင်ဆိုဒါ၊ ဆိုးဆိုး ဝါးဝါးဟာမို့၊ ပကိုးသား အကောင်တွေကိုဖြင့်၊ ကြုံးမျှားနဲ့ ချည်နှောင်ပြီး ဝပိုးဝါးကြီးနှင့်တောင် ရိုက်ဝံ့နှက်ဝံ့ပါရဲ့တဲ့၊ (သြော်) တချက်မှ မရွံ့ အသက်စွန့်တဲ့ ငမောက်ကဲ့အမျိုး ငမျိုးလှဆိုဒါ၊ (ငါ့လို) အစိုးရကိုတောင် ရှိမခိုးချင်ဘူးတဲ့၊ အနောက်ရိုးမက၊ သောက်ကျိုးနဲ့ ဝှကျတဲ့၊ ငမြားနဲ့ ငပြုံး ဆိုဒါကို၊ ဘုရား မထူးလို့တောင်၊ ဒူးနှင့် ဘယ်ပြန် ညာပြန် တိုက်လိုက်ရပါသေးသကွဲ့၊ ခလောက်သိုက်က နှစ်ယောက် အမိုက်ပ၊ ငနူးနဲ့ ငဝေဆိုဒါ (ငါ့ကို) ဦးမချလို့ ဒူးမချလို့တောင် (ဟောဒီလို) ခါးတောင်းခနားကျိုက်ကျိုက်ပြီး၊ ထောင်းလားရိုက်လား လုပ်ရပါသေးသကော၊ (သြော်) အကြမ်းသဘော ရမ်းမကောရယ်လို့ ပန်းတောရေကြည်က၊ အကျော်အမော် အတော်ပျော်တတ်တဲ့ ကဖော် ဘတင်ကြီး ဆိုဒါ၊ ဟိုမှာသည်မှာ အမှုမှု ဆင့်ဒါမို့၊ သူ့ဖြင့် ကျမ မနိုင်ပါ၊ အပိုင်သာ ထုလေ–တေလေတော့ရယ်လို့၊ သူ့အမေတောင် ငါ့ကိုအပ်ရပါသကွဲ့၊ မြောင်းမြ ကွင်းပေါက်က၊ ငချင်းရောက်ကဲ့အမျိုး၊ ငဖိုးမင်း ဆိုဒါ၊ ထိုးကွင်းမှင်ကြောင်၊ ခကြောင် ဆေးနီတွေကလဲ များလိုက်ပါဘိသနဲ့၊ ဟင်–အရေးကျလျှင် ဓားဟဲ့လို့ သွေးပြီး တမြမြထားတဲ့ ချွေးမသား ငအောင်ဂေါင်းရဲ့မြည်း၊ ယောင်တစောင်းကြီးနဲ့၊ ငဖီးရဲ့ ညာလက်မောင်းရင်းက အကွင်းကြီးဟာ၊ ကြာဘက်ဆောင်းအင်းကြီးလို့ ပြောကြပါသကွဲ့၊ (သြော်) ခနီတော ဆိုဒါကတော့၊ ငပိပေါတယ်လို့ ပြောချင်ပြော ဆိုချင်ဆို၊ နဂိုက အရက်သောက်တာမို့ မရှက်မကြောက် သမက်ယောက္ခမ၊ ငမူးနှင့် ငတေ ဆိုဒါ တစ်ခွက်နှစ်ခွက်လောက်နှင့်ဖြင့် မမူးပေဘူး၊ (အိုကွယ်) ဘီလူး အာဠဝက ပုဏ္ဏကလို့မို့၊ သူပုန် ထလျှင် အများနှင့်တော့ မကြောက်ပါဘူး ဆရာရယ်တဲ့၊ (သြော်) ကြွားကြွားမောက်မောက်၊ ခါးခါးတောက်တောက် ဝါးခမောက်တွေနဲ့၊ အားမြောက်စရာ။

နဝင်းဇယားအချိန် အရှိန်တလွင်လွင် တောက်ပြီမို့၊ ဗညားအိန် ပုသိမ်ဘုရင် တယောက်ရယ်က၊ (ဟော့) တမိုးအောက်တွင်ဖြင့်၊ မင်္ဂလာ မကြောက်သူမို့၊ ပကိုးလောက်သာဖြင့် မဖြုံလှပါ၊ အို–သူပုန်ဘဝမှာဖြင့် ယုံကြပါတော့၊ ဒဂုံ ဒလ မုတ္တမ တိုင်းဟံသာ၊ တဂိုဏ်း ခုရာကိုဖြင့် အကွက်ကျကျ မထွက်ရအောင် လက်ရအကုန်နွှဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်ကြုံးမနော်၊ စက်ဘုန်း တမော်မော်နှင့်၊ လက်ရုံးတော် ၂ ဆူ
တန်းပါလို့၊ တိုင်းခန်းပြန်ကာလည်ခဲ့မကွဲ့၊ နှယ်သာကီ သိုက်ဝင်မျိုး
ရယ်လို့၊ တိုင်းမဟာဝင်မှာ သမိုင်းရာဇဝင် မညှိုးရအောင်၊ ဟံသာကို
ပြန်ကာ စိုးပါလိမ့်၊ (အမယ်မင်း) တန်ခိုးလင်းတယ်လို့ အလွန်တရာမှ
ရွံ့စရာပြကြဒါကြောင့်၊ (ဩော်) ပကိုးသနင်းကိုဖြင့် မန္တမနာ ပြုရချည်
တော့၊ (အို မိမိရဲ့) အမျိုးချင်းရယ်လို့ "ဝံသာမန" နိုင်ဘု၊ သူ့အသက်
ငါ့အသက် အလုအယက်ဟာမို့၊ သူ့ထက်ငါ တပွဲ။

ဝိဟာရဒေဝီ။ ။ ဩော် အခု မောင်မောင် ဆိုပြတဲ့ ရဲဘော်တပ်သား
တွေနဲ့ ပဲခူးကို လုပ်ကြံမယ်လား၊ ရပုံချည်းပဲ။

ဗညားအိန်။ ။ အို၊ ဘယ့်နှယ်မရဘဲ ရှိမလဲ။ ကျုပ် အနောက်ချောင်းက
အကောင်တွေရဲ့ အကြောင်းတော့ ကျုပ် ကောင်းကောင်းသိတယ်။ ကိုယ့် ပဲခူး
သားတွေ ဆိုးဝါးတယ်ဆို ဘယ်ဟုတ်မလဲ။ သွေးစွမ်းတဲ့ အကောင်တွေပါ။
ဘာကြောက်လိမ့်မတုံး။ ကျုပ်တို့ မင်းမျိုးစိုးမျိုးဆိုတာ "သေလည်း မြေကြီး၊
ရှင်လည်း ရွှေထီး" တဲ့။ နေမီးစက် မနှန်းသာအောင် ဘုန်းသမ္ဘာပြုရလိမ့်မယ်
မင်းကတော်ရဲ့။

ဝိဟာရဒေဝီ။ ။ ကိုင်း ကိုယ့်ဘာသာကိုယ် ဘုန်းသမ္ဘာပြု နေရစ်၊
ကျွန်မ သွားချည်ဦးမယ်၊ အရာရာမှာ စိတ်ချပရစေနော်။

ဗညားအိန်။ ။ အို အခုပဲ လိုက်ခဲ့၊ အခုပဲ မလိုက်နဲ့တဲ့၊ တကယ့်ကို
ခက်တယ်၊ ဘယ့်နှယ်တုံး။

ဝိဟာရဒေဝီ။ ။ ရှင့်စိတ်ကို ကျွန်မ စမ်းကြည့်တာ၊ လိုက်လို့ တော်မယ်
မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဟို ဘုန်းကြီးလူထွက်က "အရှင်မွေးကာ၊
နှိုင်းသွေးညီးညီး၊ နေ့ချင်းကြီး" ဆိုတာလို ဘုန်းကြီးလူထွက် စားထက်ဖို့ သား
သမက် ဖမ်းပြီး နန်းရံအိမ်ရှေ့ထားတယ်။ ပဲခူးချောင်းမှာ သူတို့ မိုးကောင်းတဲ့
အခါ ဘာလိုက်လို့တော်မတုံး။

ဗညားအိန်။ ။ မိမိဗျာ၊ အရေးအကြောင်းဆိုတော့ အမွေးတစ်ချောင်း
ကျွတ်မခံတဲ့ စာမရီမျိုးပါဗျာ။ ဘာစိုးရိမ်မတုံး၊ လိုက်မယ်၊ ဘယ်သူ့ ဘာထင်ရ
မတုံး၊ ကိုင်း ခုပဲ သွားမယ်။

ဝိဟာရဒေဝီ။ ။ အဲဒါမျိုးတွေကြောင့် ခက်တယ်၊ ကျွန်မဖြင့် ခက်တယ်။
အင်မတန် အရွဲ့တိုက်ချင်တဲ့လူ၊ ဘယ့်နှယ်ပဲ ပြောပြောတော့ သူ့သဘောကျ
သူ့ဒေါသချည်းပဲ-ဟု ဆိုလျက်-





**ဝိဟာရဒေဝီ မျက်ရည်စီးကျပုံ-နှစ်ဆစ်ချိုး**

အညှိုးရယ်သို၊ အဆိုး ပိုသာပိုတဲ့၊ ပကိုးကို မောင်မလိုက်ချင်နဲ့၊ ယောင်
ငိုက် လူချော။

မာန်သွေးငယ်ဖိ၊ ရန်ဘေးကို ဘာမထိတဲ့၊ စာမရီ သာကီမျိုး
ကိုရှင်၊ (အမယ်မင်း) စိုးရိမ်လို့ ပြော။

ဗညားအိန်။ ။ အို ဘာစိုးရိမ်ဖို့ရှိသလဲ၊ အလကား သွားမယ့်လာမယ့်
လမ်း ငှက်မကောင်း သန်းတာလို မလုပ်ပါနဲ့။ ကျုပ်လူတွေကိုလည်း ကျုပ်
ဆင့်ထားတယ်။ ဟော ပြောတုန်း ဖြုန်းခနဲ ပေါက်လာကြပြီ။ ကိုင်း လာကြ
လာကြ၊ ဘယ့်နှယ်လဲ အိမ်မဲသူကြီးရဲ့၊ ကျောက်ချောင်းကြီးက ကျုပ်အကောင်
တစ်ယောက်ကော မမြင်ပါလား။

အိမ်မဲသူကြီးပြော။ ။ မှန်လှပါ၊ ကျောက်ချောင်းသူကြီး၊ အင်းရဲသူကြီး၊
ကျောင်းကုန်းသူကြီး၊ သာပေါင်းသူကြီးမှ စ၍ ပုသိမ် ၃၂ မြို့အတွင်းရှိ သင့်
လျော်သော သူကြီးကလန်၊ သံပျင်ရွာစိုး အစရှိသည့် လူရဲလူညွန့်တွေကိုရွေးပြီး
လေ့တပ် အခင်းအကျင်းနှင့် မြစ်တွင်းက အသင့်ရှိနှင့်ပြီး ဖြစ်ပါကြောင်းများ
လျှောက်ထားပါသည် ဘုရား။

ဗညားအိန်။ ။ ကိုင်း-သူကြီး သွားကြစို့၊ မိမိကကော ထဗျာ၊ နေးကန်
လိုက်ပါဘိတော့တယ်။ မြန်မြန်လုပ်ပါ။ ထပါ သွားမယ်။ (ဆိုပြီး နေရာမှထ၍
အပြင်သို့ထွက်လာခဲ့ရာ တံခါးဝက သံချောင်းသည် ခေါင်းတော်ကိုငြိပြီးလျှင်
ဆံပင်များပြတ်ပြီးသော် ဝတ်လဲတော်ပုဆိုး ကြမ်းခွံခြံ၍ မတ်တတ်က လဲသွား
လေသတည်း။)

ဝိဟာရဒေဝီ။ ။ အမယ်လေး သူကြီးရဲ့၊ လာပါဦး၊ ထူပါဦး ထူပါဦး။
ချက်ချင်းဒိဋ္ဌ နိမိတ်ပြတာပဲ၊ ကျွန်မ ထိတ်လှချည်ရဲ့၊ မလိုက်ပါနဲ့ မောင်မောင်
ရယ်။ "ဖမ္မုဒ္ဒိပ၊ နိမိတ္တ" တဲ့။ ဇမ္ဗူဒိပ်ကျွန်း ဆိုတာ နိမိတ်ထွန်းတဲ့ကျွန်းပါ။
ယခု မောင် လိုက်တော့မယ်လို့ ထ သွားရင်ပဲ တံခါးတွေက သံချောင်းဟာ
ဖောင်းတော်ကိုရစ်ပတ်ပြီး ဆံပင်များတောင် ပြတ်သွားတယ်။ ပြီးတော့လည်း
ဝတ်လဲတော်ရာကျကို ကြမ်းခလို့ လဲတော်မူတယ်။ တကယ်လို့ဆိုတော့ စဉ်းစား
ဖို့ ရှိပါတယ်။ မကောင်းတဲ့ တိတ်ဆိုး နိမိတ်ဆိုးတွေပဲနော်။ ကိုယ်တော် လိုက်
လို့ မတော်ဘူး။

ဗညားအိန်။ ။ ခက်လိုက်ပါဘိတော့ မင်းကတော်ရယ်။ ဆံပင်ပြတ်
နောက်ထပ် ပေါက်လိမ့်မပေါ့။ ကျုပ် လဲပေမဲ့ ဒူးမပြဲပါဘူး။ ထူးထူးကဲကဲ
လုပ်ပြီး မဟုတ်တာတွေကို ပြောမနေပါနဲ့။ မြေပေါ်မှာလဲရင်သာ မြေကိုင်တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ကြားဖူးပါတယ်။ အခုတော့ အိမ်ပေါ်မှာလဲတာ ဘာဖြစ်ရမတုံး၊ ကိစ္စ မရှိပါဘူး။

ဝိဟာရဒေဝီ။ ။ ကိုယ်တို့ ယောက်ျားများဟာ ဘာမှ အယုံတရား မရှိတတ်ဘူး။ "ခလုတ်ထိမှ အမိတတတ်တယ်"။ တကယ်ပဲ ရှင့်ဖြင့် တားလို့ မရဘူးပေါ့လေ။ အမယ်လေး ပဲခူးနဲ့ပုသိမ် စိုးရိမ်လှချည်ရဲ့တော်-ဆိုပြီး-

**ငိုလိုက်ဖြန်ပုံ-လေးဆစ်**

(အမယ်လေး) နိမိတ်ပြတာကြောင့်၊ ထိတ်လှချည်ရဲ့ မင်းကတော်။
အရာရာ ဖြစ်ပုံ တွေးတယ်တော်-လေးရဲ့ စိတ်နော်။
မယ့်မျက်ဖျော်ရယ်လေ၊ ခက်သော်ကော့ အထူး။
အတိတ်ကိုဖွေ၊ နိမိတ်တွေ တယ်မကောင်းပါဘူး။ ငယ်ပေါင်း
လင် ပျို့ထိပ်ထားမှာလ၊ ဟံသာကို ပြန်တာဖြင့် မှားလိမ့်၊ (မောင်မောင့်
ကိုရှင်) တားလို့ မဖြစ်ဘူးသာဖြင့်၊ (အမယ်မင်း) သွားစို့ ချစ်ဦး။
ကိုင်း-မောင်မောင် သွားမယ်။ မညိုဘုတို့၊ ခင်ခင်စောတို့လည်း လိုက်ခဲ့
ကြ၊ ဆိပ်ကမ်းကို ဆင်းမယ်။

**ဗညားအိန်တို့ ဟံသာဝတီပဲခူးသို့ သွားခြင်း**

ဗညားအိန်။ ။ အို တစ်မြို့တစ်ရွာ သွားကြမှာ ခါးကပဟာနှင့် နေရာ မကျပါဘူး။ အဝတ်အစားများ လဲပါဦး။ တောင်းမှာ အကွပ်၊ လူမှာ အဝတ် တဲ့ဗျာ့။ ကာလမှာ ဝတ်နိုင်စားနိုင်မှ၊ မော်နိုင်ကြွားနိုင်မှ နေရာကျတယ်။ ဇရာမ စိန်လက်ကောက်ကြီး ဝတ်စမ်းပါဦးဗျာ။ သင်းတို့ ပဲခူးကျတော့ အစိုးရ သား မယားတွေနဲ့ ပြိုင်စမ်းရအောင်၊ ပုသိမ်က တစ်ချက်မောက်ရအောင်ဟာ "စိန်လက်ကောက်ကြီး တစ်ဖက်တစ်ချက် တလက်လက်ကယ်နှင့် မပေါ့တပေါ် ပေါ့တပေါ်၊ ခင်လေး စိန်လည်ကပ်ကြီး တစ်လုံးရယ်က သုံးရတီထက် မကျော့ တကျော် ကျော့တကျော်" ဆိုသလို ဟို ပဲခူးကျတော့ အရှိန်လွှင့်ဖို့ဟာ စိန်တင် လက်စွပ် စိန်နားကပ်နှင့် စိန်ခချပ်၊ စိန်ဘယက်ငှဲပြင်၊ စိန်ခါးစည်းကြိုး၊ စိန် ဆံထိုးနှင့်၊ စိန်ကြိုးဒါလီ၊ စိန်ပန်းကိုသီလို့မို့၊ စိန်စီတဲ့ဘီး၊ စိန်ကြယ်သီးနှင့်၊ စိန်ထီးကိုကာ၊ စိန်ပဝါမှာ၊ စိန်ဇာကိုစီ၊ စိန်အင်္ကျီတဲ့၊ စိန်ထဘီစိန်ရောင်ယှက်လို့၊ စိန်တောင်ကွက်၊ စိန်လှံ့ဖြာပြီးတော့၊ စိန်ဟံသာ စိန်ပဲခူးမှာ၊ စိန်တန်ခိုး တရှိန်ရှိန်နဲ့၊ စိန်ပုသိမ် စိန်စိန်နဲ့ ကြွားရအောင်၊ စိန်များများ ဝတ်စမ်းပါ မင်းကတော်ရဲ့။

ဝိဟာရဒေဝီ။ ။ ကျွန်မ စိတ်လက်လည်း အပုံကြီး မကောင်းပါဘူး။





ဘာမှ ဝတ်ချင်စားချင်စိတ် မပေါက်ဘူး။ ဟောဒီ စိန်ဘီးကလေး စိုက်ပြီးယေးခမ်း (မညိုဘု)၊ ကျွန်မ ပုသိမ်ထီးကလေးပိုက်ပြီး လိုက်ခဲ့မယ်၊ မောင်မောင် ရှေ့က သွားပေတော့။

ဗညားအိန်။ ။ ကြည့်စမ်း သူကြီးရဲ့၊ ရေမြေလိုက်လို့လား မပြော တတ်ဘူး။ ကျုပ်တို့ မင်းကတော်ဟာ ပုသိမ်ကျမှ တသွေးတမွေးဖြစ်ပြီး ချစ်စရာ ကောင်းတယ်။

'မှန်လှပါ ဘုရား'

အနို့ နေပါဦး၊ မိမိခါးက ထဘီပါးပါးကလေး လဲလိုက်ပါဦး၊ ပုသိမ် သားတွေကို လူကဲ့ရဲ့နေပါဦးမယ်။

ဝိဟာရဒေဝီ။ ။ ဟုတ်ပါရဲ့ မညိုဘုရယ်၊ ဟိုအထုပ် ဖြေလိုက်စမ်း ပါဦး၊ ပုသိမ်သူနှင့် တူအောင်ဟာ တဘီထူထူဝတ်မယ်။ ပေး ... ပေး ရော့ ဒါ ခေါက်ထည့်ခဲ့၊ ကိုင်း သွားကြစို့၊ စိတ်လေးလိုက်ပါဘိတော့တယ်။ သြော် အနောက်ချောင်းကိုဖြင့် ရောက်ကောင်းမှ ရောက်တော့မယ်။

ဗညားအိန်။ ။ မိမိနှယ် ဘယ့်နှယ် နိမိတ်မရှိ နမာမရှိတဲ့ စကားတွေ ပြောရပါလိမ့်မတုံး။ ယခု ကျုပ်တို့ ပဲခူးသွားတာက တိုင်းရေးပြည်ရေးနှင့် ပတ် သက်လို့ စစ်မက်တိုက်ခိုက်ဖို့ သွားတာမှ မဟုတ်ဘဲကလား။ မိမိတို့ မယ်တော် ကြီး ဘုရား မမာတော်မူတာကို ကြည့်ရင်းရှုရင်း မေးရင်းမြန်းရင်း သွားကြတာ ဘာကိစ္စ ရှိနိုင်ပါ့မတုံး။ ကိုင်း လာကြ လာကြ၊ မြစ်ဆိပ်ကို ဆင်းမယ်။

အင်း ရောက်လာကြပေါ့။ မြို့စား၊ ရွာစား၊ သူကြီးများ အစုံအညီ ရောက် နေကြပါပကော။ ကတ္တူလှွန်းကြင်၊ လှေယဉ်လှေလောင်း၊ လှော်ကား၊ အတော် များသားကလား။ ကိုင်း လာဗျာ့ တက်တက်၊ အင်း လောင်းတော်ပေါ်ဖြင့် ရောက်ကြပေါ့။ ဟိုကျတော့ ကျုပ်လူများ ကောင်းကောင်း သတိထားကြ။ ပဲခူး မြို့ ဆိုတာ သူခိုးတို့ဘာတို့ တယ်ပေါတယ်။ ရာဇဌာနီ မင်းနေပြည် ဆိုတော့ အရပ်ရပ်က လူညွန့်တွေပေါင်းပြီး လူကောင်းကလည်း တစ်မျိုး၊ လူဆိုးကလည်း တစ်ဖုံ အစုံရှိတာပဲ။ ကိုင်း ပျော်ပျော်ပါးပါး သွားကြစို့။ မင်္ဂလာသီရိန်၊ ဖြိုးဖြိုး ငယ်ထိန်၊ ပုသိမ်ပုသိမ်မိပတိ၊ မပျက်အခြေ၊ လက်လက်ကယ်ဝေ၊ ကျက်သရေ ရှိခဲ့၊ ဘုမ္မိသာခေါင်၊ မရှုံ့စဖူး၊ အညွန့်ရူးလို့မို့၊ ကွန့်မြူးဇွာ ပြောင်တာမို့၊ တောင်မြေဒီပ၊ တစ်ဂိုဏ်းအခြေ၊ သမိုင်းဝေဖို့၊ တစ်တိုင်းပြည်ကွန်းဘုံ၊ ရှုမ် သူပုန်ထနိုင်တဲ့၊ အောင်ဇေယမှန်အခါမှာ၊ ဟံသာခေါ် ပဲခူးလှမ်းမှာပြောင်း၊ ကြိုးပမ်းကာ အခြေစောင်းကြစေနှင့်၊ မညိုးလန်းစရာ အရှည်ကောင်းဖို့လို၊ သတိုးနန်းလျာ အမွေတောင်းရအောင်ဟာ၊ လှေလောင်းနှင့်ပို့ သွားကြမယ်။

www.burmeseclassic.com

www.burmeseclassic.com

## [၉] ဗညားအိန် ဟံသာဝတီ ရောက်ခန်း

**ဗညားအိန်ကို သုတ်သင်ရန် တိုင်ပင်တြခြင်း**

ဟံသာဝတီ ရွှေနန်းသခင် ဘုရင်မ ရှင်စောပုသည် သားတော် အိမ်ရှေ့မင်း ဓမ္မစေတီမှ စ၍ သိရိမနု၊ ပိုက်ထရာဇာ၊ ဗညားကျန်း၊ ဗညားလော၊ ဗရ၊ ပိုက်ထသူရ၊ အဲကံကောင်း၊ နန္ဒသင်ရံ၊ မနုကပိုက်၊ အဏ္ဏရပ်၊ လိုက်ကံကောင်း၊ ဇိပ်လကွမ်း၊ ပိုက်သင်ရံ စသော မှူးတော်မတ်တော်တို့ စုဝေးရာ ညီလာခံသဘင်တွင် မိန့်ဆိုတော်မူသည်မှာ 'သားတော်နန်းလျာ မဟာဥပရာဇ်မှ စ၍ ပြည်ကြီးလက်ရုံး ပြည်ကြီးပခုံး ပြည်ကြီးမျက်လုံး ဖြစ်ကြသော အချင်းမှူးမတ် သေနာပတိတို့ ... သိကြပလား၊ သမက်တော် ဗညားအိန်နှင့် သမီးတော် ဝိဟာရဒေဝီတို့သည် ပုသိမ်က လာကြပြီလို့ ကြားတော်မူရသည်မှာ ၇ ရက်တိတိ ရှိပြီ။ ယခုတိုင်အောင် ဟံသာဝတီသို့ မရောက်မပေါက်၊ ဘောက်မယ့်ကြောင့် ဒါလောက်ကြာပါလိမ့်မတုံးလို့ အညာသား ငလုံးကို အကောင်းဆုံးသော လောင်းလှေနှင့် အကြောင်းအခြေတို့ကို မောင်မင်း စုံစမ်းရမည်လို့ စေလွှတ်တော်မူလိုက်ရာ သမက်တော် ဗညားအိန် ပုသိမ်က ထွက်ခဲ့ရာ ယခုတိုင် မရောက်သည်မှာ ရောက်ရာ မြို့ကျေးရွာများက လူသူများကို ဘုရားမှာ သစ္စာရေတိုက်ပြီး မိုက်ဖော် မိုက်ဖက် ညှိနေလို့ ပြည်တော်သို့ ရောက်လာ ကြန့်ကြာဖင့်နွဲ့ ရှိနေပါကြောင်းနှင့် လှေတမန် ငလုံးက လျှောက်လို့ ကြားသိတော်မူရတယ်။ ဒင်းငါ့ကို ဂုဏ်ခံပြီး ပုန်ကန်မည်လို့ ဆိုပါကလား အချင်း မှူးတော်မတ်တော်များ' ဟု ရာဇမာန် ရှ၍ ဒေါသနှင့် မေးမြန်းတော်မူလေ၏။

ထိုအခါ သိရိမနု မည်သော အမတ်က 'မှန်လှပါ၊ အရှင့်သမက်တော် ပုသိမ်စား ဗညားအိန်သည် ယောက္ခမ မိဘကို ခွလုပ်မည် မထင်ပါ။ အညာသား ငလုံး၏ စကားသည်လည်း ကဲလွန်းပိုမို၍ မလိုလျှင် မလိုသည့်အလျောက် ရောက်တတ်ရာရာ လျှောက်ထားတာနှင့် တူပါသည်။ အဘယ်ကြောင့်ဆိုသော်





သမက်တော် ဗညားအိန်သည် ပုသိမ်ရောက်မှ ဆရာတော် သံဃာတော်တို့အား ဟောပြောပြသ ဆုံးမတော်မူသဖြင့် ပဲခူးမှာတုန်းကကဲ့သို့ စိတ်ကြမ်းလက်ကြမ်း ဟောဒ့ရမ်းသောဒ့သွမ်းခြင်း မရှိမူ၍ ပြကတေ့ စိတ်ကောင်း သဘောကောင်း သူတော်ကောင်းတို့နှလုံး အားထုတ်စွဲသုံး ဥပုသ်သီတင်းနှင့် နေကြောင်းများနှင့် ...' စသည်ဖြင့် စကားရှည်ရှည် လျှောက်ထားမည်ရှိရာ အိမ်ရှေ့မင်း ဓမ္မစေတီက မနှစ်သက်သော အမူအရာဖြင့် သိရိမနု အမတ်ကို မျက်စောင်းချိတ်၍ တစ်ဆိတ်ကြည့်လိုက်ရာ "ဗောင်းတော်ညိတ် စိတ်တော်သိရမည်" ဟူသော စကားအတိုင်း သိရိမနု အမတ်လည်း အဆုံးသတ် မလျှောက်ဝံ့ဘဲ ရှိနေလေ၏။

ထိုနောက် ရှင်စောပုက မိန့်တော်မူပြန်သည်မှာ 'သားတော် အိမ်ရှေ့မင်းမှ စ၍ မှူးကြီးမတ်ရာ သေနာပတိတို့၊ တောထဲက ဆေးသည် သေဘေးကို တားလျက်၊ ကိုယ်ထဲက သွေးဖြစ်လာသော သားသမက်သည် တရားပျက်ကွက် ရက်စက်ကြမ်းကြုတ်သောအား ငါ့အား ယခု ပုန်ကန်ပုန်စားပြုသဖြင့် အမှုနှင့်တူအောင် သားတော်မောင် ဓမ္မစေတီက ကြံစည် ကွပ်မျက်ရမည်' ဟု မိန့်တော်မူ၏။

**ပဲခူးရာဇဝင် ပြ၍ ဗညားကျန်း တင်လျှောက်ခြင်း**

ဗညားကျန်း အမည်ရှိသော အမတ်က လျှောက်ထားသည်မှာ 'ကျွန်တော်မျိုးတို့ ဟံသာဝတီပြည်ကြီး၏ အတိတ်ရာဇဝင် ပုံပြင်သမိုင်းတို့၏အလို အဆိုအမိန့်အရ ရှေးအထက်ကျော်ကာလ ဤနေရာ ဤဌာနသည်ကား ပင်လယ်တိမ် ဖြစ်လျက် ဘုရားသခင်၏ ဗျာဒိတ်တော်အတိုင်း သေးငယ်လှသော ကျွန်းကလေး ပေါ်လာရာ ဟင်္သာ ၂ ကောင်တောင်မှ မနားလောက်သဖြင့် တစ်ကောင်ပေါ် တစ်ကောင် ဆင့်၍ နားကြရပါသည်။ ကျွန်းကလေးသည် တဖြည်းဖြည်း ကြီးကျယ်လာရာ ကုလားပြည်က သင်္ဘောသားများ ရောက်လာ၍ ဆန်ရေ ရိက္ခာ ရှာဖွေခြင်းငှာ ဟံသာဝတီကျွန်းပေါ်သို့ တက်ကြရာ တစ်စုံတစ်ရာ အိမ်ရာ ခြေရာ၊ နေထိုင်သူ လူများကို မတွေ့ရသဖြင့် "ပထမ ငါတို့ တွေ့ရသော ငါတို့ကျွန်း ဖြစ်သည်" ဟူသော အထိမ်းအမှတ်ဖြင့် လင်ပန်း ၉ ချပ် မြှုပ်ထားခဲ့ပါကြောင်း။ ၎င်းနောက် ဤကျွန်းသို့ မွန်များ ရောက်လာပြန်ရာ မိမိတို့တိုင်းပြည်နှင့် နီးသည်အားလျော်စွာ မိမိတို့က ရှေးဦးစွာ တွေ့မြင်သော လက္ခဏာဖြင့် ကုလားများ မြှုပ်ထားခဲ့သော လင်ပန်း ၉ ချပ်အောက်က သံကောက် ၉ စင်းကို မြှုပ်ထားပြန်ပါကြောင်း။ ထိုနောက် အညာသား မြန်မာများ ရောက်လာပြန်၍ မွန်များ၏ သံကောက် ၉ စင်းအောက်က ကျောက်ပဲနောက် ၉ တင်းကို နှံထားပြန်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



'ထိုနောက် ဟံသာဝတီကျွန်းအတွက် ကုလား၊ မွန်၊ မြန်မာ၊ ၃ ဘာသာလူမျိုးတို့ သူ့ကျွန်း ဖြစ်သည်၊ ငါ့ကျွန်း ဖြစ်သည်ဟု ငြင်းခုံကြ၍ တရားတပေါင်ဖြစ်ကြရာ သိကြားမင်းက သူအိုပုဏ္ဏား ယောင်ဆောင်၍ ကျွန်တော်မျိုးတို့၏ မွန်များဘက်ကို လိုက်စား၍ တရားအနိုင်ပေးသဖြင့် သမလ၊ ဝိမလမင်းတို့ နန်းခင်းရိုက်ရာ ဟံသာဝတီပြည်ကြီးကို ဖန်တီးစိုးစံသည်ဟု ရာဇဝင်များက ဆိုသောကြောင့် ကျွန်တော်တို့ မွန်များကို ကုလားလူမျိုး၊ မြန်မာလူမျိုးတို့ထက် သိကြားမင်းကိုက ချစ်ကြောင်းခင်ကြောင်း ကောင်းကောင်းကြီး သိရပါသည်။

'ထိုကဲ့သို့ သိကြားမင်း ချစ်ခင်သော မွန်လူမျိုးတို့၏ မင်းစိုးရာဇာဖြစ်တော်မူသော သမလမင်းတရား နတ်ရွာလားတော်မူပြီးသော် ညီတော် ဝိမလမင်း နန်းခင်းရိပ်ဖြူ စိုးတော်မူသောကာလ မရီးတော်ကိုပင် တောင်ညာထား၍ စံစားတော်မူရာ မိဖုရားမှာ သားတော် အသားကုမ္မာ၊ သမီးတော် မိတလိုတို့ ရှိရာ သားတော် အသားကုမ္မာကို သတ်ပစ်မည်စိုး၍ ဟံသာဝတီမြို့ မြောက်ဘက် ကျေးလက်ရွာငယ်တစ်ရွာ၌ ကျွဲဆရာကြီးတစ်ဦးထံ အပ်နှံ၍ ကျွဲကျောင်းခိုင်းထားရသတဲ့။

'အဲဒီ ဝိမလမင်း လက်ထက်တော်တွင် တစ်ပြည်ရပ်ခြား တိုင်းတစ်ပါးမှ ကုလား ဆိုတဲ့ လူမျိုးက ရာဇဌာနီ ဖြစ်သော ဟံသာဝတီပြည်ကြီး၌ ရှိးလှသော မွန်လူမျိုးများသည် မပါးမနပ်သဖြင့် ကုလားက နပ်ဖို့ကောင်းကြောင်း၊ ပိုက်ဆံကြေးငွေ ရှာဖွေလို့ ရလွယ်ကြောင်း၊ စီးပွားလမ်းဖြောင့်ကြောင်း သိရ၍ တိုက်လို့ ရလျှင်လည်း ယူမည်။ တိုက်လို့ မရလျှင်လည်း ခနသိဒ္ဓိလမ်း ဖောက်မည်ဟု အရပ် (၇) တောင်မြင့်၍ ရဲရင့်သန်စွမ်းသော ကုလားကြီး တစ်ကောင်က ဦးစီးခေါင်းဆောင်ပြု၍ ရဲမက်ဗိုလ်ပါအများနှင့် သင်္ဘော (၇) စင်း ရောက်လာရာ တိုင်းသူပြည်သားတို့ ထိတ်လန့်ကြောက်ရွံ့၍ မကြံတတ် မစည်တတ် အကျပ်ဖြစ်နေသကာလ၊ ဝိမလမင်းက "ချစ်လှစွာသော မိဖုရားကြီးများ၊ တစ်ခါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး" လို့ တိုင်ပင်သတဲ့။

'သည်သကာလတော့ မိဖုရားက သူ့သားတော် အသားကုမ္မာသည် သတ္တိကောင်းကြောင်း၊ ခွန်အားဗလ ကြီးကြောင်း၊ တောကျွဲ၏ ချိုပေါ်ကတောင် စီးဝံ့ကြောင်း၊ မြို့ထဲ ရွာထဲကို မလာဘဲ တောမှာသာ ကျွဲများနှင့်နေကြောင်း၊ သူတစ်ပါးခေါ်လျှင် မရ၊ သူ့နှမတော် မိတလိုကို လွှတ်ခေါ်ပြီးလျှင်ဖြင့် လိုက်လာလိမ့်မည်လို့ လျှောက်ထားသတဲ့။ အဲဒီတော့ ရှင်ဘုရင်က အားရဝမ်းမြောက်စွာနှင့် သမီးတော် မိတလိုကို အခြွေအရံများနှင့် တောထဲသို့ လွှတ်လိုက်သတဲ့။

'တောစပ်နားကျတော့ နှမတော် မိတလိုက "အို မောင်ကြီးရေ" လို့





ဟစ်ပြီးခေါ်လိုက်ရာ အသားကုမ္မာက နှမ၏ အသံကိုကြားတော့ တောထဲက ပြေးပြီးထွက်လာလို့ မောင်နှမ ၂ ယောက် တွေ့ကြရာ နှမက အကျိုးအကြောင်း ပြောပြတော့ မောင်က လိုက်လာရောတဲ့။ နန်းတော်ရောက်တော့ ဘထွေးတော် ရှင်ဘုရင်က "ငါ့တူတော် တယ်လည်း ထွားကျိုင်းပါကလား၊ ငါ့တူတော်သည် အရပ် ၇ တောင်မြင့်တဲ့ ကုလားနှင့် နင်လား ငါလား ယှဉ်ပြိုင်ပြီးလျှင် နိုင်အောင် သတ်နိုင်ပမလား" ဟု မေးမြန်းတော်မူရာ အသားကုမ္မာက "ဘုရားတူတော်သည် ဤမျှလောက်သော ကုလားကို ဘာလောက်ကမှ မကြောက်ပါ။ တစ်ယောက်ချင်းသာ ချိန်းလိုက်ပါတော့" လို့ လျှောက်သတဲ့။

'သည်သကာလ ဝိမလမင်းက "ငါ့တူတော်မောင် သည်တစ်ပွဲမှာ ကြံမှပဲ၊ နိုင်အောင် ကြိုးစားစမ်းပါ။ ငါ့တူတော်က မနိုင်ရင်ဖြင့် နန်းတိုင်ကိုဖက်ပြီး အသက်ခန္ဓာ ရွှေလိပ်ပြာ ဓိဝိန်သည် တာဝတိံသာကို ရောက်ရုံ ရှိတော့တာပဲ၊ မောင့်မယ်တော်နှင့် ဘထွေးတော်မှာဖြင့် မောင်မှတစ်ပါး ကိုးစားရာ မရှိပြီ၊ သည်တစ်ပွဲမှာ အစွမ်းကုန် ကြံလိုက် နွှဲလိုက်စမ်းပါ" ဟု မိန့်တော်မူပြီးနောက် "တစ်ယောက်ချင်း တိုက်စိမ့်မည်၊ မင်းတို့ ကုလားများက ရှုံးလျှင် သင်္ဘော ၇ စင်းကို သိမ်းယူမည်။ ငါတို့က ရှုံးလျှင် မင်းတို့ အလိုရှိရာ ပေးမည်" ဆို၍ ကုလားများထံသို့ စေလွှတ်တော်မူလိုက်သတဲ့။ သည်တော့ ကုလားများကလည်း အပွဲပွဲမှာ နွှဲနေကျ ဖြစ်သည့်အတိုင်း "ကောင်းပြီ၊ တို့က အရပ်ဝေးက ဖြစ်သည်၊ မည်သည့်နေရာဒေသတွင် မည်သည့်နေရက်ကို သတ်မည်ကိုသာ ပြောတော့၊ အကူအညီ မရှိကြစမ်း" ဟု ဆိုလိုက်ကရောတဲ့။

'ချိန်းတဲ့နေ့ရက် ရောက်တော့ ၇ တောင် ကုလားက လုံးရှက် ၁၀ သစ်၊ အလျား ၁၁ တောင်ရှိတဲ့ လုံကြီးကို ကစားပြီးလာရောတဲ့။ အဲသည်ကဲ့သို့ နှစ်ဦးနှစ်ဖက် လုံကစားပြီး လာကြရာ တစ်ယောက်နှင့်တစ်ယောက် နီးကပ်ကြသောကာလ အသားကုမ္မာက "ဟေ့ ဆရာကြီး၊ မင်းနဲ့ငါသာ ထိုးရမည်ကို မင်းနောက်က ကုလားများ များများ ခေါ်လာတယ်နော်၊ မကောင်းဘူးရှိတယ်နော်" ဟု ဥပါယ်တံမျဉ်နှင့် လိမ်လည်၍ ပြောလိုက်ရာ၊ ကုလားကြီးက အဟုတ်မှတ်၍ နောက်ကိုလှည့်ပြီး ကြည့်လိုက်ရာ အသားကုမ္မာက ကုလားကြီး၏ လည်ပင်းကို လုံနှင့် ထိုးဖြတ်ယူခဲ့ပြီး ဘထွေးတော် ရှင်ဘုရင်ကို ဆက်သသတဲ့။ ပါသမျှ ကုလားများကို သုံ့ပန်းဖမ်းပြီး သင်္ဘော ၇ စင်းကို သိမ်းယူကြရောတဲ့။

'အဲသည်ကစ၍ သိကြားမင်းကိုက မေတ္တာရှိလို့ တည်ထောင်ပေးခဲ့တဲ့ ဟံသာဝတီ ရွှေပြည်ကြီးသည် ဟံသာဝတီ အမည်ပျောက်၍ ဥပါယ်တံမျဉ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လိမ်လည်၍ရသောကြောင့် "ဥပါယ်ခိုး" ဟု တွင်ပြန်ကာ ကာလကြာသဖြင့် ယခုအခါ "ပဲကူး-ပဲခူး" ဟူ၍ ခေါ်တွင်ပါသည်။

'ဤမှတစ်ပါးလည်း ရှေးဖျားမဆွ ကျွန်းပေါ်စက ကုလားများက မွန်တို့ နယ်ပယ် အရပ်မှာ လင်ပန်း ၉ ချပ်နှင့် အညွန့်တင်ရာ၊ မွန်များက ကုလားတို့ အညွန့်ကိုရူးပြီး အဖူးအညှောက် သံကောက် ၉ စင်း စိုက်လျက် တစ်ပတ်ရိုက်ထားရာ၊ မြန်မာတို့က ၉ စင်းသော သံကောက်ကို အောက်က ကျောက်ပဲနောက်နံ့စွဲပြီး စံပဲဉာဏ်တလွန်းတင်၍ ၃ လွန်းတင် မကွဲတစ်မျိုးကြောင့်လည်း "ပဲခူး" ဟု တွင်ကြသဖြင့် သခင်မ လက်ထက်၌ ရက်စက်သော ဥပါယ်ဉာဏ် ကြံစည်ရန် မသင့်ကြောင်းကို မှူးမတ်ပေါင်း ပညာရှိက သတိပေးစကား လျှောက်ထားသံတော်ဦးတင်ရပါတော့သည် နန်းလုံးဒေဝီ ကေရီထိပ်စု သခင်မကြီး ဘုရား' လျှောက်ထားလေ၏။

**မယ်တော်မှာ အပြစ်မရှိကြောင်း ထုံးဟောင်းပြခြင်း**

ထိုအခါ မဓမ္မစေတီ မည်သော ဘုန်းကြီးလူထွက် အိမ်ရှေ့မင်းက 'အချင်း မှူးတော်မတ်တော်တို့၊ မယ်တော် ရွှေနန်းရှင်က ပုသိမ်စားထံ ရာဇသံ ပေးပို့တော်မူရာ၌ "အကာကိုပစ်၍ အနှစ်ကိုသာ ငါထားမည်" ဆိုတဲ့ စကား အမိန့် အားဖြင့် ပုသိမ်စား လာရာ၌ မယ်တော်မှာ မှုသားဖြစ်နိုင်မည်လော၊ ဥပါယ်တံမျဉ်ဖြစ်နိုင်မည်လော။ မဖြစ်နိုင်ချေ။

'အဘယ့်ကြောင့်ပါနည်းဟူမူ ငါတို့ မြတ်စွာဘုရားသည် များစွာသော ဘဝတို့ဖြင့် သံသရာ၌ ကျင်လည်တော်မူကြောင်း ရှေးဟောင်းအတ္တုပ္ပတ္တိ ဖြစ်သော ၅၅၀ နိပါတ်လာ ဝေသာဒိဇာတ်တွင် အလောင်းတော် ဆင်မင်းသည် နောက်လိုက်နောက်ပါ များစွာသော အခြွေအရံ ဆင်တို့နှင့် သစ်အယ်ပင်တောသို့ လာ၍ သစ်အယ်သီးများကို မပြတ် မပြတ် လာရောက် စားသောက်လေရာ၊ တစ်နေ့သောအခါ မုဆိုးတစ်ယောက် မြင်၍ ဆင်များ သတ်ဖြတ်လိုသဖြင့် လေးမြား အစုံအလင်နှင့် သစ်အယ်ပင်ပေါ်က စောင့်ရှောက် ချောင်းမြောင်းနေရော့တဲ့။ အလောင်းတော် ဆင်မင်းကလည်း လာမြဲအတိုင်း ခြွေရံသင်းပင်းတို့နှင့် သစ်အယ်တောသို့ လာတော့၊ ခါတိုင်းကဲ့သို့ သစ်အယ်ပင်ပေါ်က ကျေးငှက်တို့ မြည်တွန် ကြွေးကြော်သံများကို မကြားရလေတော့ နေ့တိုင်းနှင့်မတူ တစ်မူကွဲပြားသည်။ ဧကန္တ သစ်ပင်ပေါ်မှာဖြင့် ရန်သူ တစ်စုံတစ်ယောက် ရောက်နေပြီ တွေးတောပြီးကာ နောက်ပါများကို မောင်မင်းတို့





မလိုက်ကြနှင့်ဦး၊ ငါ စူးစမ်းဦးမည်ဟု ပြောပြီးလျှင် သစ်ပင်ကြီးအောက်သို့ ဝင်၍ "အရှင် သစ်အယ်ပင်စောင့်နတ်မင်း၊ ခါတိုင်း ကျွန်ုပ်တို့ ရောက်လာလျှင် အရှင်နတ်မင်းသည် သစ်အယ်သီးများကို အများအပြား ဆွတ်ခြွေ၍ ချလိုက်မြဲဖြစ်ပါသည်။ ယနေ့ မချလိုက်လျှင်ဖြင့် ကျွန်ုပ်တို့ ပြန်ပါတော့မည်" ဟု ပြောရော့တဲ့။

'အဲသည်သကာလတော့ မုဆိုးက အထက်ကျော်ကာလ ဤသစ်ပင်စောင့် ရုက္ခစိုးနတ်သည် ဆင်များ ရောက်လာလျှင် သစ်အယ်သီးများကို ဆွတ်ခြွေပြီး ချနေကျပဲဟု ထင်၍ ဆင်အုပ်ကြီးတစ်အုပ်လုံး သစ်အယ်ပင်အောက်သို့ ဝင်စေလိုသော အာသာနှင့် သစ်အယ်သီးများကို ဆွတ်ခူး၍ တဖုတ်ဖုတ် ပစ်ချရောတဲ့။ ပစ်ချသော သစ်အယ်သီးများကို ကောက်ယူပြီးလျှင် ဆင်မင်းလည်း အခြွေအရံများ ရှိရာသို့ ပြန်လာခဲ့ပြီး အခြွေအရံများကို "ယနေ့ သစ်အယ်ပင်ပေါ်မှာ ရန်သူရှိတယ်၊ ဟန်မကျဘူး" ဆိုပြီး ပြန်ကြရော့တဲ့။

'အဲသည်အကြောင်းတွင် အလောင်းတော်ဆင်မင်း ဆိုတဲ့ စကားသည် မှုသား ဖြစ်နိုင်ပါသလောတဲ့။ ဘာကြောင့်တုံးဆိုတော့ ပညာရှိ သူတော်ကောင်းတို့ရဲ့ လမ်းကြောင်းတမျည်း နိဿရည်း ဖြစ်သောကြောင့်ရယ်လို့ မှတ်ရပါမည်။ အဲသည်ကဲ့သို့သော "ဥပဒေ နိဿရည်း" ကြောင့် သိပ်ပြီး နေရာကျတာပါပဲတဲ့။ ထိုမှတစ်ပါးလည်း မယ်တော်ဘုရားမှာ ပုန်စားပုန်ကန်ပြုမယ့် ပုသိမ်စားကို လှည့်ဖြားခေါ်ဆောင်ရာ၌ မယ်တော်မှာ ဘုရားလောင်း ဆင်မင်းနှင့် တူလို့မို့ ပုသိမ်စားမှာ မုဆိုးတည်းဟူသော ရန်သူနှင့် တူသောကြောင့် မြူလောက်မျှ အပြစ်မခ ဟူ၍ စနစ်ကျကျ တစ်တစ်ခွခွ မှတ်ယူကြလေကုန်။

'ပန၊ တစ်ဖုံ တစ်ချက် ဆက်၍ကွန့်မြူး ဆိုလိုက်ဦးအံ့။ မယ်တော်ဘုရားက ပုသိမ်စား ဗညားအိန်သည် ငါ့အား ပုန်ကန်မည်ပြုသဖြင့် အမှုနှင့်တူအောင် သားတော် မဓမ္မစေတီက ကြံစည်ကွပ်မျက်လိုက်ရမည်ဟု မိန့်တော်မြွတ် မှတ်တော်မူရာ၌လည်း "ပါနော ပါဏသိညိတာ ဝဓကစိတ္တံ" တဲ့။ အနက်ပြန်လိုက်တော့ "ပါဏော၊ သတ္တဝါလည်း ဖြစ်စေတဲ့။ ပါဏသညိတာ၊ သတ္တဝါဟူသော အမှတ်လည်း ရှိစေတဲ့။ ဝဓကစိတ္တံ၊ သတ်လိုသောစိတ်လည်း ရှိစေတဲ့"။ အဲ သို့ကလို တစ်မျိုး ပြသော်လည်း အစိုးရဆိုတာ အပြစ်အလျောက် စစ်လျှောက်ဆုံးဖြတ် သတ်တန်လျှင် သတ်ရတော့သည်။ "ကြောင်တစ်ကောင်အတွက် ကြွက်တစ်မြို့" တဲ့ မင်းကြီးများ' ဟု ပြောလိုက်ရာ မှူးတော် မတ်တော်တို့က 'မှန်လှပါ၊ ဘုရားရွှေဘုန်းတော်ကြောင့် မဝံ့ပါဘုရား' ဟု ပြားပြားဝပ်၍ လျှောက်ထားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အကြိုတော်များ စေလွှတ်ခြင်း

ထိုသို့ ညီလာခံသဘင်တွင် ပြောဆိုနေကြတုန်းမှာပင် ဖြုန်းခနဲ ရောက်လာ၍ မထိတ်သာ မလန့်သာ ပျာပျာသလဲ လျှောက်ထားသည်မှာ 'မှန်လှပါ၊ ထိပ်ခေါင်တင် သခင်မကြီး ဗျာဒိတ်တော်အတိုင်း ဘုရားကျွန်တော်မျိုး လေးသည် မြစ်ချောင်းကမ်းထိပ်တွင် အလွန်ပင် မြင့်လှစွာသော သစ်ပင်ကြီးတစ်ပင်ပေါ် တက်၍ ရေကြောင်းတစ်လျှောက် ကြည့်ရှုရာ မျက်စိတစ်ဆုံးလောက်မှာ များစွာသော ကတ္တူ၊ လွန်းကြင်၊ လှေယဉ်၊ လှေပျံ၊ သမ္ဗန်၊ တုံကင်း၊ အီကင်းလှေလှော်၊ စင်ရော်၊ လောင်းလှေ အထွေထွေသော ကရဝိက်ဖောင်တော်ကြီးတို့၌ တညီးညီး တလျှပ်လျှပ် ကြာယပ်ပုစ္စန်ဆီထီး၊ အနည်းနည်းသော သိုင်းကျိုင်း အလံဖြူများကို တင်ထူဖြန့်လွှားလျက် ကြီးမား ကြောက်မယ်ဖွယ်ရာသော ရေဟပ်ကြီးကို ဒိဋ္ဌကေန် အမှန်မြင်ခဲ့ရပါသည်။ ရန်သူတော် နီးလှသဖြင့် နန်းတော်ကြီး မျှော်တော်စင် အထက်လောက်က တက်ရောက်၍ ရှုကြည့်တော်မူပါဘုရား' ဟု လျှောက်ထားလျှင် ပရိသတ်အလုံး ရှန်းရင်းဆန်ခတ် ဖြစ်ပြီးလျှင် ပိုက်သင်ရဲ အမတ်၊ သီရိမနအမတ်၊ ဗညားလောအမတ်တို့ နန်းမြင့် ပြာသာဒ်ပေါ်သို့ တက်ရောက်ကြည့်ရှုကြလေရာ လေး လျှောက်ချက်အတိုင်း မမြင်ရသဖြင့် နန်းမြင့်မှ ဆင်းခဲ့ကြ၍ ခွေးမသား လျှောက်ထားတိုင်း မဟုတ်ပါ။ လေးငါးခြောက်စင်းမျှလောက်သာ လှေယဉ်လှော်ကားဖြင့် ရေပြင်၌ လှော်ကစားနေသည်ကိုသာ မြင်ရပါကြောင်းနှင့် ရှင်စောပုအား လျှောက်ထားလေ၏။

ရှင်စောပုလည်း 'ဒင်းတို့ ဆိပ်တော်သို့ မဝင်ဘဲ ရေပြင်မှာ ကစားနေကြသလား။ သိုင်း ကျိုင်း အလံဖြူများ ပါတဲ့ အလိုထောက်လျှင် ပုသိမ်လောင်းလှေများနှင့်ပဲ တူတယ်။ ကိုင်း သီရိမနအမတ်၊ ဗညားလောအမတ်၊ လိုက်ကဲကောင်း အမတ်၊ ဇိပ်လကွမ်းအမတ်၊ လေးဦးက ကမ်းနဖူး ဆိပ်တော်သို့ အရောက် အကြိုတော် သွားကြရမည်။ အကယ်၍ သမက် ဗညားအိန် ပါလာခဲ့လျှင် ဒင့်မျက်နှာကို ငါ မမြင်လိုဘူး။ ဝိဟာရဒေဝီကိုသာ အလျင်အမြန် ငါ့ထံသို့ ဝင်ရောက် ဖူးမြော်စေရမည်။ ကိုင်း သားတော်မောင် အိမ်ရှေ့ကလည်း မမေ့မလျော့နှင့်' ဟု မိန့်တော်မူလိုက်၍ ညီလာခံ စဲသောအခါ အကြိုတော် အမတ်တို့သည်လည်း မြစ်ကမ်းဆိပ်သို့ သွားကြလေသတည်း။

ပုသိမ်မြို့က လာခဲ့ကြသော ဗညားအိန်၏ လောင်းတော်လှေယဉ်၊ လှေပျံ ကတ္တူ၊ လွန်းကြင် စသော လှေတပ်များသည် အစဉ်အတိုင်း လှော်ခတ်ချီတက်လာကြရာ ဟံသာဝတီ ပဲခူးရွှေမြို့တော်သို့ ရောက်ခါနီးတွင် လှေတော်၊ လောင်းတော်၊ ဖောင်တော် စသည်များ လှော်ခတ်နည်းဟု ဆိုအပ်သော (၁) ဘုရားရှိခိုး





ဟန် (၂) ရွှေလောင်းချီ (၃) ရွှေလောင်းထွက် (၄) ရွှေဖောင်ချီ (၅) တက်ကောက် (၆) တက်မြှောက် (၇) တက်တန်း (၈) တက်စောင့် (၉) တက်ထောင် (၁၀) တက်ရှည် (၁၁) တက်ဝှက် (၁၂) တက်ခတ် (၁၃) တက်လှ (၁၄) အိမ်မိုးခြင်တောင် (၁၅) စင်ရော်သုတ် (၁၆) စင်ရော်ဝဲ (၁၇) ဝမ်းဘဲတောင်ဖြန့် (၁၈) ဝမ်းဘဲကန် (၁၉) လက်မြန် (၂၀) ခေါ်တော်မူ (၂၁) နတ်သမီးပန်းခိုး (၂၂) နတ်သမီးပန်းဆွတ် (၂၃) နတ်သမီးပန်းလှမ်း (၂၄) နတ်သမီးပန်းတောင်း (၂၅) သန်လျက်ထမ်း (၂၆) ဆေးတော်ထိုး (၂၇) ရာဇမတ်ကြီး (၂၈) ရာဇမတ်ငယ် (၂၉) နေရောင်ကာ (၃၀) နေရောင်ပြ (၃၁) တင်းထိမ်ရံ (၃၂) တင်းထိမ်လှစ် (၃၃) သုံးချက်ပေါက်မြန် (၃၄) စံပယ်ငုံ (၃၅) ဆင်စွယ်ဝန်းယှက် (၃၆) ကိန္နရာတောင်ယှက် (၃၇) ရွှေငှက်တောင်ခတ်ဟု ဆိုအပ်သော တက်ရေး (၃၇) ချင်းတို့ဖြင့် မြစ်တွင်း၌ လှော်ခတ်ကစားကြရာ၊ ဆိပ်တော်သို့ ဆိုက်မည် ရှိရာ အောက်ပါ လှေတော်သံများကိုလည်း ကျူးရင့်သီဆိုလျက် ခတ်ကြ လှော်ကြသည်မှာ –

### လှေတော်သံ အမျိုးမျိုး

**ရွှေလောင်း။** ။ ရွှေလောင်းလှေတော်၊ ရေပေါ်ပျံကာဝဲပါလို့၊ နဒီဟံသာထဲမှာလ၊ အောင်ပွဲတော်ရ။ လှေလှေ ရန်ကင်းကိုလေး၊ အို ကွင်းပါကြ။

**ပန်းတနော်။** ။ မိုးသက်ကယ်ဝေ၊ ရွှေလှေ ရွှေလောင်းကိုလား ယှဉ်လေလေ၊ ယှဉ်မစောင်းကြနှင့်၊ သူကောင်းတော်ရ။ အို – ရှင် မြှောက်စားတယ်လေ၊ လှေသွားခေါင်ပဲ။

**ရေကင်း။** ။ ငှက်ရွှေစင်ရော်၊ ရေပေါ်ပျံကာ ဝဲပါလို့၊ ကြင်ဖော် ခင်ဖော် ကွဲရှော့ထင့်၊ မောင်နဲ့တူ၊ ပူလေးပူလိမ့်မယ်။

**မင်းကြီး။** ။ မိုးသက်ကယ်ဆင်၊ သခင်နှင့်ကွာဝေး၊ လွှိုင်းတွေကဖွေး။

**စံရွေး။** ။ မလင်းမှောင်ဝေ၊ လှိုင်းဗွေ ဖောင်ဦးမှာတဲ့၊ စင်ရော် ဟင်္သာ မြူးပါလို့၊ တွန်ကျူးဘာဝ မာဂဓ၊ အို–စုန်ဆင်တယ်လေး၊ လှေသင်းခေါင်ပဲ။

**ညောင်တုန်း။** ။ ရှားဆုတ်ဟဲ့ ရှောင်၊ မရှောင်ရင် ညောင်တုန်းတဲ့၊ သျှောင်ထုံးကို ကိုင်ဆွဲလို့၊ အို လဲ့ကာ ထောင်း။



www.burmeseclassic.com

www.burmeseclassic.com



**အိမ်မဲ**။ ။ ဝတီခွဲမဲ့ အိမ်မဲဖော်၊ ပုသိမ်ထဲမနော် ကွန့်မြူးတောက်လျှမ်း။

**အင်းရဲ**။ ။ အတင်းကြဲမဲ့ အင်းရဲပါ၊ မင်းရဲနရာ တပ်ဖွဲ့မှုထမ်း။

**ကျောင်းကုန်း**။ ။ ရွှေဘုန်းတော်ဖြစ် ကျောင်းကုန်းပါ၊ သောင်းလုံးပထဗျာ လက်ရသုံ့ပန်း။

**သာပေါင်း**။ ။ နန်းစဉ်သုံးတဲ့ လက်ရုံးကျွန်၊ အသက်ဆုံးစွန့်စွန့်ဖို့ ရည်မှန်း။

**ငပုတော**။ ။ ငပုတောက လက်ရွေးစင်ကျွန်၊ တက်ရေးအချွန်ပြောကြပါစို့။

**ဖျာပုံ**။ ။ ဖျာပုံမြို့က တို့ဘုရာ့ကျွန်၊ မျိုးလှတဲ့ခွန် သြဘာမချို့။

**ဒေးဒရဲ**။ ။ ဒေးဒရဲက သွေးရဲဖော်၊ မပြေးဘဲနော် တင်းကြမလား။

**ကျိုက်လတ်**။ ။ ပုသိမ်မင်းရဲ့ လက်ရုံးလူ၊ ရုံးတော် ၂ ဆူ ထားတဲ့ကျိုက်လတ်။

**ပုသိမ်**။ ။ ပုသိမ်တိုင်းက သမိုင်းဖြာ၊ မွန်တိုင်းဟံသာ စိုးမယ့်ဘုရား။ လှေလား လူလား၊ လူလား လှေလား၊ ရေပေါ် လှေကျော်၊ လှေမော် ရေပေါ်၊ ဖော်လား ဝိဇ်လား၊ ဝိဇ်လား ဖော်လား၊ ယောကျ်ားဘသား။ (တက်သုတ်ဆွဲ၍ တစ်ခါတည်း ဆိပ်ကမ်းတော်သို့ ဆိုက်ရောက်လာကြလေ၏။)

**အကြိုတော်များနှင့် တွေ့ဆုံခြင်း**

ညနေချမ်းအချိန် ဗညားအိန်၏ ပုသိမ်လှေများသည် ဆိပ်တော်သို့ ဆိုက်ကပ်သည်နှင့် တစ်ပြိုင်နက်တည်း နန်းတော်ကြီးက အကြိုတော် စေလွှတ်လိုက်သော အမတ်တို့သည် သမီးတော်နှင့် သမက်တော် စီးနင်းပါလာသော လောင်းလှေကြီးပေါ်သို့ တက်ကြပြီးလျှင် အရှင် ၂ ပါးတို့ ကျန်းမာ ချမ်းသာစွာနှင့် ဆိုက်ရောက်တော်မူလာကြတာကို များစွာပဲ ဝမ်းသာအားရရှိကြောင်း၊ အရှင် ၂ ပါးတို့ ကျန်းမာ ချမ်းသာတော်မူရန်ကိုလည်း မယ်တော် ရွှေနန်းရှင်နှင့်မခြား အများသော မှူးတော် မတ်တော် တိုင်းတော် ပြည်တော်သူ ရှင်လူအပေါင်းတို့က ဆုတောင်းမေတ္တာ ပို့သကြပါကြောင်းနှင့် နှုတ်ခွန်းပသာဒ ဆက်ကြ၍ အာလာပသလ္လာပ သုခ ဒုက္ခ စကားများဖြင့် လျှောက်ထားသောအခါ–

ဝိဟာရဒေဝီ။ ။ ကျေးဇူးရှင် မယ်တော်ဘုရား ဘယ့်နှယ်များ ရှိပါသတုံး အဖေတို့။





သီရိမနုအမတ်။ ။ မှန်လှပါ၊ အရှင် ၂ ပါးတို့ ပို့သသော မေတ္တာတော်ကြောင့် တော်တော် ကျန်းမာလာပါပြီ ဘုရား။

ဝိဟာရဒေဝီ။ ။ သြော် ကျွန်မတို့ တစ်ပြည်တစ်မြို့မှာ နေရသော်လည်း အဖေတို့ကို မမေ့ဘူး၊ အထူးပဲ အောက်မေ့မိပါရဲ့။ အနို့ နေပါဦး၊ နေပြည်တော် အရေးအကြောင်းများကကော သာသာယာယာများ ရှိပါရဲ့လား၊ ဟိုအိမ်ရှေ့ဆိုတဲ့ ဘုန်းကြီးလူထွက်ကဖြင့် ရှေးကလို သူ့စနက်ရှိ့နေတာပဲလား။

သီရိမနုအမတ်။ ။ မှန်လှပါ၊ ဟံသာဝတီ ရွှေပြည်တော်ကြီးကို ဘုန်းအိုးနေလ အစိုးရတော်မူသော သာသနဒါ–။ (အိမ်ရှေ့ဝန်နှင့် မြို့ဝန်များသည် နောက်လိုက်နောက်ပါ အဆောင်ကိုင်များနှင့် ရောက်လာပြီး ကမ်းပေါ်မှ အာဏာနှင့် 'ဟဲ့ ပုသိမ်လှေများ .... တက်မများကို ချွတ်ကြ၊ သိုင်းများ ကျိုင်းများချကြ၊ အလံများ လှဲကြ' ဟု ပြောပြီး ကသောကမျော ပြန်သွားကြလေ၏။)

ထိုအခိုက်အခါတွင် ဗညားအိန်သည်လည်း လောင်းလှေ၏ ပဲ့ပိုင်းဆီက ထိုင်၍ ရွှေမော်ဓော ဘုရားကြီးကို ရှိခိုးဝတ်ပြုနေရာမှ အိမ်ရှေ့ဝန်နှင့် မြို့ဝန်များ လာရောက်၍ မောက်မောက်မာမာ အာဏာနှင့် ပြောဆိုသွားသည်ကို ကြားလိုက်သဖြင့် စိတ်ထဲ၌ မချိတင်ကဲ ဝမ်းနည်းခြင်းဖြစ်လျက် ကြင်ဘက်တော် ဝိဟာရဒေဝီကို ခေါ်ပြီးလျှင် အဆင်မလှဘူးထင်တယ်ဟု ပြောရာ ဝိဟာရဒေဝီက မောင်မောင် ဖြောင့်ဖြောင့်သာ ဘုရားကို အာရုံပြုနေပါ၊ ကျွန်မ အကြိုတော်ဝန်များကို တီးခေါက်တောက်ကြည့်ပါဦးမယ်ဟု ပြောခဲ့၍ တစ်ဖန် အကြိုတော်ဝန်များ ရှိရာ လှေဦးသို့ လာခဲ့လေ၏။

ဝိဟာရဒေဝီသည် သီရိမနုအမတ် မျက်နှာညှိုးငယ်နေသည်ကို မြင်ရသဖြင့် မလျှောက်မထားသာသော အကြောင်း တစ်စုံတစ်ရာ ရှိတန်ရာ၏ဟု အောက်မေ့၍ သီရိမနုအမတ်ကို လှေလောင်း ပေါင်းဝန်းထဲသို့ ခေါ်သွားပြီးလျှင် တိုးတိုးသက်သာ ဘယ်အရာ ဘယ်အကြောင်းများကို ဆွေးနွေးပြောဆိုနေကြသည် မသိရ။ တော်တော်ပင် ကြာလေ၏။ ကိစ္စခပ်သိမ်း ပြီးငြိမ်းလျှင် သီရိမနုအမတ်လည်း လှေဦးသို့ ထွက်သွားလေ၏။

ဝိဟာရဒေဝီလည်း ကြင်ရာတော် ဗညားအိန်ရှိရာ လှေလောင်းပဲ့ပိုင်းသို့ ထွက်လာခဲ့ရာ ဗညားအိန်က ဆီး၍ ပြောသည်မှာ–

'မိမိဗျာ၊ မောင်မောင်ဘုရားသည် မဟာမျိုး မဟာနွယ်အစစ်၊ ရှင်ဘုရင်တစ်ယောက်လုံး၏ တူတော်ရင်း သမက် ဖြစ်သည့်ပြင် ပုသိမ်တွင် ဘုရင်ခံတစ်ယောက်ကယ်လို့ ဘုန်းတောက်ခဲ့သူ ဖြစ်ပါလျက် ပဲခူးရောက်မှ မလောက်လေး မလောက်စား ဘုန်းကြီးလူထွက်၏ ကျေးကျွန်များက သြဇာအာဏာ



www.burmeseclassic.com

www.burmeseclassic.com



ပြလာကြသည်ကို စိတ်မကောင်းနိုင်အောင် ဖြစ်ရသည့်ပြင် ရွှေမော်ဓောဘုရားကြီးကို ရှိခိုးဝတ်ပြုစဉ်၊ ယခင် ဘိုးတော် ရာဇာဓိရာဇ် မင်းတရားသည် သားတော် ဗောလောကျန်းထောကို သတ်မည်ရှိရာတွင် ဗောလောကျန်းထောသည် မသေမီ ခင် ရွှေမော်ဓော ဘုရားရှင်တွင် ဆုပန်သွား၍ နောက်ဘဝ၌ မြန်မာဘုရင် အင်းဝ မင်းခေါင်၏ သားတော် မင်းရဲကျော်စွာ ဖြစ်ရကြောင်း၊ ရှေးဟောင်းအတ္တုပ္ပတ္တိ များကို စဉ်းစား၍ မင်းသားမင်းသွေး ဖြစ်ရခြင်းသည် အလျှင်းပင် မကောင်းစွ တကားဟု စိတ်အားငယ်စွာ ဖြစ်ရသည့်ပြင် မိမိတို့ မောင်မောင်တို့ စံတော်မူရာ ပုသိမ်မြို့ကိုလည်း အထူးပဲ လွမ်းဆွတ်ကြည်ကွဲ ဝမ်းပန်းတနည်း ဖြစ်လိုက်ပါ ဘိတော့တယ် မိမိရယ်' ဟု ဆိုလျက်–

**ဗညားအိန် မျက်ရည်ကျပုံ လေးချိုး**

(အမယ်မင်း) ပကိုးကျပြန်တော့၊ စိုးမရ ပုသိမ်စံ။

(ဩဘ်) ဒြပ်ဖြင့် မညှိုးလေဘု၊ မြတ်ဘိုးတော် ဟံသာသနင်း ငယ်က၊ မင်းမျက်တော် ရာဇမာန်နှင့်၊ ဗောလောကျန် သားတော်ရင်း ကိုလ၊ ခင်းမလျော် မိန့်တော်မှတ်တယ်ကွယ်၊ သတ်ဖို့ ထုတ်ပြန်။

ပရမေ ဖ–ရာဇာ မတော်ပေတဲ့ သဘောတွေကြောင့်၊ သေရမှာ မလျော်လေသကောရယ်လို့၊ မော်ဓောရှင် စိန္တေယံမှာ (အို) ဆုပန်ပါလို့ လှူတော်ပေး။

ရောက်လစ်ဖန်ခါ၊ နောက်ဖြစ် သံသရာ၌၊ သမ္မာအရည် သတင်း ကဖြင့် လျှမ်းပေသပေါ့၊ မြန်မာပြည် အင်းဝကြငှန်းတွင်မှ၊ တောင်နန်းရှင် မဟာဒေဝီရဲ့၊ ရတနာကေသီ သားတော်ချစ်ပေပ၊ (ဩဘ်) အတင်း ကြဲကြဲပြီး ကျော်စရာ မော်စရာ၊ မင်းရဲကျော်စွာရယ်လို့ ဖြစ်ရပါသတဲ့ သနစ်စုံဒါ တွေးတွေးမိတဲ့ပြင်၊ မအေးဖွယ် တနယ်ဖြင့် ခြားခဲ့ပေါ့ သိကြားပြည် တာဝတိံသို့၊ ရတနာပုသိမ် စံတော်ကွန်းဆီသို့၊ ရွှေပဟိုရ် နေညိုလို့ ထွန်းပြန်တော့၊ (အမယ်မင်း) လွမ်းစ ပေါ်သေး။

ဝိဟာရဒေဝီ။ ။ အို ဘယ့်နှာကြောင့် မျက်ရည်တော် ကျရတာတုံး မောင်မောင်ရဲ့၊ မောင်မောင်က ဒါဖြစ်တော့ ကျွန်မက ဟစ်ဟစ်ပြီး ငိုလိုက်ချင် တယ်။ ယခုလည်း အကြိုတော်ဝန်တွေက ချက်ချင်းအမြန် နန်းယံသို့ဝင်စေ ဆိုတဲ့ အမိန့်တော် ပါလာတယ်လို့ လျှောက်ကြတယ်။ ကဲ–ဘယ့်နှယ်ရှိစ ကျွန်မ ပုသိမ်မှာတုန်းက မောင် ပဲခူးကို မလိုက်ခဲ့နဲ့၊ ဒီပဲခူးက အစိုးရတွေဟာ သူ့ခိုး ဓားပြထက်တောင် ဆိုးကြသေးတာ။ ပဲခူးရောက်လျှင် မောင် မျက်နှာ





ညှိုးငယ် ရှိလိမ့်မယ်လို့ တဖွဖွ ပြောလျက်သားနဲ့ မယားကောဘို့ လာသားနဲ့ နားမထောင်၊ မောင်အတင့်ရဲလို့ ပူပွဲဖြင့် တွေ့ရတော့မယ်၊ အမယ်လေး မျက်ရည် ငယ် ယို၊ ငိုသာ ငိုချင်တော့တယ် ... ဆိုပြီး–

**ငိုညည်း ရှိုက်ငင်လိုက်ပုံ**

ကြားရဒါ ခက်စွာတမှောင့်ရယ်နှင့်၊ သွားရမှာ သက်လျာ မဖြောင့်စေဘူး၊ (အမယ်လေး) ဘယ့်နှာကြောင့် ငိုရတယ်။

'မောင်မောင်'

'ဘာတုံးဗျာ မိမိ'

'ဒါမျိုးတွေမြင်လို့မို့ မောင်မောင်ကို အစကပြောတယ် မဟုတ်လား၊ ကျွန်မ။ ငါတကော မကောပါနဲ့လို့ ပြောလျက်သားနဲ့ နားမထောင်၊ အမယ်လေး မှားအောင်လို့ လိုက်ခဲ့တာပဲကွယ်။ တစ်ခါဖြင့် ကောင်းကုန်ကြပေါ့၊ ဘယ့်နှယ် လုပ်ကြမတုံး။ အမိန့်တော်ကို ဖီဆန်ပြီး နန်းယံသို့ မသက်ဘဲ ရက်ဆွဲလို့လည်း နေသာဘူး။ "သွားရမှာ လမ်းတာက မဖြောင့်၊ ရွှေနောက်ဆံ တစ်ပင်တင်း တယ်၊ မင်းကြောင့်တစ်မှောင့်" ဆိုတာလို မောင့်ကြောင့် တစ်ခက်ပဲ'

'ဩဘ် ကျုပ်ထိုက်နှင့်ကျုပ်ကံ၊ ဖန်သလိုပဲ ဖြစ်ပါစေတော့။ မိမိ သွား ရော သွားသာသွား၊ မောင်ဘုရာ့တွက်တာ ဘာကိုမျှ မစိုးရိမ်နဲ့။ တစ်သက် တစ်ခါ ကံကိုသာ ယိုးရတော့မှာပဲ'

ဝိဟာရဒေဝီ။ ။ အို ဘယ့်နှယ်စကားမျိုး ပြောရတာလဲ၊ ကတဲမုပဲ ယောက်ျားမဟုတ်လားဟဲ့လို့ စိတ်များတင်းစမ်းပါဦး။ ညှိုးညှိုးငယ်ငယ် မျက်ရည် တလည်လည် လုပ်မနေပါနဲ့။ လူဆိုတာမျိုး မှတ်ထား၊ မရဲသော်လည်း ပြေးခဲ ဆတဲ့၊ ရဲဘော်မသေ သေသော် ငရဲမလားဘူးတဲ့။ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့တဲ့၊ အမှုတို့ ဘာတို့ကြုံလျှင် ရာဇဂုဏ်မောက်ကြွားပြီး ဘာမဖြူ ကြောက်မလားလို့ ယောက်ျားဟဲ့ တင်းမှပ။ ကြည့်ပါလား၊ ရှင်တို့ကျွန်မတို့ ဘိုးတော် ရာဇာဓိရာဇ် မင်းတရားကြီးဟာ ဟောဟို သက်တော်ရှည်အမတ်ကြီး သိရိမနုဖြင့်လျှင် ဘိုး တော်ဘုရားရဲ့ အကြောင်းကို ကောင်းကောင်းသိတယ်။ ဝန်မင်းရဲ့ ခဏလာပါဦး၊ ဆိုင်၊ ထိုင်ပါ၊ ပြောရမယ့် လူချင်းမို့ ပြောရဦးမယ်။ ကျွန်မယောကျာ်းဟာ အသောက်အစားမှာတော့ သန့်ပါရဲ့၊ ရာဇဝင် ပုံပြင်များကိုတော့ စုံစုံလင်လင် မသိဘူး။ ကျွန်မလည်း သူ့ကို ပြောပါရဲ့၊ တခြားလူမျိုးရာဇဝင် မတတ်သော် လည်း ကိုယ့်လူမျိုး ရာဇဝင်ကိုတော့ ဖတ်ပါ၊ ရာဇဝင်တတ်တာ လိမ္မာတယ်၊ ကောင်းတယ်၊ နေရာကျတယ်လို့ ခဏခဏပြောပေမဲ့ အမေ့သာ အဖတ်



www.burmeseclassic.com

www.burmeseclassic.com



ဘင်တာပဲ။ သူက မဖတ်ချင်ဘူး။ ဘိုးတော်တို့များ ဘယ်လောက်များ ရဲစွမ်းသတ္တိရှိတယ်၊ မဟာစိတ် မဟာဉာဏ် ထက်သန်တော်မူတယ် ဆိုတာများ ဟောဒီက ကျွန်မတို့လူကို တစ်ဆိတ်လောက် ပြောပြစမ်းပါရှင်။

**ဘိုးတော် ရာစာမိရာစ်အကြောင်း တင်လျှောက်ခြင်း**

သိရိမနု။ ။ မှန်လှပါ၊ အရှင် ၂ ပါးတို့ရဲ့ ဘိုးတော် ဆိုတဲ့ ဘိုးတော်ကတော့ ထက်ထက်မြက်မြက် ရက်စက်ကြည်ကွဲလောက်တဲ့ ဘိုးတော်ပါပဲ။ မွန်ရာဇဝင်မှာဖြင့် အလွန်တရာပင် မှတ်လောက်သားလောက် အားမြောက်စရာကြီးပေါ့ ဘုရား။ သို့ရာတွင် အချိန်ကလည်း နီးလို့မို့ နန်းကြီးသို့ ဝင်စရာကလည်း ရှိပေသေးတယ်။ ဘိုးတော်ရဲ့ အရေးတော်ပုံမှာ ဆုံးကုန်ဖွယ် မရှိပါသဖြင့် သိရှိသာ လိုသလောက်ကို အတိုကောက် လျှောက်ထားပါမည် ဘုရား။

ဝိဟာရဒေဝီ။ ။ မောင်မောင် နားထောင်နော်၊ ပြောပြလိမ့်မည်။

ဗညားအိန်။ ။ ဟုတ်ကဲ့၊ နားထောင်ရတာပ။

သိရိမနု။ ။ မှန်လှပါ၊ အရှင် ၂ ပါးတို့ရဲ့ ဘေးလောင်းတော် ဟံသာဝတီ မြို့တည်နန်းတည် ဆင်ဖြူရှင် ဗညားဦးရဲ့ မိဖုရား သိရိမာလာတွင် အရှင်တို့၏ ဘိုးတော် ဗသုန်ဗန်စက်ကို ဖွားမြင်တော်မူပြီးလျှင် မကြာခင်ပဲ မယ်တော်နတ်ပြည်လားလေတော့ ဆင်ဖြူရှင်ရဲ့ နှမတော် မဟာဒေဝီထံမှာ အပ်နှံထားပါရောတဲ့ ဘုရား။

ဝိဟာရဒေဝီ။ ။ သြော် ကျွန်မတို့ ဘိုးတော်မှာ မိတဆိုးကလေး ဖြစ်ကျန်ရစ်ရှာရော့ ဆိုပါတော့၊ နားထောင် မောင်မောင်။

သိရိမနု။ ။ မှန်လှပါ၊ မိတဆိုးကလေး ဖြစ်ကျန်ရစ်ခဲ့လို့ ၂ ခါလည်ကျော် ၃ ခါလည် ပြေးတတ်တဲ့ အရွယ်ကျတော့ အရီးတော် မဟာဒေဝီက သူ့အဖေ ဆင်ဖြူရှင်ထံ ချီသွားပြီး "မောင်ကြီးရဲ့သားဟာ ထွားလည်း ထွားတယ်၊ မထွားဘဲ နေမလား၊ အစားကလည်း ကြီးတာကိုး။ ဆိုးလည်း ဆိုးတယ်၊ ဆော့လည်း ဆော့တယ်၊ ချော့မရ မော့မရ။ 'မွေးလဲတငါခဲ၊ တင်လဲရင်ကွဲ' ဆိုတာလိုတာတေလန်အောင် ဆိုးတယ်" လို့ လျှောက်သတဲ့။ သည်တော့ ဆင်ဖြူရှင်က "ဗသုန်ဗန်စက်သည် ငါ့သားတော် ဟုတ်ပါရဲ့၊ သို့ပေမဲ့ ငါနှင့် တစ်ဆိတ်မျှ မတူဘူး။ ဒင်းဟာ ခေါင်းလည်း ကြီးတယ်၊ ဆံပင်ကလည်း တွန့်လိမ်ကောက်ကွေးတယ်၊ ခြေလက်ကလည်း ကြမ်းတမ်းတယ်၊ သလုံးသားလည်း ကြီးမားတယ်၊ ရက်စက်ကြမ်းကြုတ်မယ့် လက္ခဏာရှိတယ်" လို့ ထပ်ထပ်ပြီး ခဏ





ခဏပဲ မိန့်တော်မူပြီး ဟိုမိဖုရား ရာဇဒေဝီက ဖွားမြင်တော်မူတဲ့ သားတော်ဗောခုန်မှိုင်းမှ လှပတယ်၊ ကျက်သရေရှိတယ်လို့ မိန့်တော်မူလိုက်သတဲ့။

ဝိဟာရဒေဝီ။ ။ ဖြစ်မှ ဖြစ်ရလေတယ်၊ မိတဆိုးရယ်လို့ တိုးလို့သာချစ်ရမှာ၊ ဘယ့်နှာကြောင့် ရက်စက်ပါလိမ့်မတုံး ဘေးတော်ဘုရားနှယ်။

သိရိမနု။ ။ မှန်လှပါ၊ ရက်စက်တော့ ကြေကွဲရော့၊ ကြေကွဲတော့ ဝမ်းနည်းရော့၊ ဝမ်းနည်းတော့ လမ်းလွဲပုံတွေကို လျှောက်ပါဦးမည်။ အင်းနောက် တော်တော်ကြာတော့ သားတော် ဗသုန်ဗန်စက်ကို ဗညားနွဲ့ရယ်လို့ ဘွဲ့တော် ပေးသနားပြန်ရော့တဲ့။ အဲဒီ ဗညားနွဲ့မင်းသားသည် အချိန်တန်လို့ အရွယ်ရောက် လူပျိုပေါက်ကလေး ဖြစ်လာတော့ ခမည်းတော်ဘုရားကလည်း အခြားသော သားတော် သမီးတော်များလို လေးလေးမြတ်မြတ် မရှိလို့ စိတ်ညစ်တာကလည်း တစ်ကြောင်း၊ အနို့ပြီး ကလေးစကားပဲ လျှောက်ထားရဦးမယ်၊ လူပျိုပေါက်ဆိုတော့ မိန်းမသနာလည်း လိုချင်သပေါ့လေ။ အဲဒါလို စိတ်ညစ်၊ မိန်းမကလည်း လိုချင်နဲ့ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" ဆိုတာလို သုံးပါးလေးတွေ ဖြစ်ပြီး စိတ်ညစ်တာနဲ့ပဲ ခမည်းတော်ရဲ့ မိဖုရား စန္ဒာဒေဝီတွင် ဖွားမြင်တော်မူတဲ့ မင်းသမီးကို ခိုးယူပြီး ဒဂုန်မြို့ကို ထွက်ပြေးပါရောတဲ့ဘုရား။

ဝိဟာရဒေဝီ။ ။ သြော် လူဆိုတာမျိုး စိတ်ညစ်တော့ သိပ်နှစ်တာတ်တာမျိုးပဲ ထင်ပါရဲ့။

သိရိမနု။ ။ မှန်လှပါ၊ အဲသည် သကာလတော့ ခမည်းတော်ဘုရားသိလို့မို့ လိုက်ဖမ်းစေရာ ဒဂုန်မရောက်ခင် မောညွှတ် ဆိုတဲ့ရွာတွင် မိလို့မို့ ၂ ယောက်စလုံး ဖမ်းလာပြီး မောင်တော် နှမတော် ၂ ပါးကို ခွဲပြီး ကျပ်တည်းစွာ ထားပါရောတဲ့။ တစ်နေ့သ၌တော့ ခမည်းတော် ဆင်ဖြူရှင်မှာ သွေးသား မညီအေးမကျန်း ရှိတော်မူသဖြင့် နှမတော် မဟာဒေဝီကို ခေါ်ပြီးလျှင် "နှမတော်၊ အကယ်လို့ ငါ ကွယ်လွန်ခဲ့လျှင် ဗညားနွဲ့ကို ထီးနန်းမပေးနှင့်။ ဒင်းသည် ရက်စက် ကြမ်းကြုတ်သဖြင့် တိုင်းနေပြည်သူ ရှင်လူရဟန်းတို့အား သနားချစ်မည် မဟုတ်။ ငါ့ကိုတောင် ခွလုပ်သည်။ ဒင့်ကို မင်းမလုပ်စေနှင့်။ ငါ့သားတော် ဗောခုန်မှိုင်းသည် အရောင်အဆင်းလည်း လှသည်၊ ဘုန်းကျက်သရေလည်း ရှိသည်၊ ငါ့စကားကိုလည်း နားထောင်သည်၊ ပြည်သူပြည်သားတို့နှင့်လည်း မပြားထပ်တူ ညီမှုသင့်တင့်မည်" လို့ မိန့်တော်မူသတဲ့ ဘုရား။

ဗညားအိန်။ ။ အင်း–အင်း၊ နားထောင်လို့ပဲ ကောင်းသေးတော့ဘယ်။ ဆွေ့လျှောက်ပြောပါဦး၊ ပြီးတော့ ဘာဖြစ်ပြန်သတဲ့လဲ။

သိရိမနု။ ။ ပြီးတော့ ဘာဖြစ်သလဲဆိုတော့ ခမည်းတော် အမျက်



www.burmeseclassic.com

www.burmeseclassic.com



ပြေလို့ မောင်တော် နှမတော် အတူနေထိုင်ကြရာ မကြာမီပဲ နှမတော် ဒလမည်ဒေါ်မှာ သားတော်ယောကျာ်း ဖွားမြင်တော်မူရောတဲ့။ ဘေးတော်ဘုရားကလည်း မြေးတော်ယောကျာ်း ဖွားမြင်တယ်လို့ ကြားတော်မူသကာလ အားရဝမ်းသာရှိလို့မို့ အမျိုးအရိုးကို လိုက်ပြီးလျှင် ငါ့ခမည်းတော်သည် "ဇညားအဲ" ဘွဲ့တော်ကို ခံသဖြင့် ငါ့မြေးတော်မှာ "ဇောလောကျန်းထော" တွင်စေလို့ ဘွဲ့ချည်တော်မူသတဲ့။ အဲဒီ အတောအတွင်းမှာ အရိုးတော် မဟာဒေဝီနဲ့ သမက်တော် သမိန်ပရှုတို့ကလည်း မတူတယူ ဖြစ်နေကြလို့မို့ ဇညားနွဲ့ကို အင်မတန်ပဲ မျက်မုန်းကျိုးနေကြရာ၊ တစ်ညတော့ ကြင်ရာတော် ဒလမည်ဒေါ်က "မောင်မောင်၊ မောင်မောင့်ရဲ့ အရိုးဟာ အိုကြီးအိုမ လင်ပျိုကို လိုချင်လို့ မောင်မောင်နှင့် ဇောခုန်မှိုင်းကို သတ်ဖို့ရန် ကြံစည်နေတယ်လို့ ကြားရတယ်။ အသွားအလာများကို သတိထားပါ" လို့ ပြောရာ၊ ဇညားနွဲ့လည်း ဒေါသဖြစ်လို့မို့ ဒီသမိန်ပရှုကို ငါ့လက်နှင့် သတ်ရလို၏လို့ မိန့်ခွန်းသတဲ့။

ဝိဟာရဒေဝီ။ ။ ဟုတ်ကဲ့၊ ဒေါသဖြစ်စရာပဲကိုး၊ ဒီတော့ "အတ္တသမ်-ပေမ်နတ္ထိ-ကိုယ်မချို အမိသော်လဲ သားတော်ခဲ" ဆိုတာလို ဟို-ကျွန်မတို့ဘိုးတော်က ကြံရော ဆိုပါတော့၊ မောင်မောင် နားထောင်၊ တယ် မှတ်စရာကောင်းတယ်။

သီရိမန။ ။ အဲဒါနဲ့ပဲ မိုးသောက်တော့ ဇညားနွဲ့က သူ့အထိန်းတော်မိုးအဲလောဆိုတဲ့ အမယ်ကြီးကိုခေါ်၍ ရောက်လာတော့ "အမယ်၊ အမယ့်ရင်ခွင်ထက်၌ ကျွန်ုပ် မအိပ်မစက်ရသည်မှာ အတော်ကြာပြီ၊ အမယ့်ရင်ခွင်တွင် ကျွန်ုပ်အိပ်စက်ချင်တယ်" လို့ ဆိုရောတဲ့။ (ကြည့်ပ၊ သူ့အထိန်းတော် အမယ်ကြီးကိုဘယ်လောက်များ ချစ်တော်မူသလဲဆို သားတစ်ယောက်အဖေ ဖြစ်တောင်ရင်ခွင်မှာ အိပ်စက်ချင်သေးတယ်) ဒါနဲ့ပဲ အထိန်းတော် အမယ်ကြီးကလည်း ခြုံတော်စောင်စုလျားများ ရင်ခွင်ပေါ်မှာခင်းပြီး နို့စို့အရွယ် သားငယ်ကို ချိုပိုက်ယုယ ချော့မော့ပြီး သိပ်သလို သိပ်ပါရောတဲ့။ မင်းသား အိပ်ပျော်သွားလို့အတော်ကြာလျှင်ပဲ အထိန်းတော် အမယ်ကြီးက မင်းသားမျက်နှာကို ကြည့်ကြည့်ရင်းနဲ့ပဲ အကြောင်းကြောင်းကို တွေးမိသဖြင့် ဝမ်းနည်းပက်လက်ဖြစ်ပြီး မျက်ရည်ကျရာ၊ မင်းသားရင်ပေါ်ကို ကျလေတော့ တဘက်နှင့် အသာအယာသုတ်ရာ မင်းသားလည်း နိုးလာရောတဲ့။ သည်တော့ မင်းသားက အမေ ဘာကြောင့်ငိုသတုံးလို့ မေးရောတဲ့။ မေးတော့ အထိန်းတော် အမယ်ကြီးက "အရှင်မင်းသားမှာ ငယ်စဉ်တောင်ကျေး အကလေး နို့စို့အရွယ်ကပင် မိတဆိုး ဖြစ်ရ၍ အမယ်သည် နို့ချိုကျွေး၍ မွေးမြူခဲ့ရသဖြင့် ကြီးမြင့်သည်ကို မြင်လိုပါတယ်။ အပြီး





အစီးသို့ မတိုင်မရောက်မည်ကို စိုးရိမ်လို့ မျက်ရည်ကျမိပါတယ်။ မပေါ့မလျော့ပါနှင့်၊ ကြပ်ကြပ် သတိပြုပါ၊ ရဲရဲရင့်ရင့် အခွင့်အားလျော်စွာ ကြံစည်ပါ။ အမေမသေခင် သားကြီး ကောင်းစားတာကို မြင်သွားချင်တယ်" လို့ လျှောက်ပြီးပြန်သွားရောတဲ့။ အဲဒီအတောအတွင်းမှာပဲ အရိုးတော်နှင့် သမိန်ပရှုတို့ကလည်း အရှင်တို့ဘိုးတော်ကို သတ်ဖို့ ကြံစည်လိုက်ကြတာ ဘာပြောကောင်းမလဲ၊ လက်မတင်ကလေး လွတ်လွတ်သွားတယ်။

ဝိဟာရဒေဝီ။ ။ ဪ် သေကံမရောက် သက်မပျောက် ဆိုတာလိုဘယ်လိုပဲ ကြံကြံ၊ ကံကုသိုလ် ကောင်းတော့ မသေနိုင်ဘူးပ။

သီရိမန။ ။ အဲသည်ကဲ့သို့ ဖြစ်နေတဲ့ အတွင်းမှာ အရှင် ၂ ပါးရဲ့ဘိုးတော်ကလည်း ရဟန်းပညာရှိ၊ လူပညာရှိများကို ဆည်းကပ်ပြီး သည်တစ်ပွဲမှာဖြင့် ကြံရတော့မှာပဲလို့ စိတ်ကို ခိုင်ခိုင်ကြီး ထားသတဲ့။ ပြီးတော့ ခမည်းတော်အသည်းအသန် ဖြစ်နေတုန်းမှာ ဖြန့်းခနဲ ကြံမိသည်မှာ "အရပ်ကောင်းမှအလောင်းလှ" ဆိုသလို ထိုဟံသာဝတီပဲခူးမှာ ငါ အားကိုးစရာ ဘာကိုမှမမြင်၊ တော်သင့်သောအရပ်ကို ပြောင်းပြီး အကြောင်းသင့်ကြံမှ ဖြစ်တော့မယ်။ ငါဘယ်အရပ်သို့သွား၍ နေရသော် သာသနာတော်ကို ပြုစု ချီးမြှောက်နိုင်မတုံး။ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့ ပြစေလို့ အမိန့်ခွန်းပြီး မင်းကံစီ ဆိုတဲ့ တဘောင်ဆရာ ခေါ်သွားပြီး စနည်းနိမိတ်အတိတ်တဘောင် နားထောင်ရာ—

(၁) မောတရပ် တံခါးက တဘောင်။ ။ ဪ်–သျှားပင် ဘက်လောက်၊ ပင်မြင့်စောက်၊ လေးယောက်ဘုရား၊ မွေတော်ထားသည်၊ ရပ်ရွှေပြည်သို့၊ အရှည်မနေ၊ သွားတို့လေသည် ရှင်မင်းသား။

ဆိုတဲ့ တဘောင်သီချင်း ကြားတော့ မင်းကံစီက လေးဆူဓာတ်ပုံ ဒဂုန်သို့သွားရပါမည်လို့ လျှောက်သတဲ့။

(၂) မော်ခေါတံခါးက တဘောင်။ ။ ဪ်–ဘိကွန္နိမတည်း၊ ခြေကျင်မသွားချင်၊ ဆင်ငယ်ဝယ်၍စီး၊ ဆင်ငယ်စားသည်၊ အင်းနားမြက်မြေစား၊ ဘောသာဆံဓာတ်၊ မွေမြတ် ခြေရင်း၊ ကပ်လေလျှင်း၊ မင်းဖြစ်မည်တည်း ရှင်မင်းသား။

ဆိုတဲ့ တဘောင် ကြားပြန်တော့ မင်းကံစီက ဆင်စီးပြီး ဒဂုန် ထွက်ရပါမည်လို့ လျှောက်ပြန်ရောတဲ့။

(၃) ဒလေးသွတ်တံခါးက တဘောင်။ ။ ပျူပျူပျပျ၊ ဖြူလွှလွှနီးဝတ်ဆံ၊ လူနတ်နှစ်လို့၊ မင်းလာပို့သည်၊ ငါတို့အရှင့်သား ရှင်မင်းသား။



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ တဘောင် ကြားပြန်တော့လည်း မင်းကံစီက ဒဂုန်ကိုသွားလျှင် လူရောနတ်ပါ မေတ္တာ သက်ဝင်ပါမည်လို့ လျှောက်ထားသတဲ့။

(၄) ဒငေါ်နှင်တံခါးက တဘောင်။ ။ ဩော်–မွန်တိုင်းပြည် မင်းသား မင်းပျိုထွား၊ လေးပါးအမည်၊ မြို့ရွှေပြည်လို့၊ နေ့ဆည်မနေ၊ ယှဉ်လျှင်းလေ ရှင်မင်းသား။

ဆိုတာ ကြားပြန်တော့ မင်းကံစီက အမည်လေးပါး ပါရှိတဲ့ ဒဂုန်သို့ပင် သွားရပါမည်လို့ လျှောက်သတဲ့။

(၅) မလွယ်ပေါက် တံခါးက တဘောင်။ ။ ရွှေချစ်စကား၊ မယုံဖြား နှင့်၊ လေးမည်ပြားသည်၊ လေးပါးချောင်းသို့ ယှဉ်ပါလေ၊ ဟံသာနန်းမ၊ ဥကင် သထက်၊ စံလျက် ဗိုလ်ရှုခံရမည်။

ဆိုတာ ကြားပြန်တော့ မင်းကံစီက အရီးတော်ရဲ့ အချစ်ကို မယုံနဲ့ ချောင်းလေးချောင်း ဆုံတဲ့ ဒဂုန်သို့ ထွက်ရန်ပင် ဖြစ်ပါသည်လို့ လျှောက်ပြန် ရောတဲ့။

(၆) ဗျာဒုံတံခါးက တဘောင်။ ။ ဩော် ... သျှိသျှားပင်ကြီး၊ မထီ ဘဲသေး၊ နက်ရောင်ပြေးသည်၊ မဝေးတော့ခွင်၊ ဆံတော်ရှင်သို့၊ အလျင်သွား မင်းသား အလိုပြည့်မယ်။

ဆိုတာ ကြားပြန်တော့ မြန်မြန် ဒဂုန်ထွက်ရမည့် တဘောင်ပင် ဖြစ်ပါ သည်လို့ လျှောက်သတဲ့။

ဝိဟာရဒေဝီ။ ။ ဒါတွေကတော့ ဘိုးတော် ဒဂုန် ထွက်တော့ ဂုဏ် တက်ဖို့ တဘောင်စနည်းတွေပဲ ဆိုပါတော့။

သီရိမန။ ။ မှန်လှပါ၊ အဲဒီ တဘောင်တွေ ဘာတွေ ပေါ်ပြီး၊ ဩော်– ဒီကိစ္စမျိုးမှာ ပဲခူးမြို့သားတွေကို ခေါ်သွားလို့လည်း မလျော်၊ သားမယားပါလျှင် များစွာ ခြေကျုံ့တော့မည်ဟု ဆင်ခြင်၍ မိမိ ကျေးရင်း ကျွန်ရင်း လေးငါးယောက် နှင့် သန်သန်မာမာ တောသား လယ်သမားကြီး ၃ ကျိပ်ကို ခေါ်ပြီး မော်ဓော ဘုရားရှင်ကို ရှိခိုးဦးခိုက်ပြီး၊ အဒရောင်ဆိုတဲ့ ဆင်တော်ကို စီးပြီး နောက်ပါ ဆင် လေးငါးခြောက်စီးနဲ့ တစ်ခါတည်း ဒဂုန်ကို ထွက်သွားတာပဲ။

ဝိဟာရဒေဝီ။ ။ ကြည့်စမ်း မောင်မောင်၊ ဘယ်လောက်များ ရဲရင့် သတ္တိနှင့် မင်းယောကျ်ား ပီသလဲ။ မောင်မောင့်လိုသာဖြင့် ဒလမည်ခေါ်နှင့် ခွဲထားကတည်းက ပွဲချင်းပြီး သေပါရဲ့–လွမ်းဖျားလွမ်းနာ ကျလို့။

ဗညားအိန်။ ။ ဟုတ်ကဲ့–သေချင် သေမှာ။

သီရိမန။ ။ သည်သကာလတော့ အရီးတော် မဟာဒေဝီက ရှင်ဘုရား





ထံတော်ဝင်ပြီး "မောင်ကြီးဘုရား၊ မောင်ကြီးသား ဗညားနွဲ့ ဒဂုန်ကို ထွက်သွား ပြီ" လို့ လျှောက်ထားရာ၊ ဆင်ဖြူရှင်က "ကိုင်း ဘယ့်နှယ်ရှိစ၊ ဒါကြောင့် အစက ငါ မပြောဘူးလား။ ဒင်းဟာ ရက်စက်လိမ့်မယ်လို့။ ဒလမည်ခေါ်ထို ခေါ်ချေ" ဟု ဆို၍ ဒလမည်ခေါ်လည်း သားတော်ကလေး ဇောလောကျန်းထော ကို ချီပြီး ရှေ့တော်သို့ ဝင်ရသတဲ့။ ရောက်တော့ "နင့်ယောကျ်ား ထွက်ပြေး တာကို နင် ဘာကြောင့် ငါ့ကို မပြောသလဲ" လို့ မေးရာ "အရှင့်သားတော်သည် ဘုရားကျွန်မကို သားမမှတ် မယားမမှတ် မလေးမခြတ်ဘဲ သူ့စိတ်နဲ့ သူ့ကိုယ် ထင်သလို လုပ်နေတာ အတော်ကြာပါပြီ။ ခမည်းတော် မကျန်းမမာတုန်းမို့ မလျှောက်ဝံ့ပါ" လို့ လျှောက်ရရှာသတဲ့။

အနို့ပြီး ဗညားနွဲ့ ဒဂုန်ရောက်တော့ ဒဂုန်မှာ အရီးတော် မဟာဒေဝီက အစောင့်အရှောက်ထားတဲ့ မင်းစိုးရာဇာ အရာရှိ ကျေးကျွန်တွေကို အကုန်လုံး ဓားနှင့်ခုတ်ပြီး သုတ်သင်ရှင်းလင်းပစ်လိုက်တာပဲတဲ့။ ပြီးတော့ မြို့ပြ၊ ခြေ ကတုတ်၊ ကျုံးမြောင်းများကို အခိုင်အမာ ပြုပြင်ပြီး ဒဂုန်တွင် သူပုန် ရှင်ဘုရင် ကလေး လုပ်နေတာပေါ့လေ။

ဝိဟာရဒေဝီ။ ။ ဩော် ... သူ့အသက်ထက် ကိုယ့်အသက် ဆိုတာလို ခမည်းတော်သော အရီးတော်သော မညှာနိုင်ဘူးပ။

သီရိမန။ ။ မှန်ပ၊ အင်း ... တစ်နေ့သဥ္ဇတော့ ဗညားနွဲ့က ဒဂုန် ဆံတော်ရှင်ကိုတက်ပြီး ဖူးမြင်တော်မူ၍ ပြန်အဆင်းမှာ သနရုပနဲ့ မိန်းမ တစ် ယောက်ကို မြင်တာနဲ့ "မယ်မင်းသည် အလွတ်အလပ်ပဲလား၊ ကာမပိုင်လင်နဲ့ လား၊ မင်းနာမည် ဘယ့်နှယ်ခေါ်သလဲ" လို့ အမေးတော်ရှိရာ၊ မိန်းမက "ဘုရား ကျွန်တော်မသည် ရခိုင်စာရေးကြီး မပည့်ငယ်ရဲ့မယား ဖြစ်ပါသည်။ ဘုရား ကျွန်မ နာမည်မှာ မွေမနိတ် ခေါ်ပါတယ်" လို့ လျှောက်သတဲ့။

သည်တော့ ရခိုင်စာရေးကလည်း အနားမှာရှိတာနှင့် သူ့မယားကို မင်းသား ကြည့်ပုံရှုပုံ မေးပုံမြန်းပုံကို ဒိဋ္ဌ တွေ့ရလေတော့ "တစ်ခါဖြင့် ခက်ပြီ မင်းသားသည် ငါ့မယား စာရေးကြီးကတော်ကို တော်တော်ပဲ ကြိုက်ပုံရတယ်။ မင်းသားဖြင့် ငါ့မယား စာရေးကြီးကတော်ကို ကေန္တပဲ။ ငါသည် ဒီမယားကို ခံမင်ပြီး ဒဂုန်တွင်နေက သေရလိမ့်မယ်။ သူက မင်းစိုးရာဇာ သက်ဦးဆံပိုင် ဖြစ်လို့မို့ ငါ့မယားကို မဆိုထားနှင့်တော့၊ ငါ့အသက်ကိုပင် ပိုင်သည်။ 'နှါး ချက်စောင်း အကြောင်းသုံးပါး ရွှေးသေး' သတဲ့။ သူတို့ မင်းစိုးရာဇာ ဆိုတာ မျိုးဟာ ဘာကိုမှ မစဉ်းစား၊ ရှုးရှုးရှားရှား လုပ်တတ်တယ်။ ငါဖြင့် ဒဂုန်မှာ နေလို့ မတော်ပြီ" ဟု မယားကို ထားခဲ့ပြီး တစ်ခါတည်း ပဲခူးကို ပြေးရောတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်စာရေးကြီး ပဲခူးရောက်တော့ မဟာဒေဝီထံသို့ ဝင်ပြီး "အရှင့်တူတော် ဗညားနွဲ့သည် 'ရှမ်းပြည် တရားမရှိ' ဆိုတာလို ဒဂုန်မှာ သူပုန်ထနေပါပြီ။ ကျွန်တော်မျိုး၏ မယားကိုလည်း သူ ယူမည့်ဆဲဆဲ ဖြစ်နေပါပြီ" လို့ လျှောက်သတဲ့။ ဒီတော့ မဟာဒေဝီက ဒီအကြောင်းကို ဆင်ဖြူရှင်ထံ လျှောက်ပြန်ရောတဲ့။ လျှောက်တော့ ဆင်ဖြူရှင်က "ဒင်းဟာ ငါ မမာတုန်းမှာ ဇရန်းသုန်းကား လုပ်တယ်" ဆိုပြီး သမီးတော် ဒလမည်ဒေါ်ကို ခေါ်၍ "နှင့်ယောကျ်ား ဗညားနွဲ့ မင်းဖြစ်လျှင် ဒဂုန်က မွေ့မနိတ် ဆိုတဲ့ မိန်းမကို မိဖုရားမြှောက်မလို့တဲ့။ ငါ့သမီးတော် ဘယ့်နှာတုံး" လို့ မေးတော်မူရာ ဒလမည်ဒေါ်က "သူက ယောကျ်ားရယ်လို့ မထောက်မထား ပြုပါသည်။ ဘုရားကျွန်မလည်း သူ့ကို သဘောမကျလို့ စကတည်းကပဲ လိုက်မသွားပါဘူး" လို့ လျှောက်သတဲ့။

ဝိဟာရဒေဝီ။ ။ ဩော် ... "လင်ဆိုးမယား တဖားဖား" ဆိုတာလို ဖြစ်နေရော ဆိုပါတော့။

သီရိမန္။ ။ မှန်လှပါ၊ နောက်တော့ အရှိုးတော် မဟာဒေဝီက ဗညားနွဲ့ကို ချော့ခေါ်ပြီး သတ်မှပဲလို့ "အရှိုးတော် အမိန့်ရှိလိုက်သည်– ချစ်လှစွာသော တူတော်မောင် ဗညားနွဲ့။ မင်းစိတ်ကို မင်းကိုးပြီး ဆိုးမယ်လို့ မကြံနဲ့။ ယခုလည်း မင်း၏ခမည်းတော် ကျန်းမာပြီ။ မင်းအကြောင်းကိုလည်း သိုးသိုးသန့်သန့် ကြားတော်မူလို့ မောင်ကြီး အင်မတန်ပဲ စိတ်ဆိုးတော်မူတယ်။ သို့သော်လည်း အရှိုးတော်က ဗညားနွဲ့ ဒီလို မမိုက်ပါဘူး၊ မောင်ကြီး ကြားသလို မဟုတ်ပါဘူး၊ ဒဂုန်မြို့ဟာ ရှေးဟောင်းမြို့ကြီး ဖြစ်လို့ နည်းနည်းပျက်စီးနေလေတော့ ပြင်ဆင်ရန် ဘုရားနှမတော်က လွှတ်လိုက်တာပါလို့ ကြံဖန်လျှောက်ထားရတယ်။ မင်း အလိမ္မာသားနဲ့၊ မမိုက်နဲ့။ မင့်ခမည်းတော် အရိပ်အရာ လွှဲခဲ့ရင် ဟံသာဝတီကို မင်းလုပ်ဖို့ မင့်ပြင် ဘယ်သူရှိသတုံး။ အနို့ပြီး မင်းမယား ဒလမည်ဒေါ် မင့်အတွက်ကြောင့် စိတ်ထောင်းကိုယ်ကြေ ဆိုတာလို မစားနိုင် မသောက်နိုင်နှင့် တရှောင်ရှောင် ဖြစ်ပြီး လဲနေရာ ခုဖြင့် ရောဂါတိုးပြီး စိုးရိမ်စရာတောင် ဖြစ်နေတယ်။

မင့်သားကလေး ဗောလော့ကျွန်းထောကလည်း ဖေဖေ ဘယ်သွားသလဲ ဖေဖေ့ဆီ လိုက်ပို့ပေးရမယ်၊ ဖေဖေ့ဆီ လိုက်ပို့ရမယ်နဲ့ တငိုငို တရယ်ရယ် ဖြစ်နေတာပဲ။ ခုဖြင့် မင့်သားဟာ ထမင်းတောင်မှ ကောင်းကောင်း မစားဘူး။ ကလေးကိုလည်း ပိန်လို့။ တောင်ယိုင် မြောက်ယိုင် တမှိုင်မှိုင် တတွေတွေ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေတာပဲ။

ခုများဖြင့် ဒင်းတို့အိမ်ကိုတောင်မှ ငါ မသွားချင်ဘူး။ ဒင်းတို့သားအမိ





မြင်ရတာ ရင်ထုမနာ ဖြစ်လွန်းလို့။ မင်းဟာ 'အသိကောက်လျက်၊ အဝင်နက်' ဆိုတာလို မလုပ်ပါနဲ့။ ဒီစာကို ပို့လာသူနဲ့ အတူပြန်လိုက်ခဲ့ပါ" ဆိုတဲ့စာကို ရေးပြီး သမိန်တိသ ဆိုသူကို ဒဂုန်ကို လွှတ်လိုက်ကရောတဲ့။

ရောက်တော့ မင်းသားကိုယ်တိုင် စာကိုဖတ်ကြည့်ပြီး လက် ၂ ဖက်နှင့် အုပ်ပြီး ငိုတော်မူသတဲ့။ သည်တော့ သမိန်တိသက အလောင်းတော် သိဒ္ဓတ် မင်းသားသည် ယသော်ဓရာ မိဖုရားနှင့် သားတော် ရာဟုလာကို ခင်တွယ် မက်မောလို့ တောမထွက်ခဲ့ပါလျှင် ဘုရားတောင် ဖြစ်မှာမဟုတ်ဘူးလို့ လျှောက်တော့မှ ဗညားနွဲ့လည်း မျက်ရည်များကိုသုတ်ပြီး ဟုတ်ပေတယ်၊ ဟုတ်ပါပေတယ်လို့ ဆိုသတဲ့။

ဝိဟာရဒေဝီ။ ။ ဒါဖြင့် သမိန်တိသက "သူ့လူ ငါ့ဘက်သား" ဖြစ်နေတာပ။ နားထောင် မောင်မောင်၊ မောင်မောင့်လိုသာဖြင့် မယားနှင့်သား ဒုက္ခကို ကြားရင် တက်တောင်သွားရဲ့။

ဗညားအိန်။ ။ ဟုတ်ကဲ့၊ သားမယားပေကိုး၊ သနားမပေါ့။

သီရိမန္။ ။ အဲဒါနဲ့လည်း မလိုက်ဘဲနေတော့ မဟာဒေဝီက မင်းသားရဲ့ အထိန်းတော် အမယ်ကြီး မိုးအဲလောကို ခေါ်ပြီး ညည်းသားကို ညည်း ချော့မော့ ခေါ်ခဲ့ရမယ်လို့ မင်းသား ကြိုက်တတ်တဲ့ အစာအာဟာရနှင့် အဝတ်အစားများ ပေးလွှတ်လိုက်ပြန်ရောတဲ့။

လွှတ်တော့ အထိန်းတော် အမယ်ကြီးက ဒလမည်ဒေါ်ထံ သွားပြီး ယခု အရှင်မရဲ့ မောင်တော်ထံ သွားရပါမည်။ ဘာများ လက်ဆောင်ပါးလိုက်ဦးမလဲလို့ မေးတော့ ဒလမည်ဒေါ်က "အမေ၊ အမေ့သားကို ကျွန်မ နာပါရဲ့။ ကြည့်ပါလား။ သမိန်တိသ သူ့ဆီက ပြန်လာတာတောင်မှ ဘယ်က ဘယ်လိုဆို၍ စာတစ်စောင် ပေတစ်စောင် မပေးလိုက်ဘူး။ တကယ်လို့ဆိုရင် ဘယ်လို နေရထိုင်ရတယ်၊ ဘယ်လို ကြံတယ်စည်တယ်၊ မင်းတို့ သားအမိလည်း ချောင်ချိအောင်သာ ကြည့်နေတော့။ အတူတကွ နေရထိုင်ရဖို့ မောင် ကြံစည်တုန်းပဲ။ မောင့်အတွက် မစိုးရိမ်ပါနဲ့လို့ သားမယား စိတ်ချစရာဆိုလို့ ဘာတစ်ခုမှ မမှာလိုက်ဘူး။ တကယ်ဆို ကိုယ်ပင် ဒါလောက်စိမ်းဖို့ မကောင်းဘူး။ အခုတော့ သစ်စိမ်းချိုး ချိုးပြီး တစ်မျိုးကြံတာ ဘာကောင်းသလဲ။ ကျွန်မမှာလည်း သူ့အတွက်ကြောင့် မျက်စိမသာ မျက်နှာမလှ ဖြစ်နေရတယ်။ ခမည်းတော် စိတ်ဆိုးသည်း ခံရတယ်။

ဟိုအရှိုးတော်ကလည်း ခဏခဏပဲ ကျွန်မကို မြည်တွန်တောက်တီးတယ်။ ကျွန်မမှာဖြင့် ဘယ်ဘက်ကမှ မလှုပ်သာဘူး။ လှုပ်ရင်တော့ အမြုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲ။ "၂ ဖက်စပ်ကြား ဝါးပေါက်" ဆိုတာလို ဖြစ်နေတာပဲ။ သူ့အတွက် ကြောင့် ကျွန်မဖြင့် သေလို့များဖြစ်ရင် သေပစ်ချင်ပါရဲ့။ ဒါလောက်ပဲ စိတ်ညစ် တယ်။ တကယ်လို့ဆိုရင် ကျွန်မကို မေတ္တာတုံးပြီး မုန်းဦးတော့၊ ဟောဒီ ကလေး မျက်နှာ ကြည့်သင့်သေးတယ်။ ကျွန်မ ပြောရင်းဆိုရင်း ဒေါသဖြစ်ဖြစ်လာတယ်။ ကျွန်မလည်း သူ့အကြောင်းကို ကြားပါရဲ့။ ဒဂုန်မြို့က ဈေးတောင်းခေါင်းတင် ပြီး ရွာစဉ်လှည့်ရောင်းရတဲ့ ကောင်မတစ်ယောက်နဲ့တဲ့။ အမေ့သားဆီ အမေသွားရှာ သူ့မယားနှင့်တော်တာကို လက်ဆောင်ပေးလိုက်ရမှာပဲ" ဆိုပြီး ဈေးတောင်း တစ်လုံး၊ ဆီထည့်တဲ့ စဥ့်အိုးကလေးတစ်လုံး၊ ချိန်ခွင်တစ်လက် ထုတ်ပေးပြီး "အမေ၊ ကျွန်မတို့သားအမိ အကြောင်းဆိုးတယ်" ဆိုပြီး ငိုပါရောတဲ့။

ဗညားအိန်။ ။ အင်း ... ငိုလည်း ငိုပေမပေါ့။ ဒီလိုများ ကြားရရင် ဟောဒီ ကျုပ်တို့ မိန်းမများသာဖြင့် ဘာငိုရုံ ကမလဲ။ ရှူးတောင် ရှူးပါရဲ့။

သီရိမန။ ။ အဲဒီကဲ့သို့ ဒလမည်ဒေါ ငိုတော့ အထိန်းတော်ကြီးက "သခင်မ၊ သခင်မ မောင်တော်ကလည်း သခင်မလိုပဲ စိုးရိမ်ပူဆွေးတော်မူရှာ မှာပဲ။ မခေါ်သာလို့သာ ခမျာလည်း တော်ရာက နေရတာပါ။ မလွှဲသာလို့ ခွဲခွာသွားတော်မူရတာ။ အမေ ကောင်းကောင်းသိပါတယ်။ ကိုယ်တော်ကလေး ဒဂုန်ကို ထွက်မသွားခင် ၁ ရက် ၂ ရက်လောက်ကတောင် အမေ ဒီအိမ်တော် ရောက်လာလို့ ဟောဒီ အပြင်ခန်းမှာပဲ သူ့သားတော်ကလေး သူချီလို့ တွေ့ရ တယ်။ ဒီနေ့က သခင်မက အရီးတော့် အိမ်တော်ကို သွားဆိုထင်ပါရဲ့။ အမေနဲ့ တွေ့ကြလို့ "အမေ၊ သားမယား သံယောဇဉ်ဆိုတာ အင်မတန်ပဲ ခက်ပါကလား လို့" ပြောရှာသေးတယ်။

ဒီတော့ သူ့မျက်နှာလည်း အပုံကြီး မကောင်းဘူး။ ပြီးတော့ "အမေ အမေ့သားဖြင့် အသက်ကိုလုခန်းကြုံလို့မို့ ဒဂုန် ထွက်ရတော့မယ်တဲ့။ သူတို့ သားအမိ ခေါ်သွားဖို့လည်း ခက်နေတယ်။ ဒီတော့ သူ့ ထားခဲ့ပြန်လည်း ဓာ ဒုက္ခဖြစ် ကျန်ရစ်ရှာကြတော့မှာပဲ။ ကျုပ်စိတ်ထဲမှာ မခွဲနိုင် မဝေနိုင် ဖြစ်နေ တယ်။ သို့ရာတွင် ကျုပ်မှာတော့ "သေလည်း မြေကြီး၊ မသေလည်း ရွှေထီး" ဆိုတာလို အသက်ကို စွန့်ရမယ့်လူမို့ သူတို့ သားအမိကို ခေါ်မသွားသေးဘူး ရှေးကုသိုလ်ကံအကြောင်း ကောင်းကြရင်လည်း ပေါင်းရလိမ့်ဦးမယ်လို့ အောက်မေ့ ရတော့တာပဲ။ ဟောဒီ သားကလေးဟာက ဖအေကို ကြည့်မမြင်မှုဖြင့် မအေ မိခင်ကို မေးရှာလိမ့်မယ်။ အဲဒီလို ဖအေကို ပူဆာ၊ မအေကလည်း ပူရှာလိမ့်မယ်။ ဒီသားကို ကျုပ် ဘယ့်နှယ်ထားခဲ့ရပေမတုံး" လို့ ဆိုပြီး မျက်ရည်တော်ကျရှာ သေးတယ်။





"အကြောင်းမသင့် မခွင့်မသာတဲ့ခါမှာ ကံကိုသာ ယိုးရတော့ သခင်မ။ အမေ ဒဂုန် သွားချည်ဦးမယ်" ဆိုပြီး မင်းသမီးက ပေးတဲ့ အိုးတို့ တောင်းတို့ ယူပြီး ဒဂုန် ထွက်သွားရောတဲ့။ ရောက်တော့ အရီးတော်က ပါးလိုက်တဲ့ မုန့်ပဲ သရေစာ၊ အဝတ် ပုဆိုးများကို ဆက်သပြီး "ဟောဒီ ခံတောင်းတို့၊ ချိန်ခွင်တို့၊ စဥ့်အိုးတို့ကတော့ အရှင့်နှမတော် ဒလမည်ဒေါက ပေးလိုက်တယ်" ဆိုပြီး ပြလိုက်တော့ မင်းသားလည်း လက်ခုပ်လက်ဝါးတီးပြီး ခွက်ထိုးခွက်လန် ရယ်ပြီး လျှင်၊ မွေ့မနိတ်ကို ခေါ်ပြီးလျှင် "ဒါတွေဟာ ဒလမည်ဒေါက ပေးလိုက်တာတဲ့" ပြောရာ၊ မွေ့မနိတ်က "ဘုရား ကျွန်မသည် ဈေးတောင်းကို ခေါင်းရွက်ပြီး အသက်ကို မွေးခဲ့ရတာ မှန်ပေသားပဲ။ မရှက်ပါဘူး" လို့ လျှောက်သတဲ့။

အနို့ပြီး အထိန်းတော်ကြီးလည်း အရှင့် ခမည်းတော်လည်း အသည်း အသန် ဖြစ်ကြောင်း၊ အရီးတော်ကလည်း သူ့သမက် သမိန်ပရူကို ထီးနန်း တင်ဖို့ ကြံစည်နေကြောင်း၊ နေပြည်တော်မှာလည်း အရှင်မင်းသားကို တော့်တ သူ များကြောင်း၊ အလျင်အမြန် ချီတက် လုပ်ကြံသင့်ကြောင်းများနှင့် လျှောက် ပြီး ပြန်သွားရောတဲ့။

နောက်မကြာမီပဲ ခမည်းတော်လည်း နတ်ရွာစံလို့မို့ အရီးတော် အမိန့် အတိုင်း သမိန်ပရူက စစ်သူကြီးလုပ်ပြီး ပဲခူးက တပ်တွေနှင့် ဒဂုန်လာပြီး ဝိုင်းကြရောတဲ့။ မင်းသားလည်း မင်္ဂလာဆင်တော်စီးပြီး အတင်းထွက်ပြီး တိုက် ကရောတဲ့။ တိုက်တော့ ပဲခူးက တပ်တွေ ရှုံးပြီး ဗရုန်းဗရင်းနှင့် ထွက်ပြေးကြ ရော တဲ့။

မင်းသားလည်း ပဲခူးရောက် ချီရောတဲ့။ ပြီးတော့ သမိန်ပရူကိုလည်း စစ်သူမကို ထွက်ပြေးရာ လမ်းမှာမိလို့မို့ ချည်နှောင် ဖမ်းဆီးခဲ့ပြီး ဆင်ကပ် အောက်မှာ ထားတာကို မင်းသားမြင်တော့ ငါ့မျက်စိတွင် ပြောင့်ကဲ့သို့ ထင် သည်။ အခုတောင် ရှိသေးသလားလို့ မိန့်တော်မူရာ၊ ပညာရှိ သူခမိန်များက ရွှေနန်းတက်တော်မူပါဦးလို့ တောင်းပန်ကြသော်လည်း အခွင့်မပေး အရေး မယူဘဲ သမိန်ပရူကို ချက်ချင်း ကွပ်မျက်တော်မူလိုက်သတဲ့။

ဝိဟာရဒေဝီ။ ။ ဟုတ်ပါရဲ့၊ "ရက်စက်မှ ကြေကွဲ" ဆိုတာ ဘယ် လောက်များ မှန်သလဲ လို့။

သီရိမန။ ။ မှန်လှပါ၊ ရန်စစ်ငြိမ်းတော့ မွေ့မနိတ်ကို ပိယရာဇာဒေဝီ ဘွဲ့အမည် ပေးသတဲ့။ ရွှေနန်းတက်တော်မူခါနီးမှာ "ညီတော် ဗောခုန်နိုင်း၊ နင့် မရီးတော်ကို သွားခေါ်ချေ" လို့ မိန့်တော်မူလေတော့ သွားခေါ်ရာ၊ ဒလ မည်ဒေါလည်း မွေ့မနိတ်ကို မိဖုရားမြှောက်တယ်လို့ မလိုက်ဘဲ ငမ်းနည်းပက်



www.burmeseclassic.com

www.burmeseclassic.com



လက် ငိုနေရစ်လေတော့ သားတော်ကလေး ဗောလောကျန်းထောကိုသာ ချီပြီး ဆင်နှင့် တင်ခဲ့လို့၊ ရောက်တော့ သားတော်ကို ရင်ခွင်၌ ပိုက်တော်မူ၍ ပီယ ရာဇာဒေဝီနှင့် ရွှေနန်းတက်တော်မူရောတဲ့။

အဲဒီလို အရှင် ၂ ပါးတို့ရဲ့ ဘိုးတော် ဟံသာဝတီ ရွှေနန်းကို သိမ်းမြန်းမိရင်ပဲ ဟို အညာတစ်လွှားက ဗမာများဟာ ပြားပြားဝပ်ကုန်တာပေါ့လေ။ အနို့ပြီး ဒလမည်ဒေါ်ကို အမျက်တော်ရှိလေတော့ စည်းစိမ်ဥစ္စာ ကျေးကျွန်များ ကိုလည်း သိမ်းပြီး ယူတော်မူသတဲ့။ ဒီတော့ ဒလမည်ဒေါ်မှာ ခမည်းတော် ဆင်ဖြူရှင် ပေးတော်မူတဲ့ လက်စွပ် ၁၂ ကွင်းကိုသာ လိုလိုမည်မည်ရယ်လို့ ဆံထုံးထဲမှာ ဖွက်ထားရရှာသတဲ့။ အဲဒီ လက်စွပ်များကို မရသေးတာနဲ့ အမတ် ဒိန်ကို လွှတ်ပြီး အတောင်းခိုင်းရာ၊ အမတ်ဒိန်က ဒလမည်ဒေါ်ရဲ့ အဆောင် အရှောက် ဝန်များကို ဝါးညှပ်၍မေးရာ နာနာရှိတော့ သခင်မရဲ့ ဆံထုံးထဲမှာ ရှိပါတယ်လို့ ဖော်ပြောကြရောတဲ့။

သည်အကြောင်းကို ရှင်ဘုရင်ဆီမှာ လျှောက်တော့ ရှင်ဘုရင်က ဆံထုံးကို ဖြေယူရမယ်လို့ အမိန့်ပေးလိုက်ပြန်သတဲ့။ အမတ်ဒိန်လည်း ဒလမည်ဒေါ်ဆီ သွားရောက်တော့ ဒလမည်ဒေါ်ကို ရှိခိုးလျက် မျက်ရည်စက်လက်နှင့် အကြောင်း ကို လျှောက်ထားရာ ဒလမည်ဒေါ်လည်း တစ်ခါတည်း မူးမေ့လဲသွားရှာရောတဲ့ အမူးပြေတော့မှ ထပြီး ဆံထုံးထဲမှာ ထားတဲ့ လက်စွပ် ၁၂ ကွင်းကို ယူပေး လိုက်ရသတဲ့။ အမတ်ဒိန်လည်း ရှင်ဘုရင်ကို ဆက်ရောတဲ့။ ရှင်ဘုရင်ကလည်း ဒလမည်ဒေါ်ထံက ရတဲ့ လက်စွပ် ၁၂ ကွင်းကို ချက်ချင်းပဲ ပီယရာဇာဒေဝီကို ပေးလိုက်ကရောတဲ့။ အဲဒီနေ့မှာပဲ ဒလမည်ဒေါ်လည်း နလုံးကြေကွဲ ဝမ်းနည်း နည်းပြီး ငါ၏အသက် ရှည်သော်လည်း လူ့ပြည်မှာ ဒုက္ခများရုံသာ ရှိတော့ မှာပဲလို့ ဖုံးမသိန်နဲ့ သံပရာရည်ကို ဆေးထည့်ပြီး သောက်သဖြင့် အသက်ချုပ် ဆုံးတော်မူရှာရောတဲ့။

ဝိဟာရဒေဝီ။ ။ ငြော် သနားစရာ ကောင်းလိုက်လေ ဝန်မင်းရယ် တယ်လည်း ရက်စက်တော်မူပါကလား။ နို့ပြီး သားတော် လူကလေး ဗောလော ကျန်းထောမှာ ဘယ်သူနဲ့ နေရသတုံး။

သီရိမနု။ ။ ဒီတော့ သားတော်ကလေးကို အဲဂံခေါင် ဆိုတဲ့ အမတ် တစ်ယောက်ထံမှာ အပ်ထားရာ ဒါလိုနဲ့ပဲ ကြီးပြင်းရရှာသတဲ့။ ပြီးတော့ ရှင် ဘုရင်ကိုယ်တိုင် မြန်မာပြည် ဂူထွတ်မြို့ကို တက်ပြီး တိုက်ခိုက်နေတုန်းမှာ သားတော် ဗောလောကျန်းထောသည် ဆင်ကို အစွယ်ချွန်၍ စီးကြောင်း၊ ဆင်စီး မြင်းစီး လေ့လာကြောင်း ကြားတော်မူတာနဲ့ပဲ ဒဂုန်ထွက်မည်ရှိရာ ငါ့ကိုယ်ချင်း





ဒါးက ပုဆိုးသာ ရှိသည် မဟုတ်လော၊ အလုံးအရင်း ဆင်မြင်း ကျေးကျွန် ရှိသမို့လော၊ ပုန်စား ပုန်ကန် ပြုသော် အရေးတော်ပုံတစ်ဆောင် ဖြစ်လိမ့်ခြည် မဟုတ်လောဟု အဲဂေါင်ပိန်ကို ခေါ်ပြီးလျှင် ပြီးခဲ့စေလို့ မိန့်တော်မူသတဲ့၊

အဲဂေါင်ပိန်လည်း အမိန့်တော်နှင့် ပဲခူးသို့ရောက်တော့ ဗောလော ကျန်းထောထံ အမိန့်တော်ပြန်ရာ၊ ဗောလောကျန်းထောက "မင်းသား မင်းမြေး ဆိုတာ ဆင်စီး မြင်းစီးကို လေ့လာတတ်မြောက်ရမည့်အတိုင်း လေ့လာမိပေ သည်။ ခမည်းတော်ကို မကြံစည်ပါ။ ကျွန်ုပ်တွင် အပြစ်မရှိ။ ခမည်းတော်သည် ဖြစ်ကတတ်ဆန်း တောရမ်းပယ်ဖွဲ့ မိန်းမကို ယူ၍ ထိုမိန်းမတို့၏ စကားကို နားထောင်လျက် ရက်စက် ညှဥ်းပန်းလွန်းသဖြင့် ကျွန်ုပ် မယ်တော်လည်း မလှ တမ သေရလေပြီ။ ကျွန်ုပ်လည်း မလှတမ သေရတော့မည်။ ဝန်မင်း၊ ခေတ္တ ငံ့ပါဦး။ ဘုရားတရားကို အာရုံပြုပါရစေဦး" ဟု တောင်းပန်ပြီး ၃ ရက်လုံးလုံး မော်ဓော ဘုရားရှင်တွင် အဘိဓမ္မာ တရားကိုနာ၍ မိမိ ဝတ်စားဆင်ယင်တဲ့ ပုတီး၊ လက်ကောက်၊ လက်စွပ်၊ ခြေကျင်းများကို ချွတ်၍ လှူဒါန်းပူဇော်ပြီးလျှင် "ကျွန်ုပ်သည် ဤဘဝမှ စုတေလျှင် တစ်ပြည်ထောင်မင်း၏ သားဖြစ်၍ ခမည်း တော်နှင့် စစ်ဖက်ရပါစေသော်" ဟု ဆုတောင်းပြီး ဗောလောကျန်းထောလည်း ဘုရားပေါ်က ဆင်းခဲ့ရော-ကွပ်မျက်လိုက်တာပေါ့လေ။

ခမည်းတော်လည်း ပြန်ရောက်တော်မူလာတော့ သားတော် ဆုတောင်း သွားကြောင်းကို သိတာနဲ့၊ ရွှေမော်ဓောဘုရားပေါ်တက်၍ မကိုဋ်တော်ကို လှူပြီး သကာလ "ကျွန်ုပ်သည် ရန်သူအပေါင်း မနိုင်သည့်ကိုယ် ဖြစ်ရပါလို၏" လို့ ဆုတောင်းတော်မူသတဲ့။ အဲဒီလို ဆုတောင်းလိုက်မိလို့ မဟုတ်လား၊ နောက် တော့ သားတော် ဗောလောကျန်းထောက အင်းဝမင်းရဲ့ မိဖုရား ဝမ်းထဲမှာ သွားပြီး ဝင်စားလို့မို့ မင်းရဲကျော်စွာရယ်လို့ ဖြစ်ပြီး မွန်ပြည်ကို ဆင်းတိုက်ရာ ဒလမှာ ကျသွားတယ်။ ရာဇာဓိရာဇ် မင်းတရားကြီး အကြောင်းကို လျှောက် ထားရတာ တယ်ပြီး အားမရဘူး။ ကိုင်း အချိန်ကလည်း နီးပေါ့။ နန်းကြီးသို့ ဝင်တော်မူပါ သခင်မဘုရား။

## နန်းတော်သို့ ဝင်ခါနီး မှာကြားခဲ့ပုံ

ဝိဟာရဒေဝီ။ ။ မောင်မောင်၊ ကျွန်မ နန်းတော်ကို ဝင်ဦးမယ်။ ကြား ရတဲ့ သတင်းများကလည်း အပုံကြီး မကောင်းဘူး။ စိတ်ကို တင်းတင်းထားပြီး ယောကျ်ားဆိုတဲ့ မာန်နှင့် အကြံအစည် လုံ့လဝီရိယ ရှိပါနော်။ အခု သီရိမနု အမတ်မင်း လျှောက်ထားတဲ့ ဘိုးတော်ဘုရားရဲ့ အရေးတော်ပုံကို ကြားရပြီ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေနဲ့။ ပြီးတော့ ကျွန်မ မပြော မချင်း ကျေးရင်း ကျွန်ရင်း အပေါင်း အဖော်တွေက စ သော်လည်း ဟော လောင်းပေါ်က မဆင်းလေနဲ့နော်။

သီရိမန္။ ။ ယခု ဘုရားကျွန်တော်မျိုး လျှောက်ထားတဲ့အတိုင်း ဘုန်း တော် ရာဇာဓိရာဇ် မင်းတရားကြီးရဲ့ စွမ်းအားသတ္တိများနှင့် သောက်စားတဲ့ အတွက် ဒလမှာ ပျက်ရတဲ့ မြန်မာမင်းသား မင်းရဲကျော်စွာရဲ့ ထုံးကို နှလုံး ပိုက်တော်မူပြီးသကာလ ပုသိမ်ကိုယ်တော်မှာ တော်တော်လည်း သောက်မှုသော့ ဘုရား။ သောက်တယ် ဆိုတာ မှားတတ်တယ်။

ဝိဟာရဒေဝီ။ ။ ဟုတ်တယ် မောင်မောင်ရဲ့၊ ယခု ဝန်မင်း လျှောက် တာများကို နားထောင်ပါ။

“ဓားကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်တဲ့၊ ရှင်ကိုဖျက်တော့ ဓော” တဲ့။ အနို့ပြီး အရက်သောက်စားခြင်းရဲ့ အပြစ် ၆ ပါးကို ပညာရှိများ လက်ာ စီထားခဲ့တာကလည်း:-

(၁) ဥစ္စာယုတ်ခြင်း၊
(၂) ငြင်းခုံများစွာ၊
(၃) ရောဂါထူပြော၊
(၄) ကျော်စောမဲ့တုံ၊
(၅) မလုံအင်္ဂါ၊
(၆) ပညာနည်းပါး။

ဤခြောက်ဖြာကား၊ သောက်စားသေစာ အပြစ်တည်း-တဲ့။ အသောက်သမား ဆိုတာမျိုးဟာ စည်းစိမ်ဥစ္စာ ပျက်စီးပြီး လက်ချည်း ကျန်တတ်သတဲ့။ အကျော် စောမဲ့ပြီး ကဲ့ရဲ့ဖွယ် ဖြစ်တတ်သတဲ့။ အရှက်အကြောက်ကိုမှ မဖုံးနိုင်ဘဲ တုံးလုံး ကြီး လဲနေတတ်သတဲ့။ ဉာဏ်ပညာဆုတ်တဲ့ လူယုတ်မာလည်း ဖြစ်တတ်သတဲ့။ အဲဒါမျိုးတွေကြောင့် မဟုတ်လား။ အခုတင်က ဝန်မင်း လျှောက်ထားတဲ့ ဒလဆုံး မင်းရဲကျော်စွာရဲ့ အကြောင်းနှင့် စပ်လျဉ်းပြီး အညာသားဆရာများ ရေးထားတဲ့-

**အမူးဘွဲ့ တေးထပ်**

သိင်္ဂါလ သတိုးသား၊ ဒို့ဘုရား ဟောတာ၊ သို့တရား စောစရာတို့ သဘောမှာ မှတ်ထား။ ။ ပြစ်ခြောက်ရပ် အထူးဆောင်တယ်၊ အမူး ကောင် မင်းတို့အမှား။





သိကြားဟောင်း အသူရာလို၊ မူပမာ တင်ထား၊ ဇမ္ဗူမှာ ထင်ရှားတဲ့။ ဘုရင့်များ ဘုရင်။ ။ မွန်တို့ပြေ ဟံသာမြန်းပါလို့၊ စံရာနန်း ပြုမဲ့အရှင်။ အင်းဝဆက် ရာဇဝင်တွင်၊ ဘာမထင် ဝင့်ကြွားတဲ့၊ ဘုရင့်သား ရဲဘွဲ့တော်ပါ၊ ရဲတဲ့ ကျော်စွာ။ ။ ဒလပျက် အကျနာသလို၊ ဘဝမှာ ရှုံးစေနှင့်လေး။

အဲ၊ အခု ကျွန်မပြောတဲ့ စကားကို များများကြီး သတိပြုရစ်ပေတော့။ တကယ်လို့များ အတင်းကျရင် ကျွန်မအတွက်တော့ ဘာမှ မစိုးရိမ်နဲ့။ ပုသိမ် ကိုသာ အရောက်ပြေးလို့မို့ နောက်ရေး နောက်ဟာကိုတော့ နောက်ခါမှ ရောက် ရာ ရောက်၊ ပေါက်ရာပေါက် ကြံစည်တာပ။

ဗညားအိန်။ ။ သြော် အရေးကြုံရင် သက်လုံကောင်းရမယ် ဆိုတာ တော့ သိပါရဲ့။ သို့ပေမဲ့ ပုသိမ်နှင့် ဝေးသမို့ အရေးလို့ရှိလျှင် အင်မတန် ခက်ကြ တော့မှာ-မိမိဗျာ ဟု ဆိုပြီး ယိုစီးသော မျက်ရည်တို့နှင့် ဖြစ်နေလေ၏။

ဝိဟာရဒေဝီ။ ။ အို၊ ယောကျ်ား မဟုတ်သလို တရှုပ်ရှုပ် မလုပ်စမ်း ပါနဲ့၊ တကယ့်ကို ခက်ပါရဲ့။ သူ့အတွက် ကျွန်မ ခက်တယ် ဝန်မင်းရဲ့။ ကိုင်း မောင်မောင် အထဲလာဦး။ ကျွန်မ ပြောမယ်၊ ဟောဒါလို။ ဟိုနန်းတော်ကြီးကို ကျွန်မ ဝင်ရတော့မယ်။ တစ်ခါတည်း မလင်းအောင်လည်း မူးမနေရစ်နဲ့။ တင်ိုငို တရယ်ရယ်လည်း လုပ်မနေနဲ့။ ငါ့မိန်းမဖြင့် သွားပေါ့ဟဲ့လို့ အားလည်း မလျှော့နဲ့။

အနို့ပြီး ဟောဒီနား တိုးဦး။ ကျွန်မ ပြောမယ်၊ သတိထားနော်။ ဟို ဘုန်းကြီးလူထွက်ဟာက တယ်လည်း ရက်စက်တယ်။ ကြည့်ပါလား၊ သူတို့ ဘုန်းကြီးလူထွက်ချင်းကိုတောင် အဆိပ်ခတ်ပြီး သတ်တယ်။ တကယ်လို့ဆိုရင် “လူပုပုချင်းပေါင်း၊ လူစောင်းစောင်းချင်းချစ်” ဆိုတာလို ကိုယ်ပင်တို့ ဘုန်းကြီး လူထွက်ချင်း အင်မတန် ချစ်ဖို့ကောင်းတယ်။ အခုတော့ ကြည့်ပါလား၊ စရိုက် ကြမ်းတမ်း မိုက်ကန်းကန်းနှင့် ရဟန်းလူထွက် ပြောလို့တောင်မှ ယုံနိုင်စရာ မရှိဘူး။ ရက်စက်လိုက်တာ။ အဲဒီတော့ ကျွန်မ အခွင့်သာရင်လည်း မြန်မြန် ပြန်လာမယ်။ တကယ်လို့ အခွင့်မသာ နေ့ရက်များ ကြာနေရင်လည်း မြင်မြင် ရာက လာပို့တဲ့ အစားအစာများကို မစားပါနဲ့နော်။

ဗညားအိန်။ ။ အို ... ကျုပ် လေ့သားတွေနဲ့ ကျုပ် ချက်ပြုတ်စားတာ ပေါ့။ အစားအသောက်တော့ ကိစ္စမရှိပါဘူး။

ဝိဟာရဒေဝီ။ ။ မဟုတ်ဘူး၊ မောင်မောင်ကတော့ မြက်မြက်လေး ကြိုက်တတ်လို့ ပြောတာ။ ဒီလေ့သမားတွေချက်တဲ့ ထမင်းဟင်းကို မောင်မောင် မျိုလို့ကျမှာ မဟုတ်ဘူး။ အဲဒီတော့ ကျွန်မကိုယ်တိုင် ကြည့်ရှုချက်ပြုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မနက်ပြန် ညပြန် မောင့်ထံကို အပို့ခိုင်းလိုက်မယ်။ အနားတိုးပါဦး။ ဒီအနား ရောက်အောင် တိုးပါ။ ကျွန်မက ပို့လိုက်တဲ့ ထမင်းဦးဟင်းဦးများမှာ ကြည့် သေသေချာချာ ကြည့်ထား။ ဟောဒီလို တံဆိပ်လက်ရာ အမှတ်အသား မပါရင် ဘယ်လို အစားအာဟာရမျိုးကိုမှ မစားမသောက်လေနဲ့။ သိလား။ နို့ပြီး "သတိ တမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွန်း ချွန်းကဲ့သို့ အုပ်ရမတဲ့" ဟုတ်ပလား။

အနားတိုးပါဦး၊ တိုးပါဦး။ သိပ်သိပ်လွမ်းမနေနဲ့နော်။ နမ်းဦးမလား ရော့–ဟောဒီခေါင်းက ပန်းကလေး ပေးခဲ့မယ်။ လွမ်းများလွမ်းရင် ဒီပန်းကလေး နမ်းနေ။ အလွမ်း ပြေလိမ့်မယ်။ ခင်စော ... လာဦး။ မောင်မောင့်ကို ညမူညရာ အိပ်ရာ နေရာများ ခင်းပေး။ ညောင်းညာတော်မူတယ် ဆိုရင်လည်း နင်းနှိပ်ပေး မောင်မောင်၊ တကယ်လို့ ဓမ္မစေတီရဲ့ ကျေးကျွန်များက အတင်းအဓမ္မ နိုင်လို နှိပ်စက်နဲ့ ကုန်းတပ် ရေတပ်များနဲ့ လာပြီး ဝိုင်းလားဆီးလား လုပ်ရင် ဒေါသ တကြီးနဲ့ ကုန်းပေါ်များဆင်းပြီး ကသောင်းကနင်း မလုပ်နဲ့။ မောင်မောင့် ကျေး ကျွန်တွေလည်း အနားက မခွာစေနဲ့။ တစ်ပြည်တစ်ရွာမှာဆိုတာ ကိုယ့်လူနှင့် ကိုယ် စည်းစည်းလုံးလုံး နေထိုင်ကြမှ တော်မယ်။ နန်းလယ်သို့ ကျွန်မအလှမ်း မှာ လွမ်းနဲ့ပါသေးရဲ့ ပုသိမ်သားကြီးရယ် .... လို့ ဆိုပြီး–

**ဝိဟာရဒေဝီ ငိုရှိုက်မာပုံ လေးချိုး**

ကြားရဒါ ခက်ဇွာတာမှောင့်ရယ်နှင့်၊ သွားရမှာ သက်လျှာ မဖြောင့်နိုင်ဘူး
(အမယ်မင်း) ဘယ့်နှာကြောင့် ငိုရတယ်။
အားမရှေ့နဲ့ ဘုရား၊ သွားတော့မယ် မရှောင်သာဘူ၊ နောင်အခါ
မောင့်မှာမမှားရအောင်၊ (သြော်) သံသရာ ဘဝ ဘဝက၊ နံ့ပဌနာ သ
သ ပြီး၊ ကံ ၂ ဖြာ မျှလိုတဲ့ စိတ်လက်နဲ့၊ ချိတ်ဆက်ခဲ့ကြသမို့
သိပ်သိပ်မက်ရတဲ့ သက်လျာငယ်၊ တံဆိပ်လက်ရာ အမှတ်အသား ပါမှ
စားပါရှင့်၊ (ဟောဒီက) တမိအလှကလေး မပြန်ခင်ကို၊ သတိတမံ–
ဉာဏ်မြေ ကတုတ် ဆိုတဲ့ စကားလိုပ၊ (သြော်) ခဏခဏမနား၊ တစ္ဆေ
မအားအောင်၊ ငါ့မယားကလေးဟာ ပြောလို့ ဆိုလို့၊ ထိုသို့ မှာလို့
သွားပါကလားဟဲ့လို့၊ အရာရာမျိုးမှာ မယွင်းမှားလေအောင် စဉ်းစား
စားစား ဆင်ဆင်ခြင်ခြင် ကြည့်ကြည့် ဆဆနဲ့၊ (မောင့်မှာ) သတိဝီရိယ
ထားရစ်ပေတော့၊ (အမယ်မင်း) သွားချည်အုံးမယ်။
နန်းရပေ ကျွန်မအလှမ်းတွင်ဖြင့်၊ အလွမ်းပြေ ဝဝနမ်းလိုက်ပါ





တော့၊ ညချမ်းမှာတော့ စက်ရာလယ်၊ (အို) မျက်နှာငယ်ငယ်နှင့်
တယောက်ချင်း။
စံရစ်တော့ဘုရား၊ ရန်စစ်သေနင်္ဂါတို့၊ ခြေကျင်ပါ ရေပြင်က
ဝိုင်းရင်ဖြင့်၊ ဒိုင်း လွှားစုံ ကာရံလို့၊ မာန်ပါပါ ဟုံသာချောင်းမှာလ၊
ရန်လာလျှင် ခံစရာဖြင့် မနှောင်းလေနှင့်၊ (အမယ်မင်း) အကြောင်း
မတော် တဆယွင်းမှာကြောင့်၊ အပေါင်းအဖော်မှ မကင်းစေနှင့်၊
(မောင်မောင့်မှာ ဘုရား) လောင်းစေရတင်း။

**ဝိဟာရဒေဝီ နန်းတော်သို့ ဝင်ခြင်း**

ကိုင်း မောင်မောင်၊ ကျွန်မ နန်းတော်ကြီး ဝင်ဦးမယ်။ ခင်စော ... လာဦး။ မမ ပြောမယ်၊ မောင်မောင့်နားက တစ်ဖဝါးမှ မခွာနဲ့နော်။ ဟို လှေသမားတွေ လည်း ကုန်းပေါ်တက်တက်ပြီး လည်ပတ်မနေစေနဲ့၊ စောင့်ကြပါစေ။ မညိုဘု– လာလာ၊ ကျွန်မနဲ့ လိုက်ခဲ့။ ကိုင်း အကြိုတော်ဝန်မင်းတို့ ရွှေနန်းမ ဦးကင်ကို ကျွန်မ အခစားဝင်မယ်–ဆိုပြီး လာခဲ့ရာ၊ ရွှေနန်းတော်ကြီးသို့ ဆိုက်ရောက်ကြ လေ၏။

ဝိဟာရဒေဝီ မင်းသမီး ရှေ့တော်သို့ရောက်လျှင် မယ်တော် ရှင်စောပု သည် ရှေ့ရေး နောက်ကြောင်းများကို ပြန်လှန် စဉ်းစား သနားတော်မူသော လက္ခဏာဖြင့် သမီးတော် ဝိဟာရဒေဝီကို ပိုက်ဖက်၍ တသက်သက် ငိုတော် မူသည်။

မယ်တော် ငိုလျှင် သမီးတော်လည်း မရှုနိုင် မရှာနိုင် ချုံးချုံးချ၍ ငိုလေ၏။ အပါးတော်တွင်ရှိသော မှူးတော်မတ်တော် အပေါင်းတို့လည်း ထို အကြောင်းအရာကိုမြင်၍ အလွန်ပင် ကြေကွဲခြင်း ဖြစ်ကြရလေကုန်၏။

ထိုနောက် မယ်တော် ရှင်စောပုသည် သမီးတော်ကို ကရုဏာဒေါသော ဖြစ်ပြီးလျှင် 'နင့်လင်သည် သူစိမ်း ဖြစ်သည့်အတွက် စိမ်းကားရက်စက်၍ ငါ့ကို "တရစ်" တန်လေပြောသော်လည်း နင်သည် ငါ့ကို "မတရစ်" တန်လေကောင်း တကား။ ငါ မွေးထုတ်ရတဲ့ အမိကို မချိဝမ်းနည်း စိတ်ဆင်းရဲအောင် လုပ်သော သမီး ဖြစ်သည်။ ဘုန်းကြီး၍ သက်မရှည်၊ အသက်ရှည်၍ ဘုန်းမကြီးလိမ့်မည် တကား။ ငါ့မျက်ရည်ပေါက်ကြီးငယ် ကျရသမျှသည် လောကမှာပင် နင်တို့ လင်မယားကို ဒိဋ္ဌပြလိမ့်မည်' ဟုသည်ဖြင့် ဆဲရေးလျက် မြည်တွန်တော်မူလေ ရာ၊ သမီးတော် ဝိဟာရဒေဝီမှာမူကား တစ်စုံတစ်ရာ ဘယ်လိုအကြောင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုမျှ ပြန်လှန်ပြောဆိုထားခြင်း မပြုဘဲ မျက်နှာကို အောက်ချလျက်သာ မျက်ရည်စက်လက် ဖြစ်နေရှာလေ၏။

ထိုနောက် ညီလာခံ ကွဲ၍ မှူးတော်မတ်တော် အပေါင်းတို့လည်း မိမိတို့ နေအိမ်သို့ အသီးသီး ပြန်ကြလေကုန်သတည်း။

ဝိဟာရဒေဝီ မင်းသမီးသည် နန်းတော်သို့ ရောက်လေလျှင် ကြင်ရာတော် ဗညားအိန်ရှိရာ ပုသိမ်လှေဆိပ်သို့ လာခွင့် ဆင်းခွင့် အလျှင်းပင် မရနိုင်ဘဲ အချုပ်ခံနေရသကဲ့သို့ အကျဉ်းအကျပ်ဖြစ်၍ မယ်တော် ရှင်စောပု ထံပါးမှာသာ ခစား နေထိုင်ရလေ၏။ သို့သော်လည်း ဝိဟာရဒေဝီသည် ကြင်ရာတော် ဗညားအိန် စားသောက်ဖို့ရာ ထမင်းဟင်း၊ မုန့်ပဲသရေစာများကို ကိုယ်တိုင် ချက်ပြုတ်ပြုလုပ်၍ ယုံကြည်ရမည်ထင်သော နန်းတော်သား တစ်ယောက်ကို မနက်ပြန် ညပြန် လှေသို့ အပို့ခိုင်း၏။

ဗညားအိန်လည်း ဝိဟာရဒေဝီ မှာထားခဲ့သည့်အတိုင်း တံဆိပ်လက်ရာ အမှတ်အသားများကို အထူးသတိပြု၍ စားသောက် သုံးဆောင်သည့်ပြင် ပုသိမ်က ပါလာသော မိမိလှေသား ကျေးကျွန်များနှင့် နေ့ရောညပါ အခါခပ်သိမ်း လုံ့လ ဝီရိယနှင့် မမေ့မလျော့ နေထိုင်လေ၏။

## [ ၁၀ ] ဝိဟာရဒေဝီ ပူဆွေးခန်း

**ဗညားအိန် အဆိပ်သင့်ခြင်း**

ထိုနောက် လေးငါးရက် ရှိသောအခါ အိမ်ရှေ့မင်း ဓမ္မစေတီသည် ဤသို့ ကြံစည်၏။ အဘယ်ကဲ့သို့ ကြံစည်ပါသနည်း ဟူမူ "ယခု ပုသိမ်စား ဗညားအိန်သည် ပဲခူးသို့ ရောက်လာရာ လှေငယ်တက်စင်း အနည်းငယ်မျှနှင့် ကျေးကျွန်လည်း အများအပြား ပါလာသည် မဟုတ်။ ကုန်းတပ် ရေတပ် ၂ ဖက်ညှပ်၍ အတင်းအကျပ် ဖမ်းဆီး သတ်ဖြတ်လိုက်လျှင်လည်း ကိစ္စခပ်သိမ်း ပြီးငြိမ်းမည်ပင် ဖြစ်တော့သည်။

"သို့ရာတွင် ဟံသာဝတီပြည်က အိမ်ရှေ့မင်း ဓမ္မစေတီသည် ဤသို့သော အမှုမျိုးကို ပြုလေသည်တကားဟု အတိုင်းတိုင်းအပြည်ပြည်က ကြား၍ မလျော်သည့်ပြင် ကိုယ့်တိုင်း ကိုယ့်ပြည် ဟံသာဝတီက လူသူလေးပါး သော်မှလည်း အကြားအကျော် မလျော်အောင် ဖြစ်လိမ့်မည်။ သို့အတွက် အတုလဝါသ ကျောင်း လူထွက် ဓမ္မဉာဏကို သုတ်သင်သည့်အသွင် ယဉ်ယဉ်နှင့် ကြံသာ အောင် ဉာဏ်ပထျာ ဖြန့်ရဦးမည်" ဟု ကွေ့လည်ကြံစည် ဉာဏ်နီ၊ ဉာဏ်ဝါ၊ ဉာဏ်ပြာပြာမှာ ဉာဏ်စကာ အရောင်ဖွင့်ပြီးလျှင် မသင့်သော လုပ်ပုံမှာ- ဝိဟာရ ဒေဝီက လှေသို့ဆင်း၍ ထမင်း အပို့ခိုင်းသောသူအား လာဘ်သပ်ပကာ ရွှေငွေ ရတနာ မောက်စွာ ပေးကမ်းသဖြင့် အခွင့်ရသောအခါ ထမင်းဟင်းအစာအာဟာရ အတွင်း၌ အဆိပ်ခတ်လျက် ဝိဟာရဒေဝီ၏ တံဆိပ်လက်ရာ အမှတ်အသားနှင့် ခြားမနား အလားတူပြုလုပ်၍ ပေးကမ်းလိုက်ရာ၊ ဗညားအိန်လည်း မိမိ၏ ကြင်ရာတော် ပို့လိုက်သော ထမင်းဟင်း အမှတ်ဖြင့် စားသုံးမိလေရာ အဆိပ် တည်းဟူသော အပူဓာတ်ကြောင့် မရပ်နိုင်၊ မတည်နိုင် ယိမ်းယိုင်လဲပြို ထိုမှ ဤမှ လူးလိမ့်လျက်-

'သူ့အကြံဦးလေရဲ့ ကျုပ်ဖြင့် မနေရဘူး၊ သေရတော့မယ်။ မသေခင်



www.burmeseclassic.com

www.burmeseclassic.com



မိမိ မျက်နှာလေးကို မြင်သွားချင်ပါတယ်။ ခေါ်ပေးကြပါ၊ ပုလုချည်ရဲ့၊ လောင်လှချည်ရဲ့။ ကျုပ် မချိဘူး။ မိမိ ရောက်ပလား။ ဒါ ဘယ်သူတုံး။ မိမိလား၊ မောင်မောင့်ကို ပွေ့ပါဦး'

'မှန်လှပါ သတိထားတော်မူပါ ဘုရား'

'ဒါ ဘယ်သူတုံး'

'ဘုရားကျွန်တော်မျိုး အိမ်မဲသူကြီး ဘိုးသာဒွန်းပါ ဘုရား'

'ဘိုးသာဒွန်းရဲ့၊ ကျုပ် အသည်းတွေ အူတွေ ကျွမ်းကုန်ပြီး ထင်တယ်။ မကယ်နိုင်ကြဘူးလား။ ကျုပ် သေရတော့မယ်။ မိမိမျက်နှာကို မြင်မသွားရဘူးနော်။ ကောင်းကြပါပေရဲ့၊ ရက်စက်ကြပါပေရဲ့။ ဩော် မုဆိုးမကလေး ဖြစ်ရရှာတော့ဟဲ့ ကံဆိုးမလေးရဲ့။ သူ့ကြောင့် ကျုပ်ဖြင့် အယူမဖြောင့်နိုင်ဘူး။ အမယ်လေး ဝိဟာရဒေဝီရဲ့၊ မောင်ကြီးဖြစ်အင် ရှုမြင်လှည့်ဦးနော်။ အမယ်လေး ပူလှချည့် ပူတယ်။ ဟောဒီ ရင်ထဲက ပူတယ်။ ဟောဒီ ရင်ထဲက ပူတယ်။ ကျုပ်မချိဘူး၊ မချိဘူး။ ဟိုဒင်း ဘယ်သူတုံး၊ ဘိုးရင်ကြီးလား'

'မှန်လှပါ၊ ဘုရာ့ကျွန်တော်မျိုး သာဒွန်းပါ ဘုရာ့။ ကိုယ်တော် ဘယ့်နှယ်ရှိသတုံး။ ဟိုခွေးမသား ငထွန်းလှကလည်း ကန်စွန်းရွက်ရှာ သွားလိုက်တာ ခုမှ ပေါက်လာတယ်'

'ထွန်းလှလေး၊ မောင်မင်းတို့ဖြင့် လွမ်းရစ်ကြတော့နော်။ အမယ်မင်း ဘဝအကြောင်း သံသရာမှာ ကံကြမ္မာ မကောင်းလေတော့၊ ပေါင်းရမဲ့ မောင့်မောင်မှာ သေလို့တောင် တစ်ပူ တစ်မှောင့်တွေနဲ့၊ (အို) ကျုပ် အယူဖြောင့်နိုင်ပါ့မလား-ဝိဟာရဒေဝီရဲ့' ဆိုပြီးလျှင် "အကြင်သို့သော ရူပကာယ အတ္တဘော ဟူသော ရုပ်ကိုထား၍ သွားသည့်နာမ် ချင်းရာတည်း" ဟူသည်နှင့်အညီ စိတ်နာကမ္ဘ ငြိမ်းချုပ် သေဆုံးရရှာလေသတည်း။

**ဗညားအိန် မသာတော် အခမ်းအနား**

ဟံသာဝတီ နန်းတော်တွင် နံနက် ညီလာကွဲသောအချိန်တွင် ပုသိမ်ထောက်လှမ်း ၂ ယောက် ၃ ယောက်တို့သည် ရုတ်တရက် ရှောင်တခင် နန်းတော်သို့ ဝင်လာကြလေရာ ဝိဟာရဒေဝီမှာ မယ်တော် ရှင်စောပု၏ အပါး၌ ခစားလျက်ရှိနေသဖြင့် နေရာမှထ၍ 'ဘယ်ကိစ္စ ဘယ်အကြောင်းကြောင့် လာကြသတုံး၊ မောင်တော် ဘုရားက ဘာများ မိန့်တော်မူလိုက်သတုံး' လို့ မေးရာ၊ အိမ်မဲသူကြီး၊ ကျောင်းကုန်းသူကြီး၊ သာပေါင်းသူကြီးတို့သည် မျက်ရည်စက်လက်နှင့် အသက်ကို ပြင်းပြင်းရှူလျက် မလျှောက်ထားနိုင်၊ ငေးမှိုင်တွေဝေ၊ ကြက်သေ





သေ၍ နေကြသဖြင့် ဝိဟာရဒေဝီက 'ကျွန်မမှာ စိတ်လက်မသန့်၊ တထိတ်ထိတ် တလန့်လန့် နေရတဲ့အထဲမှာ ဘာများ ဖြစ်လာကြပြန်သတုံး။ ကျွန်မ အသည်း တုန် အူတုန် ရှိလှချေရဲ့။ သိပါရစေ၊ မြန်မြန် လျှောက်ကြစမ်းပါ' ဟု မေးမြန်းရာတွင် -

အိမ်မဲသူကြီး။ ။ မှန်လှပါ၊ ကိုယ်တော်ကလေး မနက်စောစောက ပွဲတော်တည်ပါတယ် ဘုရား။

ဝိဟာရဒေဝီ။ ။ နို့ ဘာဖြစ်သတုံး၊ ပွဲတော်တည်တာ။

ကျောင်းကုန်းသူကြီး။ ။ ပွဲတော်လည်း တည်ပြီးရော ဘုရာ့။

ဝိဟာရဒေဝီ။ ။ ခက်လိုက်ပါဘိတော့တယ်၊ ဘာဖြစ်လာကြတာတုံး။ မနက်က ပွဲတော်တည်တယ်၊ ပွဲတော်တည်ပြီး ဘာဖြစ်သတုံး။

သာပေါင်းသူကြီး။ ။ မှန်လှပါ၊ အဆိပ်သင့်လို့မို့ နတ်ရွာစံ ကံတော် ကုန်ကြောင်းပါ ဘုရား။

ယင်းကဲ့သို့ လျှောက်ထားလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဝိဟာရဒေဝီသည် အမယ်လေးလေး ဆို၍ ထိုင်ရာမှ လဲလျက် တစ်ခါတည်း မြောမေ့သွားလေ၏။ မင်းသမီး မြောမေ့လျက် တက်နေလေရာ မယ်တော် ရှင်စောပုနှင့်တကွ လက်ပါးစေ အပျိုတော်များသည် ကပျာကယာ ထ လာကြပြီးလျှင်-

ရှင်စောပု။ ။ အမယ်လေး အမေ့သမီးကြီး သေပါပတော့၊ သေပါပတော့။ ဟဲ့ လုပ်ကြပါဦး။ တစ်ခါတည်း ဆို့တက်သွားတယ်။ တက်လိုက်တာမှ မြင်မကောင်းဘူးဟဲ့။ ခြေသလုံး ကြွက်သားကို နာနာနှိပ်ပေးစမ်းပါ။ ဟော တွန့်လိမ် တက်သွားပြန်ပြီ။ ဟဲ့-မိကေသာ၊ နန်းစဉ်သွေးဆေးကြီးနှင့် သပြေရွက် ယူခဲ့စမ်းပါ။

ဟဲ့ ဟိုအကောင်၊ ပုသိမ်ကအကောင်၊ အေးလေ အယောင်ယောင် အမှားမှား ဖြစ်ကုန်ပါပြီ။ ဟဲ့ လှေအကောင်၊ နင့်နှယ် ကြောင်တောင် ကြည့်နေနိုင်တယ်။ လာစမ်း လာစမ်း။ ခြေဖဝါးလယ် တည့်တည့်က ဟောဒီ ပထဝီကြောကို လက်မ သန်သန်နဲ့ နှိပ်စမ်း၊ နှိပ်စမ်း။

ဟိုအကောင်မက မိညိဘုက အရမ်း ဘယ်သွား နှိပ်သတုံး။ ဟောဒီ ခေါင်းမြီးယပ်နဲ့ အသာအသာခတ်။ ချွေးတွေကလည်း တစ်ခေါင်းလုံး ရွှဲနေတာပဲ။ မိစန္ဒာက ချွေးတွေကို မြပဝါနဲ့ အသာကလေးသုတ်။ ဩော်-ငါ့သမီးနှယ်ဖြစ်မှ ဖြစ်ရလေတယ်။ သေလိုက်ချင်တယ်ဟဲ့။ ကတဲ ဆံပင်တွေကလည်း ဖိုးရိုး ဖားရားနဲ့။ ကဲ နေပေစေဦး၊ ဆံထုံးပြေတာ နောက်မှထုံး။ ဟဲ့ မိကေသာ၊ သပြေ



www.burmeseclassic.com

www.burmeseclassic.com



ရွက်နဲ့ သွေးဆေးကို နှာခေါင်းဝနဲ့ နီးနီးကလေး ကပ်ထား။ ဟော ဟော ကျသွား ပြီ ထင်တယ်။ သမီးကြီး ဘယ့်နှာရှိသတုံး။ အမေ့ ပြောပါဦး။

ဝိဟာရဒေဝီ။ ။ နာလှပါပြီ၊ တော်ပါတော့။ ခြေဖဝါးနိုပ်တာ ဘယ်သူလဲ။ မညိုဘု၊ အပါးတော်က ရှိရဲ့လား။

'အပါးတော်က ရှိပါဘုရား။ သတိထားတော်မူပါ၊ စိတ်ကို တင်းတော် မူပါ'

'ဟောဒီရင်ဝကို လက်နဲ့ အသာကလေး ထောက်ထားပါဦး၊ မောတယ်။ ဟင်–ကိုင်း၊ တော်တော်ရှိပြီ။ လှေကို ဆင်းမယ်၊ ခုချက်ချင်း ဆင်းမယ်။ လာ မညိုဘု၊ ကျွန်မ တွဲပါဦး။ ကျွန်မစကား နားမထောင်လို့ သူ့သေရတာပဲ သူကြီး ရဲ့။ အသက်ငွေ့ငွေ့ကလေးမှ မရှိဘူးလား။ တစ်ခါတည်း သေသွားတာပဲလား။ သေခါနီးမှာ ကျွန်မကို မေးသေးသလား။ ဘာများ ပြောသွားသတုံး'

'မှန်လှပါ၊ သခင်မကလေးကို ခေါ်ပေးပါ၊ ခေါ်ပေးပါနဲ့ တသ ပြောချ လျက်နှင့်ပဲ အသက်ထွက်ရပါ ဘုရား'

'နို့ ဘာပြုလို့ လာမခေါ်ကြသတုံး'

'မှန်လှပါ၊ ကျွန်တော်မျိုးများမှာ ကိုယ့်မြို့ကိုယ့်ရွာကလည်း မဟုတ်လို့ ဘယ်သွားလို့ ဘယ်လာရမှန်း မသိတဲ့အပေါ်မှာ ဟို အိမ်ရှေ့မင်းဆီက မြို့ဝန် ကောင်ဆိုလား၊ ဘာကောင်ဆိုလား အဲဒီအကောင်ကလည်း ခဏခဏပဲ လာပြီး နှောင့်ယှက်လို့ မတက်ရဘူး တက်ရမယ်နဲ့။ တယ်လည်း အမူအပေါက်တွေ များတာကလား သခင်မ'

'ကိုင်း သွားကြမယ်၊ သွားကြမယ်။ အို မူးလိုက်ပါဘိတော့တယ် သူကြီးရဲ့။ လာပါဦး၊ ကျွန်မ တွဲပါဦး'

ရှင်စောပု။ ။ အို သမီးနှယ်၊ တောင်ယိမ်း မြောက်ယိုင် ကတိမ်းကပါး နဲ့ မသွားပါနဲ့ဦး။ တော်ကြာမှ ဝေယာဉ်နဲ့ သွားတာပ။

ဝိဟာရဒေဝီ။ ။ ဝေသော၊ ယာဉ်သော၊ ဆင်သော ဘာကိုမှ မစီးဘူး ကဲ လာလာ၊ မညိုဘု သွားမယ် – လာခဲ့ရာ သူကြီးများလည်း ဘေးတစ်ဖက် တစ်ချက်စီ တွဲပြီး လိုက်ခဲ့ကြ၍ လှေပေါ်သို့ရောက်လျှင် တုံးလုံးပက်လက် သေလျက်နေသည်ကို မြင်ရသဖြင့် ရင်ဝကို လေရိုက်၍ မူးမိုက်ပြီး မြောလျ သွားလေ၏။ ပုသိမ်ပါ ကျေးကျွန်အများတို့လည်း ဝိုင်းဝန်းနှိပ်နယ်ကြကုန်၏။

ဝိဟာရဒေဝီ တက်နေတုန်းမှာပင် မယ်တော် ရှင်စောပု၊ အိမ်ရှေ့မင်း အိမ်ရှေ့မိဖုရားများ၊ မှူးတော် မတ်တော်၊ ကတော်မယားများနှင့် ပဲခူးသူ ပဲခူးသား





အပေါင်းတို့ သောင်းသောင်းညာညာ ရောက်လာကြရကား ကမ်းလုံးညွတ်အောင် အင်အား များပြား စည်ပင်လေသတည်း။

ဝိဟာရဒေဝီ မင်းသမီး မြောမေ့သွားရာမှ သတိရလာသောအခါ 'စံတော်ရာ ရွှေပုသိမ်ခေတ်ဆီက၊ ရေတိမ်နစ် ခရီးသည်ကို၊ ဇနီးသည် အထူးမေးပါရစေအုံး၊ (အမယ်လေး) ကျွန်မ အရှူးဆေး တိုက်ခဲ့တာလား မောင်မောင်' ဆိုပြီး အလောင်း ကို ဖက်ပြီး မျက်ရည်စက်လက် ငိုသောအခါ ပုသိမ်ပါ ကျေးကျွန်များကို မဆို ထားနှင့်ဦး၊ အချို့သော ပဲခူးသားတို့တောင်မှလည်း ဖြစ်မှ ဖြစ်ရလေခြင်းဟု မျက်ရည်ကျကုန်၏။

မယ်တော် ရှင်စောပုလည်း သမီးတော် ဝိဟာရဒေဝီကို သေပြီ အဇ္ဈ ဟာကို မတတ်နိုင်ကြောင်း၊ စိတ်ကို ခိုင်ခိုင်ထားဖို့အကြောင်း၊ အမေတစ်ယောက် လုံး ရှိသေးတာ ငါ့သမီး ဘာမှ ပူပင်ဖို့ မရှိကြောင်း၊ ဒီသမက်ကြီး သေမယ့် အတွက် အမေသာ သေပစ်လိုက်ချင်ကြောင်း၊ လဲလို့များ ရရင် လဲလိုက်ချင် ကြောင်း စသည်ဖြင့် ပြောဆိုသည့်ပြင် ဘုန်းကြီးလူထွက် ဓမ္မစေတီ အိမ်ရှေ့မင်း ကလည်း ဖြစ်ပြန် ပျက်ပြန် လောကဓံတရားများနှင့်တကွ ရသမျှ သင်္ခါရတရား များကို စီးဖြန်း ရွတ်ဖတ်ပြီးကာ ပဋ္ဌာစာရီ၏ ဝတ္ထုတရားကိုလည်း ဟောပြော ပြသလေ၏။

ဝိဟာရဒေဝီလည်း ဘယ်လိုပဲ တရားချချ၊ နားမကျနိုင်ကြောင်းများနှင့် မယ်တော် ရှုပ်ပွေလို့ သူ့ယောကျာ်း သေဆုံးရကြောင်း၊ သူ့လင် အသက်ကို သတ်တဲ့ သမက်နှင့် ယောက္ခမဟာ နောက်ဘဝမှာ ငရဲကျမည့်အကြောင်း စသည်ဖြင့် လက်ညှိုးထိုးပြီး အမျိုးမျိုး ရန်တွေ့ရင်းပင်–

**မျက်ရည်ကျပုံ နှစ်ဆစ်ချိုး**

ပကိုးရောက်မှကွယ်၊ ကြိုးခြောက်ဆယ်အမေ က ဒါကြောင့်၊ သေရဒါဘဲ။
အသက်ကိုခြွေ၊ သမက်ကို သေပစေလို့၊ တို့မွေးမေ ပါယ်
မကြောက်သူရဲ့၊ တိုင်းခွင်မှာ ရိုင်းပင်ဖြင့် ပေါက်လေရဲ့၊ (အမယ်မင်း
ဟောဒီက) သမီးတယောက်မှာဖြင့်၊ အနည်းနည်း မှောက်လို့မှိုး
မီးတောက်ဖို့ပွဲ။

အမေ၊ အမေတို့ ပဲခူးကျမှ အစိုးရတယ်လို့ နှိပ်စက်ကြတာပေါ့နော်။ ကောင်းပါပေရဲ့၊ ကောင်းလည်း ကောင်းကြပါပေ်ရဲ့။ အမေ့ကို ဂုဏ်ခံပြီး ပုန်ကန်မယ့် သမက်သာဖြင့် သည်လှေ သည်တက် လေးငါးခြောက်စင်းနှင့် လာပါ့မလား။ တကယ်ဆို အမေ စဉ်းစားဖို့ ကောင်းတယ်။ အမေ ဘာမှ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ခစီးဘူးနော်။ တော်ပါပေရဲ့၊ တစ်ပြည်က ညှော်သည် နိုင်တယ်လို့ နှိပ်စက်ကြ ဘာပေါ့။ သူ့လည်း မလိုက်ခဲ့ပါနဲ့လို့ ကျွန်မ တဖွဖွ ပြောတယ်။ သူ အတင့်ရဲလို့ သေပွဲကြုံရတာပဲ။ မယားစကားများတော့ လားလားမှ နားမထောင်ဘူး။ ပဲခွးရောက်ရင် မစိုးကြောက်ဘူးဆို။ တစ်မိုးအောက် တစ်ယောက် ထင်တယ်ဆို။ ကိုယ် ခုတော့ ရန်သူ့လက်မှာ အသက်သေရပါပကော။ လူစွမ်းကောင်းကြီးရဲ့၊ ဆ ဦးလေ' ဟု ဆိုလျက် အလောင်းကို ပိုက်ပိုက်ပြီး–

**ခေါင်းဆိုက်လျက် ငိုပုံ လေးချိုး**

(အမယ်လေး) တစ်မိုးအောက်မှာလ၊ တစ်ယောက်လောက် ထင်တော်မူ။

ကြီးပွားဂုဏ် မယ်မကိုးရလေဘု၊ ထီးဓားစုံ စလွယ်ကြိုးရယ်နှင့်၊ အမျိုးမှာ မတိမ်ပါမို့၊ ပုသိမ်မှာ ဘုရင်မြှောက်တယ်တော်၊ ဘုန်းမောက်တဲ့ လူ။

ရာဇဂုဏ် မြင့်သဘဲရယ်လို့၊ ဘာမဖြို အတင့်ရဲလေတော့၊ ဖွဲဖြစ်လို့ ပြေပေါ်ဆူ၊ (အို) သေတော်မူပါပကော့ ပုသိမ်သား။

ပြောရက်နှင့်သာ၊ စောလျက် နှုတ်နာမနာလို့၊ ဟံသာမှာ ကြဲရာဖြင့် ညှိုးပေါ့၊ (အို) မောင်မောင်ရဲ့၊ ရှိုးရှိုးရှုရှုနှင့် တန်ခိုးလဲ မပြနိုင်ဘူးပနော်။ (အမယ်မင်း) ပကိုးကျကာမှ၊ အစိုးမရနိုင်ဘူး အနတ္တ ခန္ဓာကိုယ်တကား။

အမယ်မင်း ပဲခူးသားတွေရဲ့၊ ကြိုးစားပြီး နှိပ်စက်ကြပါ။ ပြုရင်အသစ် ဖြစ်ရင် အဟောင်းတဲ့။ ကောင်းစားကြပါလိမ့်မယ်။ အို ဗညားအိန်ရဲ့၊ မောင်ကြီးအိန်ရဲ့၊ ကိုဘိုးအိန်ရဲ့၊ ကျွန်မကို စိုးရိမ်တယ်ဆို။ အခုတော့ ဘယ်သူ့ယုံလို့ ပုံခဲ့တာလဲ။ အမယ် အသေစောလို့ နှမြောလိုက်ပါရဲ့ မောင်ကြီးရယ်။ တောင်ခိုးရယ် လူလူ၊ တောပန်းငယ်ကြူ၊ မျှော်သူဆွေးလှချည့်လေ။ ဝိုက်ပန်းခွေ၊ အောက်ပြည် မွန်ပိုင်း၊ ဟံသာတိုင်းမှာ၊ ကံရိုင်းငြိတွယ်၊ မျက်နှာငယ်၊ ကိုးကွယ်မဲ့ချေ ကွယ်။ ပုသိမ်မှာ အရှိန်ထွားပါတဲ့၊ ယောကျ်ားသယ်လေး၊ အမယ်လေး ရှင်ဘုရင်ကြီးရဲ့၊ သွားတော့နော်။ ဟောဒီ ကိုယ့်ယောက္ခမ၊ ဘိုင်းဒါမကြီးကို မွန်မသားချမလားလို့ မေးလေ။ ဟော ဟော လှုပ်လာပါပကော။ မညိုဘု၊ မညိုဘူ မသေဘူးဟဲ့၊ ငါ့ယောကျ်ား မသေဘူး။ ဟောတော့ ဟော ပြုံးတောင် ပြုံးသေးတယ်၊ ရယ်လည်း ရယ်သေးတယ်။ ပကိုးသား ဆိုသမျှကို ချိုခွကို ရိုက်သတ်မလား။ မှတ်ထား၊ ငါ့ဘာသာငါငို၊ ဘယ်သူက ဆိုမတုံး။ ဆိုတဲ့သူ ၂ ဝိုင်းပါးစပ်ကို ခုံဖိနပ် သားရေတပ်ပြီး တစ်မတ် ၂ ရန်နဲ့ ရောင်းလို့မို့။

ရှင်စောပု။ ။ မဟုတ်ပါဘူး သမီးတော်ရဲ့၊ ဘာတွေ ကတောင်း





ကတက် ပြောရတာတုံး။ သတိလည်း ထားမှပ။ အမေ အနားမှာရှိတယ်။ ငါ့ သမီး ငိုတာ ဘယ်သူမှ မဆိုဘူး။ ငိုသာငို၊ အားရအောင်ငို။ အို–လင်တစ်ယောက် လုံး ဆုံးတာ ငိုပေမှာပေါ့။

ဝိဟာရဒေဝီ။ ။ မောင်မောင် ဗညားအိန်၊ ကိုဘိုးအိန်၊ မောင်ကြီးအိန်။ အမယ်လေး ဦးဘိုးအိန်ရဲ့။ ထဦးလေ၊ အခုတင်ကပဲ ပြုံးစိပြုံးစိနဲ့ ကြည့်သေးတယ်။ အခုပဲ အိပ်ချင်ယောင်ဆောင်နေပြန်ပြီ။ ပျိုခေါ်ရင် ကိုယ်တော် ထူးရမယ်။ ကျွန်မကို စိတ်ဆိုးသလား၊ အိပ်လှချည်လား၊ မညောင်းသေးဘူးလား။ ထ၊ ထ၊ အခု ထ၊ အို ကျွန်မ ဘယ့်နှယ် ဖြစ်ပါလိမ့်မတုံး။ မညိုဘုရဲ့၊ တစ်ခါ တစ်ခါ သတိ လစ်လစ်သွားတယ်။ အမယ်လေး အကြောင်းဆိုးကြီးရဲ့၊ ဘယ်လို ဘယ်အကြောင်းရယ်လို့ ငယ်ပေါင်း ပြောပါဦးလား–ဆိုပြီး ....

**ရှေ့ရေး အပူဘွဲ့ငိုပုံ လေးချိုး**

မဟာဆွေ လင်တဖော့ကိုဖြင့်၊ တာရှေရှေ ခင်မဖြေလိုက်ရပါကလား၊ မရဏာမြေ အစဉ်မွေ့ရက်ပေ့၊ မကြင်၍ ထားခဲ့လေသကိုရှင်၊ ဘဝင်ခြေ အားနွဲ့ခွေ။

တပါးခင့်ကိုလ၊ သနားသင့်ပါရဲ့၊ အကြွားဝင့်ကာ အိုအမော်နဲ့၊ ပျိုခေါ်ရင် ကိုယ်တော် ထူးပါအုံး၊ မဖွယ်ဟန် ဘယ်ဉာဏ်ကူးတယ်လို့၊ ချစ်ဦးကို စိတ်မဆိုးပါနဲ့၊ တိတ်ခိုးကလေး မိန့်တော်ရှိပါမှ၊ ဖြစ်ထွေကို ချစ်ဆွေ သိရတော့မပ၊ (အမယ်မင်း) ပြုံးစိ ... ပြုံးစိ ... နှလုံးထိအောင် ဟာ၊ ဘုန်းမိ သက်ဝေရယ်နော်ရှင်၊ သုံးလှည့်မြွက်ခြေ။

သရုပ်ဆောင်အစဉ် ကောင်းပေရဲ့၊ မလှုပ်ပေါင် သခင် လျှောင်း နိုင်ပေ့၊ ညောင်းလောက်ကပေါ့၊ လှတဖေငယ်။ (အို) ထ ... ပါလေ ညိုနွဲ့ လှုပ်ခါ လှုပ်ခါနိုး၊ (အမယ်မင်း) မြပါဒေကိုတဲ့၊ ဆုပ်ခါ ဆုပ်ခါချိုး၊

ငယ်ကြိုက် ဖေလေလေ့၊ ထယ်လိုက်လေ ကိုမလွန့်ပါတော့ ကလား၊ ပျိုနွဲ့ပြီ သည်လိုသာဖြင့်၊ မှီခိုရာ မယ်မပြုနိုင်ဘု၊ ဘယ်သူ့ကို မောင်ယုံကြည်၍၊ ပုံလေသည် ထိုအခင်းကိုလ၊ ချိုညှင်းကလေး လေသံ ရောပါလို့၊ မှန်ကန်အောင် ပြန်လှန်နှောတယ်ရှင်၊ (အမယ်မင်း) ဖောကာ ရုံးရိုးနှင့် (ခင်လေးကိုရှင်) ပြောပ တိုးတိုး။

ရှင်စောပု။ ။ ဘယ်နှယ်လဲ သမီးရဲ့၊ ဖွဲ့ဖွဲ့နွဲ့နွဲ့၊ တမဲ့မဲ့နှင့်၊ အသဲသဲ ငိုနေပေတယ်လို့ သေသူလည်း ပြန်ရှင်တော့မှာ မဟုတ်ဘူး၊ ကြာတော့ ငါ့သမီး ရူးသွားလိမ့်မယ်။ ကိုင်း ဟဲ့ ပုသိမ်သားတွေ၊ လေကာ အကောင်တွေ၊ မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ကြ ဆင်ကြ၊ ယခုလို ဥပဇ္ဈေဒကကံနှင့် လတ်တလော သေတာကို ရက်ရှည်မထားကောင်းဘူး။ မသာကို ရက်ရှည်ဆွဲပြီး မျက်ရည်ပွဲခံနေလို့လည်းပဲ အကျိုးမရှိပါဘူး။ သံဃာတော် ၁ ပါး ၂ ပါးနဲ့ပဲ သရဏဂုံတင်ပြီး မြှုပ်လိုက်ကြရအောင်။ မင်းတို့သခင် အလောင်းကို ခါးတောင်း မြောင်မြောင်ကျိုက်ပြီး အားစိုက် ထမ်းကြပေတော့။ မသာချမယ်။

ဝိဟာရဒေဝီ။ ။ အမယ်လေး ဖျာတလားနဲ့ အညာသား မသာလိုက်လို့၊ ကတိုက်ကရိုက် ချရမတဲ့။ ကြားပါစ ဘိုးထွန်းသာရဲ့၊ အမေတို့ ပဲခူးမှာ ကျွန်မလင် အရိုးမကျရဘူး။ ဒီအလောင်းကို ပုသိမ် ယူသွားမယ်။ မထားခဲ့နိုင်ပါဘူး။

ရှင်စောပု။ ။ မဟုတ်တာ သမီးနှယ်၊ မြစ်ကူး ချောင်းခြား မသာကို ယူမသွားကောင်းဘူးတဲ့။ သူ့သချိုင်းရှိရာ သူ လာသေတာ၊ ဘာပြုမဲ့ ပုသိမ်ကို ယူရမလဲ။ ငါ့သမီးလည်း ပုသိမ်ကို မပြန်ရပါဘူး။ ဒီမှာပဲ နေရမယ်။

ဝိဟာရဒေဝီ။ ။ ဩော်–ပုသိမ်ကိုလည်း ယူမသွားရဘူး။ ကျွန်မလည်း မပြန်ရဘူး။ အလောင်းတော်က ပဲခူး၊ ဒီမှာပဲ ဈာပန ပြုရတော့မလား။ ဒါဖြင့် ကျွန်မ ဝဝကြီး နမ်းလိုက်ဦးမယ်။ အမယ်လေး ကြင်သူနမ်းပါတဲ့ မဉ္ဇူပန်းကြီးရဲ့။ အမယ်လေး ဘယ်သူ့အားကို ကိုးရမလဲ၊ သည်မယား ထားခဲ့တော့မနော်မောင်ဘုန်းမော်။ အမယ်လေး မပြန်လမ်း လှမ်းတော့မကွယ် မောင်ကြီးရယ်၊ အို–မယ်နေ့စဥ်နမ်းပါတဲ့ ပန်းရွှေနွယ်။ အို မညိုဘုရဲ့၊ အခုပဲ ချကြတော့မတဲ့ ကျွန်မဖြင့် ရူးရတော့မယ်။ လင်တစ်ယောက်လုံး ပစ်လိုက်ရတော့မယ်။ အခုတော့ အလောင်း ရှိသေးလို့ ငါ့လင် မြင်ရသေးသဟဲ့၊ ငါ့လင်ဖြင့် ရှိသေးသဟဲ့လို့ အောက်မေ့ရတယ်။ မသာချလိုက်ရင်ဖြင့် တစ်ခါ ကျွန်မ ခက်တော့မယ်။ စက်ရာလယ်မှာ စက်ပါတယ် ဘုရားလို့ အမူနဲ့ နော့ပေမယ့် (ကျွန်မ) ဘယ်သူ ထချော့တော့မတုံး။ ဟောဒီမျက်နှာ ဘယ်ဘက်ကိုလှည့်ပြီး နွဲ့မတုံး။ အမယ်လေး လွမ်းလို့ မအေး၊ ဆွေးလို့ မခန်း၊ နမ်းလို့ မပြေ၊ စိုက်ပန်းငယ်ခွေ၊ အသေအော လို့ နမြောတယ်လေး ... ဟေး ... အဟေး ...။

ဘိုးထွန်းသာ။ ။ ဩော် သခင်မလေး ဒုက္ခကို မြင်ရတော့ ရင်ဝ ဆို့ ဆို့ လာတာပဲ။ အင်းသူကြီးရဲ့၊ တယ် ရိုင်းဗျာ။

အင်းသူကြီး။ ။ ရိုင်းဆို ဘာပြောစရာ ရှိတော့မလဲ ကျောင်းဒကာ။ တစ်ပြည်က ဧည့်သည်ကို မဖွယ်အောင် ပြုလုပ်ကြတာပဲ။ တယ်လည်း သဏ္ဍာ ကောင်းတဲ့ ပဲခူးသားတွေ။ ဒင့်အမေလားလားလေ၊ ဘယ်မိကရ ကော်သာ ဆဲ လိုက်ချင်တော့တာပဲ။





ဝိဟာရဒေဝီ။ ။ မညိုဘုရဲ့ ကြည့်စမ်း။ သေတယ်သာဆိုရ နဂိုက အတိုင်းပဲနော်။

ညိုဘု။ ။ မှန်လှပါ၊ နာတာရှည်မှ မဟုတ်ဘဲ ဘုရား။ လောလောလတ်လတ် သေရတာ။ ဘာ ရုပ်ပျက်လိမ့်မလဲ။

ဝိဟာရဒေဝီ။ ။ ကြည့်စမ်း မညိုဘုရဲ့၊ သူ့မျက်နှာကလည်း မိုးပေါ်က ရွှေလမင်းကြီးလို ဝင်းဝင်းကြီးနော်။ ကျွန်မ အရှက်မထားနိုင်ဘူး၊ ဖက်ဖက်ပြီး အမယ်လေး လမ်းဆုံးသွားကြီးရဲ့ နမ်းဦးမယ်ဘုရား–ဟု ဆို၍....

**အလောင်းမွေ့ရင်း ငိုချင်းချပုံ လေးချိုး**

လထက်မှာ စက်ရထားလိုပ၊ မြမျက်နှာ ၂ ဘက်ပါးကိုလ၊ (အမယ်မင်း) ကျွန်မ အရှက်မထားနိုင်ဘူ့၊ တစ်ချက် နှစ်ချက် ကစားကစားပီး၊ (မညိုဘုရဲ့) မက်အားနှင့် နမ်းချင်ဒါ။ (နမ်းသာနမ်း ဘုရား၊ ဝအောင် နမ်းလိုက်)

(အို) အကြောင်းရွေ့သူရဲ့၊ အလောင်းမွေ့မွေ့ပြီး အောင်းမေ့သူ ကိုယ့်မယားမှာဖြင့်၊ ညို့အားတော် တယိုင်ယိုင်နှင့်၊ တမှိုင်မှိုင် နောက်မွေ မူးတယ်တော် ရူးရတော့မှာ။

စက်ရာမနော် မယ်ပျို့နွဲ့နေကျ၊ မျက်နှာတော် ဘယ်ကိုလှဲ့ရပ၊ တကယ်မငိုနဲ့လို့ ဆိုသေးဒါ၊ (အို) ပျိုတွေးပါလို့ ကုန်ကုန်လွမ်း။

ဖိုလို့ငယ်ဆူ၊ ငိုလို့ တကျူကျူပ၊ ပျိုတို့လူ ရွှေယောင်စောင်းမှာလ၊ ဟံသာမှာ ခန္ဓာပြောင်းလေရဲ့၊ (အို) မပေါင်းထိုက်သူရဲ့၊ (ဩော်) မသိုက်မမြိုက် ကတိုက်ကရိုက်နဲ့၊ ခမျာ အမြန်လှမ်းရချည်တော့၊ (အမယ်မင်း) အလောင်းပိုက်ပါလို့ တရှိုက်ရှိုက် ဘယ်ပြန်ညာပြန်နမ်း။

ရှင်စောပု။ ။ ကိုင်း သမီးကြီး၊ တိတ်ဦးကွယ်။ ညနေလည်း စောင်းပြီ၊ အလောင်းချစို့ရဲ့။ ဟဲ့ ပုသိမ်က အကောင်တွေ၊ ယောင်ပေပေ လုပ်မနေကြနဲ့၊ ထမ်းကြ ပိုးကြပေတော့။ ကြာရင် နေဝင်သွားမယ်။ မင်းညီမင်းသား စစ်သူကြီးများ သင်္ကြိုဟ်မြဲ ထုံးစံအတိုင်း စစ်အင်္ဂါလေးပါး ဝန်းရံပြီး သုသာန်ရောက် ပို့ကြတာပ။ သေနတ်တွေ အမြောက်တွေ ပစ်လား ဖောက်လား မလုပ်ပါနဲ့တော့၊ နားငြီးပါတယ်။ ကိုင်း သမီးကြီး၊ ညည်း မတ်တော်မောင် စီးတဲ့ဆင်ပေါ်က လိုက်မလား။ မယ်တော်ဘုရား ယာဉ်တော်ပေါ်က လိုက်မလား။

ဝိဟာရဒေဝီ။ ။ အမေ၊ ကျွန်မ ဘာမှ မစီးဘူး။ ခရီး ခြေကျင်လျှောက်ပြီး အလောင်းနောက်ကပဲ လိုက်မယ်။ ကိုင်း ... မညိုဘုတို့ ရှင်စောတို့၊ မမ



www.burmeseclassic.com

www.burmeseclassic.com



မသွားနိုင်ဘူး၊ အားနည်းကုန်ပြီ၊ တွဲကြပါဦး။ အမယ်လေး ပုသိမ်သားရဲ့၊ သွားလေတော့နော် မယ့်မျက်ဖျော်။ အမယ်မင်း ဟံသာကြငှန်း မြို့ရွှေနန်းကို စက်ပန်းငယ်ခြွေ သေခါဆုံးချေပေါ့နော်။ ပုသိမ်မှာ အရှိန်လျှမ်းပါတဲ့၊ နန်းသော်မော်။ အမယ်မင်းရယ်တဲ့မှ မောင့်လို၊ ငယ်ငယ်ရွယ်ရွယ်တူမျှ ယဉ်စစတို့ လှလှဝတ်စား လျှောက်ခါသွားရင် မယားကြင်ဆွေ ခင်ပွန်းသေမို့ မဖြေတတ်နိုင် တယိုင်ယိုင်နှင့် မှိုင်ကာတသ မျက်ရည်ငယ်ကျလို့မို့ ငိုရဦးမယ်။ သည်အရေးကိုလ မြင်ရသေးတယ်လေး၊ အဝေး၊ ဟေး။ ဩော် ... သုသာန်ဖြင့် ရောက်ကြပေါ့။ ဘုန်းကြီးကလည်း ၂ ပါးထဲကလား။ ဘုရားပွဲများကော ပါရဲ့လား၊ အမယ်မင်း တစ်ပြည်တစ်မြို့မှာမို့ သေလို့မှ သိုက်သိုက်မြိုက်မြိုက် မရှိပါကလား ကွယ်။ လမ်းဆုံးသွားကိုလ သနားတယ် – ဆိုလျက် ....

BURMESE CLASSIC

**မျက်ရည်ကျပြန်ခြင်း**

ပေါင်းအဖော် သဟာယတွေနဲ့၊ အလောင်းတော် ကလာပကိုလ၊ (အမယ်မင်း) ချာပန ပြုချင်တယ်။ ဩော် ... သံဃာတော်ကလဲ ၂ ပါး ထဲပါကလား။

ရှင်စောပု။ ။ အို နောက် သပိတ်သွတ်တော့မှ ရွှေမြို့တော် လေးပြင် လေးရပ်က ဆရာတော် သံဃာတော်တွေလည်း ပင့်ချင်ပင့်။ အခုတော့ ကယောကယာ ဖုတ်ပူမီးတိုက် လုပ်ရတာ။ သံဃာတော် မများတယ်လို့ အားမလျှော့ပါနဲ့။

ဝိဟာရဒေဝီ။ ။ အို–ဘိုးထွန်းသာရဲ့၊ ကျွန်မတို့ ပုသိမ်မြို့မှာသာဖြင့် မသာတော် သည်အခမ်းမှာ နန်းသူနန်းသားတွေနဲ့ တောရော မြို့ပါ ဆိုသလို လာလိုက်ကြမှာတွေ ခြိမ့်ခြိမ့်မွှမ်းနေမှာပဲ။ အခုတော့ ဇရပ်က မသာချသလို ချာပနသည်အခမ်းမှာ ထီးနန်းနှင့်မတူ အမှုတော်ကွဲလိုမို့ ဆင်းရဲလေခြင်းနော်။ ဩော် ... ပုသိမ်မှာသာဖြင့် သေပါသဘိ၊ စေတနာရှိသလောက် သံဃာတော်တွေ ပင့်ပင့်ပြီး သခင့်ကိုယ်စား သေပျက်ရာရတဲ့ တစ်ဘဝသွားကို အမျှများ ဝေရလေရဲ့။ အမယ်လေး ပုသိမ်ကဖြင့် ကျွန်မတို့အဖြစ်ကို မသိကြလေဘူး တော်။

ဘိုးထွန်းသာ။ ။ မှန်လှပါ၊ ကျွန်တော်မျိုးတို့ ပုသိမ်မြို့များမှာသာဖြင့် ဘာပြောကောင်းမလဲ ဘုရား။ ဘုန်းကြီးပျံ ရှုံးအောင် စည်မှာပေါ့။

ရှင်စောပု။ ။ ဟဲ့ ခွေးမသား၊ တယ်မိုက်ပါကလား။ ဘုန်းကြီးပျံနဲ့နှိုင်း ဘာနဲ့နှိုင်းနဲ့၊ ဂိုဏ်းထိမှာ မကြောက်ဘူးလား။

ဘိုးထွန်းသာ။ ။ မှန်လှပါ၊ ကျွန်တော်မျိုးတို့ ပုသိမ်မြို့မှာသာဖြင့်





အိမ်တကာက လာကြမယ့်အကြောင်း လျှောက်ပါတယ် ဘုရား။ စင်စစ်မတော့ ဘုန်းကြီးပျံကို ဘာပြိုင်လို့ နိုင်မတုံး။

ရှင်စောပု။ ။ ကိုင်း သံဃာတော် အရှင်မြတ်များလည်း ညောင်းရော့မယ်။ သရဏဂုံ ပဉ္စသီများ ခံယူပြီးသကာလ ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်ရှာတဲ့ သမက်ကြီးကို အမျှပေးဝေကြရအောင်။ ကိုင်း သမီးတော်၊ လာ .... လာ၊ ကန်တော့ရအောင်။

ဝိဟာရဒေဝီ။ ။ သရဏဂုံ တင်ကြတော့မလား။ မမြှုပ်ခင် မျက်နှာကလေး ကြည့်လိုက်ပါရစေဦး။ အပေါ်က လွှမ်းတဲ့ပဝါ အသာကလေး ဖွင့်စမ်းပါဦး။ တစ်ခါဖြင့် အလောင်းတော် ရုပ်ကလာပ် ပျောက်တော့မယ်။ နောက်ကို ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်ဘူး။ အမယ်လေး ကျုပ်ရှုးပေါ့ ကိုဘိုးအိန်ရဲ့။ ဘယ်လမ်းသွားတော့ ကျုပ်ကို ကိုယ်စိုးရိမ်တယ်ဆို။ ကိုယ် ခုတော့ ပုသိမ်သူ မျက်နှာမဲ့ကလေး ထားခဲ့တော့မလား။ သွားတော့၊ သွားတော့။ အမယ်လေး ယနေ့ကစပြီး မတွေ့ရဘူးပေါ့နော်။ ဟဲ့–မုဆိုးမ လင်သေရဲ့၊ နင်သေဟဲ့၊ နင်သေဟဲ့ – ဆိုပြီး ဆံပင်များကို ဆွဲဆွဲပြီး ဖုတ်ထဲ၌ ခြေဆင်းလဲလူနှင့် ...

**မြန်ငိုပုံ လေးဆစ်**

ပေါင်းအဖော် သဟာယတွေနှင့်၊ အလောင်းတော် ကလာပကိုလ၊ (အမယ်မင်း) ချာပန ပြုချင်တယ်။

(ဩော်) ပုသိမ်တိုင်း မသာဖြင့်၊ အိမ်တိုင်း လူကုန် လာလို့၊ မသာတော် သည်အခမ်းတွင်မှ၊ ထမ်းကြမယ် ညီညီဝိုင်းမဲ့ပြင်၊ စည်ဗျိုင်းတောင် ငြိမ့်ငြိမ့်ယွန်းပါလို့၊ သိမ့်ခါအောင် ခြိမ့်ခါမွှန်းတယ်ရှင်၊ လွမ်းလောက်ပေမယ်။

ယခုမှာ မကျေတဲ့နိုင်ဘူးဟဲ့၊ သူ့မသာအခြေ နဲ့ရလေရဲ့၊ တပြေအဲ့ခရီးသယ်ရယ်၊ (အို) ဇနီးမယ်မှာဖြင့် မကြံနိုင်ပါကလား။

လင်သက်လျာငယ်၊ ခင်မက်ခါ မနေသာလို့၊ ပြေမရဏာ သုသာန်လမ်းကိုလ၊ ရွှေခန္ဓာ ရုပ်နာမ်လုမ်းသူရဲ့၊ တစ္ဆေရှာ မြှုပ်နှံမဲ့အခန်းတွင်ဖြင့်၊ (အို မောင်မောင်ရဲ့) ပဋ္ဌာန်းသာသနာပြု ဆရာတော်နှစ်ပါး ရယ်နှင့်၊ ကမ္မဋ္ဌာန်းဘာဝနာ ရှုကြမဲ့၊ သဟာအဖော်အလှော်ကလဲ မများလေဘု၊ (အမယ်မင်း) နန်းသူ့မသာတော် ဘုရား။

ရှင်စောပု။ ။ ကိုင်း သမီးတော်ရဲ့၊ သံဃာတော်တွေလည်း စုံပြီ၊ သရဏဂုံ တင်ကြမယ်။ အငို လျှော့လိုက်ပါဦး၊ ကိုင်း ... အားလုံး အားလုံးပဲ



www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ကြမယ်–ဆိုပြီး မသာအသုဘ ထုံးစံအတိုင်း ရှိခိုးကန်တော့ပြီးကြသော အခါ သံဃာတော်များက ဆုပေးခြင်း၊ ငါးပါးသီလ ပေးခြင်း၊ ရေစက်ချခြင်း များကို ပြုတော်မူကြ၍ အမျှပေးဝေပြီးလျှင် မြေကြီး၌ မြှုပ်နှံ သင်္ဂြိုဟ်ကြလေ သတည်း။

သင်္ဂြိုဟ်ပြီးသည်နှင့် တစ်ပြိုင်နက် သမီးတော် ဝိဟာရဒေဝီမှာလည်း ဆံပင်တွေ ဖိုးရိုးဖားရားနှင့်ပြီး၍ ထဘီမှ မကပ်နိုင်အောင် ရူးပြီး လူးကာ လှိမ့်ကာ သိမ့်သိမ့်ခါအောင် ဗျပါဖိုသီး ထိုလို ဒီလို ညည်း၍ အငိုကြီး ငိုလေရာ ဟံသာဝတီ ပဲခူးသားတို့လည်း သနားကရုဏာရှိသော လက္ခဏာဖြင့် ဝိုင်းဝန်းကာ ကြည့်ကြလေရကား၊ ပုသိမ်သားများက တို့သခင်မမှာ ကြင်ရာတော် သေဆုံးတဲ့ ဒုက္ခနှင့် ဇရုတ်သုတ်ခရူးပြီး လူးကာလှိမ့်ကာ ဖြစ်ချင်ရာ ဖြစ်နေတာကို ဟံသာဝတီဆိုတဲ့ ပဲခူးသားများဟာ အားမနာ ပါးမနာ မျက်စိမှ မမှိတ်ဘဲ အရိပ်ကို မှန်နှင့် ကြည့်သကဲ့သို့ စေ့စေ့စပ်စပ် ကြည့်ရပါမည်လားဟု စိတ်များဆိုးပြီး ပဲခူးသားတွေနှင့် ရိုက်မယ်နှက်မယ်တောင် ဖြစ်ကြလေ၏။ သို့ရာတွင် မြို့ဝန်မင်းက အထိန်းကောင်းသဖြင့် ကသောင်းကနင်း မဖြစ်ကြချေ။

ဝိဟာရဒေဝီမှာလည်း ကေသီဖားလျား ဆံပင်များကိုမှ မသိမ်းနိုင်၊ ယိမ်းယိုင်လဲပြို ကပိုကရိုနှင့် ထိုထိုသို့သော အဝတ်တန်ဆာ ပဝါ အင်္ကျီထဘီကိုတောင် ဆုတ်ဖြဲ၍ ဖုတ်ထဲ၌ လူးလိမ့်ပြီးကာ ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ ငိုရာ ရယ်၊ ဗျပါမကြည်ပုံမှာ ပဋာစာရီ အရူးမထက် နှစ်ဆလောက် အလူးပို၍–

**အရူးငို ငိုပုံ လေးချိုး**

(၁) အမျိုးခြားနှင့် ယိုးဒယားဆင်ဆင် ကရင်ဒြပ်ဂုဏ်ယူလို့ ချီးရှားဖြင့်၊ ပကိုးသားကိုမြင်လျှင် မိုးသိကြားဘုရင်တောင်မှ ဖိနပ်ခံထူရှာ မစီးဝံ့ပေဘု၊ အင်းရဲသူကြီးမှာတော့၊ မြင်းမဲနှစ်စီး လားတစ်စီးနှင့် သိကြားသမီးကိုတဲ့ သူက ခေါ် ...။

ညီဘု။ ။ ထိပ်ခေါင်တင်မ ဘုရား၊ သတိထားတော်မူပါ ဘုရား သတိထားတော်မူပါ။ ဘိုးထွန်းသာရဲ့ လာပါဦး။ ဘယ့်နှယ် တောက်တီး တောက်တဲ့တွေ လျှောက်ပြောပါလိမ့်မတုံး။ ခက်ကြပေါ့။

(၂) ဗညားအိန် ပုသိမ်ဘုရင့်ငဲ့ မယားဟာမို့၊ အဝင်းသား တထိန်ထိန် ထမိန်အဆင်ဆင်နှင့် ကြွားမယ်ပ၊ ဘင်္ဂလားက မဟာကုလားတွေဗျာ ဗမာ မယားတွေကလဲ ချောပေရဲ့၊ ကိုပေါ်ဆိုဒါ လော်မာချင်သဆိုလို့ နော်ရထာဘုရင် ပေါက္ကံကမင်းရယ်နှင့်၊ ရေကင်းမှာ သူတခါကြုံဖူး





ထူပါရုံ စိန္တေထူးကိုလ၊ မသာမှာ နံ့သာလူးတဲ့ပြင်၊ အညာမှာ သောကကြူး ရယ်နှင့် (အမင်မင်း) ကနဦး ပထမ ပလူးပလူးပြီး စ ဒါနဲ့–ကျွန်မ ရူးရပေသတော်။

(၃) ပကိုး တညင် မဟာမြိုင် မုတ္တမ စခန်းဆီက၊ ဘိုးထင် သောလှိုင် ဆိုတာ ကျူပ်ကမ မုချနမ်းချင်သတဲ့တော့၊ ဆုတ်ကြစမ်း ဖယ်ကြနော်၊ (အို) ဒဝယ်က ကျော်ပါဖြင့် ဒွိတဘောင် နှစ်ဦး ...။

ဘိုးထွန်းသာ။ ။ ထိပ်ထား သတိထားပါဘုရား၊ ကြပ်ကြပ် သတိထားပါ ဘုရား။ မှားကုန်ပါလိမ့်မယ်။ ရာဇဝင်လည်း ပါရဲ့၊ ပဲခူးတညင်လည်း ပါရဲ့။ ဘာတွေ လျှောက်ပြောရတာလဲ ဘုရား။ အိုး–အင်္ကျီတွေ ပဝါတွေ ဘာတွေ ဆုတ်ပစ်ကုန်ပြန်ပါပြီ။ ဟဲ့ ညီဘုရဲ့၊ လာပါဦးဟဲ့။ လုပ်ပါဦးဟဲ့။ ရှက်စရာဘုရား၊ မတော်ပါဘူး။ ဟို ပဲခူးက အကောင်တွေက အကြောင်သား ကြည့်နေကြပါတယ်။ သတိထားပါ ဘုရား။ မလစ်ပါစေနဲ့–စိတ်ကို စိတ်ကို။

(၄) ကျန်ရစ်တဲ့နော်၊ ရန်ဖြစ်မှာ သူအမော်ပ၊ ဇမ္ဗူပေါ် ဟံသာဝတီ ကဖြင့်၊ တန်ပါပြီ မယ်မရှုချင်ဘူ၊ ဘင်္ဂါလီ အထယ်မှုရယ်ကြောင့်၊ ပန်ချာပီ ကလယ်နှင့် လုစဉ်က၊ မယ်ဥမှာ ကိုရွှေမောင်နဲ့တဲ့တော့၊ ဟိုအသေကောင် ငါ့ကို ကြည့်ပြန်တော့၊ ငါသိတယ် ဗမာပြည်က၊ ပဋာစာရီဟာ–ဗလာထဘီ ကျွတ်သလိုပ၊ သာဝတ္ထိခေါ် ရာဇဂြိုဟ်က၊ နပြာညိုနှစ်ကောင် တရှဉ်းငဲ့ပြင်၊ စာဆိုမော် တဘောင် သီချင်းတွေနဲ့၊ တောင်တွင်းမှာ ရှင်သီလဝံတဲ့၊ ကြည်တံခွန် တောင်ငူက လွှတ်ပြီမို့၊ ဆတောင်သူ အောင်ဖြူနဲ့ လွှတ်ပါ့မလား။ သခွား ပြုတ် မှိုနတိုမှာ၊ ဘုရားငုတ်တို ရောင်ခြည်လွှတ်ခါမှ၊ သာဒွတ်မှာ ငစိန်ရဲ့ မယားပေမို့၊ ဝါကျွတ်မှာ အချိန်ဖြင့် မများပြီဘု၊ (အို) ကျမတို့ အိမ်သားကြီးရဲ့၊ ကျမ လိမ်လိမ်သွားလို့ ဒလဇပ်တွင်အောင် လူးရတဲ့ပြင်၊ (အို မညီဘုရဲ့) စိန်ခါးစီးနဲ့ မှတ်ခြင်ထောင်ကူးပြန်တော့၊ ဝတီဖျားက သနပ်ချဉ်ပေါင် အဖူးတွေနဲ့၊ (အို ပုသိမ်သားကြီးရဲ့) ကျမ ထမိန်များတောင်မှ မကပ်ချင် အောင် ရူး။

ယင်းကဲ့သို့ ဝိဟာရဒေဝီသည် ပဋာစာရီအသွင် သချိုင်းတော်တွင် လူးလဲ၍ အရူးပွဲကြီး ဖြစ်နေသောအခါ မယ်တော် ရှင်စော်ပုသည် ယုယပိုက်ဖက် ဝေါထက်သို့ တင်ပြီးခါ ဟံသာဝတီ ရွှေနန်းတော်သို့ ခေါ်ဆောင်သွားလေ သတည်း။



www.burmeseclassic.com

www.burmeseclassic.com



**မမ္မစေတီ အိမ်ရှေ့မင်း နန်းတက်ခြင်း**

မမ္မစေတီ အိမ်ရှေ့မင်းသည် ပုသိမ်စား ဗညားအိန်ကို သုတ်သင်ပြီး နောက်များ မကြာမီပင် ရှင်စောပု၏ အစီအမံဖြင့် ဝိဟာရဒေဝီကို သိမ်းပိုက်တော်မူလေရာ၊ ဝိဟာရဒေဝီမှာ သေဆုံးရှာသူ ကြင်ရာတော်အတွက် စိတ်မကောင်းရသည့် အတွင်း မှာပင် အိမ်ရှေ့မင်း၏ အသိမ်းအပိုက်ကို ခံရပြန်သဖြင့် ပူပန်သောက ပရိဒေဝ မစဲဘဲ ဆင်းရဲလေလေ သံဝေရရ ဆိုသကဲ့သို့ ဒဂုန်ဆံတော်ရှင်ဘုရားကို ဖူး မြော်ရန် ခွင့်ပန်လာခဲ့ပြီးလျှင် လေးတောင်ထွာမျှရှိသော မိမိ၏ ဆံပင်ကို ဖြတ်၍ ဆံစုစည်းလျက် ဒဂုန်ဆံတော်ရှင်ကို တင်လှူပေ၏။

ထို့ပြင် ကြွင်းသော ဆံပင်အတိုများကိုမူကား ဆီမီးညှိထွန်းပြီးသော် နိဗ္ဗာန်ထုတ်ချောက် မရောက်သေးသမျှ ဘဝတိုင်း ဘဝတိုင်းတွင် ငါ့လင် ဗညား အိန်နှင့် ပေါင်းရပါစေသော်ဟု ဆုပန်လေ၏။

ထို့နောက် သက္ကရာဇ် ၈၃၃ ခုနှစ်တွင် ဘုရင်မ ရှင်စောပု နတ်ပြည် စံလွန်သဖြင့် မမ္မစေတီ အိမ်ရှေ့မင်းသည် ဟံသာဝတီ ရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူလေရာ၊ အောက်ပါ အမိန့်တော်ကို ထုတ်ပြန်တော်မူလေ၏။

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဟံသာဝတီ ရွှေနန်းရှင် မယ်တော်ဘုရင်ဧကရီ နတ်ပြည်စံလွန်တော်မူလေရကား မယ်တော်ဘုရား အရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်း တိုင်းပြည် နိုင်ငံ အပေါင်းကို **ရာဇာဓိပတိ မမ္မစေတီ**အရှင် ငါဘုရင်မင်းမြတ် သိမ်းအုပ် စိုးစံတော်မူသည်။

မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ ဝန်စု၊ မှူးစု၊ ဗိုလ်ရှု စော်ဘွား၊ မြို့စား၊ မြို့ဝန်၊ စစ်ကဲမှစ၍ စုရေး၊ စုကိုင်၊ သူဌေး၊ သူကြွယ် မြို့ရွာသူကြီး၊ မြင်းခေါင်း၊ မြင်းစီး၊ ဒိုင်းခေါင်း၊ အဝှန်း၊ ထောင်ဆဲ ပုံ့နင်းတို့ကို မြေနန်းတော်တွင် သစ္စာပေးမြဲပေး။ ရွှေမြို့တော်အလုံး ခန့်ထားစီရင်ရန် ရှိသည်များကို ရာဇဝတ်ကြောင်း ကင်းလွတ်လုံခြုံ အောင် ခန့်ထားစီရင်။ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း တိုင်းသူ ပြည်သား ဆင်းရဲသား ကုန်သည် ကျွန်တော်မျိုး အပေါင်းတို့ကိုလည်း မထိတ်မလန့်စေရ။ ရောင်းဝယ်ဖောက်ကား သွားလာ နေထိုင်ကြ၍ ငြိမ်ဝပ်ချမ်းသာစွာ နေထိုင်ကြရမည့် အကြောင်းနှင့် ထီးရုံ၊ နန်းရုံ စော်ဘွား၊ မြို့စား၊ အဝေးမြို့ဝန်တို့ကို ပြန်ဆိုမှာထားစေ။ ရွှေမြို့တော် မြို့တွင်း မြို့ပြင် ရပ်စု ကွက်စုများမှာလည်း စေ့နှံ့အောင် မောင်းခတ်စေ"





အထူး နှလုံးသွင်းရန်။ ။ဤစာအုပ်တွင် မမ္မစေတီဘုရင် တိုင်းပြည်အုပ်ချုပ်ပုံ၊ သာသနာတော်ကို ပြုစုပုံ၊ ၎င်းမင်း တရားစီရင်ပုံ အလုံးစုံတို့ အကုန်မပါနိုင်ချေ။ ၎င်းမင်း နန်းတက်သည်မှစ၍ သားတော် ဗညားရံကျ သက်၍ နတ်ပြည် စံလွန်တော်မူသည်တိုင်အောင် မမ္မစေတီမင်း တရားစီရင်ခန်း စာအုပ်ကို အားထုတ် ရေးသားဆဲပင် ဖြစ်လေသတည်း။

**မမ္မစေတီမင်း အတ္ထုပ္ပတ္တိသစ် ခေါ်**

**မမ္မစေတီဝတ္ထု ပြီးပြီ။**

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းပြီးအဆုံး နိဂုံးလေးချိုး

ပဗ္ဗတသေလာ အလောင်းတော် ကဿပ စခန်းဆီက၊ ဖတ်ကြမ့်ဆွေသဟာ အပေါင်းအဖော်တွေဖြင့်၊ မပြတ်ခဏခဏ မှန်းတဲ့ပြင်၊ အနတ္တ ကမ္မဋ္ဌာန်းရယ်နှင့် ကသိဏ်း ရေပြဟ္မစိုရ်၊ (အိုကွယ်) အမှတ်တရရ လွမ်းမိပါရဲ့ မိုင်းရွှေကိုယ်။

အညာဆီမှာ အမျိုးအနွယ် အပေါင်းတွေက၊ တဝါတချီကိုးကွယ်ဖို့ အကြောင်းရယ်နှင့်၊ ညွှတ်ပျောင်းကာ လျှောက်ထားများပြီမို့၊ သထုံကို မစုန်အားနိုင်ဘု၊ (အိုကွယ်) အများတကာတို့ ထားရှာသမို့တွေကြောင့် – အားနာလို့ကို။

ဆရာမှာ မလာအားသော်လဲ၊ အညာမှာ တဝါနားရာက၊ ကဗျာသွား ခင်းလိုက်သကို၊ (အို) နဝင်းသိုက် အလိုရယ်နှင့် အလှည့်ကျတမျိုး၊ (မယ်စန္ဒာရယ်) ဇင်းကျိုက်တခိုဆီက တပည့်မတွေရဲ့ အဘိုး။

ရသေ့ဘောင်မှာ အတွေ့ ရှောင်ခွာလို့၊ တောင်တကာတောစဉ်တလျှောက်ဆီက၊ နောင်အခါ သဘောအမြန် ပေါက်စေဖို့၊ ရောက်တတ်ရာ မဟာဝင်နှင့်၊ ရာဇဝင်ဖတ်ရန် အကျိုးကိုဖြင့်၊ စာသဘင် ဓာတ်ပြန်လို့ နှိုးရပါတော့၊ (သြော်) အရိုးခံ သမကျမှ အရှေအရှေ မညိုးမှာကြောင့်၊ ပကိုး ဟံသာက နေတရထည် သတိုးပေပ၊ (အိုကွယ်) အမျိုး ပြန်ကာ တ–လောက်ပါတဲ့ မမ္မစေတီအရိုး။

**မစ္စတာ မောင်မှိုင်း**
**အလောင်းတော်ကဿပတောရ**

www.burmeseclassic.com